
မျက်ရည်မကျခင်သိစေချင်
မေဓာဂျင်
< ရွှေပြည်သာ >
စုဆောင်း တင်ပြသည်
2006.GRAPHIC DESIGN : KYAW MINN MOUNG
တတိယ အကြိမ်



ဝေနေယျသုခဓမ္မရိပ်သာကျောင်း၊ (၈) မိုင်ကျေးရွာ၊ ကော့သောင်းမြို့။ ၂၀၀၇ ခုနှစ်။

# မျက်ရည်မကျခင် သိစေချင်

## မေတ္တာရှင် (ရွှေပြည်သာ)

### ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၅၅၈၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၄၁၄၀၅၀၇ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | တတိယအကြိမ်<br>၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>အမှတ် (၁၁၁)၊ ၃၃-လမ်း<br>ကျောက်တံတားမြို့နယ်<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးဇော်မြင့်ဝင်း<br>ကာလာဇုန်ပုံနှိပ်တိုက်<br>၁၈၄၊ ၃၁လမ်း<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | ကျော်မင်းမောင် |
| ကွန်ပျူတာစာစီ | - | A-OK Computer |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဘိုး | - | ၁၀၀၀ ကျပ် |
| ဖြန့်ချိရေး | - | ရွှေပြည်သာစာပေ<br>မန္တလေးကျောင်း၊ ဥပသကာအဖွဲ့၊<br>၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊<br>ရွှေပြည်သာ၊ ရန်ကုန်။<br>ဖုန်း - ၆၁၁၆၂၂　ဖုန်း - ၀၉ ၅၀၁ ၆၆၆၃ |

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


စာရေးသူ၏ ခံယူချက် ၆
စာရေးသူ၏ အကြောင်းပြန်ခိုင်းဒါန်း ၇

## အခန်း (၁)
## ထေရဝါဒ ဗုဒ္ဓဘာသာ

သာသနာကွယ်ခြင်း၏ အကြောင်းရင်း ၁၂
ကပ်သုံးပါးကို ဖန်တီးသူ ၁၂
အမုန်းခံပြီး ချစ်ပါရစေ ၁၄
ရိုက်ပြီး သင်ပေးပါရစေ ၁၄
လည်ချောင်းထဲက အရိုးစ ၁၅
လူမိုက်ငါးဦး ၁၇

## အခန်း (၂)
## ဘဝတန်ဖိုးနှင့် ဘာသာတန်ဖိုး

ထေရဝါဒဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်ပန်းတိုင် ၂၀
ရခဲခြင်းတရားငါးပါး ၂၀
ဗုဒ္ဓတရားနှင့် တရုတ်ပြည်လူဦးရေ ၂၀
နှိုင်းယှဉ်၍ကြည့် နည်းမှန် သိ ၂၂
လူတိုင်းသိသင့်သော လူလေးမျိုး ၂၂
ကုသိုလ်လုပ်မှ ရာထူးကျ ၂၃
နောက်ကျမှသိရသော တန်ဖိုးသုံးခု ၂၄
ငရဲပြည်မှ နောင်တသံ ၂၅
ရှိသင့်သော ဘာသာရေးခံယူချက် ၂၆
နောက်ဆုံးကျန်မည့် ကမ္ဘာ့ဘာသာ ၂၈
ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒ တရားတော် ၂၉
ဝါဒလွဲကြောင့် ကိုယ်ကျိုးနည်းခဲ့ကြသူများ ၃၀
ဝါဒမှားမရောက်ရန် တရားနှစ်တန် ၃၀
ယခုဘဝအကျိုးပေးရန် အင်္ဂါလေးတန် ၃၂
မဆုံးသေးသော အမှန်များ ၃၃
လောကုတ္တရာဆရာ ဂုဏ်အင်္ဂါ ၃၃
ပြီးပြည့်စုံသော အမှန် ၃၄
တမလွန်ဘဝကို လက်မခံလျှင် ၃၅
အသက်ထက် ဗုဒ္ဓဘာသာကိုမြတ်နိုးသူ ၃၉
ပရဟိတသမား၏စိတ်ထား ၃၉
တန်ဖိုးထားမှု ကွဲပြားပုံ ၄၀

## အခန်း (၃)
## ဘဝအနှစ်အရသာနှင့် ဘာသာအနှစ်သာရ

ဘဝ၏အနှစ်သာရသုံးပါး ၄၁
လှူ၍ချမ်းသာလာသော သူဌေးများ ၄၂
အထက်တန်းစားစိတ်နှင့် အောက်တန်းစားစိတ် ၄၃
အတုယူစရာ ထေရ်ဆရာနှစ်ပါး ၄၄
မုဒိတာပွားနိုင်သူများ ၄၅
ဧည့်သည်လာလျှင် ဆန်မကုန်စေနဲ့ ၄၇
ဦးမောင်မောင် ငွေလုပ်တဲ့စက် ၄၈
လွဲမှားသော အယူအဆ ၅၀
ကာလဒါနသူဌေး ဦးစီ ၅၂
ကမွှည်းမထိုးတဲ့ အလှူရှင် ၅၅
နွားအကောင်ပေါင်း ၄၀၀၀ ကျော်ဇီဝိတဒါန ၅၆
ခွေးငတ်ကိုအစာကျွေးသောအမတ် ၅၇
လူသားစားများနှင့် အဘယမထေရ် ၅၈
ဆီဝေသောဒါနရှင် ၅၉
ပေါင်သားလှီး၍လှူမည့်သူ ၅၉
ထမင်းတစ်ထပ် အငတ်ခံ၍လှူသူ ၆၀
နေ့စဉ်ဆွမ်းကြီးလောင်းလှူသူ ၆၁
ဒါန၏ မျက်မှောက်အကျိုး ၅ ပါး ၆၁
မြင့်မြတ်သောသေခြင်းဆိုတာ ၆၂
ဘဝအောင်မြင်မှုဆိုတာ ၆၂
မြေနှင့်ရွှေငွေတို့ကို ပြက်ရယ်ပြုခြင်း ၆၂

## အခန်း (၄)
## အားကိုးရာအမှန်

ခန္ဓာ၏အနှစ်သာရ ၆၃
သရဏဂုံ ညစ်နွမ်းကြောင်းသုံးမျိုး ၆၃
သရဏဂုံ ပျက်ဆီးခြင်းနှစ်မျိုး ၆၄
သရဏဂုံ တည်ရကျိုးငါးမျိုး ၆၅
အပါယ်မလားသော ကုသိုလ်များ ၆၆
သရဏဂုံဖြင့် နတ်ပြည်ရောက်သူများ ၆၇
နတ်ပြည်ရောက် အရက်သမား ၆၇
နတ်ပြည်ရောက်သော တံငါသည် ၆၈
ဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သော ကံလေးမျိုး ၆၉
သရဏဂုံတစ်ခဏ နတ်ပြည်မှာတစ်ဘဝ ၇၀

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သဘော်သား နတ်သားခုနစ်ရာ | ၇၀ |
| တစ်ကမ္ဘာလုံး ကောင်းစားစေချင်လျှင် | ၇၁ |
| သရဏဂုံဖြင့် ဘေးရန်လုံခဲ့သူများ | ၇၃ |
| မိဖုရားစောလုံနှင့် သရဏဂုံ | ၇၅ |
| သရဏဂုံတန်ခိုး ခား,မတိုး | ၇၆ |
| သရဏဂုံအစစ် ရေမနစ် | ၇၆ |
| ပယောဂရန်လုံ သရဏဂုံ | ၇၇ |
| မကောင်းဆိုးဝါးရန်လုံ သရဏဂုံ | ၇၇ |

**အခန်း (၅)**

**သာသနာ ညစ်နွမ်းခြင်းအစ**

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အိန္ဒိယမှာ သာသနာကွယ်ခြင်းအကြောင်းရင်း | ၈၀ |
| သိက္ခာပုဒ်ပြင်ဆင်ချက် ၁၀ မျိုး | ၈၃ |
| ထေရဝါဒသည် ဟီနယာနမဟုတ် | ၈၇ |
| မဟာပဒေသာခေါ် ပိဋကတ်တော်စည်းမျဉ်း | ၈၇ |

**အခန်း (၆)**

**သာသနာနှင့် ဂန္ဓာရီပညာ**

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗုဒ္ဓသာသနာ အညစ်အကြေးများ | ၈၉ |
| လှည့်စား၍မရသော သောတာပန် | ၉၂ |
| မိစ္ဆာဝါဒကာကွယ်နည်း | ၉၃ |
| ကျောက်စရစ်ပိုင်ရှင် | ၉၄ |
| ဂန္ဓာရီထွက်ရပ်အဓိပ္ပာယ် | ၉၄ |
| ဂန္ဓာရီပညာ၏ အကြီးဆုံးရရှိနိုင်သောအကျိုး | ၉၅ |
| ဝိဇ္ဇာပညာသုံးမျိုး | ၉၅ |
| သူတော်ကောင်းနှင့် သူယုတ်မာ | ၉၅ |
| သတ္တဝါတွေ ကယ်ချင်ရင် | ၉၉ |
| နိဗ္ဗာန်ရမည့် ရည်ရွယ်ချက်နှင့်အကျင့် | ၉၉ |
| ထွက်ရပ်ပုဂ္ဂိုလ်နှင့်အရိယာတို့၏ စိတ်ဓာတ်ကွဲပြားပုံ | ၁၀၀ |
| သတ္တဝါတွေကို စောင့်ရှောက်ချင်ရင် | ၁၀၀ |

**အခန်း (၇)**

**သာသနာနှင့် နက္ခတ်ဗေဒင်**

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗုဒ္ဓနှင့်ဗေဒင် အလွန်ပင်ဆန့်ကျင် | ၁၀၁ |
| ဂြိုဟ်တွေပူးပူး မပူးပူး ကြောက်ရမှာကဘေးရန်မဟုတ် | ၁၀၂ |
| နှစ်ဘဝအလိမ်ခံရသူများ | ၁၀၃ |
| ဗေဒင်နှင့်ကံတရားတို့၏စစ်ပွဲ | ၁၀၅ |
| ဥပါသကာ ရတနာ | ၁၀၉ |
| အသိဉာဏ်ရှိ မရှိ ချိန်ကြည့်နည်း | ၁၁၀ |
| ပယ်ရမည့်အယူ | ၁၁၀ |

**အခန်း (၈)**

**သာသနာနှင့် နတ်ကိုးကွယ်မှု**

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နာနာသတ္တာရဥလ္လောကနဘေး | ၁၁၁ |
| ကျမ်းဂန်လာ သာသနာဖျက်နတ်များ | ၁၁၂ |
| အနာထပိဏ်နှင့် သာသနာဖျက်နတ် | ၁၁၃ |
| နတ်ထက်သာသော အစွမ်းသတ္တိများ | ၁၁၄ |
| သိကြားမင်းရှိခိုးရသောလူ | ၁၁၅ |
| ရှိခိုးသူနှင့် ရှိခိုးခံသူ | ၁၁၅ |
| နတ်ကကြောက်ရသောလူသား | ၁၁၇ |
| လူသတ်၍ နတ်သေ | ၁၁၉ |
| အများထက်သာသော စဉ်းစားတွေးခေါ်ဉာဏ် | ၁၂၀ |
| သတ္တိကိုနှိုးဆွပေးခြင်း | ၁၂၀ |
| သတ္တိကိုလမ်းမှန်သို့တည့်ပေးခြင်း | ၁၂၀ |
| အလိမ်ခံရသူနှစ်ဦး | ၁၂၂ |
| ဘာသာရေးလုပ်ကြံမှု | ၁၂၄ |
| တရားအတုအယောင်ဇင် | ၁၂၅ |

# စာရေးသူ၏ခံယူချက်

မှားယွင်းမှုဟူသည်
မောဟမကင်းသူ လူတိုင်းနှင့်ဆက်ဆံ၏။
သူတစ်ပါးမှားလျှင်
အမှန်ရောက်အောင် ငါပြင်မည်။
ငါမှားလျှင်
သူတစ်ပါးအပြင်ကို ငါခံမည်။
ငါ့ကိုပြုပြင်သူကို
ငါ့ဆရာဟု အသိအမှတ်ပြုမည်။
သူတစ်ပါးအကျိုးကို ငါလိုလားမှ
ငါ့အကျိုးကို သူတစ်ပါးက လိုလားမည်။
ငါ့တာဝန်ကို ငါကိုယ်တိုင်သိ၍
ဆောင်ရွက်မည်။
ငါ့အလိုသို့သာ တစ်ဖက်သတ်လိုက်သူမှာ
ငါ့မိတ်ဆွေမဟုတ်။
သုခ၏မျိုးစေ့ဖြစ်သော ဒုက္ခကို
ရဲဝံ့စွာ ငါခံယူမည်။
ဒုက္ခ၏ မျိုးစေ့ဖြစ်သော သုခကို
ရဲဝံ့စွာ ငါရှောင်ရှားမည်။
ငါ့အလုပ်နှင့်တူသော အကျိုးကို
မချွတ် ငါရမည်။

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းမြို့ ရွှေဟင်္သာတောရ
စတုတ္ထစံကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ။

---

# စာရေးသူ၏အကြောင်းပြန်ခွဲခြမ်း

လွန်ခဲ့သော (၁၅)နှစ်ခန့် ၁၃၄၃ ခုနှစ်၊ ပြာသိုလ၏ တစ်ခုသောည,တစ်ည အချိန်အားဖြင့် ည (၁၁)နာရီကျော်နေပြီမို့ မြင်းခြံခရိုင်၊ တောင်သာမြို့၏ ကျက်သရေဆောင် သာသနာ့မှုလိကာရာမ၊ ကျောင်းသစ်ကျောင်း၊ စာသင်တိုက်ကြီးအတွင်းမှ စာချ၊ စာသင်သံဃာတော်အရှင်မြတ် (၇၀)ကျော်တို့ မိမိတို့အိပ်ရာအသီးသီးတွင် ကျိန်းစက်တော်မူနေကြပြီ ဖြစ်သည်။

ထိုအချိန်မှာပင် ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရသဖြင့် စာရေးသူက အိပ်ယာမှ ထထိုင်ကာ နားကိုအသာစွင့် ထားလိုက်မိသည်။ အချိန်မတော် မြင်းလှည်းဝင်လာပြီဆိုသည်နှင့် သွေးအလှူခံလာခြင်းဆိုသည်ကိုတော့ တပ်အပ်သိလိုက်ပါပြီ။ တောင်သာမြို့လေးမှာ ခရိုင်ထဲတွင်ပါဝင်သော နယ်မြို့လေးတစ်မြို့သာ ဖြစ်သောကြောင့် လူသိတော့သိပ်မများလှပါ။

သို့သော် မြို့သူမြို့သားများ၏ စေတနာ၊ ကျောင်းသစ်ကျောင်းစာသင်တိုက်မှ ပဓာနနာယကဆရာတော်နှင့် စာချဆရာတော်များ၏ မေတ္တာကြောင့် စာရေးသူကဲ့သို့ မန္တလေးမြို့ပေါ်မှ ရှင်ဖြစ်သော စာသင်သား အချို့ပင် ဤကျောင်းတိုက်သို့ လာရောက်ပညာသင်ကြားရသည်အထိ သူ့အတိုင်းအတာနှင့်သူတော့ ထင်ရှားသောမြို့တစ်မြို့ပင်။

ရန်ကုန်၊ မန္တလေးဆေးရုံကြီးများကဲ့သို့ ခေတ်မီပစ္စည်းများ အပြည့်အစုံမရှိသေးသောကြောင့် တောင်သာမြို့နယ်ဆေးရုံမှာ သွေးလှူရှင်ရှိသော်လည်း သွေးများကြိုတင်အလှူခံပြီး သိုမှီးသိမ်းဆည်းထားနိုင်စွမ်းမရှိပါ။ ထို့ကြောင့်လည်း သွေးလိုသော အရေးပေါ်လူနာ ရောက်လာသောအခါတွင်မှ ဦးရေများများ သွေးလှူလေ့ရှိသော စာရေးသူတို့ကျောင်းတိုက်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့သို့ သွေးအလှူလာခံလေ့ရှိသည်။

ကျောင်းတိုက်မှ ဝါတော်အကြီး ဆုံးစာချဆရာတော်ဖြစ်သော ဆရာတော် ဦးနန္ဒောဘာသ၏ နည်းပေးလမ်းပြမှုကြောင့် စာရေးသူတို့သည်လည်း (၁၈)နှစ်သားအရွယ်မှ စတင်သွေးလှူခဲ့ရာ ယခုဆိုလျှင်အကြိမ်ပေါင်း (၃၉) ကြိမ် ရှိခဲ့လေပြီ။ သွေးလှူတတ်ရန် နည်းပေးလမ်းပြအားပေးတိုက်တွန်းခဲ့သော ဆရာတော်ဦးနန္ဒောဘာသ၏ ကျေးဇူးကို ဘယ်သောအခါမှ မေ့နိုင်စွမ်းရှိမည် မဟုတ်ပါ။

ဆရာတော်ကိုယ်တိုင်လည်း အကြိမ် (၂၀)ကျော်သွေးလှူခဲ့ပြီး ကျန်းမာရေးကြောင့် နောက်ပိုင်းလှူခွင့်မရတော့ခြင်းဖြစ်ကြောင်း သိရပါသည်။ နာရီဝက်ခန့်ရှိပြီဖြစ်သော်လည်း သွေးအလှူခံလာသောမြင်းလှည်း ပြန်ထွက်သွားတာ မတွေ့ရသောကြောင့် သွေးအလှူရှင်မရသေးကြောင်းကို ထပ်ဆင့်သိလိုက်ရပြန်သည်။ သံဃာ (၇၀)ကျော်တွင် သွေးလှူနိုင်သော သံဃာ (၄၀)လောက်ရှိသောကြောင့် တစ်ပါးမဟုတ်တစ်ပါးတော့ရရမည်ဟု စာရေးသူက တွက်ဆထားသည်။

စာရေးသူ ချက်ချင်းထမသွားခြင်းမှာ ပထမအကြိမ်လှူပြီးတာ လေးလအတိအကျ မပြည့်သေးသောကြောင့်ပင်။ ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင် ဟူသောစကားအတိုင်း အမြဲတမ်းသွေးလှူနေမည့်သူတစ်ယောက်အနေဖြင့် မိမိကျန်းမာရေးကိုလည်း ဂရုစိုက်ရမည်ဆိုသည့် အသိတရားက လွှမ်းမိုးထားသောကြောင့်လည်း အခြားလေးလပြည့်ပြီးသူများကို မျှော်ကိုး၍ ချက်ချင်းထမသွားခြင်းပါ။

သို့သော် နာရီဝက်ရှိသည်အထိ သွေးအလှူရှင် မရသေးဘူးဆိုတော့ လူနာအတွက် အသက်အန္တရာယ်စိုးရိမ်ရသည်။ ဒီလိုနေနေလို့ မဖြစ်တော့ဟူသော အတွေးနှင့်အတူ စာရေးသူခြေလှမ်းများက ကျောင်းတံခါးပေါက်ဆီသို့

ဦးတည်လိုက်သည်။ တံခါးပေါက်က ပွင့်နေပြီးသား၊ ဟုတ်တာပေါ့ ဆရာတော် ဦးနန္ဒောဘာသကတော့ ခြောက်ဧကခန့် ကျယ်သော ကျောင်းတိုက်ဝင်းကြီးအတွင်းလှည့်ပတ်၍ သွေးလှူရှင်ရှာနေလောက်ပေပြီ။

ကျောင်းဆောင်ရှေ့အရောက်မှာပင် ကိုရင်ဣန္ဒဝံသကို အသင့်တွေ့လိုက်သည်နှင့် -

" ကိုရင်ဣန္ဒဝံသ သွေးလှူရှင် မရသေးဘူးတဲ့လား "

" မရတာ မဟုတ်ဘူး၊ သွေးလှူရှင်ကိုယ်တော်တွေက ဒီလူနာမျိုးကို သွေးမလှူချင်လို့ ရှာမရဖြစ်နေတာ"

" ဟာ . . ဘာဖြစ်လို့ မလှူချင်ကြတာတဲ့လဲ "

" လူနာက ကိုယ့်ကိုယ်ကို သေကြောင်းကြံပြီး ဆေးသောက်တာတဲ့၊ အဲဒါကြောင့် အသက်သေချင်လို့ သေကြောင်းကြံတဲ့လူနာကို အသက်ပြန်ရှင်အောင် လှူနေစရာမလိုပါဘူးဆိုပြီး မလှူကြတာပေါ့ "

" အဲဒီအယူအဆကို တပည့်တော်လက်မခံဘူး၊ အရှင်ဘုရားရော လက်ခံသလား ကိုရင်ဣန္ဒဝံသ "

" တပည့်တော်တော့ လက်ခံတယ်၊ ဒါကြောင့် တပည့်တော်လည်း လိုက်မလှူတာ "

" ဒါဆို အရှင်ဘုရားကို တစ်ခုမေးပါရစေ၊ တလောက ရပ်ကွက်ထဲက ရွှေပန်းတိမ်အိမ် တစ်အိမ်က လသားအရွယ် ကလေးလေးတစ်ယောက် ရွှေသန့်စင်တဲ့ ငရဲမီးတွေကိုသောက်မိလို့ အသက်ဆုံးသွားရတယ်။ အဲဒီကလေး သေသွားရတာဟာ ငရဲမီးတွေကိုသောက်တဲ့ ကလေးရဲ့အပြစ်လား၊ ငရဲမီးကို ကလေးနဲ့ လွတ်ရာကျွတ်ရာမှာ မထားတဲ့ လူကြီးမိဘတွေရဲ့အပြစ်လား"

" ကိုရင် ဇဝနကလဲ ဒါကတော့ လူကြီးတွေရဲ့အပြစ်ပေါ့၊ ဟိုလသားအရွယ်ကလေးကတော့ ဘာသိတာမှတ်လို့"

" အဲဒါဆိုရင် အခုသေကြောင်းကြံတဲ့ လူနာကိစ္စမှာလည်း သေကြောင်းကြံတဲ့လူနာမှာ ဘာမှအပြစ်မရှိဘူး၊ အရှင်ဘုရားတို့၊ တပည့်တော်တို့ သံဃာတွေနဲ့ မိဘတွေမှာပဲ အပြစ်ရှိတယ် "

" ဟောဗျာ . . ကိုရင်ဇဝန ကြည့်လဲလုပ်ဦး၊ ဘုန်းကြီးအမူ ရွာပတ်လို့သာ ကြားဖူးတယ်၊ အရှင်ဘုရား လုပ်မှ ရွာအမူ ဘုန်းကြီးပတ် ဖြစ်နေပါလား "

" ဒါလဲ ဖြစ်သင့်လို့ ဖြစ်တာလို့ပဲ မှတ်ကြရအောင်၊ အရှင်ဘုရား တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်ရဲ့ အဆိုအမိန့်လေးတစ်ခု ကြားဖူးလားမသိဘူး "

" ဆိုစမ်းပါဦး "

" ကွန်ဖြူးရှပ်က ပြောတယ်၊ သဘောထား မပြည့်ဝတဲ့သူဟာ သူတစ်ပါးအပြစ်ကိုပဲ မြင်လေ့ရှိတယ်။ သဘောထား ပြည့်ဝတဲ့သူကျတော့၊ ကိုယ့်ကိုယ်ပဲ အပြစ်မြင်တယ်။ ပိုပြီး သဘောထားပြည့်ဝတဲ့သူကျတော့ ဘယ်သူ့ကိုမှ အပြစ်မမြင်တော့ဘူးတဲ့။ အဲဒီတော့ အရှင်ဘုရားတို့ တပည့်တော်တို့လည်း သဘောထားပြည့်ဝတဲ့သူထဲပါအောင် ကိုယ့်အပြစ်ကိုပဲ ရှာကြည့်ကြရအောင်၊ အခုသေကြောင်းကြံတဲ့ကိစ္စမှာ သေကြောင်းကြံတဲ့လူနာဟာ ဘဝတန်ဖိုး၊ဘဝအနှစ်သာရ၊ ဘာသာတန်ဖိုး၊ ဘာသာအနှစ်သာရ ဘာမှမသိရှာဘူး၊ ဒါကြောင့် လူ့ဘဝတစ်ခုကို လွယ်လွယ်ပြန်ရမယ်လို့ ထင်လို့သာ ကိုယ့်ကိုယ်ကို သေကြောင်းကြံတာပေါ့ "

" ဒါ့ကြောင့် သေကြောင်းကြံတဲ့လူနာမှာ အပြစ်မရှိဘူးလို့ ပြောခဲ့တာပေါ့၊ သံဃာများနဲ့ မိဘများက ဘာ့ကြောင့် အပြစ်ရှိသလဲဆိုတော့ ဒီလူနာကို အခုလို သေကြောင်းမကြံစည်မီ အချိန်တုန်းကတည်းက ဘဝတန်ဖိုး၊ သာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို သေသေချာချာနားလည်အောင် ဗိုက်ထဲမှာဘုရားတည်မပေးမိတဲ့ အတွက်ပဲ "

" ဘယ်လို . . ဗိုက်ထဲမှာ ဘုရားတည်မပေးတဲ့အတွက် ဟုတ်လား "

" ဟုတ်တယ်၊ ဒါက တင်စားပြောတာပါ။ အရှင်ဘုရား အချိန်ရရင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေထဲ ဝင်ကြည့်၊ အလှူခံပုံးတွေမှာ ရေးထားတဲ့စာက ကလေးများဗိုက်ထဲ ဘုရားတည်ရန်တဲ့၊ ဘယ်လောက် ကောင်းလိုက်တဲ့ ရည်ရွယ်ချက်လဲလို့၊ အဓိပ္ပာယ်က နုနယ်ငယ်ရွယ်တဲ့ ကလေးဘဝကတည်းက ဘာသာရေးအသိဉာဏ်တွေကို အပြည့် အဝ သွင်းပေးထားရမယ် ဆိုတာပါပဲ

ဒါကို အတုယူပြီး ဗုဒ္ဓဘာသာကလေးများကိုလည်း ငယ်ရွယ်စဉ်ကတည်းက ယဉ်ကျေးမှု ဘာသာရေး သင်တန်းတွေ အပြည့်အဝသင်ပေးနိုင်အောင် ဆရာဒကာလက်တွဲပြီး သေသေချာချာ ကြိုးစားသင့်ကြပြီ။ မြေပြင်မှာ တည်တဲ့ဘုရားထက် ဗုဒ္ဓဘာသာကလေးငယ်တွေရဲ့ နှလုံးသားမှာတည်တဲ့ဘုရားက သာသနာအတွက် ပိုပြီးကျေးဇူး များမယ်ဆိုတာကို အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ကမ္ဘာကျော် ဗောခဓာဗုဓုကျောက်စေတီကြီးက သက်သေပြနေပြီလေ "

" ကလေးတွေရဲ့ နှလုံးသားထဲမှာ တည်ထားတဲ့ဘုရားမရှိတော့ အရင်တုန်းက ဗုဒ္ဓဘာသာဖြစ်ခဲ့တဲ့ အင်ဒိုနီးရှားတစ်ပြည်လုံးဟာ အခုအချိန်မှာတော့ တခြားဘာသာတွေရဲ့လက်ထဲ ရောက်ခဲ့ရပြီမဟုတ်လား။ ဒီဘာသာ ခြားတွေရဲ့ အန္တရာယ်မျိုးကျတော့ မြေပြင်မှာတည်တဲ့ ဗောခဓာဗုဓုကျောက်စေတီကြီးက ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား "

" ကဲတော်ပြီ စကားသိပ်ရှည်နေလို့ လူနာအသက်မမီဘူး ဖြစ်နေဦးမယ်။ တပည့်တော်ကတော့ သွေးလဲ လှူမယ်၊ ဘာသာရေးအသိဉာဏ် ဓမ္မကိုလဲလှူမယ် "

ပြောပြောဆိုဆိုနှင့်ထွက်ခဲ့ရာ သွေးအလှူခံလာသော မြင်းလှည်းနားသို့ရောက်လာသည်နှင့် စိုးရိမ်တကြီး ဖြင့် သွေးအလှူရှင်ကို စောင့်မျှော်နေသည့် အသက် (၅၀)အရွယ် ဒကာကြီးတစ်ဦးကို တွေ့လိုက်ရသည်။ စာရေးသူက-

" ဒကာကြီး၊ သွေးအလှူရှင်ရပလား "

" မရသေးပါဘုရား "

" ဘယ်နှစ်ပုလင်းလဲ "

" တစ်ပုလင်းပါ ဘုရား "

" သွေးအမျိုးအစားကရော "

" ဘီသွေးပါဘုရား "

" ကဲဒါဆိုရင်သွားကြစို့၊ ကိုရင်ပဲလှူမယ်၊ တခြားစောင့်မနေနဲ့၊ ရမှာလည်းမဟုတ်ဘူး၊ ကိုရင်က္ကန္ဒဝံသ ဆရာတော် ဦးနန္ဒောဘာသကို လျှောက်လိုက်ပါ၊ သွေးလှူဖို့ တပည့်တော်လိုက်သွားပြီလို့ "

ကျောင်းနှင့် တစ်မိုင်သာသာခန့်ဝေးသောဆေးရုံဆီသို့ မြင်းလှည်းမောင်းထွက်လာသည်နှင့် စာရေး သူက မျက်နှာတွင် ညှိုးရော်ကြေကွဲရိပ်ထင်နေသည့် ဒကာကြီးအား တစ်ချက်မေးကြည့်လိုက်သည်။

" ဒကာကြီး လူနာက ဘယ်လိုဖြစ်တာတုံး၊ နည်းနည်းလောက်ပြောပြပါလား "

" မှန်ပါ၊ ပြောပြပါ့မယ်ဘုရား၊ တပည့်တော်တို့က တောကပါဘုရား၊ သမီးလေးကို စာတတ်ပေတတ် ဖြစ်စေချင်လို့ မြို့ပေါ်က သူ့ဦးလေးအိမ်မှာနေစေပြီး ကျောင်းတက်ခိုင်းပါတယ်ဘုရား၊ အဲဒါ ဒီနှစ်ဆယ်တန်းစာမေးပွဲ ကျတော့ စာမကြိုးစားဘဲ အပျော်အပါးနဲ့အချိန်ကုန်နေလို့ ဖြစ်မှာပဲလို့ထင်ပြီး လူရှေ့သူရှေ့မှာ ရိုက်နှက်ဆုံးမမိ ပါတယ်ဘုရား၊ အဲဒါ သမီးလေးကအရှက်ရပြီး ဘာမီတွန်ဆေးပြားတွေကို တစ်ပုလင်းလုံး သောက်ပစ်လိုက်တာပါပဲ ဘုရား "

“ တပည့်တော်တို့ သိတဲ့အချိန်ကျတော့ ပါးစပ်ကအမြှုပ်တွေတောင် ထွက်နေပြီ၊ ဒါနဲ့ ဆေးရုံကိုချက်ချင်း ပြေးလာကြတာပါပဲဘုရား၊ ဆေးရုံက သွေးလိုတယ်၊ သွေးသွင်းကုရမယ်လို့ဆိုတာနဲ့ အရှင်ဘုရားတို့ကျောင်းကို သွေးအလှူခံ ရောက်လာခဲ့တာပါ။ နောက်မှသိရတာက သမီးလေးစာမေးပွဲကျတာ အပျော်အပါးကြောင့်မဟုတ်ဘဲ စာမေးပွဲဖြေခါနီး ကပ်ပြီးနေမကောင်းလို့တဲ့ဘုရား။ မစူးစမ်းမဆင်ခြင်ဘဲ လူရှေ့သူရှေ့မှာ ရိုက်နှက်ဆုံးမတဲ့ တပည့်တော်ရဲ့ အပြစ်ပါပဲဘုရား ”

ပြောနေရင်းပင် ဒကာကြီး၏မျက်လုံးမှ မျက်ရည်များစီးကျလာသည်ကို တွေ့လိုက်ရသဖြင့် စကားလမ်းကြောင်းကို တစ်နေရာသို့ ပြောင်းပေးလိုက်ရသည်။

“ အဆိုးထဲက အကောင်းပေါ့ ဒကာကြီးရယ်၊ နောက် သားသမီးတွေဆုံးမတဲ့အခါ ဒီလိုမဖြစ်ဖို့အတွက် သင်ခန်းစာ ယူရမှာပေါ့၊ စိတ်ပညာကျမ်းတွေရဲ့အဆိုအရ လူဟာကိုယ့်ကိုယ်ကို အထင်အကြီးဆုံးပဲတဲ့၊ ကလေးသူငယ်တွေရဲ့ တလူလူတက်နေတဲ့အညွန့်ကို မိဘဆရာတွေက ချိုးမိသလိုမဖြစ်အောင် အမြဲတမ်းဂရုစိုက်ကြရမယ်၊ ဒါကြောင့် ရှေးဆရာများက မိမိတပည့်သားသမီးကို ဆုံးမတာတောင် အဆုံးမတတ်ဖို့အတွက် နည်းလမ်းတွေပေးထားတယ် ”

“ တရံတဆစ်၊ အပြစ်အနာ၊ တွေ့သောခါဝယ်၊ ကွယ်ရာခေါ်၍၊ ဆုံးမလေ့၏။
သူ့ရှေ့သူ့မှောက်၊ ပွဲပြင်ရောက်သော်၊ မြှောက်မြှောက်စားစား၊
သားအားပိုက်ဖြူး၊ မိဘကျူးသို့၊ ကျေးဇူးကိုသာ၊ ရှာ၍ချည်းဆို။ ”

“ အဓိပ္ပာယ်က တပည့်သားသမီးကို အပြစ်ပြောပြီးဆုံးမစရာရှိရင် ကွယ်ရာမှာခေါ်ပြီး၊ တိုးတိုးတိတ်တိတ်ဆုံးမပါတဲ့၊ လူ့ရှေ့သူ့ရှေ့မှာဆိုရင်တော့ တပည့်သားသမီးရဲ့ ကောင်းကွက်ကိုသာရှာပြီး ချီးမွမ်းပါတဲ့၊ မိဘဆရာတွေအတွက် မှတ်သားစရာပေါ့ ဒကာကြီး ”

“ အရင်ကသာ ဒီနည်းလမ်းလေးသိထားရင် တပည့်တော်သမီးလေး ဒီအဖြစ်ဆိုးမျိုး ဘယ်ကြုံရမှာတုံးဘုရား။” ဘယ်လိုပင် စကားလမ်းကြောင်းပြောင်းပေးသော်လည်း ဒကာကြီး၏မျက်ရည်တို့က ဘယ်လိုမှစဲမသွားခဲ့ပါ။ သို့နှင့်ပင် ဆေးရုံဝင်းထဲသို့ မြင်းလှည်းရောက်သည်နှင့် စာရေးသူက သွေးဖောက်သောအခန်းထဲ ခပ်သွက်သွက်ဝင်သွားလိုက်သည်။ သွေးဖောက်နေဆဲအချိန်မှာလည်း အာနိသင်ပိုရှိရန် သွေးကဆေးကဲ့သို့ အစွမ်းထက်ရန် လူနာသို့မှန်းပြီး မေတ္တာပို့နေလိုက်သည်။ သွေးဖောက်ပြီးသည်နှင့် စောစောကဒကာကြီး အခန်းထဲသို့ဝင်လာကာ -

“ အရှင်ဘုရား သမီးလေးအဖြစ်က သေမယ်ရှင်မယ်ဆိုတာ တပ်အပ်သေချာ မပြောနိုင်တော့ ဖြစ်နိုင်ရင် လူနာဆောင်ထဲခေတ္တကြွပြီး သိသင့်သိထိုက်တဲ့ တရားလေးများကို ဟောကြားပေးပါဘုရား ”

စာရေးသူ ခေါင်းညိမ့်ပြပြီး လူနာရှင်ဒကာကြီးနှင့်အတူ သွားလိုက်သည်။ လူနာဆောင်ထဲရောက်တော့ စာရေးသူထံမှ ထုတ်ယူသွားသောသွေးများကို လူနာအားချက်ချင်းပြန်သွင်းပေးနေသည်ကို တွေ့ရသည်။ ထူးခြားသောမြင်ကွင်းက စာရေးသူ မျက်စိထဲမှမထွက်၊ သေလုမြောပါး ဝေဒနာခံစားနေရသော်လည်း လူနာမိန်းကလေး၏မျက်နှာက တင်းမာခက်ထန်သယောင် ရှိနေသည်။

စကားတော့ မပြောနိုင်ရှာတော့ပါ။ သွေးလှူရှင် ကိုရင်ကြွလာသည်ဟု မိဘများကပြောလိုက်သည်နှင့် မျက်လုံးကိုတော့ အားယူပြီးဖွင့်ကြည့်လိုက်သည်ကို တွေ့ရသည်။ အချိန်ကသိပ်တန်ဖိုးရှိနေသည်။ စာရေးသူက အချိန်မဆွဲတော့၊ လူနာအား ခေတ္တစိုက်ပြီးစိတ်ထဲမှမေတ္တာပို့လိုက်ပြီးနောက် လူ့ဘဝအပါအဝင် ရခဲခြင်းတရားငါးပါး၊ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရ။

ထို့နောက် ပုထုဇဉ်တိုင်း အားကိုးအားထားပြုရမည့် အပါယ်မလားစေသောကုသိုလ်များ၊ သေခါနီးတွင် ဂတိကောင်းရန် စိတ်ထားပုံမှစ၍ တစ်နာရီခန့်ကြာအောင် တရားအလှူကို ပေးလှူလိုက်ပါသည်။ တရားအဆုံးတွင်

လူနာရှင်များရော၊ ဆေးရုံဝန်ထမ်းများပါ အားလုံးဝမ်းသာအားရ သာဓုခေါ်ကြသည်။ ထူးခြားသည်က ဒေါသအရှိန်ဖြင့် တင်းမာသယောင်ရှိနေသော ဆယ်တန်းကျောင်းသူလေး၏မျက်နှာမှာ နူးညံ့ပျော့ပျောင်းလာပြီး လက်အုပ်ချီကန်တော့ချင်သည့် အမူအရာကိုပြသဖြင့် မိဘများက သူ၏လက်ကိုလက်အုပ်ချီပြီး ရင်ဘတ်ပေါ်တင်ပေးလိုက်ကြခြင်းပင်။

မျက်စိကို အားယူဖွင့်ရင်း စာရေးသူကိုကန်တော့ရင်းကပင် ဝမ်းသာကြည်နူးနေသော မျက်နှာအသွင်မှ တဖန် ဝမ်းနည်းကြေကွဲသောမျက်နှာသို့ ချက်ချင်းပြောင်းသွားပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာကြသည်။

အမူအရာဖြင့်သာ ပြောပြနိုင်ရှာသော ဆယ်တန်းကျောင်းသူလေး၏စကားကို စာရေးသူ ဘယ်လိုမှ နားမလည်နိုင်ခဲ့။ သူပြောပြလိုသော စကားများ၏အဓိပ္ပာယ်ကို နောက်သုံးရက်ကြာမှ သိရသည်။ လူနာရှင်ဒကာကြီး ကျောင်းသို့ရောက်လာပြီး -

" အရှင်ဘုရား တပည့်တော်သမီးလေး ဆုံးသွားပါပြီဘုရား၊ သက်သာသလိုတော့ ဖြစ်သွားသေးတယ်ဘုရား၊ အဲဒီအချိန်လေးမှာ မနည်းအားယူပြီး အရှင်ဘုရားကို လျှောက်ခိုင်းတာလေးလဲရှိလို့ လာလျှောက်တာပါဘုရား။ သမီးလေး ပြောသွားတာကတော့ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို မသေခင်မှာ သိသွားရလို့ သူသိပ်ပြီးဝမ်းသာပါသတဲ့ ဘုရား။ "

" အရှင်ဘုရားကိုလဲ သွေးတင်မက တရားပါလှူတဲ့အတွက် ကျေးဇူးတင်ရှိကြောင်းကို သေချာလျှောက်ထားခိုင်းပါတယ်။ တရားဆုံးတဲ့နောက် သူ့မျက်နှာကြည်လင်သွားတာက မသေခင်မှာ သိသင့်သိထိုက်တဲ့တရားကို သိရလို့ပါတဲ့၊ သူ့မျက်နှာ ညှိုးသွားပြီး မျက်ရည်ကျတာကိုလဲ တစ်မျိုးမထင်ပါနဲ့တဲ့၊ အဲဒါကတော့ ရခဲတဲ့လူ့ဘဝထဲကနေ ဘဝအနှစ်သာရ ဘာတစ်ခုမှ ထုတ်မယူနိုင်တော့တဲ့အတွက် ဝမ်းနည်းပြီး ငိုမိတာပါတဲ့ဘုရား "

ဟု လျှောက်ထားသွားရာ ဒကာကြီး၏လျှောက်ထားသံက နားထဲကမထွက်။ သြော် . . ဆယ်တန်းကျောင်းသူလေးကား ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို မျက်ရည်ကျပြီးမှ သိသွားတာပါလား၊ ကျန်သော ဒကာ၊ ဒကာမများ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို ဆယ်တန်းကျောင်းသူလေးကဲ့သို့ မျက်ရည်ကျပြီး မသိစေချင်ပါ၊ မျက်ရည်မကျခင်ကပင် ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို သိစေချင်လှပါသည်။

ထို့ကြောင့်လည်း ဤကျမ်းစာကို " **မျက်ရည်မကျခင် သိစေချင်** " ဟု အမည်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုက်ရပါသည်။

*ချမ်းသာကိုယ်စိတ် မြဲကြပါစေ*



**မေတ္တာရှင် (ရွှေပြည်သာ)**
**ဆရာတော် ဦးဇဝန**
မန္တလေးကျောင်းတိုက်
(၆)ရပ်ကွက်၊ ရွှေပြည်သာ၊ ရန်ကုန်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း (၁)

# ထေရဝါဒ ဗုဒ္ဓဘာသာ

## သာသနာကွယ်ခြင်းအကြောင်းရင်း

ကဿပ ဥပမာအားဖြင့် လောက၌ ရွှေတုငွေတု မပေါ်သေးသမျှ ရွှေစစ်ငွေစစ်သည် မကွယ်ပျောက်နိုင်၊ ရွှေတုငွေတုပေါ်သောအခါကျမှသာလျှင် ရွှေစစ်ငွေစစ်သည်ကွယ်ပျောက်သကဲ့သို့ ထို့အတူလောက၌ တရားတု၊ တရားယောင်၊ တရားလက်သစ်မပေါ်သေးသမျှ သူတော်ကောင်းတို့၏တရားစစ်တည်းဟူသော သာသနာတော်သည် မကွယ်ပျောက်နိုင်။

တရားတု၊ တရားယောင်၊ တရားလက်သစ် ပေါ်ပေါက်လာသော အခါကျမှသာလျှင် သူတော်ကောင်းတို့၏ တရားစစ်တည်းဟူသောသာသနာတော်သည် ကွယ်ပျောက်ရလေတော့၏။ ကဿပ ပထဝီစသော ဓာတ်ကြီးလေးပါးသည် သာသနာတော်ကို မကွယ်ပျောက်စေနိုင်၊ သာသနာတွင်းမှပုဂ္ဂိုလ်များသည်သာလျှင် သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည်။

*နိဒါန ဝဂ္ဂသံယုတ်၊ သဒ္ဓမ္မပ္ပတိရူပကသုတ်*

အထက်ပါ ဗုဒ္ဓ၏ဟောကြားချက်ကိုထောက်ထား၍ ဗုဒ္ဓ၏အဆုံးအမ၊ သာသနာတော်ကို မကွယ်ပစေလိုသော သူတော်ကောင်းမှန်သမျှ ထေရဝါဒဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်၊ ဖော်ဆောင်ချက်၊ အခြေခံအချက်အလက်များကို သေချာကျနစွာသိရှိရန် လွန်စွာမှအရေးကြီးလှပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားတု၊ တရားယောင်များသည် သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုးဖြင့် နည်းမျိုးစုံဖြင့် ပေါ်ပေါက်နေသောကြောင့် ဖြစ်ပါသည်။

သာသနာတွင်းက ပုဂ္ဂိုလ်များသည်သာ သာသနာတော်ကို ကွယ်ပျောက်စေနိုင်သည်ဟူသော ဗုဒ္ဓ၏ဟောကြားချက်ကိုလည်း ကြပ်ကြပ်ကြီးသတိထား၍ မိမိကိုယ်ကို ဦးစွာစစ်ဆေးသင့်သည်။ မိမိကိုယ်တိုင် ထေရဝါဒဗုဒ္ဓဘာသာနှင့် မကိုက်ညီသော ကျင့်ထုံးများကို ကျင့်သုံး၍နေမိပါက မိမိသည်ပင်လျှင် သာသနာကွယ်ပျောက်အောင် ဖန်တီးသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေတတ်ပါသည်။

## ကပ်သုံးပါးကိုဖန်တီးသူ

ဩကာသဘုရားရှိခိုးသူတိုင်း အပါယ်လေးပါး၊ ကပ်သုံးပါးစသည်ဖြင့်ဆို၍ ကပ်သုံးပါးမှလွတ်ပါရစေဟု ဆုတောင်းတတ်ကြ၏။ သို့သော် မိမိကိုယ်တိုင် ၄င်းကပ်သုံးပါးကို ဖန်တီးသူတစ်ယောက် ဖြစ်မှန်းမသိဖြစ်နေတတ်သည်။ အဘယ့်ကြောင့်နည်း။ ဗုဒ္ဓက ဝိသမလောဘဓာတ်အားကြီးလျှင် ဒုဗ္ဘိက္ခန္တရကပ်-အငတ်ဘေးဆိုက်မည်။ ဝိသမဒေါသဓာတ်အားကြီးလျှင် သတ္ထန္တရကပ်-လက်နက်ဘေးဆိုက်မည်။ ဝိသမမောဟ ဓာတ်အားကြီးလျှင် ရောဂန္တရကပ်-အနာရောဂါဘေးဆိုက်မည်ဟု ဟောကြားတော်မူထားရာ လောဘ၊ ဒေါသ၊ မောဟတရားများ ကြီးမားနေသမျှ ကပ်သုံးပါးကို ဖန်တီးသူ စာရင်းထဲတွင် မိမိကိုယ်တိုင် ပါဝင်နေသကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာနှင့် မကိုက်ညီသော ကျင့်ထုံးများကို ကျင့်သုံးနေသမျှ မိမိကိုယ်တိုင် သာသနာကွယ်ပျောက်အောင်ပြုလုပ်သူ ဖြစ်မှန်းမသိ ဖြစ်နေပါလိမ့်မည်။

သာသနာကို ကွယ်ပျောက်အောင် ပြုလုပ်သူစာရင်းထဲတွင် မိမိမပါဝင်လိုပါက ထေရဝါဒဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်၊ ဖော်ဆောင်ချက်၊ အခြေခံအချက်အလက်များကို မဖြစ်မနေနားလည်သိရှိအောင် အားထုတ်ကြရပါမည်။ အစစ်ကို သေချာသိမှသာလျှင် အတုအယောင်ကိုပယ်ထုတ်၍ရပါလိမ့်မည်။

သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာ နေလို့လလို့ထွန်းကားနေသောအချိန်တွင် တိတ္ထိ၊ တက္က တွန်းပေါင်းများစွာတို့က ဘယာပဗ္ဗဇိတသဘောမျိုးဖြင့် သာသနာ့ဘောင်သို့ဝင်ရောက်လာကြရာ ရဟန်းအတုနှင့်အစစ် ခွဲခြားမရအောင် ရောနှောသွားကြတော့သည်။ ထိုသို့ဖြစ်နေရာ အတုနှင့်အစစ် ခွဲခြားရအောင် အရှင်မဟာမောဂ္ဂလိပုတ္တ တိဿမထေရ်က သီရိဓမ္မာသောကမင်းကြီးအား ဗုဒ္ဓသားတော်အစစ် ရဟန်းတို့၏အယူဝါဒကား ဝိဘဇ္ဇ-ဝေဖန်ပိုင်းခြား တတ်သောဝါဒသာဖြစ်သည်ဟု သင်ကြားပြသပေးလိုက်ရာ မင်းကြီးကိုယ်တိုင် ၎င်းနည်းဖြင့် သုတ်သင်ရှင်းလင်းသဖြင့် သာသနာတော်ကြီး ပြန်လည်စည်ကားခဲ့ရပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်း၊ တည်တံ့ပြန့်ပွားစေလိုသော သူတော်ကောင်းမှန်သမျှတို့ သည်လည်း သီရိဓမ္မာသောကမင်းကြီးနည်းတူ ထေရဝါဒဗုဒ္ဓဘာသာနှင့် မသက်ဆိုင်သော အယူဝါဒ၊ ကျင့်ထုံးများကို အများမျက်နှာကိုမကြည့်ဘဲ ဘုရားမျက်နှာကိုကြည့်ကာ ပယ်ရှားကြရန် အချိန်တန်နေပေပြီ။ သို့မဟုတ်ပါက ၎င်းအယူ ဝါဒကျင့်ထုံးများသည် ထေရဝါဒဗုဒ္ဓဘာသာကို ဝါးမျိုဖျက်ဆီးနိုင်ပုံနှင့်ပက်သက်၍ ဓမ္မာစရိယ၊ ပထမကျော်၊ ဘီအေ၊ အရှင်ပညိန္ဒာဘိဝံသက ၁၉၆၅ ခုနှစ်ထုတ် လက်တွေ့ဗုဒ္ဓဘာသာကျမ်း စာမျက်နှာ-၃၃၈ တွင် ယခုကဲ့သို့ ဥပမာနှင့်တကွ အရေးတကြီး ရေးသားတင်ပြခဲ့ပါသည်။

မြန်မာပြည်၌လည်း မြန်မာတို့ဘာသာသည် ဗုဒ္ဓဘာသာမှဟုတ်ပါလေစ၊ နတ်များ၊ ဂြိုဟ်များ ကိုးကွယ် နေသည့် ဘာသာဖြစ်နေလေရော့သလားဟု နိုင်ငံခြားသားများ အထင်မှားလောက်အောင်ပင် ကြောက်ခမန်းလိလိ သည်းခံနေတတ်ကြသည်။ (မှတ်ချက်) *စေတီတိုင်းလိုလိုတွင်ရှိနေသော ဂြိုဟ်များနှင့်နတ်များကို ဆိုလိုခြင်းဖြစ်သည်။*

ဤချွတ်ယွင်းချက်သည် အစွဲအလန်း ဥပါဒါန်အားကြီးသော ဓလေ့ထုံးစံများနှင့် ယုံကြည်ချက်များကို ခုခံငြင်းဆန်နိုင်သော ဩဇာအာဏာတစ်စုံတစ်ရာမရှိခြင်းမှ ပေါ်ပေါက်လာသည်။

ဗုဒ္ဓဘာသာ၏ အဓိကဖြစ်သော ပင်ရင်းမူလသဘောတရားများကို မြဲမြံခိုင်ခန့်စွာ ဆုပ်ကိုင်ထားနိုင်သမျှ ကာလပတ်လုံး ဤပူးတွဲကပ်မြှောင်နေကြသော ကျီးပေါင်းအယူဝါဒတို့သည် အရေးမကြီးကြကုန်သေး။ သို့ရာတွင် တစ်ခါက အလှအပအဆင်တန်ဆာဖြစ်ခဲ့သောနွယ်သည် နံရံများထဲသို့ထိုးဖောက်ဝင်ရောက်လာကာ ကြီးပွားလာပြီး ပန်းရံအနုပညာကို ထိုးဖောက်ဖျက်ဆီးတတ်သကဲ့သို့ ဖြစ်တတ်ချေသည်။ အချုပ်အားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ မှားယွင်းချက်သည် မိမိတို့နှင့်မသက်ဆိုင်သော အယူဝါဒဟူသမျှကို လိုက်လျောနေခြင်းဖြစ်ပေသည်။ ဆရာတော်သတိ ပေးသကဲ့သို့ပင် ဘုရား ပုထိုး စေတီမှန်သမျှလိုလိုပင် ဂြိုဟ်ရုပ်နှင့်ဂြိုဟ်ရုပ်စီး နတ်ရုပ်တို့မှာ မပါလျှင်မပြီးသလောက် ဖြစ်နေပါသည်။ ၎င်းကျင့်ထုံးသည် ထေရဝါဒ ဗုဒ္ဓဘာသာအယူဝါဒနှင့် ကိုက်ညီပါ၏လော။ ဟိန္ဒူဝါဒ၊ မဟာယနဝါဒ၊ တန္တရယာနဝါဒ၊ မန္တရယာနဝါဒတို့တွင် အဘယ်ဝါဒမှတဆင့် ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးစက်လာခဲ့သနည်း။

ဗေဒင်သုံးပုံကို လေးစားအားထားသော ဟိန္ဒူဝါဒမှကူးစက်လာခဲ့ခြင်း ဖြစ်ပေသည်။ ဤကား ထေရဝါဒ ဗုဒ္ဓဘာသာအတုအယောင် နမူနာတစ်ခုမျှထုတ်ပြခြင်း ဖြစ်ပါသည်။ ယခုထုတ်ပြသော နမူနာအတုအယောင်နှင့်တကွ အတုအယောင်ပေါင်းများစွာကို ထေရဝါဒဗုဒ္ဓဘာသာဖြစ်စဉ်အခန်းတွင် အကျယ်တဝင့် ရေးသားဖော်ပြမည် ဖြစ်ပါ သည်။ ထိုကဲ့သို့ ရေးသားဖော်ပြရာတွင် အတ္တုက္ကံသန-မိမိကိုယ်ကိုချီးမြှောက်မှု၊ ပရဝမ္ဘန-သူတစ်ပါးကို ရှုတ်ချမှုမဖက် အယူဝါဒမှန်ကို သိစေလိုသော မေတ္တာစေတနာသက်သက်ဖြင့် ရေးသားမည်ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

## အမုန်းခံပြီး ချစ်ပါရစေ

စာရေးသူတို့ စာသင်သားဘဝက စာချဆရာတော်နှစ်ပါးကို ဥပမာထား၍ ဤကျမ်းစာရေးသားရခြင်းအကြောင်းကို စာရှုသူတို့အားတင်ပြပါရစေ။ ၎င်းစာချဆရာတော်နှစ်ပါးတွင် တစ်ပါးကအမုန်းခံပြီး ဘယ်တော့မှ စာမသင်။ သူစာချချိန် လာတက်ချင်တက်၊ မတက်ချင်နေ၊ ဘာမှမပြော၊ စာချစဉ်အိပ်ပျော်နေသည်လည်း ဂရုမစိုက်၊ သူ့စာသူသာ ပြီးအောင်ချသွားသည်။ တစ်ပါးကတော့ ထိုသို့မဟုတ်၊ နေမကောင်းလို့ စာမတက်ချင်တောင် သူကိုယ်တိုင်လာပြီး စောင်ခြုံပေးကာ စာချသောနေရာတွင် ထိုင်၍နားထောင်စေသည်။

စာချနေစဉ် အိပ်ငိုက်နေလျှင်လည်း ခေါင်းခေါက်ကာသတိပေးပြီး စာလိုက်စေသည်။ အသိဉာဏ်မရင့်သေးခင်အရွယ်မှာတော့ ပထမစာချဆရာတော်ကိုသာ အထင်ကြီးလေးစားမိသည်။ နေရာတကာမပါ၊ သူ့နေရာသူနေသည်ဟူ၍ တလွဲဆံပင်ကောင်းကာ အထင်ကြီးနေခြင်းပင်။ နေမကောင်းတာတောင် အနားမှာထိုင်ပြီး စာချတာကို နားထောင်ခိုင်းသော ဒုတိယ စာချဆရာတော်ကိုကား အကောင်းမမြင်မိ။ ချုပ်ချယ်သည်။ နေရာတကာပါသည်ဟု မြင်ကာ အမုန်းပွားမိသည်။ အတန်းအတော်အောင်၍ အသက်ကလေးရလာသောအခါ၌ကား အမြင်များပြောင်းလဲသွားခဲ့လေပြီ။

ဒုတိယ စာချဆရာတော်သည်သာ တပည့်များအပေါ် အမုန်းခံ၍သင်ကြားပေးခြင်းပါလား။ တနည်းအားဖြင့် အမုန်းခံ၍ ချစ်ခဲ့ခြင်းပါလားဟူ၍ပင်။ ယခုလည်း စာရေးသူအနေဖြင့် ဦးဇဝန (တောင်သာ)၊ အရှင်ဇဝန (မန္တလေး)၊ မေတ္တာရှင် (လှိုင်)၊ မေတ္တာရှင် (ရွှေပြည်သာ)ဟူသော ကလောင်အမည်များဖြင့် ဓမ္မရတနာ၊ ဗုဒ္ဓဓမ္မလောက၊ မြတ်မွန်ရတနာ၊ မြတ်ဆုမွန်၊ ဓမ္မရံသီ၊ သာသနာ့ရောင်ခြည်မဂ္ဂဇင်းများတွင် စာရှုသူများအမုန်းမခံသော ဆောင်းပါးမျိုးစုံရေးခဲ့ပါသည်။ ခြွင်းချက်အနေဖြင့် ၁၉၉၂ ခုနှစ်ကကျင်းပသော မြတ်ဆုမွန်မဂ္ဂဇင်း ဗုဒ္ဓဘာသာနှင့်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်အမည်ရှိ ဆောင်းပါးပြိုင်ပွဲတွင်ကား အမုန်းခံဆောင်းပါးတစ်ပုဒ်အနေဖြင့် ပထမဆု ရရှိခဲ့ဖူးပါသည်။

ထိုမျှရေးသားခဲ့သမျှတို့သည် ပထမစာချဆရာတော်၏ စေတနာအဆင့်လောက်သာရှိသေး၍ မိမိတာဝန်မကျေပွန်သေးဟု ယူဆပါသည်။ ထို့ကြောင့် ဒုတိယစာချဆရာတော်၏ စေတနာမျိုးဖြင့် ဤမျက်ရည်မကျခင်သိစေချင်အမည်ရှိ ကျမ်းစာကိုရေးသား၍ စာရှုသူအချို့၏အမုန်းကိုခံယူကာ မေတ္တာထားခြင်းဖြစ်ကြောင်း အသိပေးပါရစေ။

## ရိုက်ပြီး သင်ပေးပါရစေ

တစ်ခါက မြင်းခြံမြို့ပေါ်ကသူဌေးတစ်ဦးသည် ချစ်လွန်းသဖြင့်အလိုလိုက်ကာ တစ်ဦးတည်းသောသားကလေးကို ငယ်စဉ်ကပညာသင်မပေးခဲ့ရပေ။ သားလေးအရွယ်ရောက်ချိန်တွင် မိမိတို့ကလည်း အရောင်းအဝယ်ကို ဦးစီး၍မလုပ်နိုင်၊ ခိုင်းထားသော လူယုံကလည်း သစ္စာဖောက်သဖြင့် ဥစ္စာစည်းစိမ်များ တစ်နေ့တခြားလျော့ပါးကာ ဆင်းရဲသွားရရှာသည်။ ထိုအခါကျမှ မိဘများမှာ စာမတတ်ပေမတတ် တစ်ဦးတည်းသောသားကလေးကိုကြည့်ကာ

(မိခင်) သားရယ်၊ သားသာ စာတတ်မယ်ဆိုရင် အမေတို့ ခုလို မဆင်းရဲဘူး။

(သား) အဲဒါဆို အမေတို့က သားကိုဘာလို့ ကျောင်းထားမပေးတာလဲ။

(မိခင်) သားက စာမသင်ချင်ဘူးဆိုတော့ အမေတို့က ဘယ်ထားပေးတော့မလဲ။

(သား) ဟာဗျာ၊ အဲဒါ အမေတို့မှားတာပဲ၊ အဲဒီအချိန်တုန်းက ကျွန်တော်က ကလေးပဲရှိသေးတာ ဘယ်သိတတ်ပါ့မလဲ၊ တကယ်ဆိုတော့ ကျွန်တော့်ကိုတုတ်နဲ့ရိုက်ပြီး ကျောင်းပို့ပေးရမှာ၊ အခုကျွန်တော် ပညာမတတ်ခြင်းရဲ့ အဓိကတရားခံဟာ အမေတို့ပဲ။

ဖော်ပြပါ တကယ့်ဖြစ်ရပ်လေးနည်းတူ စာရေးသူတို့ ရဟန်းတော်များ ဒါယကာတို့အပေါ် ပြုကျင့်ရမည့် ဝတ္တရားခြောက်ခုတွင် မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်ဟူသော ညွှန်ကြားချက်နှစ်ခုလည်းပါသည်။ ထိုညွှန်ကြားချက်အတိုင်း ထေရဝါဒဗုဒ္ဓဘာသာနှင့် မကိုက်ညီသော အယူဝါဒကျင့်ထုံးများကို တားမြစ်ပြီး စစ်မှန်ကောင်းမွန်သော ထေရဝါဒဗုဒ္ဓဘာသာကိုလည်း တိတိကျကျညွှန်ပြရပေလိမ့်မည်။ ထိုသို့ ညွှန်ပြသည့်အတွက် အသိဉာဏ်မစုံခင် အပြစ်မြင်ခြင်းကိုလည်း ပြုံးပြုံးကြီးခံယူပါမည်။

ထိုသို့မှ မညွှန်ပြလျှင် ထေရဝါဒဗုဒ္ဓဘာသာမှ တဖြည်းဖြည်းနှင့် ရေစုန်မျောရပေလိမ့်မည်။ ထိုသို့လည်း မဖြစ်မခံနိုင်ပါ။ ထို့ထက်ပိုပြီးအဖြစ်မခံနိုင်သည်မှာ ထေရဝါဒဗုဒ္ဓဘာသာကြီး ပြိုကွဲပျက်စီးသောအချိန်ကျမှ နှောင်းလူတို့က "တို့မြန်မာနိုင်ငံမှာ ထေရဝါဒရဟန်းတော်ပေါင်းများစွာရှိလျက်နှင့် ဒီလိုထေရဝါဒမဟုတ်တဲ့ အတုအယောင်တွေ ရောယှက်လာရင် ထေရဝါဒဗုဒ္ဓ ဘာသာဟာ အခုလိုပျက်စီးသွားနိုင်တယ်ဆိုတာ အစတုန်းကဘာလို့မပြောခဲ့ကြသလဲ" ဆိုသော အပြစ်တင်မှုပင်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာအစစ်ကို သေချာမသိသေးသော ဒါယကာ ဒါယိကာမ စာရှုသူအပေါင်းအား ထေရဝါဒဗုဒ္ဓဘာသာအကြောင်းကို ရိုက်ပြီးသင်ပေးသင့်ရင် သင်ပေးရပါလိမ့်မည်ဟူ၍။

## လည်ချောင်းထဲက အရိုးစ

ငယ်ရွယ်သောသားသမီးများ ထမင်းစားရင်လည်ချောင်းမှာ အရိုးစတစ်ခုခု မျက်နေပြီဆိုလျှင်၊ အသက်အန္တရာယ်နှင့်နီးစပ်သောကြောင့် မိဘများကခေတ္တခဏနာကျင်မှု သွေးအနည်းငယ်ထွက်မှုကိုဂရုမစိုက်ပဲ လည်ချောင်းထဲကအရိုးစကို မရရအောင် နည်းမျိုးစုံဖြင့်ဖယ်ရှားပေးကြရသည်။ အရိုးစကိုမရမချင်း ရုန်းကန်နေသောသားငယ်ကို မလှုပ်နိုင်အောင် ဒူးဖြင့်ညှပ်၍ အာခေါင်ကိုဖြဲကာ ထုတ်ယူနေခိုက်အချိန်မှာတော့ ဝေဒနာရှင်သားငယ်မှာ ငါ့အပေါ် ရက်စက်လေခြင်းဟု မိဘအပေါ်တလွဲထင်ပါလိမ့်မည်။

သို့သော် ထိုသို့တလွဲထင်ရုံဖြင့် မိဘကတော့ နောက်ဆုတ်လိမ့်မည်မဟုတ်ပါ။ တလွဲထင်ရုံမက အရိုးစကို ဖယ်မပေးပါနဲ့ဟု တားမြစ်လျှင်လည်း လက်ခံမည်မဟုတ်ပါ။ အဘယ့်ကြောင့်နည်း။ အရိုးစကို ဖယ်ရှားမပေးလျှင် အသက်သေနိုင်သည် ဆိုသည်ကို သားငယ်ကမသိ၊ မိဘကသိနေသောကြောင့်ပါတည်း။ ယခုလည်း အချိန်ကုန်လူပန်း၊ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဖြစ်စေသည့် ဘာသာရေးအတုအယောင်များကို လက်တွေ့ကျကျဖော်ထုတ်ပြရန် ရဟန်းတော်တိုင်းတွင် တာဝန်ရှိပါသည်။

တာဝန်ရှိသည့်အတိုင်း ခေတ်အဆက်ဆက်က ဆရာတော်ကြီးများကလည်း တတ်နိုင်သည့်ဘက်က နေ၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးလည်ချောင်းဝတွင်မျက်နေသော ဘာသာရေးအတုအယောင် အရိုးစတို့ကို စွမ်းနိုင်သလောက် ထုတ်ပေးကြပါသည်။ ထိုသို့ ထုတ်ပေးခဲ့ကြသည့်အတွက် အမြင်ကျယ်သူတို့က ကျေးဇူးတင်ချီးမွမ်းကြသလို ဘာသာရေးအမြင်ကျဉ်းသူတို့က အပြစ်တင်ကဲ့ရဲ့ကြသည်။ ရှေးခေတ်မှ ယခုခေတ်တိုင်အောင် ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ၊ အလှူပွဲများတွင် ပွဲလမ်းသဘင်များက ထိပ်ဆုံးကနေရာယူလာကြသည်။

ဘုရားပွဲလုပ်မည်ဆိုသည်နှင့် ဘယ်ဇာတ်၊ ဘယ်အငြိမ့်ကိုငှားမည်ဆိုသည်ကို ရှေးဦးစွာစည်းဝေးတိုင်ပင်ကြရသည်။ တလောက မန္တလေးမှာနေသော စားရေးသူ၏ညီက စာရေးသူထံ မာကြောင်း၊ သာကြောင်း စာတစ်စောင်ရေးပို့လိုက်သည်။ သူရေးသောစာထဲမှ စာပိုဒ်တစ်ခုကိုတော့ စာရေးသူတော်တော်သဘောကျသွားမိသည်။ ထိုစာပိုဒ်က " ဦးပဥ္စင်းဘုရား၊ ဒီနှစ်တပည့်တော်တို့ ရပ်ကွက်ဘုရားပွဲလည်းအတော်စည်တယ်။ ငရဲပြည်မှာ လူများဦးမှာပဲ ဘုရား" ဟူ၏။ ဒီစာသားကို စာရေးသူညီက အကြောင်းမဲ့ရေးဟန်တော့မတူ။

စံကင်းဆရာတော်ကြီး သတိပေးရေးသားသော တစ်နှစ်တစ်ခါငရဲရွာ၊ လူ့ရွာဘုရားပွဲဟူသော အဆုံးအမလင်္ကာလေးကို ရထားဟန်တူပါသည်။ ညီတော်မောင်စာရေးသောနှစ် ဘုရားပွဲနောက်ညမှာရန်ဖြစ်ပြီး လူသတ်မှုဖြစ်သဖြင့် ယခုတော့ ဇာတ်ပွဲမထည့်တော့ဟု သိရသည်။ ထိုကဲ့သို့သောဗုဒ္ဓဘာသာဝင်များ သတိထားနိုင်ကြရန် ဆရာကြီးဦးရွှေအောင်က ထေရဝါဒအုတ်မြစ်ကျမ်းစာ စာမျက်နှာ ၆၄ တွင် ယခုကဲ့သို့ လမ်းညွှန်ပြခဲ့သည်။

ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးသည် ဤလောက၌ အပူဇော်ခံသက်သက်အနေဖြင့် ပွင့်ထွန်းပေါ်ပေါက်လာသည်မဟုတ်။ ဘုရားဟောတော်မူသည့်အတိုင်း ယုံကြည်စွာလိုက်နာကျင့်သုံး၍ အနိမ့်ဆုံးအနေဖြင့် ကလျာဏပုထုဇဉ်ဖြစ်သွားအောင်၊ ထို့ထက်စွမ်းနိုင်ပါက မဂ်ဖိုလ်ကိုရသွားအောင် ကျင့်ကြံအားထုတ်စေရန် အတွက်သာဖြစ်၏။ သို့မှသာ ဤလောက၌ ရတနာသုံးပါး ပွင့်ထွန်းပေါ်ပေါက်ရကျိုးနပ်ပေလိမ့်မည်။

ဆရာကြီးဦးရွှေအောင်၏ အဓိကညွှန်ပြချက်ကား အပေါ်ယံအာမိသပူဇာဖြင့်သာ စခန်းမသိမ်းကြပဲ ဓမ္မပူဇာ ဝိပဿနာတရားအကျင့်ကိုပါ ဖြည့်ကျင့်ကြရန် တိုက်တွန်းခြင်းဖြစ်ပါ၏။ ယခုအချိန်၌ကား ဓမ္မပူဇာကိုရောက်ဖို့ နေနေသာသာ သူတော်ကောင်းများလက်ခံနိုင်သော ရိုးရိုးအာမိသပူဇာပင်မကတော့ဘဲ မဟာယာန၊ ဟိန္ဒူဝါဒဆန်ဆန် တေးဂီတ၊ အက၊ အခုန် ဇာတ်သဘင်များက ဘုရားပွဲတွင် နေရာအများဆုံး ယူလာကြပေပြီ။ ပွဲလမ်းသဘင်ပါသော မည်သည့်ဘုရားပွဲမဆို အောက်ဖော်ပြပါဆိုးကျိုးအပြစ်များ အနည်းနှင့်အများ ဖြစ်ကြရသည်သာဖြစ်ပါ၏။

ဘုရားစေတီပတ်ဝန်းကျင်တွင် ကျင်ကြီးကျင်ငယ်၊ စားကြွင်းစားကျန်များ စွန့်မိတတ်ခြင်း၊ မူးယစ်သောက်စား ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊ ပွဲလမ်းသဘင်နှင့်အတူ ရန်ပုံငွေဆိုပြီးပြုတတ်ကြသော တရားဝင်လောင်းကစားနှင့် တရားမဝင်လောင်းကစားများကြောင့် လူငယ်များစာရိတ္တပျက်ပြား၍ ရပ်ကွက်တွင်သူခိုးပူခြင်း၊ ပွဲလမ်းသဘင်မှာ အချိန်ကုန်သဖြင့် ကျန်းမာရေး၊ စီးပွားရေးထိခိုက်ခြင်း၊ မရှိမဲ့ရှိမဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရိ၊ ဩတ္တပ တည်းဟူသော သူတော်ကောင်းဥစ္စာများကိုလည်း ပွဲလမ်းသဘင်အပျော်အပါးက တိုက်ခိုက်လုယက်သွားသဖြင့် ထိုရက်များအတွင်း လောင်းနေကျဆွမ်းတော်ကိုလည်း မလောင်းနိုင်။

ပို့နေကျ ဆွမ်းတော်ကိုလည်း မပို့နိုင်။ စိတ်နေကျ စိတ်ပုတီးလည်း ချိတ်ပုတီးဖြစ်။ ရှိခိုးနေကျ အိမ်ကဘုရားကိုလည်း ဦးလေးမှမချနိုင်။ ညမိုးအလင်းကြည့်၊ နေ့တစ်နေကုန်အိပ်သဖြင့် လူစင်စစ်က ဇီးကွက်ဖြစ်နေရခြင်းပင်။ ပွဲလမ်းသဘင်ပြီး၍ တစ်လအတွင်းလောက်မှာလည်း ထိုပွဲလမ်းသဘင်အကြောင်းသမ္ဖပ္ပလာပ- အကျိုးမရှိ အပိန်အဖျင်း စကားများကိုပြောမိနေတတ်ခြင်းစသော ဆိုးကျိုးများဖြစ်ကြသည်ကို ကြိုတင်သိမြင်ကြသော ဆရာတော်ကြီးအဆက်ဆက်က ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးတည်းဟူသော လည်ချောင်းဝမှ ပွဲလမ်းသဘင်တည်းဟူသော အရိုးစတစ်မျိုးကို စွမ်းနိုင်သမျှ ဖယ်ရှားပေးတော်မူခဲ့ကြပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးကလည်း လူမိုက်ငါးဦးအမည်ရှိသော အောက်ပါကဗျာလင်္ကာဖြင့် ယခုကဲ့သို့ သတိပေးတော်မူခဲ့ပါသည်။

# လူမိုက်ငါးဦး

အလှူပေးရာ၊ ပွဲထည့်ပါ၊ တိုက်တွန်းလာသူ လူမိုက်တစ်ယောက်။
လူမိုက်စကား၊ နားယောင်မှား၊ ပွဲငှားအလှူရှင် လူမိုက်တစ်ယောက်။
လူများအလယ်တွင် ကခုန်ရှင် သဘင်သည် လူမိုက်တစ်ယောက်။
လာလိုက်ခဲ့ဗျို့၊ ကြည့်ချေစို့၊ အဖော်တို့ လူမိုက်တစ်ယောက်။
အအိပ်အစားပျက်၊ ပွဲကိုမက်၊ ကြည့်ရှုချက် လူမိုက်တစ်ယောက်။
ငါးဦးလုံးအတွက်၊ ခံရချက်၊ တိုက်တွန်းလျက် ရှေးဦးကောက်၊
အဟိဗာလတရ၊ ခေါ်ဆိုရ၊ အင်္ဂုတ္တရာကျမ်းကိုထောက်၊
ပဟာသမည်၊ နိရယ်ပြည်၊ (ငရဲပြည်)၊ ရောက်မည် အခေါက်ခေါက်။
တာလပုဋ္ဌ၊ ဂါမဏိ၊ ဆုံးမဘိ၊ မှတ်သိအလွန်ကြောက်။

ကျမ်းသိထက် ကျမ်းညှိခက်သည် ဟူသောစကားသည် ဤနေရာ၌ အရေးတကြီးလိုအပ်လာပါသဖြင့် အနည်းငယ်ရှင်းပါမည်။ ပရိဝါပါဠိတော် စာမျက်နှာ ၂၃၁ တွင် ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်စေသော အပုညဒါန ငါးမျိုးကို ဗုဒ္ဓဟောကြားတော်မူထားသည်မှာ မူးယစ်ဆေးဝါးအလှူ ပွဲသဘင်အလှူ မိန်းမအလှူ နွားလားဥသဘကို မျိုးပေးသောအလှူ ကိလေသာထကြွစေသော ယောကျ်ားမိန်းမရုပ်ပန်းချီဆေးရေးအလှူတို့ ဖြစ်ပေသည်။

ဝိနည်းတရားတော်အရ အတီး၊ အမှုတ်၊ အက၊ အခုန်မလှူရဟု ပညတ်ထားသော်လည်း အဘိဓမ္မာ တရားတော်အရ အလှူဒါနသည် ရူပ-အဆင်း၊ သဒ္ဒ-အသံ၊ ဂန္ဓ-အနံ့၊ ရသ-အရသာ၊ ဖောဋ္ဌဗ္ဗ-အတွေ့အထိ၊ ဓမ္မ-တရား ဟူ၍ ခြောက်မျိုးရှိရာ အကသည် ရူပအလှူ၌ ပါဝင်သလို၊ အတီးအမှုတ်အဆိုသည် သဒ္ဒအလှူ၌ ပါဝင်နေပြန်ရာ ရှေ့နောက်ဆန့်ကျင်သကဲ့သို့ ဖြစ်နေပါ၏။ တစ်ဖန် အတွေးအခေါ်ရှိသူတချို့က အဆိုအတီးအကဟာ ကာမဂုဏ်ကို အားပေးလို့ မပူဇော်သင့်ဘူး၊ မလှူသင့်ဘူးဆိုရင် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တွေကိုရော ကာမဂုဏ်ကို အားမပေးဘူးလား။ သင်္ကန်းတို့ ဂွမ်းစောင်တို့ကဲ့သို့ နူးညံ့တဲ့အတွေ့အထိ၊ ဖောဋ္ဌဗ္ဗကရော ကာမဂုဏ်ကိုအားမပေးဘူးလားဆိုသော မေးခွန်းတွေမေးလာနိုင်ပါသည်။

အတွေးအခေါ်သာမက ကျမ်းဂန်ပါနှံ့စပ်သူအချို့က ဗုဒ္ဓဝံသအဋ္ဌကထာ ၁၈၉ မှာ ဘုရားအလောင်းတော် အတုလနဂါးမင်း ဖြစ်စဉ်တုန်းက သုမနဘုရားရှင်နှင့်တကွ သံဃာတော်များကို နဂါးတို့ရဲ့ အတီးအမှုတ် အကအခုန်တွေနဲ့ ဘာဖြစ်လို့ပူဇော်ခဲ့သလဲ၊ အပါဒါန်ပါဠိတော် ၁၈ မှာ ဧကသဉ္ဉိယ မထေရ်အလောင်းဟာ ဝိပဿီဘုရားရှင်ရဲ့ မဟာ ဗောဓိပူဇော်ပွဲမှာ တစ်နေ့တာလုံး ခရုသင်းမှုတ်ပြီး ပူဇော်ခဲ့တဲ့ကောင်းမှုကြောင့် နတ်ပြည်ရောက်တဲ့အခါ တူရိယာခြောက် သောင်းနဲ့ ဖြေဖျော်ခံခဲ့ရတဲ့အပြင် ဖြစ်တိုင်းဖြစ်တိုင်းသော လူ့ဘဝ၊ နတ်ဘဝတွေမှာ တူရိယာသံများ ဝန်းရံခြင်းခံရပြီး နောက်ဆုံး ဂေါတမဘုရားရှင်သာသနာတော်မှာ ကျွတ်တန်းဝင်ရတာဟာ တူရိယာသံနဲ့ လှူခဲ့တဲ့ကုသိုလ်ကြောင့် မဟုတ် ဘူးလား။

စသည်ဖြင့် မေးမြန်းလာနိုင်ပါသည်။ အဖြေအကျဉ်းကား သဒ္ဓါဖြစ်အောင် ပူဇော်လျှင် ကုသိုလ်ဖြစ်မည်။ တဏှာဖြစ်အောင် ပူဇော်လျှင် အကုသိုလ်ဖြစ်မည်ဟု ဖြေရပါမည်။ သို့သော် ဆန်းစစ်ဖို့တော့လို၏။ ယခုခေတ် ဇာတ် အငြိမ့်ပွဲများသည် ရတနာသုံးပါးကို ပူဇော်ဖို့သက်သက် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ဝမ်းဝဖို့အတွက်သာ ဖွဲ့စည်းထားခြင်း ဖြစ်ပါ၏။ ဝမ်းဝဖို့အတွက်ကလည်း ပရိသတ်ကြိုက်မှဖြစ်၏။ ပရိသတ်အများစုကလည်း တဏှာအသားပေးပြကွက်ကိုသာ ကြိုက်ကြသည်။

သို့အတွက် အနုပညာရှင်တို့ကလည်း ပရိသတ်အကြိုက်ဖျော်ဖြေကြရမှ သဒ္ဓါအားပေးထက် တဏှာအားပေးဘက်ကို အလေးသာခဲ့ကြရသည်။ တကယ်တော့ အနုပညာဆိုသည်မှာ ဘာသာရေးနယ်ပယ်မှာလည်း သုံးတတ်လျှင် ဆေးပင်ဖြစ်ပါ၏။ အလှူပွဲတွင် သံဃာတော်များ သံဃာစင်သို့ကြွလာသောအခါ၊ ဓမ္မကထိကဆရာတော် ဓမ္မာသနပလ္လင်သို့ ကြွလာသောအခါတို့တွင် ဗျောသံလေးကြားလိုက်ရပါက တရားနာပရိသတ်တို့၏ ကြည်နူးဝမ်းသာသော သဒ္ဓါစိတ်သည် အခေါင်အထွတ်ရောက်သည်အထိ ဖြစ်ကြရပါသည်။

မသုံးတတ်လျှင်ဘေး၊ သုံးတတ်လျှင်ဆေးဟုပဲ ဆိုရပါလိမ့်မည်။ တဏှာဓာတ်ခံကြီးမားသော ပုထုဇဉ်များပီပီ ဆေးထက်ဘေးဖြစ်ဖို့များသည်ကတော့ သေချာပါသည်။ တစ်ခါက အထက်အညာကရွာတစ်ရွာတွင် ကိုးတောင်ပြည့် စေတီလေးတစ်ဆူရှိရာ ဘုရားပွဲတွင် ရွာသူရွာသားတို့က ဇာတ်ပွဲထည့်လိုကြသည်။ ကျောင်းထိုင်ဘုန်းကြီးက တရားပွဲသာထည့်လိုသည်။ ဇာတ်ပွဲဆိုလျှင် ထိန်းမနိုင်သိမ်းမရနှင့် ရွာနာမည်ပျက်မှာစိုး၍ တားမြစ်သည်။ ဘယ်လိုမှမရ။ နောက်ဆုံး ရွာသားတို့၏ဆန္ဒအတိုင်း ဇာတ်ပွဲထည့်ရတော့သည်။

ပထမညမှာပင် မင်းသမီးကိုပိုးရင်း စကားများရန်ဖြစ်ကြသဖြင့် ရွာသားသုံးဆယ်ကျော် ခေါင်းကွဲကာရဲဂေဟနမှာ အချုပ်ခံကြရသည်။ သူ့စကား နားမထောင်၍ဖြစ်ရသဖြင့် ဆရာတော်ကနောင်မှတ်မိအောင် အောက်ပါကဗျာလေးရေးပြီး တစ်ရွာလုံး ကမ်းထားလိုက်ရသောဟူ၏။ ကဗျာလေးမှာ -

ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ် (တည်)

ငယ်သာငယ်၊ တယ်တွယ်တဲ့ဘုရား

လူသုံးဆယ် ခေါင်းတွေကွဲတယ်၊ ရဲဂေဟနသွား။

ဘာသာရေးလည်းချောင်းဝမှ တရားအတုအယောင် အရိုးစနမူနာတစ်ခုကို ထုတ်ပြဝေဖန်ခြင်းကဏ္ဍသည် ဤမျှဖြင့် အတန်အသင့်ပြည့်စုံပေပြီ။ နမူနာမှာ အသေးစားငါးရိုးစလောက်ကိုသာ ထုတ်ပြခြင်းဖြစ်၏။ နောက်ဆုံးအခန်းတွင်ကား အကြီးစားကြက်ရိုးစ၊ ဝက်ရိုးစများကိုပင် ထုတ်ပြရပါဦးမည်။ ဘာသာရေးအတွေးအခေါ် နှစ်ခုကိုပေးသော မန်လည်ဆရာတော်၏ ကိုယ်တွေ့ဖြစ်ရပ်ကို ဖော်ပြရင်းဖြင့် ဤအခန်းကို နိဂုံးချုပ်ပါတော့မည်။

မန်လည်ဆရာတော်ကြီး ဘုန်းမီးနေလတောက်ပသော အချိန်ပင်ဖြစ်သည်။ တစ်ရက်တွင် မန္တလေးမှ သံဃာ့ဥသျှောင်ဆရာတော်ကြီးများ ကြွရောက်လာပြီး သာသနာရေးကိစ္စတစ်ခုကို ဖော်ပြပါအတိုင်း ဆွေးနွေးတော်မူကြပါသည်။

“ ဦးဇဝနရဲ့ မန်လည်နယ်ထဲမှာ ဆရာတော်တစ်ပါး ကိုယ်တိုင်ငွေအလှူခံပြီး ဘုရားတည်နေတယ်လို့ သိရပါတယ်။ ဦးဇဝနအနေနဲ့ ခေါ်ယူတားမြစ်ပြီး ဆုံးမဩဝါဒမပေးဘူးလား ”

“ အပြည့်အစုံလျှောက်ထားနိုင်အောင် တပည့်တော်ကို ရက်အနည်းငယ် စုံစမ်းခွင့်ပေးပါဘုရား ”

စုံစမ်းပြီး ရက်အနည်းငယ်အကြာမှာပင် မန်လည်ဆရာတော်က သံဃာ့ဥသျှောင် ဆရာတော်ကြီးများအား အောက်ပါအတိုင်း ပြန်လည်လျှောက်ထားပါသည်။

“ တပည့်တော် စုံစမ်းသိရှိရသလောက်ကတော့ ဘုရားတည်နေတဲ့ဆရာတော်ဟာ ကိုယ်ကျိုးမဖက်၊ အများပြည်သူအတွက် ဘုရားတည်တာအမှန်ပါပဲ ဘုရား၊ ကိုယ်တိုင်အလှူခံတယ်ဆိုတဲ့နေရာမှာလဲ အလှူရှင်များရဲ့ သဒ္ဓါကိုငဲ့ပြီး အလှူခံပုံးကိုလက်နဲ့ ထိရုံပဲထိထားတာပါဘုရား၊ ဆရာတော်ကဒီလိုထိထားမှလဲ အလှူရှင်များကအလှူငွေထည့်ကြတယ်လို့လဲ လေ့လာသိရှိရပါတယ်ဘုရား၊ ဝင်ငွေထွက်ငွေများကိုလဲ စာရင်းစစ်နဲ့နေ့စဉ်စစ်ဆေးတာ တွေ့ရပါတယ်။

အားလုံးလေ့လာသုံးသပ်ပြီးတဲ့နောက် တပည့်တော်ရဲ့သဘောကို လျှောက်ထားရမယ်ဆိုရင် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဘဝက မိဖုရားပေါင်းများစွာနဲ့ ကာမဂုဏ်ခံစားတာကိုမကြည့်ဘဲ ဘုရားဖြစ်ပြီး သတ္တဝါဝေနေယျတွေကို ကယ်တင် ချွတ်တာကို ကြည့်သင့်သလို၊ ယခုလဲ ဒီဆရာတော် အလှူခံပုံးကို လက်နဲ့ထိတာကို ကြည့်မနေပဲ ဘုရားတည်ပြီးတဲ့နောက် မြို့သူမြို့သားများ ကုသိုလ်တရားတိုးပွားတာကိုသာ ကြည့်ကြပါစို့ဘုရား ”

မန်လည်ဆရာတော်ကြီး လျှောက်ထားချက်အဆုံးတွင် သံဃာ့ဥသျှောင် ဆရာတော်ကြီးများ စဉ်းစားသုံးသပ်သော အနေအထားဖြင့် စကားဝိုင်းမှာ အချိန်အနည်းငယ် ငြိမ်သက်တိတ်ဆိတ်သွားပါတယ်။ မန်လည်ဆရာတော်၏ လျှောက်ထားချက်ကို သဘောကျနှစ်ခြိုက်ဟန်လည်း တွေ့ရပါသည်။ အတန်ကြာမှ ဆရာတော်ကြီးတစ်ပါးက ဘာသာရေးအတွေးအခေါ် သစ်တစ်ခုကို ရစေနိုင်သော အောက်ပါသြဝါဒစကားကို ပြောကြားရင်း သာသနာရေး ဆွေးနွေးခန်းကို နိဂုံးချုပ်လိုက်ပါသည်။

“ မန်လည်ဆရာတော် လျှောက်ထားတာလည်း မှန်ကန်သင့်မြတ်ပါသည်။ တပည့်တော်များအနေနဲ့ ယခုလို လာရောက်ဆွေးနွေးရခြင်းဟာလည်း အပြစ်ရှာလိုတဲ့အတွက်မဟုတ်ဘဲ ၎င်းဆရာတော် အနာဂတ်ကောင်းကျိုးအတွက်ပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် လျှောက်ထားရရင် တောထဲမှာဆင်ရိုင်းအုပ်များ သွားလာကျက်စားကြတဲ့အခါ အားအင်ပြည့်စုံတဲ့ စွယ်စုံ ဆင်ကြီးများဟာ ရွှံ့ညွံ့ထူထပ်လှတဲ့ ချောင်းထဲမြောင်းထဲကိုဆင်းပြီး ကြာစွယ်ကြာရင်းများကို စားတတ်ကြပါတယ်။

“ ဒီအခါ အားအင်မပြည့်စုံတဲ့ ဆင်ငယ်များဟာ စွယ်စုံဆင်ကြီးကိုအတုလိုက်ပြီး ချောင်းထဲမြောင်းထဲ ဆင်းကြတဲ့အခါ စွယ်စုံဆင်ကြီးများလို ရွှံ့ညွံ့ကိုမရုန်းနိုင်တဲ့အတွက် သေကြေပျက်စီးကြရသလို ယခုဘုရားတည်တဲ့ ဆရာတော်လည်း ကိုယ်ပိုင်သီလ၊ သမာဓိ၊ ပညာဓာတ်ခံအားနည်းခဲ့လျှင် ရဟန်းဘဝကလျှောကျပျက်စီးမှာ စိုးရိမ်တဲ့အတွက် ယခုလိုမေတ္တာစေတနာနဲ့ လာရောက်သတိပေးခြင်းဖြစ်ပါတယ် ဘုရား ”

အထက်ဖော်ပြပါ ဆရာတော်ကြီးနှစ်ပါး၏ သြဝါဒများမှ အကျိုးရှိသော ဘာသာရေး အတွေးအခေါ်များကို စာရှုသူများ ကိုယ်တိုင်ထုတ်ယူကြပါရန်တိုက်တွန်းရင်း ဘာသာရေးအတုအယောင်များကို အရေးတကြီးသိသင့်ပုံကို ဖော်ပြရာအခန်းကို ဤမှာပင်နိဂုံးချုပ်အပ်ပါသည်။

“ ဘုရားမဖြစ်သေးသမျှ၊ မိမိကိုယ်ကို ဘယ်တော့မှ ပြည့်စုံပြီဟု မအောက်မေ့ပါနှင့်။ ”

*( ပထမ မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယ )*

“ မိမိကိုယ်ကို အမြဲတမ်း ပြုပြင်နေရမည်၊ ဘယ်အချိန်အထိ ပြုပြင်နေရမလဲဆိုလျှင်၊
သေသည့်အချိန်ထိ ပြုပြင် ရမည်။ ”

*( အမရပူရ၊ မဟာဂန္ဓာရုံ ဆရာတော် ဦးဇနက )*

“ ဆုံးမချင်သူ သဲလုံးအမျှရပါစေဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။
သာမဏေငယ် ဆုံးမသော်လည်း နားထောင်မည်ဟု ရှင်သာရိပုတ္တရာ၊ နှလုံးသွင်းသည်။
အပြစ်ပြဆုံးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။
ပန်းပဲဆရာ အထုမခံသော သံတုံး လက်နက်အဖြစ်သို့ မရောက်။
ဆရာကောင်း အဆုံးအမ မခံချင်သောတပည့်၊ သူတော်ကောင်းမဖြစ်။
တောအရပ်၌ မိဘကင်းသော သားသမီး ကျားစာဖြစ်၏။
သာသနာ၌ သြဝါဒကင်းသောရဟန်း မာရ်နတ်စာဖြစ်၏။ ”

*( ပထမရွှေကျင် ဆရာတော်ကြီး ဦးဇာဂရ )*

# အခန်း (၂)
# ဘဝတန်ဖိုးနှင့် ဘာသာတန်ဖိုး

## ထေရဝါဒ ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်ပန်းတိုင်

ထေရဝါဒဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်ပန်းတိုင်ကား မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရကာ နိဗ္ဗာန်ကိုမျက်မှောက်ပြုရေးပင် ဖြစ်ပါ၏။ လောက၌ ဘုရားပွင့်တော်မူခြင်းကလည်း ၎င်းရည်ရွယ်ချက်ကြောင့်ပင်ဖြစ်၏။ ထို့ကြောင့်လည်း စလင်းကန်လယ်ဆရာတော်ဘုရားကြီးက -

အို လူအများတို့၊ ဘုရားသခင်နှင့် ကိုယ်တိုင်မတွေ့လိုက်ကြရ၍ ဘာဝမ်းနည်းစရာရှိသလဲ၊ ယခုအခါ ဓမ္မက္ခန္ဓာဘုရားတွေ အများကြီးရှိသေး၏။ ကံ၊ ပါရမီရှိလျှင် ရလိမ့်မည်ဟူ၍သာ အေးအေးစက်စက် နေကြလျှင် အများကြီး နစ်နာကြပေလိမ့်မည်။ စာမတတ်လို့ ဘာမတတ်လို့လဲ မလုပ်ကြပါနှင့်၊ ဆရာကောင်းနှင့်တွေ့လျှင် ရနိုင်ပါသည်။ သို့အတွက် အို . . လူများတို့ ယခုအခါ ကံပါရမီကို မေးရန်မလိုပါ။ ရှင်ဘုရင်သားဖြစ်ပြီး အိမ်ရှေ့မင်းသားသည် ရှင်ဘုရင်ဖြစ်ရန် ဗေဒင်မေးဖို့မလို။

မုတ်ဆိတ်ပျားစွဲသူသည် တခြားသွားပြီးပျားများဖွတ်ရန်မလို၊ ရန်သူဝိုင်းထားခံရသူသည် ထွက်ပေါက်သိလျက်နဲ့ မထွက်သော်၊ ကံပါရမီချဖွယ်မလို၊ အညစ်အကြေးလူးသူသည် ရေစင်ရှိလျှက်မဆေးသော် ရေ၌အပြစ်ဆိုဖွယ်ရာမလို၊ မိမိကသာ ဖျင်းလို့၊ အ,လို့၊ နု,လို့ ဖြစ်သည်။ အသေနည်းသေးတယ်လို့သာ ဆိုဖွယ်ကောင်းတော့၏။ ကြောက်ကြ၊ လန့်ကြ၊ ထိတ်ကြ။အို . . လူများတို့၊ သို့အတွက် တရားအားထုတ်ကြပါကုန်လော့။

ဟူ၍ မဂ်ဉာဏ်ဖိုဉာဏ် ရကြောင်းလမ်းဖြစ်သည့် ဝိပဿနာတရားကို အားထုတ်ကြရန် အရေးတကြီး တိုက်တွန်းတော်မူခဲ့ပါသည်။ မဂ်ဉာဏ်ဖိုဉာဏ်ရဖို့ အားထုတ်ခြင်းမှာ ရလာသောလူ့ဘဝမှ အနှစ်သာရထုတ်ခြင်း တစ်ခုပင်ဖြစ်၏။ ထိုကဲ့သို့ အနှစ်သာရ ထုတ်ချင်လာဖို့ရန် ရှေးဦးစွာ လူ့ဘဝတန်ဖိုး၊ ဗုဒ္ဓဘာသာဖြစ်ရခြင်း၏ တန်ဖိုးတို့ကို သိရန်လိုအပ်ပါသည်။

## ရခဲခြင်းတရား ငါးပါး

လူ့ဘဝနည်းတူ ရဖို့ခဲယဉ်းသောအရာငါးမျိုးကို အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်ဗုဒ္ဓဟောကြားထားသည်မှာ ဘုရားရှင် ပွင့်တော်မူသောအခါကို ရခဲခြင်း၊ လူ့ဘဝကို ရခဲခြင်း၊ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်အဖြစ်ကို ရခဲခြင်း၊ ရဟန်းဘဝကို ရခဲခြင်း၊ သူတော်ကောင်းတရားကို ကြားနာရခဲခြင်းတို့ ဖြစ်ပေသည်။ ဤနေရာတွင် လူ့ဘဝရခဲပုံကိုသာ စာရှုသူများ နားလည်သည်အထိ ကြိုးစားရေးသားပါမည်။ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားချက်ကို ပိုပြီးသဘောပေါက်ရန်၊ သံယုတ်ပါဠိတော်၊ နခသိခူပမသုတ်ကို ဆက်၍လေ့လာရပါမည်။ ထိုသုတ်၌ ဗုဒ္ဓဟောကြားထားသည်မှာ

" ချစ်သား ချစ်သမီးတို့၊ ငါဘုရား၏လက်သည်းပေါ်မှာရှိသော မြေမှုန်နှင့် ဟောဒီအောက်က ပထဝီမြေကြီး ဘယ်ဟာကများသနည်း "

" အောက်မှာရှိတဲ့ မဟာပထဝီမြေကြီးက အဆမတန်အောင် များပြားလှပါသည်ဘုရား "

" ချစ်သား ချစ်သမီးတို့၊ ဟောဒီဥပမာအတိုင်းပဲ၊ လူ့ဘဝကနေသေပြီးတော့ လူ့ဘဝကိုပြန်ရောက်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ ငါဘုရားလက်သည်းခွံပေါ်က မြေမှုန်လောက်ပဲရှိတယ်၊ လူ့ဘဝကသေပြီး အပါယ်လေးဘုံကျရောက်ရတဲ့ ပုဂ္ဂိုလ်များကတော့ ဟောဒီမဟာပထဝီမြေကြီး အထုလောက်ရှိတယ် " ဟူ၍ ဖြစ်ပါသည်။

တစ်ဖန် ဥပရိပဏ္ဏာသပါဠိတော်၊ သုညတဝဂ်၊ ဗာလပဏ္ဍိတသုတ်တွင်လည်း အပါယ်ဘုံသားတို့ လူ့ဘဝရဖို့ ခဲယဉ်းပုံနှင့်ပက်သက်၍ ဟောကြားထားတော်မူသည်မှာ -

" ချစ်သား ချစ်သမီးတို့၊ အပါယ်ဘုံသားများ လူ့ဘဝတစ်ခုရဖို့ခဲယဉ်းပုံကို ငါဘုရား ဥပမာနှင့်တကွ ဟောကြားတော်မူမယ်၊ ကျယ်ဝန်းနက်ရှိုင်းလှတဲ့ သမုဒ္ဒရာကြီးထဲမှာ အနှစ်တရာမှရေပေါ်ကို ခေါင်းလေးတစ်ခါပေါ်တဲ့ လိပ်ကန်းကြီး တစ်ကောင်ရှိတယ်၊ အဲဒီသမုဒ္ဒရာကြီးထဲကို အပေါက်တစ်ပေါက်သာ ဖောက်ရသေးတဲ့ နွားလှည်းက ထမ်းပိုးတစ်ချောင်းကို ပစ်ချလိုက်ရမယ်။

" ထမ်းပိုးကလည်း လေတိုက်ရာအရပ်လေးမျက်နှာ မျောချင်ရာမျောနေမယ်။ လိပ်ကန်းကြီးကလည်း အနှစ်တစ်ရာပြည့်ရင် သူပေါ်ချင်ရာမှာပေါ်မယ်၊ လိပ်ကန်းကြီးက အနှစ်တစ်ရာပြည့်လို့ ရေပေါ်ကိုပေါ်လာတဲ့ အချိန်လည်းဖြစ်ရမယ်၊ အရပ်လေးမျက်နှာ မျောချင်ရာမျောနေတဲ့ထမ်းပိုးကလည်း လိပ်ကန်းကြီးရဲ့ ပေါ်လာတဲ့ဦးခေါင်းနဲ့ တည့်တည့်နေရာ ရောက်နေရမယ်။ ပိုပြီး ခဲခဲယဉ်းယဉ်းဖြစ်ရမှာက တစ်ပေါက်ထဲသာ ဖောက်ထားတဲ့ ထမ်းပိုးက အပေါက်ထဲကို လိပ်ကန်းကြီးရဲ့ဦးခေါင်းဟာ တည့်တည့်မတ်မတ် ဝင်သွားဖို့ဆိုတဲ့အရာဟာ လွယ်လွယ်ကူကူ ဖြစ်နိုင်ပါ့မလား၊ ချစ်သား ချစ်သမီးတို့ "

"ဤသို့ဖြစ်ဖို့ရန် အင်မတန်မှ ခဲယဉ်းလှပါသည်ဘုရား"

"ချစ်သား ချစ်သမီးတို့၊ အပါယ်ဘုံသားများ လူ့ဘဝတစ်ခုရဖို့ရာကတော့ ယခု ငါဘုရားဟောကြားတဲ့ ဥပမာထက် အဆပေါင်းများစွာ ခဲယဉ်းလှသည်၊ ချစ်သားချစ်သမီးတို့ " ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ဤဟောကြားချက် သုံးခုလုံးကို ပေါင်းကြည့်လိုက်ပါမှ လူ့ဘဝရဖို့ခဲယဉ်းပုံကို ပိုမို၍သိလာရပါသည်။

## ဗုဒ္ဓတရားနှင့် တရုတ်ပြည်လူဦးရေ

ဤနေရာတွင် လောကီလောကုတ္တရာ အတန်ငယ်ဗဟုသုတရှိသော ရဟန်းတစ်ပါးက အောက်ပါ မေးခွန်းကို စာရေးသူအား မေးလာခဲ့ပါသည်။

" အရှင်ဘုရား၊ မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ လူ့ဘဝရခဲတယ်လို့ ဟောကြားထားတာလဲ တပည့်တော်တွေ့ဖူးပါတယ်၊ ဒါပေမယ့် ယခုတရုတ်ပြည်မှာကျတော့ မိသားစုတစ်ခုမှာ ကလေးတစ်ယောက်ထက် ပိုမယူဖို့ လူဦးရေကန့်သတ်နေတာကို တပည့်တော် သတင်းစာမှာ ဖတ်ရတယ်ဘုရား၊ အဲဒီတော့ လူ့ဘဝရခဲတယ်ဆိုတဲ့ ဗုဒ္ဓဟောကြားချက်ဟာ ယခုခေတ်အနေနဲ့ မှန်ပါဦးမလားဘုရား "

ထိုရဟန်းတော်၏ မေးခွန်းကို စာရေးသူက ယခုကဲ့သို့ ဖြေဆိုခဲ့ပါသည်။

" မြတ်စွာဘုရားရဲ့ ပါဠိတော်ဟောစဉ်တိုင်းမှာ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ၊ တရားတော်မှန်သမျှ အမြဲတမ်း အလုံးစုံ ပြည့်စုံစင်ကြယ်တယ်ဆိုတဲ့ ဟောကြားချက်ကလေး အမြဲလိုလိုပါပါတယ်၊ ဆိုလိုတာက ဗုဒ္ဓရဲ့ဟောကြားချက်တိုင်းဟာ ဘယ်ခေတ်ကို ရောက်ရောက် မှန်ကန်နေမှာပဲ၊ ယခုလဲ သုံးသပ်ကြည့်ကြရအောင်၊ လောကမှာ အနည်းအများဆိုတာ ဘေးကအရာနဲ့ နှိုင်းယှဉ်ကြည့်မှ ပေါ်လွင်ထင်ရှား အမှန်ကိုရောက်ပါတယ်။ ဥပမာ ဒေါ်လာသန်းတစ်ရာချမ်းသာတဲ့ လူတစ်ယောက်ကိုသာတွေ့ဖူးရင် ဒီလူသာလျှင်အချမ်းသာဆုံးလို့ ထင်မိနေမှာ၊ နောက်တော့ ဒေါ်လာဘီလီယံ ထောင်နဲ့ချီပြီးချမ်းသာတဲ့ သူကိုတွေ့တော့မှ ဒေါ်လာသန်းတစ်ရာဆိုတာ နည်းနည်းလေးပါလားလို့ ဝန်ခံရသလို အခုလဲ ကမ္ဘာ့လူဦးရေတစ်ခုထဲ ကြည့်မယ်ဆိုရင်တော့ လူတွေအများကြီးပေါ့။

ဒါပေမယ့် အပါယ်ဘုံသားတွေနဲ့ယှဉ်ကြည့်လိုက်မှ လူဦးရေဟာ ဘာမှမရှိပါလားဆိုတာ ပေါ်လွင်သွားတယ်၊ ဘာဝနာဒီပနီမှာ လယ်တီဆရာတော်က လူ၊ နတ်၊ ဗြဟ္မာဆိုတဲ့ သုဂတိဘုံသားတွေဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ခေါ်တဲ့ ဒုဂ္ဂတိဘုံသားတွေနဲ့စာလိုက်လျှင် ဘယ်လောက်ထိနည်းပါးသွားသလဲဆိုတာ အခုလို ဥပမာပေးပြီး ရေးသားထားတယ်။

## နှိုင်းယှဉ်၍ကြည့် နည်းမှန်းသိ

လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော သုဂတိ ၂၇ ဘုံမှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံမှ သတ္တဝါအသင်္ချေကျထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ ၂၇ ဘုံ၌ သတ္တဝါတွေကုန်လေရာ၏။ အပါယ်လေးဘုံရှိ သတ္တဝါကား မကုန်လေရာ၊ ဤမျှလောက် အပါယ်လေးဘုံသည် အသိုက်အအုံ ကြီးမားလှ၏ တဲ့။ သုံးနှုန်းသွားတဲ့ အသင်္ချေရဲ့ အရေအတွက်ကို အနည်းငယ်ပြောပြပါမယ်။ အသင်္ချေရဲ့အဓိပ္ပာယ်ကိုက ရေတွက်လို့မရအောင်များပြားတယ်လို့ အဓိပ္ပာယ်ရပါတယ်။

အသင်္ချေရဲ့ အရေအတွက်ကို မှန်းဆလို့ရအောင် ရှေးဆရာများက ယခုလို ရေးသားထားကြပါတယ်။ အလျား ၁၂ မိုင်၊ အနံ ၁၂ မိုင်၊ အမြင့် ၁၂ မိုင်ရှိတဲ့ ဂိုထောင်ကြီးထဲကို သေးငယ်တဲ့ မုန်ညင်းစေ့လေးများကို အပြည့်ဖြည့်ထားရပါမယ်၊ အနှစ်တစ်ရာနေမှ မုန်ညင်းစေ့တစ်စေ့ကိုသာ ထုပ်ပစ်ရပါမည်။ အဲဒီလိုထုတ်ပစ်တဲ့အခါမှာ ဂိုထောင်ကြီးထဲက မုန်ညင်းစေ့တွေ သာကုန်သွားမယ်။ အသင်္ချေရဲ့ အရေအတွက်ဟာ မကုန်သေးဘူးလို့ ဆိုပါတယ်။ ဒါကြောင့် အပါယ်လေးဘုံသားတွေနဲ့ ယှဉ်ကြည့်မှ လူ့ဘဝရခဲပုံဟာ ပေါ်လွင်လာပါတယ်ဟု ၄င်းရဟန်းတော်အား ဖြေကြားခဲ့ရပါတယ်။

ဤနေရာတွင် ဝိမာနဝတ္ထုအဋ္ဌကထာလာ လူတိုင်းသိသင့်သော လူလေးမျိုးကိုလည်း ဖော်ပြရန်သင့်သဖြင့် စာအရသာ ပိုမိုပေါ်လွင်စေရန် ရဲစခန်းမှူးတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်နှင့်အတူ ပူးတွဲဖော်ပြလိုက်ပါသည်။

## လူတိုင်းသိသင့်သော လူလေးမျိုး

တစ်နေ့တွင် စခန်းမှူးတစ်ယောက်သည် တရားခံတစ်ဦးကိုဖမ်းရန်အတွက် အိမ်တစ်အိမ်၏ဘေးတွင် အသင့်စောင့်နေရင်း အိမ်ပေါ်ဆွမ်းကျွေးမှ ဟောကြားနေသော ရဟန်းတော်တစ်ပါး၏ လူလေးမျိုးတရားကို အလိုလို နာယူမိလျက်သား ဖြစ်နေပါတော့သည်။ ၄င်းလူလေးမျိုးမှာ -

၁။ လူ့ငရဲသား ၂။ လူ့တိရစ္ဆာန် ၃။ လူ့ပြိတ္တာ ၄။ လူ့ပရမတ္ထ တို့ဖြစ်ပေသည်။

လူ့ငရဲသားဆိုသည်ကား ငရဲသို့ကျရောက်နေကြရသောသူများသည် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှ အားထုတ်ခွင့်မရပဲ၊ နှိပ်စက်ညှင်းပန်းမှုကို စက္ကန့်မလပ်ခံနေကြရသကဲ့သို့ တချို့လူကားဖြစ်ရပါ၏။ သို့သော် ဒါန၊ သီလ၊ ဘာဝနာတစ်ခုမှ အားထုတ်ခွင့်မရဘဲ သတ်မှု၊ ခိုးမှု စသည်များကြောင့် ထောင်တန်းကျကာ နေ့စဉ်အနှိပ်စက် အညှင်းပန်း ခံနေကြရသောသူများကို လူ့ငရဲသားဟု ခေါ်ရသည်။

လူ့တိရစ္ဆာန်ဟူသည် တိရစ္ဆာန်များသည် ဒါန၊ သီလ၊ ဘာဝနာတစ်ခုမှမပြုလုပ်ဘဲ အိပ်၊ စား၊ ကာမ သုံးမျိုးကိုသာ အားထုတ်ပြုလုပ်ရင်း တစ်ဘဝဆုံးသွားသကဲ့သို့ တချို့လူကားဖြစ်ရပါ၏။ သို့သော် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှမပြုလုပ်ဘဲ အိပ်၊ စား၊ ကာမ သုံးမျိုးဖြင့် တစ်ဘဝဆုံးသွားရသောသူများကို လူ့တိရစ္ဆာန်ဟု ခေါ်ရသည်။

လူ့ပြိတ္တာဟူသည်ကား သရဲတစ္ဆေဟု ခေါ်ဆိုနေကြသော ပြိတ္တာများသည် ဒါန၊ သီလ၊ ဘာဝနာတစ်ခုမှ အားမထုတ်နိုင်ပဲ ဝမ်းရေးလေးအတွက် ရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးရသကဲ့သို့ တချို့လူကား ဖြစ်ရပါ၏။

သို့သော် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှ အားမထုတ်နိုင်ပဲ ဝမ်းရေးလေးအတွက် ရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးရသူများကို လူ့ပြိတ္တာဟု ခေါ်ရသည်။

လူ့ပရမတ္ထ ဆိုသည်ကား သူများတန်းတူ၊ စီးပွားရေးကိုလည်း အတန်အသင့် ရှာနိုင်၏။ ဒါန၊ သီလ၊ ဘာဝနာသုံးပါးကိုလည်း တတ်နိုင်သလောက် ကြိုးစားအားထုတ်နိုင်သူကိုသာလျှင် လူ့ပရမတ္ထ လူစစ်စစ်ဟု ဆိုရသည်။ တရားနာပရိသတ်များလည်း မိမိကိုယ်ကိုလူလေးမျိုးထဲတွင် မည်သည့်ထဲ၌ပါဝင်နေသည်ကို သုံးသပ်ဆင်ခြင်၍ လူ့ပရမတ္ထထဲပါအောင် ကြိုးစားကြဖို့တိုက်တွန်းရင်း အောက်ပါလင်္ကာလေးဖြင့် တရားဟောဆရာတော်က တရားကိုနိဂုံးချုပ်လိုက်ပါသည်။

"လူနဲ့တိရစ္ဆာန်၊ ခြားနားဟန်၊ နှစ်တန်သိရမည်။
အိပ်စားကာမ၊ သိရုံမျှ၊ မှတ်ကြလူမပီ။
အကုသိုလ်ပယ်၊ ကုသိုလ်ဆွယ်၊ တကယ်လူပီသည်။
လူမပီက၊ အပါယ်ကျ၊ ဒုက္ခမလွတ်ပြီ၊
လူပီလေက၊ ချမ်းသာရ၊ ရောက်ရနိဗ္ဗာန်ဆီ။"

တရားဟောဆရာတော်က တရားနိဂုံးချုပ်၍ ပြီးသွားသော်လည်း၊ အတွေးနယ်ချဲ့၍ မပြီးသေးသူကား အိမ်အောက်မှ တရားနာမိသွားသော စခန်းမှူးပင်။ မိမိကိုယ်ကို ဆန်းစစ်ကြည့်ရာမှ လူ့တိရစ္ဆာန်ထဲပါဝင်နေကြောင်း ရှင်းရှင်းကြီး သိသွားရာ၊ သံဝေဂဉာဏ်များရပြီး ထိုနေ့ကစ၍ အသောက်အစား အပျော်အပါးများကိုဖြတ်ကာ ဒါန၊ သီလ၊ ဘာဝနာများကို စွမ်းနိုင်သမျှ ကြိုးစားအားထုတ်သောအခါမှပင် ဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သော ဘာသာရေးပြဿနာကြီးတစ်ခု ပေါ်ပေါက်လာပါတော့သည်။

## ကုသိုလ်လုပ်မှ ရာထူးကျ

ထိုသို့ ကုသိုလ်တရားများကို ပြုစုအားထုတ်ရင်းမှ တစ်နေ့တွင်အပြစ်တစ်ခုဖြင့် စခန်းမှူးရာထူးမှ လျှောကျသွားပါတော့သည်။ ထိုအခါ စခန်းမှူး၏စိတ်ထဲတွင် အတွေးအခေါ်များများ ဝင်ရောက်လာပါတော့သည်။ "ငါဟာ အရင်က တိရစ္ဆာန်တစ်ကောင်လိုနေတုန်းကတော့ ဘာမှမဖြစ်ဘဲ၊ အခုလို ကုသိုလ်တရားများကို ကြိုးစားအားထုတ်မှ ရာထူးကျတယ်၊ ငါရာထူးကျတာ ဒီကုသိုလ်တရားတွေကြောင့်များ ဖြစ်နေမလား" စခန်းမှူး၏ အတွေးမှားပြဿနာကား နှယ်နှယ်ရရမဟုတ်ပေ၊ သဘာဝကျကျ စိတ်ကျေနပ်အောင်သာ အဖြေမပေးနိုင်လျှင် ဘာသာအယူပင် ပြောင်းသွားနိုင်ပေသည်။

ထိုစခန်းမှူး ကံကောင်းပါ၏။ ပရိယတ်၊ ပဋိပတ်၊ စွယ်စုံရသော ဓမ္မဒူတ အရှင်ပညာဇောတကို မေးလျှောက်လျက်သား ဖြစ်သွားသောကြောင့်သာ စခန်းမှူးအတွက်ရော၊ ကျန်ဗုဒ္ဓဘာသာဝင်များအတွက်ပါ မှတ်သားစရာကောင်းသော အဖြေတစ်ခုကို ရခဲ့ခြင်းပင်။ ဆရာတော်၏အဖြေကို ဤ၌အပြည့်အစုံဖော်ပြအပ်ပါသည်။

" စခန်းမှူး ဒါယကာကြီးရဲ့မေးခွန်းကို ဘုန်းကြီးက စာကားပုံလေးတစ်ခုနဲ့ နှိုင်းယှဉ်ပြီးဖြေပါမယ်၊ အဲဒီစကားပုံလေးက ဖောခိပင်ပျိုးတော့ ခြေကျိုးရ၊ ဖောခိကိုင်းချိုးတော့ ရွှေအိုးရတဲ့။ ဖောခိပင်ပျိုးတော့ ခြေကျိုးရဆိုတာ အမျိုးသားတစ်ယောက်ဟာ အများသူငါကုသိုလ်ပွားဖို့အတွက် ဖောခိပင်စိုက်ပျိုးတယ်၊ အဲဒီလို ဖောခိပင်ပျိုးတဲ့အခါကျမှ တိုင်တစ်လုံး ခြေထောက်ပေါ်ပိကျပြီး ခြေကျိုးသွားရတယ်၊ အပေါ်ယံအမြင်တော့ ကုသိုလ်လုပ်လို့ ခြေထောက် ကျိုးရသလို ဖြစ်သွားတာပေါ့၊ တကယ်ကျတော့ ဒီလိုမဟုတ်ဘူး။

အဲဒီအမျိုးသားဟာ တကယ်လို့ ဗောဓိပင်ပျိုးတဲ့ ကုသိုလ်သာ မလုပ်ဘူးဆိုရင် သူဟာ သေကိုသေရမှာ၊ သေရမယ့်အကုသိုလ်ကံ ရှိနေတယ်၊ ဒါပေမယ့် ဗောဓိပင်ပျိုးတဲ့ကုသိုလ်ကို အားထုတ်လိုက်တဲ့အတွက် သေရမယ့် ဆိုးကျိုးကနေ ခြေထောက်ကျိုးရတဲ့ဆိုးကျိုးကို လျော့သွားတာပေါ့။ အခု စခန်းမှူးဒါယကာကြီးလည်း ကုသိုလ်တရားတွေကိုမကြိုးစားဘဲ အရင်အတိုင်းသာ ဆက်နေမယ်ဆိုလျှင် အသက်သေလောက်အောင် ဆိုးကျိုးခံစားရမှာ သေချာနေပြီ။

ဒါပေမယ့် လူလေးမျိုးတရားကို ရုတ်တရက် နာကြားလိုက်ရတာကြောင့် ကုသိုလ်တရားတွေကို အချိန်မီ အားထုတ်နိုင်လို့ သေမယ့်ဆိုးကျိုးကနေ ရာထူးကျတဲ့ဆိုးကျိုးထိ လျော့သွားတာပေါ့။ ဗောဓိကိုင်းချိုးတော့ ရွှေအိုးရ ဆိုတဲ့စကားကို ဆက်ရှင်းပါဦးမယ်။ အမျိုးသားတစ်ယောက်ဟာ ဘုရားနဲ့မခြား အများကိုးကွယ်နေကြတဲ့ ဗောဓိပင်က အကိုင်းတစ်ကိုင်းကို ချိုးပစ်လိုက်တယ်။ အဲဒီလို ချိုးပစ်လိုက်ခါမှ ဗောဓိပင်ပေါ်က ရွှေအိုးတစ်လုံးကျလာပြီး ရသွားလို့ ချမ်းသာသွားသတဲ့၊ ဒီစကားပုံလေးမှာလည်း အပေါ်ယံကြည့်မယ်ဆိုလျှင်တော့ အကုသိုလ်လုပ်ခါမှကောင်းကျိုးပေးပြီး ချမ်းသာသွားသလို ဖြစ်နေတာပေါ့။ အမှန်ကျတော့ ဒီလိုမဟုတ်ဘူး။

အဲဒီအမျိုးသားဟာ တကယ်လို့ ဗောဓိပင်ကိုင်းချိုးတဲ့ အကုသိုလ်သာ မလုပ်ဘူးဆိုလျှင် ရွှေအိုးအလုံးပေါင်းမရေမတွက်နိုင်အောင်ရရှိမယ့် ကုသိုလ်ကံတွေရှိနေတယ်၊ ဒါပေမယ့် ဗောဓိကိုင်းကိုချိုးတဲ့အကုသိုလ်ကို ပြုလုပ်မိတဲ့အတွက် ကုသိုလ်အကျိုးတွေ လျော့သွားပြီး ရွှေအိုးအလုံးများစွာ မရတော့ဘဲ၊ တစ်လုံးသာ ရတော့တာပေါ့။ အကုသိုလ်နဲ့ အကျိုးပေးတယ် ဆိုတဲ့သူများ ဒီဒုတိယစကားပုံလေးကို သင်ခန်းစာများများယူသင့်ပါတယ်။ ”

ဆရာတော်၏ သဘာဝကျလှသောအဖြေကြောင့် စခန်းမှူးကြီးလည်း တစ်သက်ပတ်လုံး လူ့ပရမတ္ထ ဖြစ်ရန် ကြိုးစားနေထိုင်သွားခဲ့ပါသည်။ ကံ၏အကျိုးပေးပုံအကျယ်ကို ဗေဒင်နက္ခနှင့် ကမ္မဿကတာ၊ သမ္မာဒိဋ္ဌိအခန်းတွင် စာတွေ့လက်တွေ့ နည်းမျိုးစုံဖြင့် ရှင်းလင်းပါဦးမည်။ ဤမျှလောက်ဆိုလျှင် စာရှုသူများလူ့ဘဝတန်ဖိုးကို ကျကျနန သဘောပေါက် လက်ခံလောက်ပေပြီ။ ဤနေရာ၌ နောက်ကျမှသိရသော တန်ဖိုးသုံးခုကိုလည်း သိထားသင့်ပြန်ပါ၏။ ၄င်းသုံးခုမှာ -

## နောက်ကျမှသိရသော တန်ဖိုးသုံးခု

ကျန်းမာရေးတန်ဖိုးကို မကျန်းမာသောအခါကျမှ သိသည်။
လွတ်လပ်ရေးတန်ဖိုးကို သူ့ကျွန်ဘဝရောက်မှ သိသည်။
လူ့ဘဝတန်ဖိုးကို ငရဲပြည်ရောက်မှ သိသည်။

လူ့ဘဝတန်ဖိုးကို ငရဲပြည်ရောက်မှသိသည် ဟုဆိုခြင်းမှာ ဒု၊ သ၊ န၊ သော ငရဲသားများကြောင့်ဟု ဆိုရပါမည်။ ကောသလမင်းကြီးသည် တစ်နေ့တွင် လင်ရှိမယားတစ်ယောက်ကို မတရားသောနည်းဖြင့်ရရန် ကြံစည်နေရာ ညသန်းခေါင်ယံထိ ရောက်သွားတော့သည်။ ညသန်းခေါင်ရောက်သည်နှင့် ဒု၊ သ၊ န၊ သော ဟူသော အသံကြီးလေးမျိုးကို ကြားရသဖြင့် တစ်ညလုံးအိပ်မပျော်နိုင်ဖြစ်ခဲ့ရပါသည်။ မိုးလင်းသောအခါမှ မလ္လိကာဒေဝီ၏အကြံပေးမှုဖြင့် ဘုရားထံမှောက် အရောက်သွားကာ ညကအသံနက်ကြီးများအကြောင်းကို မေးလျှောက်ပါသည်။ ထိုအခါဗုဒ္ဓက -

ဤအသံနက်ကြီးလေးခုသည် အသင်မင်းကြီး၏ အသက်အန္တရာယ်အတွက် မဟုတ်၊ လူ့ဘဝက ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ကြသော သူဌေးသားလေးယောက် လောဟကုမ္ဘီငရဲအိုးသို့ကျရောက်ရာ နှစ်ပေါင်းများစွာကြာမှ အိုးနှုတ်ခမ်းပေါ်သို့ ခေါင်းလေးတစ်ခါသာပေါ်နိုင်သည်။ ထိုသို့ပေါ်ချိန်ကလေးတွင် မိမိတို့၏မိုက်ပြစ်များ၊ လူ့ဘဝ

တန်ဖိုးများကို ပြောဆိုကြရာ ဆုံးအောင်မပြောနိုင်ဘဲ တစ်ယောက်လျှင် စကားတစ်လုံးစီသာပြောဆိုပြီး ငရဲအိုးတွင် ပြန်၍နစ်ကြရသည်ဟု ရှင်းပြတော်မူပါသည်။

၄င်းအသံလေးမျိုးတွင် သောဟူသောစကားလုံး၏ အဓိပ္ပာယ်အကျယ်မှာ -

## ငရဲပြည်မှ နောင်တသံ

" သောဟံနနုက္ကတောဂန္တွာ၊ ယောနိလဒ္ဓါနမာနုသိံ။
ဝဒညူသီလ သမ္ပန္နော၊ ကာဟာမိကုသလံဗဟုံ။ "

ငါသည် ဤငရဲဘေးကြီးမှလွတ်မြောက်၍ အလွန်ရခဲသောလူ့ဘဝကို ပြန်၍များရခဲ့လျှင် သူတော်ကောင်းများ၏တရားကိုလည်း ကောင်းစွာနာယူပါ့မယ်။ ငါးပါးသီလ၊ ရှစ်ပါးသီလကိုလည်းပြည့်စုံအောင် စောင့်ထိန်းပါတော့မယ်၊ ကုသိုလ်တရား မှန်သမျှအလုံးစုံ ကြိုးစားအားထုတ်ပါတော့မည်။

ဘုရားရှင်၏ ကျေးဇူးကြောင့် ငရဲပြည်မှနောင်တသံကို ဖတ်ရှုကြားနာကြရသော စာရှုသူများသည် လူ့ဘဝတန်ဖိုးကို လူ့ဘဝမှာပင် စောစောစီးစီးသိရသဖြင့် ကျေးဇူးများလှပါသည်။ ထို့ကြောင့်လည်း အမရပူရမြို့ မဟာဂန္ဓာရုံဆရာ တော်ကြီးက -

" အကယ်၍သာ၊ မြတ်ဗုဒ္ဓသည်၊ လူ့ရွာထင်ရှား၊ မပွင့်ငြားက
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ
ယခုခါသော်၊ မြတ်ဇိနော်သည်၊ ပွင့်ပေါ်ထင်ရှား၊ ဟောညွှန်ကြား၍
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။ "

ဟု စပ်ဆိုတော်မူခဲ့ပါသည်။ ဤမျှဖြင့်ဆိုလျှင် လူ့ဘဝတန်ဖိုးကို ကောင်းစွာသိနိုင်ပေပြီ။ လူ့ဘဝတန်ဖိုးကို သိပြီးနောက် ဗုဒ္ဓဘာသာဖြစ်ရခြင်း၏ တန်ဖိုးကိုလည်း သိဖို့လိုအပ်ပါသည်။ အရာဝတ္ထုတစ်စုံတစ်ရာ၏ တန်ဖိုးအကြီးအသေးမှာ မိမိသိနားလည်မှု အတိုင်းအတာကိုကြည့်၍ ကွဲပြားသွားရသည်။ စာရေးသူတို့ အမရပူရနယ်မှ ယာသမားတစ်ယောက်သည် ဥသျှစ်သီးအလုံးကြီးခန့်ရှိသော ကျောက်စိမ်းတစ်လုံးကို တစ္စန်းတစပေါ်နေသဖြင့် လှည်းလမ်းမှ တူးဖော်ရရှိသွားခဲ့သည်။

ထိုကျောက်စိမ်းကို ကျောက်ပွဲစားက ငါးသိန်းပေးကာဝယ်သွားခဲ့ရာ ငွေတန်ဖိုးရှိသောအချိန်ဖြစ်သဖြင့် ထိုယာသမားမှာ ရူးမတတ်ဝမ်းသာခဲ့ရသည်။ တဖန်ကျောက်ပွဲစားက ကျောင်းတွင်းပိုင်ရှင်ကို ပြန်ရောင်းရာ သိန်းငါးဆယ်ရသွားပြန်သည်။ ထိုကျောက်တွင်းပိုင်ရှင်က တဖက်နိုင်ငံသို့ပြန်ရောင်းသောအခါ၌ကား သိန်းငါးရာထိရသွားကြောင်း ကြားသိကြရသည်။ ထို့ကြောင့် အရာဝတ္ထုတစ်စုံတစ်ရာ တန်ဖိုးအကြီးအသေးမှာ မိမိသိနားလည်မှု အတိုင်းအတာကိုကြည့်၍ ကွဲပြားရသည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါ၏။

ထိုအချက်ကိုကြည့်၍ မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင် -

" ရတနာဟူတုံ၊ တစ်စုံတစ်ခု၊ ဝတ္ထုအမျိုး၊ ဖိုးအနဂ်ပြည့်
ပြည်တန်မှည့်လည်း၊ သုံးမည့်သူက၊ သုံးမကျလျှင်
မြေမှထင်စွာ၊ ကြက်ယက်ရာ၌၊ ရတနာပတ္တမြား၊
ပေါ်သော်လားသို့၊ သုံးစားမဝင်၊ ကဲမထင်ဘူး။ "

ဟု စပ်ဆိုတော်မူခဲ့ပါသည်။ ပတ္တမြားရတနာက ပြည်တန်လှအောင် တန်ဖိုးရှိပါသော်လည်း တွေ့ရှိသောသူက တိရစ္ဆာန် ကြက်တစ်ကောင်ဖြစ်နေရာ ပြည်တန်ပတ္တမြားကိုခြေနှင့်ယက်ကန်ပစ်ပြီး ဆန်ကွဲစေ့ကိုသာ

မြိန်ရေယှက်ရေစားသကဲ့သို့ မြန်မာနိုင်ငံမှ အချို့ဗုဒ္ဓဘာသာဝင်များမှာလည်း ပတ္တမြားရတနာနှင့်တူသော ဗုဒ္ဓဘာသာကိုစွန့်ပစ်ပြီး ဆန်ကွဲစေ့နှင့်တူသော မဖြစ်စလောက် အထောက်အပံ့လေးများကို မက်မောကာ ဘာသာခြားတို့လက်ဝယ်၌ ဒုက္ခဖြစ်နေရသည်ကို ရင်မောဖွယ်ရာ မြင်နေရပါ၏။

စာရေးသူတို့ ရွှေပြည်သာမြို့မှ အမျိုးသမီးတစ်ဦး၏ဖြစ်ရပ်ကလည်း ယခုစာရေးနေဆဲအချိန်ထိပင် စိတ်မချမ်းမြေ့မှု ကြီးစွာဖြစ်ရပါသည်။ ကာမဂုဏ်၏ ဆွဲဆောင်မှုကြောင့် ဘာသာခြား၊ လူမျိုးခြားတစ်ယောက်ကို ယူလိုက်ရာ မိမိတို့ဗုဒ္ဓဘာသာကိုစွန့်ကာ ဘာသာခြားအယူကိုလည်းယူရသည်။ ဒါတင်မက နေ့ရောညရော အရိုက်အနှက် အညှင်းဆဲခံရသဖြင့် အညိုအမည်းများပင် စွဲနေကြောင်း ကျောင်းအမကြီးတစ်ဦး လာလျှောက်ထားသဖြင့် သေချာ သိလိုက်ရသည်။

မြန်မာနိုင်ငံအတွင်းမှ ဗုဒ္ဓဘာသာဝင်အပေါင်းကို ဤနေရာမှစ၍ လေးလေးနက်နက် တိုက်တွန်းပါရစေ၊ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဖြစ်မှာပင် တန့်ရပ်ပြီး ဘာသာရေးအတွေးအခေါ်များ အိပ်ပျော်မနေကြပါနှင့်။ တရားတွေနာ၊ စာပေမျိုးစုံကြည့်ရှု၍ ဘာသာအားလုံးနှင့် နှိုင်းယှဉ်လေ့လာပြီး တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကြိုးစားကြပါဟု အလေးအနက်သတိပေးပါ၏။

မိရိုးဖလာ ဗုဒ္ဓဘာသာနှင့် တကယ့် ဗုဒ္ဓဘာသာမှာ သာမန်အချိန်တွင်ကား မကွဲပြားပေ။ ကွဲပြားသောအချိန်ကား ဘာသာခြားနှင့် အိမ်ထောင်ပြုသောအချိန်၊ ဘာသာခြားက လာဘ်လာဘနှင့် မြူဆွယ်လာသောအချိန်ပင် ဖြစ်ပါ၏။ ထိုအချိန်မျိုးတွင် မိရိုးဖလာဗုဒ္ဓဘာသာဝင်များမှာ ဘာသာခြားနောက် ကောက်ကောက်ပါအောင် ပါသွားသော်လည်း တကယ့်ဗုဒ္ဓဘာသာဝင်များမှာ မိမိဘာသာ၌ မယိုင်မလဲခိုင်မြဲစွာ ရပ်တည်နိုင်ကြပေသည်။

## ရှိသင့်သော ဘာသာရေးခံယူချက်

ကိုယ့်ဘာသာ ထွန်းကားစေလိုလျှင် သူ့ဘာသာရေးကို မနှိပ်စက်နှင့်၊ သူ့စကားနှင့် သူ့ဘာသာတရားကို နားလည်မှ ကိုယ့်ဘာသာတရား ထွန်းကားရန်လုပ်နိုင်၏။ ကိုယ့်ဘာသာတရားမှာ ကိုယ့်စီးပွားရေးနှင့် ကိုယ့်ကျက်သရေတည်နေ၏။ *(ဖရင်ကလင်)*

ဘာသာတရားဟူသမျှသည် တစ်မျိုးမဟုတ် တစ်မျိုးသောအကြောင်းများကြောင့် ကြည်ညိုလေးစားထိုက်သည်ချည်းဖြစ်၏။ သို့ရာတွင် ဘာသာဝင်တစ်ဦးတစ်ယောက်သည် မိမိ၏ဘာသာတရားကို အထွတ်အထိပ်သို့ရောက်အောင်ဆောင်ရွက်စဉ် အခြားဘာသာဝင်များ၏ ဘာသာတရားများကိုလည်း မြင့်မားအောင်ဆောင်ရွက်ခွင့်ပြုရ၏။*(အသောကမင်းကြီး၏ ကျောက်စာပိုဒ်တစ်ခုကို အိန္ဒိယဝန်ကြီးချုပ် နေရူး ဘာသာပြန်သည်)*

သဝေဟိတေ (ပါသံဍာ) သံယမံစ၊ ဘဝသုဒ္ဓိ စက္ကဆံတိ။

အမှန်အားဖြင့် အားလုံးသော ဘာသာအယူဝါဒတို့သည် မကောင်းမှုကို မပြုမိစေရန် စောင့်စည်းခြင်း၊ စိတ်၏စင်ကြယ်ခြင်းကို အလိုရှိကြ (ညွှန်ပြကြ) သည်သာဖြစ်၏။

*(အသောကမင်းကြီး၏ကျောက်စာပိုဒ်တစ်ခုကို အရှင် အာဒိစ္စဝံသ ဘာသာပြန်သည်)*

ဖော်ပြပါ လမ်းညွှန်ချက်တို့ကို ရရှိထားသဖြင့်လည်း စာရေးသူ၏ ဘာသာရေးခံယူချက်မှာ ဘာသာအယူဝါဒဟူသမျှ အနည်းနှင့်အများ သတ္တဝါတွေကောင်းကျိုးအတွက် ပေါ်ထွန်းလာသည်ဟူ၍ပင် ဖြစ်သည်။ ဤနေရာ၌ ဘာသာတရားတစ်ခု၏တန်ဖိုးကို တိုင်းတာသောပေတံ သို့မဟုတ် စံတစ်ခုကိုဖော်ပြပါမည်။ ဘာသာတရားတစ်ခု၏ တန်ဖိုးတိုင်းနည်းကို ဆရာကြီး ဦးရွှေအောင်က သူ၏ထေရဝါဒ အုတ်မြစ်များကျမ်းစာ၊ စာမျက်နှာ ၁၇ တွင် ဤသို့ ဖော်ပြထားသည်။

ဘာသာတရားတစ်ခုသည် အထက်ဖော်ပြပါ အတိတ်နှင့်ပစ္စုပ္ပန် ပူးပေါင်းထားသော ကိလေသာစရိုက်ဆိုးများကို မသိစိတ်အဖြစ်မှ မည်မျှသောအတိုင်းအတာအထိ ဖယ်ရှားနိုင်စွမ်းရှိသနည်း။ ဤအချက်အပေါ် မူတည်၍ ယင်း၏တန်ဖိုးကို ဆုံးဖြတ်ရ၏။ ဟူ၍ဖြစ်၏။ ၄င်းနည်းနာနိသျရအတိုင်း ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ကူးပြောင်းလာသော ဂုရုကြီးဦးဂိုအင်ကာက ဗုဒ္ဓအယူဝါဒနှင့် ပက်သက်၍ ယခုလိုမှတ်ချက်ချခဲ့ဖူးသည်။

" ကိုယ်တွင်းကိလေသာကို ပယ်ခွာနိုင်တာကတော့ ဗုဒ္ဓရဲ့တရားတော်တစ်ခုပဲရှိတယ် "

၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့က သာမန်ဗုဒ္ဓဘာသာဝင်အဖြစ်သာမက ရဟန်းတစ်ပါးအဖြစ်သို့ ကူးပြောင်းရောက်ရှိလာသော ပြင်သစ်သတင်းစာဆရာကြီး မစ္စတာရီနီလာပေါလ်ကလည်း -

" လူသားတိုင်း ဗုဒ္ဓဘာသာဖြစ်သင့်သည်။ လူသားတိုင်းက ဗုဒ္ဓ၏မြတ်သောတရားဓမ္မကို
သက်ဝင်ယုံကြည်လာကြလျှင် ကမ္ဘာကြီးသည် ပို၍ကောင်းမွန်လာမည်။
ငြိမ်းချမ်းရေး ခေါင်းလောင်းသံများ ပိုမို မြည်လာမည် "

ဟူ၍ ပြောကြားခဲ့ရာ ငြိမ်းချမ်းရေးဆိုသည်မှာလည်း လောဘ၊ ဒေါသစသော ကိလေသာများ နည်းပါးမှသာဖြစ်နိုင်သောကြောင့် ဗုဒ္ဓတရားတော်များသည် ကိလေသာ ငြိမ်းကြောင်းတရားများ ဖြစ်ကြောင်းကို အဓိပ္ပာယ်တစ်မျိုးဖြင့် ထောက်ခံလိုက်ခြင်း ဖြစ်ပါ၏။ ထိုကဲ့သို့ ဝေဖန်သုံးသပ်ချက်များကြောင့်လည်း မြန်မာပြည်သူတို့အား တကယ့် ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်းရခြင်းဖြစ်ပါ၏။ ရန်ကုန်မှာဟောကြားသော တရားပွဲတစ်ပွဲတွင် ဝေဘူဆရာတော်ကြီးက "နောင်တစ်ချိန်မှာ ကမ္ဘာအရပ်ရပ် သာသနာ့ဆွေမျိုး ဧည့်သည်တွေ အများကြီး လာကြလိမ့်မယ်ဗျ၊ မခေါ်ဘဲနဲ့ကို လာကြမှာပါ၊ မြတ်စွာဘုရားရဲ့ တရားအရသာတွေ ခံစားဖို့ပေါ့။ အိမ်ရှင်မြန်မာများကသာ တရားနဲ့ဧည့်ခံနိုင်အောင် အသင့်ပြင်ထားကြဗျ "ဟူ၍ အနာဂတ်သာသနာ ကြီးပွားတိုးတက်မည့်ကိန်းကို ကြိုတင်ဟောကြားတော်မူခဲ့ပါသည်။

ယခုလည်း ဆရာတော်ကြီး မိန့်ကြားတော်မူသည့်အတိုင်းပင် ရန်ကုန်မြို့ပေါ်ရှိ တရားရိပ်သာများမှာ နိုင်ငံခြားသားများနှင့်သာ ပြည့်နှက်နေပါတော့သည်။ မြန်မာပြည်တွင်သာမက ကမ္ဘာအရပ်ရပ်မှာပင် ဗုဒ္ဓဘာသာအကြောင်းကို တလေးတစား လေ့လာဆည်းပူးနေကြလေပြီ။ လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာဆိုင်ရာကျမ်းစာများကို အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်နိုင်ငံကြီးများက မိမိတို့ဘာသာရပ်ဆိုင်ရာစာပေဖြင့် လေ့လာနေကြသလို အမေရိကန်ပြည်၊ ကာလီဖိုးနီးယားတက္ကသိုလ်မှ ပညာရှင်ကျောင်းသား ၁၇ ဦး တို့ကလည်း ဗုဒ္ဓစာပေများကို ဖလင်ငယ်များဖြင့်ကူးယူကာ အပတ်တကုတ် ဆည်းပူးနေကြပေပြီ။ လန်ဒန် ပါဠိအသင်းကြီး၏ မေတ္တာရပ်ခံချက်အရ ရန်ကုန်မြို့၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သေဋ္ဌိလအမှူးပြုသော မြန်မာ၊ ပါဠိ၊ အင်္ဂလိပ်စာ တတ်ကျွမ်းသော ပညာရှင်များက ပါဠိတော်အဋ္ဌကထာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ကြရပါသည်။

လန်ဒန်ပါဠိ အသင်းကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်များကို ဂျပန်၊ ပြင်သစ်၊ တရုတ် ဘာသာများသို့ပြန်ဆို၍ ကမ္ဘာအနှံ့ဖြန့်ချိခဲ့လေပြီ။ အားရဖွယ် ကောင်းလေစွ။ သိပ္ပံပညာ ထွန်းကားလာသည်နှင့်အမျှ သိပ္ပံနည်းကျသောဗုဒ္ဓဘာသာမှာ ကမ္ဘာ့ဘာသာကြီးတစ်ခုဖြစ်လာရန် မဝေးတော့ပါချေ ထို့ကြောင့် ဆာ့ဟရီဆင်ဂိုးအမည်ရှိ ပညာရှင်တစ်ယောက်က -

သိပ္ပံပညာ၏ချီတက်မှုသည် ဗုဒ္ဓဝါဒ၏အောင်ပွဲရမှုပင် ဖြစ်သည်။ သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံးသက်သေပြချက်များသာဖြစ်သည်ဟူ၍ ပြောကြားခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ကမ္ဘာအရပ်ရပ်တွင် အတွေးအခေါ်နှင့် သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ အစမ်းသပ်မခံနိုင်သော ဘာသာများ ကမ္ဘာလောကမှ ပပျောက်၍ လက်တွေ့အစမ်းသပ်ခံနိုင်သော ဘာသာသည်သာလျှင် နောက်ဆုံးကျန်ရစ်ခဲ့ပေလိမ့်မည်။

ဤအချက်နှင့်ပက်သက်၍ စာရေးဆရာ ရဲခေါင်မြင့်မောင်က ဆိုရှယ်လစ်ကမ္ဘာမှ ဗုဒ္ဓဘာသာ အမည်ရှိ စာအုပ်တွင် နောက်ဆုံးကျန်မည့်ဘာသာ ဟူသောခေါင်းစဉ်ဖြင့် သုံးသပ်တင်ပြထားပုံမှာ -

## နောက်ဆုံးကျန်မည့် ကမ္ဘာ့ဘာသာ

ကမ္ဘာ့ဘာသာရေးသမိုင်းကို ပြန်ကြည့်လျှင် အစမ်းသပ်ခံနိုင်ဆုံးသော လူ့ဘဝနှင့်လည်း အအပ်စပ်ဆုံး လက်တွေ့ပိုင်းလည်းအကျဆုံးသော ဘာသာကြီးများသာ နောက်ဆုံးဆန်ကာတင် ကျန်ရစ်ဖွယ်ရှိနေပါ၏။ အဘယ့် ကြောင့်ဆိုသော် နေ့စဉ်နှင့်အမျှ တိုးတက်လာနေသော လူသားတို့၏အတတ်ပညာများသည် တစ်ကြိမ်သောအခါက တန်ခိုးရှင်များသာ ပြုလုပ်နိုင်စွမ်းရှိသည်ဆိုသော ကိစ္စရပ်များကိုပင် ယနေ့ပြုလုပ်နိုင်ကြပြီဖြစ်ရာ တော်ရုံတန်ရုံ အခြေခံမျှသာရှိသော ဘာသာမျိုးသည် တစ်နေ့သောအခါ ဤကမ္ဘာမြေမှ ပျောက်ကွယ်သွားမည် ဖြစ်ပါ၏။

ဗြိတိန်နိုင်ငံမှ ယထာဘူတပညာရှင် ဘာထရန်ရပ်ဆဲလ်သည် ကမ္ဘာကျော် ကျမ်းပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ သူပြုစုသောကျမ်းများအနက် သိပ္ပံလောကအတွက် အလွန်အကျိုးပြုခဲ့သောကျမ်းကြီးမှာ အိန်စတိန်၏ နိယာမအမြင်ဆိုင်ရာ ကကြီးခကွေးခေါ် အဏုမြူဗေဒခေတ်ဦးကို တံခါးဖွင့်ပေးသူလည်းဖြစ် အဏုမြူဗေဒပေါ်ပေါက် လာစေရန် စတင်အုတ်မြစ်ချ ခဲ့သူ ပိသုကာလည်းဖြစ်သော ကမ္ဘာကျော်သိပ္ပံပညာရှင် အိန်စတိန်၏ အဏုမြူဗေဒ သဘောတရား ဟောကိန်းအကြောင်း ရှင်းလင်းချက်ကျမ်းကြီး ဖြစ်ပါ၏။

ထိုမျှအထိ ခေတ်သိပ္ပံပညာကို ဒိုးလိုမွေ့ ရေလိုနှောက်နိုင်သော ဘာထရန်ရပ်ဆဲလ်သည် သူ့ခေတ် သူ့ကာလက အိန်စတိန်၏ သဘောတရားသစ်အကြောင်း နားလည်နိုင်စွမ်းရှိသူ ကမ္ဘာပေါ်ရှိ လက်ချိုးရေတွက်နိုင် လောက်သည့် အနည်းစု၌ တစ်ဦးအပါအဝင်ဖြစ်ခဲ့သူပင်တည်း။ ထိုမျှအထိ ခေတ်သိပ္ပံဘက်မှ ကျွမ်းကျင်နှံ့စပ်သော ဆရာတစ်ဆူဖြစ်သော ဘာထရန်ရပ်ဆဲလ်သည်လည်း သူ့ခေတ်နှင့်သူ အလွန်ခေတ်မီလှစွာပင် ဘာသာရေးပိုင်း၌ ခံယူချက် ထူးဆန်းခဲ့သူ ဖြစ်ပါသည်။

ထိုခေတ် ထိုကာလမှာ ၁၉၁၀ ခုနှစ်ဝန်းကျင်ဖြစ်သည်။ ထိုကာလ ခေတ်သိပ္ပံပညာမှာလည်း ယနေ့သိပ္ပံ ခေတ်ဦးဆီသို့ စတင်ဝင်ရောက်စပင်ဖြစ်သည်။ ထိုအချိန်ထိုကာလက ဘာထရန်ရပ်ဆဲလ်၏ ဘာသာရေးဆိုင်ရာ ခံယူချက်နှင့် ပက်သက်၍ ဘာထရန်ရပ်ဆဲလ်ကိုယ်တိုင်က စာအုပ်တစ်အုပ်တွင် ဖွင့်ဟရေးသားခဲ့သည်။ ထိုစာအုပ်မှာ ကိုယ်ရေးသမိုင်းမှ ကဏ္ဍကြီးအချို့အမည်ရှိ စာအုပ်ဖြစ်၏။ ထိုစာအုပ်ထဲတွင် ကျွန်ုပ်အဘယ့်ကြောင့် ခရစ်ယာန် ဘာသာဝင်မဖြစ်သနည်းဆိုသော အခန်းတစ်ခုပါသည်။ ထိုအခန်းတစ်နေရာ၌ -

> " ခရစ်ယာန်ဘာသာကို လက်ခံယုံကြည်နိုင်ခြင်းမရှိပါ။
> သို့သော် ကမ္ဘာ့ဘာသာကြီးများအနက် တစ်စုံတစ်ရာသော
> ဘာသာကိုလက်ခံရန် အကြောင်းများပေါ်ပေါက်လာခဲ့သော်
> မိမိလက်ခံနိုင်မည့်ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်သည်ဟု ထုတ်ဖော်ရေးသားခဲ့ဖူးပါ၏။ "

ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ထင်ပါ၏။ သိပ္ပံပညာရှင် အိန်စတိန်က ဘာသာရေးမပါသော သိပ္ပံ ပညာသည် အကန်းနှင့်တူသည်။ သိပ္ပံပညာမပါသော ဘာသာရေးသည် အကျိုးနှင့်တူသည်ဟုပြောခဲ့ခြင်း ဖြစ်ပေ လိမ့်မည်။ တစ်နည်းအားဖြင့် မျက်စိမှိတ်ယုံကြည်မှုကို လက်မခံဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြားဝေဖန်ကျင့်သုံးပြီးမှ လက်ခံယုံကြည်ရသော ဝိဘဇ္ဇဝါဒကို လက်ကိုင်ထားသောကြောင့်လည်း ဗုဒ္ဓဝါဒကို ကမ္ဘာ့ပညာရှင်များက လက်ခံလာ ရခြင်းဖြစ်သည်ဟု သုံးသပ်ရပါ၏။

အမေရိကန်ပြည်ထောင်စုမှ ကက်နက်ဗင်ကာဝါဆာကီနှင့် ခရစ္စတစ်ဒက်ကာအမည်ရှိသော ဇနီးမောင်နှံ နှစ်ယောက်သည် ဒဿနိကဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ယူရန် ဗုဒ္ဓ၏ဒဿနများကို လေ့လာကြရာမှ အင်္ဂုတ္တရ ပါဠိတော်၊ တိကနိပါတ်၊ ကေသမုတ္တိသုတ်ခေါ် ကာလမသုတ်ကိုလေ့လာအပြီးတွင် မည်သူမှတရားမဟောရဘဲ ဇနီး မောင်နှံ နှစ်ယောက်လုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်၍သွားခဲ့ကြသည်။ သူတို့သည်အရင်က ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်။

ကာလာမသုတ်ကို လေ့လာဖတ်ရှုပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော ဘာသာခြားများကား အင်မတန်မှ များပြားလှပါသည်။ မြတ်ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒကို နားလည်ကြည်ညိုနိုင်ကြရန် ကာလာမသုတ်အကျဉ်းကို ဖော်ပြလိုက် ပါသည်။

အခါတစ်ပါး မြတ်စွာဘုရား ဒေသစာရီလှည့်လည်တော်မူစဉ် ကေသမုတ္တိနိဂုံးရှိ ကာလာမအနွယ် အမျိုးသားတို့ နေရာသို့ ရောက်ရှိခဲ့ပါသည်။ ကာလာမအမျိုးအနွယ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုပြီး ဝမ်းမြောက်ဖွယ်စကားများကို ပြောဆိုပြီးနောက် ယခုကဲ့သို့လျှောက်ထားကြသည်။

“ အရှင်ဂေါတမ ကျွန်တော်မျိုးတို့နေထိုင်ရာအရပ်သို့ ရောက်လာသမျှသော ဘာသာရေးခေါင်းဆောင် ဟူသမျှတို့သည် အချင်းကာလာမအနွယ်တို့ အယူဝါဒဟူသမျှတို့တွင် ငါတို့၏အယူဝါဒသည်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟု ဟောပြောလေ့ရှိကြပါသဖြင့် ကျွန်တော်မျိုးတို့မှာ မည်သည့်အယူဝါဒ အကျင့်အကြံဟာ ကောင်းကြောင်းကို မဆုံးဖြတ်နိုင်ဖြစ်နေကြပါသည်ဘုရား ” ဟုလျှောက်ထားကြရာ ဘုရားရှင်က သူ၏ ဝိဘဇ္ဇဝေဖန်ပိုင်းခြားပြီးမှ ယုံကြည် ရသောဝါဒကို ယခုကဲ့သို့ ရဲရဲတောက်ဟောကြားတော်မူပါသည်။

## ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒတရားတော်

- အို . . အချင်းကာလာမအနွယ်တို့ သင်တို့သည် အယူဝါဒတစ်ခုကို တဆင့်ကြားဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
- ရှေးအစဉ်အလာ စကားဖြစ်ရုံနှင့်လည်း အမှန်လို့ မယူကြနဲ့၊
- ဤသို့ဖြစ်ဖူးသတဲ့ ဆိုသဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
- ကျမ်းဂန်နှင့်ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
- နည်းမှီ၍ ယူခြင်းမျိုးဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
- အကြောင်းခြင်းအရာကို ရှာကြံထောက်ပြ ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
- မိမိတို့ ကြံစည်နှစ်သက် လက်ခံထားသောအယူနှင့် ကိုက်ညီသည်ဆိုရုံနှင့် အမှန်လို့ မယူကြနဲ့၊
- လက်ခံထိုက်သော ပုဂ္ဂိုလ်၏စကားဖြစ်ရုံဖြင့် အမှန်လို့ မယူကြနဲ့၊
- မိမိတို့လေးစားအပ်သော ဆရာ၏စကားဖြစ်ရုံဖြင့် အမှန်လို့ မယူကြနဲ့၊ သင်တို့သည် မိမိတို့ကိုယ်တိုင် ဤတရားတို့သည် အကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်ရှိသောတရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့နှင့်ပြည့်စုံလျှင် ဤတရားတို့ကိုဆောက်တည်လျှင် အကျိုး မဲ့ခြင်း ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟု သိကြသောအခါ၊ ထိုတရားတို့ကို ပယ်ကြကုန်လော့။ ဤတရားတို့သည် ကုသိုလ် တရားတို့တည်း၊ ဤတရားတို့သည် အပြစ်မရှိသောတရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့နှင့်ပြည့်စုံလျှင် ဤတရားတို့ကိုဆောက်တည်လျှင် အကျိုးရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်၏ဟု သိကြသောအခါ ထိုတရားတို့ကို ဆောက်တည်ကျင့်သုံးကြကုန်လော့ ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

# ဝါဒလွဲကြောင့် ကိုယ်ကျိုးနည်းခဲ့ကြသူများ

ဖော်ပြပါ၊ မြတ်ဗုဒ္ဓ၏ အယူဝါဒဆန်းစစ်ဝေဖန်နည်းကို မသိခဲ့ကြသောကြောင့် ကမ္ဘာနှင့်အဝှမ်း အစုလိုက် အပြုံလိုက် ဘာသာရေး ဇန်းပြသတ်သေမှုများ မကြာခဏဖြစ်ခဲ့ရပါသည်။ ၁၉၇၈ ခုနှစ်က ဂိုင်ယာနာတွင် ဂျင်ဂျုံးနှင့်တကွ နောက်လိုက်ကိုးရာကျော်တို့သည် စည်ပေပါကြီးများနှင့် အဆိပ်ရည်များဖျော်သောက်ပြီး မိမိကိုယ်မိမိ အဆုံးစီရင် လိုက်ကြသည်။ အကြောင်းပြချက်က ယခုအချိန်သေခြင်းသည် မြင့်မြတ်ပြီး ထာဝရဘုရားသခင် အလိုကျ ဖြစ်သော ကြောင့် ဟူ၍ပါ၏။

(၂၂-၉-၈၅) နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တောင်ဘက်၊ မိုင်ခြောက် ရာခန့်အကွာ ဒါဗိုပြည်နယ်၊ ဝုမီတန်ကျေးရွာတွင် လူမျိုးစုအကြီးအကဲတစ်ဦးက ဘုရားသခင်ကိုတွေ့ရမည်ဟုပြောပြီး လူပေါင်း ၇၀ကို ပိုးသတ်ဆေးခတ်ထားသော ယာဂုကိုတိုက်ကျွေးရာမှ အားလုံးသေကြရကြောင်း ဖော်ပြထားသည်။

၁၉၉၃ ခုနှစ်ခန့်ကလည်း အမေရိကန်ပြည်ထောင်စု၊ တပ်ဆပ်ပြည်နယ်မှ ဒေးဗစ်ကိုရက်ရှ်သည်လည်း ကြီးမားသော ခြံဝန်းကြီးတစ်ခုကို စစ်ဌာနချုပ်ကြီးတစ်ခုကဲ့သို့ လုံခြုံအောင်စီမံပြီး ဘာသာရေးဇန်းပြကာ ဆွဲဆောင် သဖြင့် မိန်းမ၊ ယောကျ်ား အတော်များများစုမိသည်။ ထိုဌာနချုပ်ထဲရောက်လာသော အမျိုးသမီးမှန်သမျှ သူနှင့်လွတ် ကင်းသောသူ ခပ်ရှားရှားဟူပါ၏။

နောက်တစ်ဆင့်တက်ပြီး လက်နက်များပါ စုဆောင်းလာသဖြင့် အမေရိကန် လုံခြုံရေးအရာရှိများက စစ်ဆေးခွင့်ပြုရန် တောင်းသော်လည်း မရဘဲ ဒေးဗစ်ကိုရက်ရှ်တို့ဘက်မှ စတင်ပစ်ခတ်သဖြင့် လုံခြုံရေးအရာရှိများမှာ လက်နက်သုံးပြီး အတင်းဝင်သိမ်းကြရတော့သည်။ ထိုအခါသူ့ကိုယ်သူ မေတ္တာရှင် ကရုဏာရှင်ဟု ဝန်ခံထားသော ဒေးဗစ်ကိုရက်ရှ်က ဌာနချုပ်ကြီးကိုအလုံပိတ်ပြီး မီးတင်ရှို့ကာ အထဲမှအမျိုးသား၊ အမျိုးသမီးများကို ထွက်မပြေးဘဲ မီးလောင်ခံသေရန် ပြောကြားပါသတတ်၊ မနေနိုင်၍ထွက်ပြေးသူများသာ အသက်ရှင်ပြီး ဒေးဗစ်ကိုရက်ရှ်အပါအဝင် ၈၅ ယောက်တို့မှာ မီးလောင်ခံပြီး သေကြရသည်။

(၈-၁၀-၁၉၉၄) ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း ဘာသာရေးအယူမှားမှုကြောင့် အစုလိုက် အပြုံလိုက် သေဆုံးရသော သတင်းတစ်ခုကို ဖတ်ရပြန်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဘာသာရေးအယူလွဲမှုကြောင့် မီးလောင်ကျွမ်းသေဆုံးသူများ၏ အလောင်း ၄၈ လောင်းကို တွေ့ရှိရကြောင်း အေပီကဖော်ပြသည်။ သေဆုံးသူများမှာ ခရေ့အင်ရို့စ်ဘာသာရေးအသင်းမှ အသင်းဝင် ၄၈ ဦးဖြစ်သည်ကို တွေ့ရှိရပြီး မြေအောက်ဘုရားကျောင်းနှင့် အခြား အဆောက်အအုံများအတွင်း အလောင်းများကို တွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူများ၏ ခေါင်းဆောင် လမ်းပြဖြစ်သူမှာ အသက် ၄၆ နှစ်ရှိ ဆရာဝန်နှင့် ကနေဒါနိုင်ငံ၊ ကွိဘက်မှ အော်ဒါအော့ဖ်ဆိုလာ ဘုရားကျောင်းဝတ်အသင်း တည်ထောင်သူ လပ်ဂျူးနက် ဖြစ်သည်ဟုယူဆသည်။ ၎င်းမှာ လက်နက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသို့ ယမန်နှစ်က တိမ်းရှောင်လာသူဖြစ်သည်ဟူ၍ ဖော်ပြထားသည်။

# ဝါဒမှားမရောက်ရန် တရားနှစ်တန်

ဤကဲ့သို့ အဖြစ်ဆိုးများနှင့် ကြုံရခြင်း၏ အဓိကအကြောင်းဇာစ်မြစ်ကား အဘယ်ပါနည်း။ ယုံကြည် ကြည်ညိုမှု သဒ္ဓါများ၍ ခွဲခြားဝေဖန်ပိုင်းခြားမှု ပညာနည်းသောကြောင့်ပါတည်း။ ဤနေရာ၌ ဘာသာအယူဝါဒ ရှိသူတိုင်းအတွက် တန်ဖိုးဖြတ်၍မရသော သဒ္ဓါ၊ ပညာဆိုင်ရာ ဩဝါဒလေးများကို အနည်းငယ် ရှင်းလင်းတင်ပြပါမည်။ မန်လည်ဆရာတော်ကြီးက မဃဒေဝ လင်္ကာသစ်တွင် သဒ္ဓါ၊ ပညာနှင့်စပ်လျဉ်း၍ ယခုကဲ့သို့ ရေးစပ်သတိပေးတော်မူ ခဲ့ပါသည်။

“ ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ခါ၊ ယူမိစ္ဆာ၌၊
သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏၊ ပရမတ်အရာ၊ မလိမ္မာပဲ၊
သဒ္ဓါနှံ့နဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်းခွ၊
တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွံများသို့၊ ဆယ်ပါးကောင်းမှု၊
လှူဝတ္ထုကို၊ စွန့်ပြုမလွှတ်၊ စိတ္တပ္ပါဒ်မျှ၊ ဒါနအလှူ၊
မြောက်သောဟူ၍၊ အယူဖောက်လွှဲ၊ မိစ္ဆာစွဲ၏။ ”

အဓိပ္ပာယ်မှာ တွေးခေါ်မြော်မြင်သော ပညာအားနည်းပြီး၊ ယုံကြည်ညိုသော သဒ္ဓါကများနေလျှင် ဂျင်ဂျူးဒေးဗစ်ကိုရက်ရှ်တို့ကဲ့သို့ မိစ္ဆာအယူရှိသောပုဂ္ဂိုလ်များကို ဆည်းကပ်ကိုးကွယ်မိတတ်သည်ဟု ဆိုလိုသည်။ အတွေးအခေါ် ပညာတွေများပြီး ကြည်ညိုသောသဒ္ဓါဓာတ်က နည်းနေပြန်လျှင်လည်း ကောက်ကျစ်သော စိတ်ယုတ်များဝင်ပြီး ဒါနဆိုတာ စေတနာပဲ၊ စေတနာ ထားလိုက်လျှင် လှူပြီးသားဖြစ်တာပဲ၊ လှူဖွယ် ဝတ္ထုတွေဘာတွေ ဘာမှ မလိုဘူး။

ဘုရားပန်းတင်လျှင် ကြွက်သိုက်၊ ဆွမ်းတော်တင်လျှင် ကြွက်စာပဲ စသောအားဖြင့် မိစ္ဆာအယူစွဲပြီး ဖောက်ပြန်တတ်သည်ဟု ဆိုလိုသည်။ စာရှုသူများ သဒ္ဓါနှင့်ပညာ ချိန်ခွင်လျှာကဲ့သို့ ညီမျှနေနိုင်ရန် ရည်သန်၍ ဆရာတော်ကြီးအချို့၏ ဩဝါဒများကို ဖော်ပြအပ်ပါသည်။

တန်ဆောင်းပြသာဒ် စသည်တို့ကိုဆောက်လုပ်ကြရာ ပညာသာတတ်၍ လက်နက်မစုံလျှင် လည်းကောင်း၊ လက်နက်သာစုံ၍ ပညာမတတ်လျှင် လည်းကောင်း၊ ဖြစ်နိုင်အံ့လော၊ လက်နက်ပညာ နှစ်ပါးစုံမှသာ ဖြစ်နိုင်သည်မဟုတ်လော။ သာသနာ့လုပ်ငန်း၌လည်း လက်နက်ပညာစုံမှ သဒ္ဓါနှင့်ပညာ ညီညာစွာစုံလင်မှ သင့်အောင်ပြုနိုင်သည်။ ထို့ကြောင့် ကုသိုလ်အရာတိုင်းမှာ သဒ္ဓါ၊ ပညာ စုံလင်စေကြ။

*(ရဟန္တာဟု သမုတ်ခံရသော ဘုန်းတော်ကြီး ဦးသီလ)*

ဗာလသည် ချီးမွမ်းစကားဖြင့် ပဏ္ဍိတအား ဒဏ်ပေးတတ်၏။ သဒ္ဓါဖြင့် ယုံကြည်လျက် ပညာဖြင့် မဆင်ခြင်လျှင် အရှက်ကွဲတတ်သည်။ ပညာဖြင့် ဆင်ခြင်လျက် သဒ္ဓါမယုံကြည်လျှင် စဉ်းလဲတတ်သည်။ သဒ္ဓါနှင့်ပညာ ညီလျှင် အပြစ်ကင်းသည်။

*(အဂ္ဂမဟာ ပဏ္ဍိတညောင်လေးပင်တောရ ဆရာတော်)*

ပညာဉာဏ်များ၊ သဒ္ဓါပါး၊ အမှားဖြစ်တတ်သည်။
ပညာဉာဏ်နည်း၊ သဒ္ဓါကဲ၊ အလွဲဖြစ်တတ်သည်။

*(ဒီပဲရင်းဆရာတော်)*

ဤမျှဆိုလျှင် သဒ္ဓါနှင့်ပညာ၏ခရီးရောက်ပုံကို စာရှုသူများသတိထားမိလောက်ပေပြီ။ ကာလာမသုတ်ဟောကြားချက် သဒ္ဓါနှင့်ပညာ ဤသုံးချက်လက်ကိုင်ထားပြီး ဆန်းစစ်လျှင် ဝါဒအယူမှန်ကိုတွေ့ရန် အတော်လေးနီးစပ်သွားပြီဟု ဆိုရပါမည်။ ပို၍ နီးစပ်စေရန်အတွက် အဘိဓမ္မတ္ထသင်္ဂဟ၌လာသော အကျိုးပေးရာကာလ၏အစွမ်းဖြင့် ကံလေးမျိုးကို ဖော်ပြပါဦးမည်။ ကုသိုလ်၊ အကုသိုလ်ပြုလုပ်တိုင်း အဟုန်ဟုခေါ်သော ဇော (၇)ချက် အမြဲတမ်းဖြစ်ပါသည်။

ထိုဇော ၇ မျိုးတွင် ပထမဇောက ဒိဋ္ဌဓမ္မဝေဒနိယကံ ဟူသောအမည်ဖြင့် ယခုဘဝတွင်ပင် အကျိုးပေးသည်။ သတ္တမဇောက ဥပပဇ္ဇဝေဒနီယကံ ဟူသောအမည်ဖြင့် ဒုတိယဘဝ (နောက်ဘဝ)၌ အကျိုးပေးသည်။ အလယ်ဇော ငါးချက်က အပရာပရိယ ဝေဒနီယကံ ဟူသောအမည်ဖြင့် တတိယဘဝမှစ၍ ရဟန္တာဖြစ်ကာ နိဗ္ဗာန်ကို

မျက်မှောက်မပြုရသေးမချင်း လိုက်ပြီးအကျိုးပေးသည်။ စိတ်စေတနာ ထက်သန်မှုမရှိဘဲ ဘာသိဘာသာပြုလိုက်သောကံများ ရဟန္တာဖြစ်သွားသဖြင့် အကျိုးပေးခွင့်မရတော့သောကံများကို အဟောသိကံဟု ခေါ်သည်။

ပထမဇောက အကျိုးပေးလိုက်သဖြင့် အကျိုးပေးခွင့်မရတော့သော သတ္တမဇောနှင့် အလယ်ဇောငါးချက်၊ သတ္တမဇောက အကျိုးပေးလိုက်သဖြင့် အကျိုးပေးခွင့်မရတော့သော ပထမဇောနှင့်အလယ်ဇောငါးချက်၊ အလယ်ဇောငါးချက် အကျိုးပေးလိုက်သဖြင့် အကျိုးပေးခွင့်မရသော ပထမဇောနှင့်သတ္တမဇော တို့ကိုလည်း အဟောသိကံ၌ သွင်းနိုင်ပါသေးသည်။ တစ်ခါတွင် ကမာရွတ်မှ ဒါယိကာမကြီးတစ်ဦးက ဝမ်းနည်းပန်းနည်းဖြင့် မေးခွန်းတစ်ခုကို မေးလာဖူးပါသည်။ သူမေးလိုက်သည်က -

"ဆရာတော်တို့ တရားဟောတော့ ဒါနတောဘောဂဝါ၊ ဒါနဟာ ဖြစ်ရာဘဝ စည်းစိမ်ချမ်းသာကို ရစေတယ်လို့ ဟောကြတယ်။ အခုတပည့်တော် တတ်နိုင်သလောက် လှူဒါန်းလာတာ ကြာလှပြီဘုရား။ အသက်တောင်လေးဆယ်ကျော်ပြီ၊ ဘာမှလဲ သိသိသာသာ မချမ်းသာသေးပါလားဘုရား" ဟူ၏။ ဤမေးခွန်း၏အဖြေကို ဖော်ပြခဲ့ပြီးသောကံလေးမျိုး အကျိုးပေးပုံကိုကြည့်၍ သိနိုင်လောက်ပေပြီ။ တစ်ခုသိထားရန်ကား ဒိဋ္ဌဓမ္မဝေဒနီယကံဖြင့် ယခုဘဝအကျိုးပေးရန် အင်္ဂါလေးချက်လိုကြောင်း ဓမ္မပဒ၌ ဟောကြားထားချက်ရှိသည်။

## ယခုဘဝအကျိုးပေးရန် အင်္ဂါလေးတန်

၄င်းအင်္ဂါများမှာ အလှူရှင်က မလှူခင်၊ လှူဆဲ၊ လှူပြီး စေတနာသုံးတန်စလုံး ကောင်းမွန်နေခြင်း၊ လှူဖွယ်ဝတ္ထုက ဓမ္မိယလဒ္ဓ၊ တရားသဖြင့် ရတာဖြစ်ခြင်း၊ အလှူခံပုဂ္ဂိုလ်က ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတစ်ပါးပါးဖြစ်ခြင်း ထိုအလှူခံပုဂ္ဂိုလ် တို့သည်လည်း သာမာန်အချိန်မဟုတ်ဘဲ နိရောဓသမာပတ်က ထလာကာစဖြစ်ခြင်းတို့ ဖြစ်ပေသည်။ ဤနေရာတွင် ဗုဒ္ဓဘာသာဝင်များ အရေးတကြီး သိထားသင့်သော မဟာနာဒရ ဇာတ်တော်လာ အင်္ဂတိမင်းကြီးအကြောင်းကို အကျဉ်းချုပ် ဖော်ပြပါမည်။ ဝိဒေဟတိုင်း၊ မိထိလာမြို့တွင် အင်္ဂတိမင်းကြီး စိုးစံတော်မူစဉ်ကဖြစ်သည်။

သူ့တွင် ရုစာအမည်ရှိသော သမီးလိမ္မာတစ်ယောက်ရှိသည်။ သဒ္ဓါတရားရှိသော မင်းဖြစ်သောကြောင့် ကိုယ်တိုင်လည်းလှူဒါန်းသလို သမီးတော်ကိုလည်း လိုသလိုလှူဒါန်းနိုင်ရန်အတွက် ၁၄ ရက်တစ်ကြိမ် ငွေတစ်ထောင်ပေးနေကျ ဖြစ်သည်။ တစ်ခုသော တန်ဆောင်မုန်းလပြည့်ညတစ်ညတွင် မှူးမတ်များ၏အကြံပေးချက်အရ အဝတ်မဝတ်သော ပညာရှိအမည်ခံ တိတ္ထိဆရာကြီး ဦးဂုဏထံသို့ရောက်ရှိသွားလေသည်။ ပရိသတ်များအလယ်တွင် ရိုရိုသေသေထိုင်လျက် အင်္ဂတိမင်းကြီးက သုဂတိရောက်ကြောင်း အကျင့်ကောင်းများ၊ ဒုဂ္ဂတိရောက်ကြောင်း မကောင်းသောအကျင့်များအား ခွဲခြား၍ဖြေကြားပေးရန် မေးမြန်းလေသည်။

အင်္ဂတိမင်းကြီးက သူတော်ကောင်းတရားကိုဟောကြားရန် တောင်းပန်သော်လည်း တိတ္ထိဆရာကြီး ဟောကြားလိုက်သည်က ကောင်းကျိုးဆိုးကျိုးဟူသည် မရှိ၊ တမလွန်ဘဝဟူသည် မရှိ၊ မိဘဆရာဟူသည် မရှိ၊ ယဉ်ကျေးချင်သောသူ ယဉ်ကျေး၍ ရိုင်းချင်သောသူ ရိုင်းသည်၊ ဒါနအကျိုး၊ ဝီရိယအကျိုးဆိုတာ မရှိ၊ မိုက်သောသူက လှူဒါန်း၍ လူပါးလူနပ်တို့က အလှူခံကြသည်။ ကမ္ဘာကြီး ရှစ်သောင်းလေးထောင် မပြည့်မချင်း မည်သူမျှ မစင်ကြယ်မသန့်ရှင်း။

ကမ္ဘာကြီး ရှစ်သောင်းလေးထောင်ပြည့်သော အခါကျမှသာလျှင် အလိုလို စင်ကြယ်သွားကြသည်။ ဘယ်ဘဝပြီးလျှင် ဘယ်ဘဝဖြစ်ရမည်ဟု ကမ္ဘာကြီးရှစ်သောင်း လေးထောင်အတွင်း သတ္တဝါတိုင်းအတွက် အမြဲသတ်မှတ်ချက် ရှိပြီးသားဖြစ်သည်။ ထို့ကြောင့် ကောင်းတာလုပ်လျှင် ကောင်းကျိုးမရှိ၊ ဆိုးတာလုပ်လျှင် ဆိုးကျိုးမရှိ၊ ဟူ၍ ဖြစ်လေသည်။

## မဆုံးသေးသော အမှန်များ

တရားအဆုံးတွင် အင်္ဂတိမင်းကြီးက ဟုတ်နိုင်၊ မဟုတ်နိုင် စိုက်ပြီးစဉ်းစားနေခိုက် တရားနာပရိသတ်ထဲတွင်ပါသော အလာတစစ်သူကြီးက -

" ဆရာကြီးဟောတာ သိပ်မှန်တယ်၊ ကျုပ်မှာ ရှေ့ဘဝကိုအမှတ်ရတဲ့ ဇာတိဿရဉာဏ်ရှိတယ်၊ ကျုပ်ဟာ လွန်ခဲ့သောဘဝက ပိင်္ဂလဆိုတဲ့ နွားသတ်သမားဖြစ်ခဲ့တယ်၊ နွားတင်မက အကောင်ဘလောင်မျိုးစုံ သတ်ခဲ့တယ်၊ ဒါပေမယ့် ဆရာကြီးဟောသလို ဆိုးတာလုပ်တာလဲ ဆိုးကျိုးမရှိဆိုတဲ့အတိုင်း ကျုပ်ဟာငရဲမကျတဲ့အပြင် အခုစစ်သူကြီး ဖြစ်လာပြီး ချမ်းသာနေရပြီဟုပြောလိုက်ရာ စစ်သူကြီးစကားအဆုံးတွင် ပရိသတ်များနည်းတူ အင်္ဂတိမင်းကြီး၏ စိတ်ထဲတွင် ဆိုးတာလုပ်လည်း ဆိုးကျိုးမရဘူးဆိုတာ ဟုတ်နိုင်တယ်ဟူသော မိစ္ဆာအယူသည် စတင်ကပ်ငြိသွားလေပြီ။

ထိုအချိန်တွင် ပရိသတ်အစွန်အဖျားက ဗီဇကကျွန်ကလည်း ရှိုက်ကြီးတငင် ငိုကြွေးလာပြန်သဖြင့် အကြောင်းစုံကို စုံစမ်းလိုက်ရာ ဗီဇကကျွန်က -

" ဆရာကြီးဟောတာ မှန်လွန်းလို့ပါ၊ ကျုပ်လဲ ရှေးဘဝကိုအမှတ်ရနိုင်တဲ့ ပုဂ္ဂိုလ်ပါ။ ကျုပ်ဟာ အရင်ဘဝက ဒါန၊ သီလစတဲ့ ကုသိုလ်ကောင်းမှုတွေ အများကြီးပြုလုပ်ခဲ့တဲ့ သူဋ္ဌေးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အဲသလိုပြုခဲ့ပေမယ့် အခုဘဝကျတော့ ဘာကောင်းကျိုးမှ မခံစားရဘဲ ကျွန်မဝမ်းမှာ ပဋိသန္ဓေနေပြီး အလွန်ဆင်းရဲနေရပါတယ်၊ ဒါ့ကြောင့် ဆရာကြီးဟောတာ မှန်လွန်းလို့ ငိုတာပါဟု ပြောလိုက်သည့်အဆုံးတွင် အင်္ဂတိမင်းကြီး၏ မိစ္ဆာအယူသည် ပို၍ခိုင်မာသွားပါတော့သည်။

ဤနေရာ၌ အလာတစစ်သူကြီးနှင့် ဗီဇကကျွန်တို့၏ ပြည့်စုံသောအမှန်ကိုမရေးသားမီ အင်္ဂတိမင်းကြီး မိစ္ဆာဒိဋ္ဌိ ဖြစ်သွားရခြင်း၏ အကြောင်းရင်းကို သုံးသပ်ကြရပါမည်။

## လောကုတ္တရာဆရာဂုဏ်အင်္ဂါ

ပထမအချက်အနေဖြင့် အင်္ဂတိမင်းကြီး မိစ္ဆာဒိဋ္ဌိဖြစ်သွားရခြင်း၏အကြောင်းရင်းမှာ -

" ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက်ဆုံးမ၊
မေးသမျှခံ၊ ဓမ္မံနက်နဲ၊ ဟောနိုင်မြဲ၍၊ ကျိုးနဲမတန်း၊
ခုနစ်ခန်းနှင့်၊ ပြည့်လျှမ်းညီညာ၊ ဤဆရာ၊ ရှာဖွေတပည့်ခံ "

ဟူသော မဃဒေဝလင်္ကာ ညွှန်ပြချက်အတိုင်း လောကုတ္တရာဆရာရှာဖွေရာ၌ ရိုသေထိုက်သော ဂါရဝဂုဏ်ရှိခြင်း၊ ချစ်ကျွမ်းဝင်ထိုက်သော ပိယဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သော ပသဒ္ဒဂုဏ်ရှိခြင်း၊ မိုက်မဲလွဲမှားသော ကိစ္စရပ်များကို ဆုံးမနိုင်ခြင်း၊ မေးမြန်းသမျှ ကျေနပ်အောင်ဖြေဆိုနိုင်ခြင်း၊ နက်နဲသော တရားစကားကို ဟောပြောနိုင်ခြင်း၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာလုံး ကောင်းကျိုးရှိရာ ညွှန်ပြနိုင်ခြင်း၊ ဤအင်္ဂါခုနစ်ချက်နှင့် ညီညွတ်သော သူတော်ကောင်းဆရာကိုမရှာဖွေဘဲ ဦးဂုဏကဲ့သို့ တိတ္ထိဆရာမိုက်၊ ဆရာယုတ်ကို ပေါင်းသင်းမှီဝဲသောကြောင့်ပင် ဖြစ်ပါ၏။

ထို့ကြောင့်လည်း မဃဒေဝ၌ မန်လည်ဆရာတော်က -

" ကောင်းဆိုးစစ်၍၊ ကျိုးပြစ်ရှုမျှော်၊ သိမြင်မျှော်လော့၊
သူတော်မဟုတ်၊ သူယုတ်တို့၌၊ တစ်ခိုက်မျှဖြင့်၊
ပေါင်းမိသင့်က၊ စိန်နှင့်သမွရာ၊ အဆိပ်စာသို့၊
မိစ္ဆာတိမ်းပါ၊ ယူဖောက်ပြား၍၊ တရားမလျော်၊
မှားယွင်းချော်၏ " ဟု ရေးစပ်တော်မူခဲ့ပေသည်။

အယူမှားခြင်း၏ ဒုတိယအကြောင်းမှာ ကာလမသုတ်၌ မြတ်ဗုဒ္ဓဟောကြားထားသည်မှာ လေးစားအပ်သောစကားဖြစ်ရုံနှင့် အမှန်ဟုမယူကြနှင့်။ ဤသို့ဖြစ်ဖူးသတဲ့ဆိုရုံဖြင့် အမှန်ဟုမယူကြနှင့်ဟူ၍ ဖြစ်သည်။ ယခု အင်္ဂတိမင်းကြီးဟာ တိတ္ထိဆရာကြီး ဦးဂုဏကို လေးစားအပ်သော ဆရာ၏စကားဟူ၍လည်း အမှန်ဟုယူလိုက်သည်။ ထို့ပြင် အလာတနှင့် ဗီဇကတို့က ဤသို့ဖြစ်ဖူးသတဲ့ဆိုရုံဖြင့်လည်း အမှန်ဟုယူလိုက်ပြန်သည်။ ဤအကြောင်းများသည်ကား အယူမှားခြင်း၏ ဒုတိယအကြောင်းပင် ဖြစ်ပါ၏။

တတိယအယူမှားခြင်း၏အကြောင်းမှာ ဖော်ပြခဲ့ပြီးသော ကံလေးမျိုး အကျိုးပေးပုံအစဉ်ကို မသိခြင်းကြောင့်ပင် ဖြစ်ပါ၏။ ဤနေရာ၌ အလာတနှင့် ဗီဇကတို့၏ အတိတ်ဘဝဖြစ်ရပ်များကို ကံလေးမျိုးဖြင့် သုံးသပ်ပြပါမည်။

## ပြီးပြည့်စုံသောအမှန်

အလာတစစ်သူကြီးသည် အတိတ်ဘဝတစ်ခုက ပိင်္ဂလအမည်ဖြင့် နွားသတ်ခဲ့သည်မှာမှန်ပါ၏။ သို့သော် နွားသတ်သော အကုသိုလ်ကံများသည် အပရာပရိယဝေဒနီယ ဟူသောအမည်ဖြင့် တတိယဘဝမှစ၍ ရဟန္တာ မဖြစ်မချင်း အကျိုးပေးရန် စောင့်နေလေပြီ။ အကျိုးမပေးရသေးပါ။ ယခု အလာတစစ်သူကြီးအဖြစ် ချမ်းသာအောင် အကျိုးပေးလိုက်သည်က ဟိုးလွန်ခဲ့သော ဘဝတစ်ခုက ကဿပမြတ်စွာဘုရား၏ ဓာတ်တော်ကို ဌာပနာထားသော စေတီတော်ကို အနော်ဇာပန်းကုံးဖြင့် ပူဇော်ခဲ့သောကုသိုလ်ကံက နွားသတ်သမားဘဝ သေခါနီးတွင် အာသန္နကံအနေဖြင့် အာရုံ၌ထင်လာကာ အကျိုးပေးသောကြောင့် ယခုကဲ့သို့ စစ်သူကြီးဘဝဖြင့် ချမ်းချမ်းသာသာ နေရခြင်း ဖြစ်ပါ၏။

ဗီဇက ကျွန်သည်လည်း အတိတ်ဘဝက သူဌေးအဖြစ်ဖြင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သည်မှာ မှန်ပါ၏။ သို့သော် ထိုပြုခဲ့သောကုသိုလ်ကံများက အပရာပရိယဝေဒနီယ ဟူသောအမည်ဖြင့် တတိယဘဝမှစ၍ ရဟန္တာ မဖြစ်မချင်း အကျိုးပေးရန်စောင့်နေလေပြီ။ အကျိုးမပေးရသေးပါ။ ယခု ဗီဇကကျွန်အဖြစ်ဆင်းရဲအောင် အကျိုးပေးလိုက်သည်က ကဿပဘုရား လက်ထက်တော်အခါ လူဖြစ်စဉ်က အိမ်ကနွားပျောက်လို့လိုက်အရှာ မျက်စိလည်၍ လမ်းမှားနေရှာသော ရဟန်းတစ်ပါးက လမ်းမေးသည်ကို စိတ်ဆိုးပြီး " သင်တို့ရဟန်းတွေ ကျွန်တွေလိုပဲစကားများတယ် " ဟု ဝစီကံဖြင့်စော်ကားခဲ့သော အကုသိုလ်ကံကြောင့်ပင် ဖြစ်ပါ၏။

ဤသို့ ဘဝကံအကြောင်းကို ဂဃဏန မသိရှာသော အင်္ဂတိမင်းကြီးသည် မိစ္ဆာအယူကို စွဲစွဲမြဲမြဲယူမိကာ နန်းတော်ရောက်သည်နှင့် မင်းမှုရေးရာများကို အမတ်ကြီးများအားလွှဲအပ်ကာ လင်ရှိမယားများကိုပင်သိမ်းပိုက်ပြီး ကာမဂုဏ်အာရုံများကို အတိုင်းအဆမရှိ ခံစားနေပါတော့သည်။ အလှူဒါနလည်း တစ်ခုမှမလုပ်တော့ပေ။ တစ်တိုင်းပြည်လုံး စိတ်ဆင်းရဲကြရကာ ပညာရှိများ၏ ကဲ့ရဲ့ ရှုတ်ချခြင်းကိုလည်း ခံရတော့သည်။ အင်္ဂတိမင်းကြီးကား ဘာကိုမှ ဂရုမစိုက်တော့။

မသေခင် ကာမဂုဏ်အာရုံများ များစွာခံစားရေးသည်သာလျှင် သူ့ဘဝ၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် ထားလိုက်ပေပြီ။ ဤနေရာ၌ လူသားတိုင်း အင်္ဂတိမင်းကြီးကဲ့သို့ မဖြစ်စေရန်ရည်သန်၍ မဇ္ဈိမပဏ္ဏာသပါဠိတော် အပဏ္ဏကသုတ်တွင် မြတ်ဗုဒ္ဓက တမလွန်ဘဝနှင့် ပက်သက်၍ -

## တမလွန်ဘဝကို လက်မခံလျှင်

တမလွန်ဘဝ ရှိ မရှိစသော ပြဿနာများကို မယုံလိုသူတို့မယုံဘဲ နေနိုင်ပါသည်။ သို့ရာတွင် သေလျှင်ပြီးပြီ၊ နောက်ဘဝဆိုတာ မရှိပါဘူးဟု ခံယူထားသူသည် လက်ရှိဘဝတွင်လည်း ထင်ရာလုပ်ပေတော့မည်။ ထို့ကြောင့် ပတ်ဝန်းကျင် ပညာရှိတို့၏ ကဲ့ရဲ့ရှုတ်ချခံရခြင်းစသော လက်ငင်းအပြစ်များနှင့် ရင်ဆိုင်ရပေတော့မည်မှာ မလွဲပေ။ ချက်ချင်းပင် အန္တရာယ်ရောက်ချင်လည်း နိုင်ပေသည်။ ထို့ကြောင့် သူထင်သည့်အတိုင်းမဟုတ်ဘဲ တမလွန်ဘဝရှိနေလျှင်ကား ထိုသူသည်အယူမှားနေသူ ဖြစ်၍ ငရဲမှလွတ်ရန်မရှိ။ ထို့ကြောင့် နှစ်ဖက်စလုံးရှုံးသည် မည်၏။

တမလွန်ဘဝကို လက်ခံထားသောသူကား ကောင်းတာလုပ်လျှင် ကောင်းသောဘဝ ရောက်မည်။ မကောင်းတာလုပ်လျှင် မကောင်းသောဘဝရောက်မည်ဟု လက်ခံထားသောကြောင့် ယခုဘဝ မကောင်းတာမလုပ်မိခြင်း၊ ပညာရှိများ ချီးမွမ်းကြခြင်းကပင် ယခုချက်ချင်း အမြတ်ပေါ်နေချေပြီ။ သူထင်သည့်အတိုင်း တမလွန်ဘဝမရှိခဲ့လျှင်လည်း ကိစ္စမရှိ။ အကယ်၍ ရှိခဲ့လျှင်လည်း ကောင်းသောဘဝကို ရောက်မည်ဖြစ်၍ နှစ်ဖက်လုံးအမြတ်ထွက်သည် မည်၏ - ဟူ၍ ဟောကြားတော်မူခဲ့ပေပြီ။

အင်္ဂတိမင်းကြီး၏အယူမှားကို ချေဖျက်ပေးရန် ရုစာမင်းသမီးသည် လပြည့်ဥပုသ်မတိုင်ခင် တစ်ရက်တွင် အင်္ဂတိမင်းကြီးထံသို့ အခစားဝင်ပြီး အလှူဒါနပြုရန် ငွေတစ်ထောင်တောင်းရာ အင်္ဂတိမင်းကြီးက တိတ္ထိဆရာကြီး ဦးဂုဏ၏ ဩဝါဒ၊ အလာတနှင့် ဗီဇကတို့၏ ကိုယ်တွေ့များကိုပြောပြကာ အလှူဒါနမပြုရန် ပိတ်ပင်လေတော့သည်။ ထိုအခါကျမှ ရုစာမင်းသမီးက -

" ခမည်းတော်၊ အလာတတို့ ဗီဇကတို့ အတိတ်ဘဝကိုသိတယ်ဆိုတာ တစ်ဘဝတည်းပါ။ သမီးတော်က အတိတ် အနာဂတ်ဘဝပေါင်း ၁၄ ဘဝတိတိကို အမှတ်ရနိုင်ပါတယ်။ သမီးတော်ဟာ တစ်ခုသောဘဝမှာ ရာဇဂြိုဟ်မြို့က ရွှေပန်းထိမ်သည်ရဲ့ သားတစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။ မကောင်းတဲ့ မိတ်ဆွေယုတ်များကြောင့် အဲဒီဘဝမှာ သူတစ်ပါးရဲ့ မယားတွေကို ပြစ်မှားစော်ကားတဲ့ ပရဒါရကံတွေ ကျူးလွန်ခဲ့ပါတယ်။

အဲဒီဘဝသေတော့ ကာမေသုမိစ္ဆာစာရကံတွေက အကျိုးပေးလို့ ရောရုဝငရဲကို ကျရောက်ရပါတယ်။ ရောရုဝ ငရဲကလွတ်ပြန်တော့ သိန္ဓုဂတတိုင်းမှာ ဆိတ်ထီးကြီးဖြစ်ရပါတယ်။ ဒါပေမယ့် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့် အထီးအင်္ဂါကို သင်းကွပ်ခံရပါတယ်။ ဆိတ်ထီးဘဝ ကသေလွန်တော့ တောကြီးတစ်တောမှာ မျောက်ဖြစ်ရပါတယ်၊ ဒါပေမယ့် အုပ်ချုပ်တဲ့မျောက်ကြီးက အင်္ဂါကိုကိုက်ဖောက်ပစ်လို့ သင်းကွပ်ပြီးသား ဖြစ်သွားပြန်တယ်။

မျောက်ဘဝကနေ သေလွန်တော့ သုဒဿနတိုင်းမှာ နွားထီးကြီး ဖြစ်ရပြန်ပါတယ်။ ကာမေသုမိစ္ဆာစာရကံကြောင့် အင်္ဂါကိုအထုခံရတာပါပဲ။ နွားဘဝကသေလွန်တော့ ဝဇ္ဇီတိုင်းမှာ ယောကျ်ားမဟုတ် မိန်းမမဟုတ်တဲ့နပုန်းဘဝရောက်ရပြန်ပါတယ်။ နပုန်းဘဝကစုတေတော့ သိကြားမင်း မိဖုရားဘဝလေးကြိမ် ဖြစ်ရပြန်ပါတယ်။ အဲဒီနောက် ဇဝနနတ်သားရဲ့ မိဖုရားဘဝ တစ်ကြိမ်ဖြစ်ပြီးတော့ ယခုခမည်းတော်ရဲ့ သမီးတော်ရုစာဆိုတဲ့အမည်နဲ့ ဖြစ်ရပြန်ပါတယ်။

ဒီဘဝက စုတေလျှင်တော့ တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ရမှာပါ။ သမီးတော်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကို ထောက်ထားပြီး ကောင်းကံ၊ ဆိုးကံတွေရဲ့ ကောင်းကျိုး၊ ဆိုးကျိုးဆိုတာ အမှန်ရှိပါတယ် ခမည်းတော်။ အဲဒါကြောင့် ခမည်းတော်အနေနဲ့ မကောင်းတဲ့ အကုသိုလ်ကံများကို မပြုလုပ်ဘဲ ကောင်းတဲ့ ကုသိုလ်ကံများသာ ပြုလုပ်ဖို့ တောင်းပန်ပါရစေ ခမည်းတော်ဘုရား။"

*(မှတ်ချက်။ ရုစာမင်းသမီးသည် အရှင်အာနန္ဒာအလောင်းဖြစ်သည်။)*

ရုစာမင်းသမီးက ဘယ်လိုပင်လျှောက်ထားသော်လည်း အင်္ဂတိမင်းကြီးမှာ သူ့အယူဝါဒကို မစွန့်တော့ပေ။ ထိုအခါ ရုစာမင်းသမီးက နတ်ဗြဟ္မာများကိုတိုင်တည်၍ တောင်းပန်သောကြောင့် ဘုရားအလောင်း နာဒဗြဟ္မာမင်းက ရသေ့အသွင်ယူကာ ငရဲကိုပြ၍ ဆုံးမသောအခါကျမှ မိစ္ဆာအယူကို စွန့်သွားပါတော့သည်။ ဆိုခဲ့ပြီးသည်များကို အကျဉ်းချုပ်၍ ပြန်လည်တင်ပြရလျှင် ဝါဒအယူမှားတစ်ခုသို့ မရောက်စေရန်အတွက် -

(က) ယုံကြည်သောသဒ္ဓါနှင့် တွေးခေါ်မြော်မြင်သော ပညာကို အညီအမျှဖြစ်အောင် ကြိုးစားရမည်။

(ခ) ကာလာမသုတ် ဟောကြားချက်ကို လေ့လာကြရမည်။

(ဂ) ကံအကျိုးပေးပုံ လေးမျိုးကိုလည်း သိထားကြရမည်။

(ဃ) သူယုတ်မာကို ရှောင်၍ ပညာရှိသူတော်ကောင်းကို ရှာဖွေဆည်းကပ်ကြရမည်။

ဤအင်္ဂါလေးချက်ကို ပြည့်စုံအောင် ကြိုးစားကြလျှင် အယူဝါဒမှားကိုရှောင်ကြဉ်၍ အယူဝါဒအမှန်၌ ရပ်တည်နိုင်ကြပေလိမ့်မည်။ မြန်မာပြည်တစ်ပြည်လုံး အမြင့်မြတ်ဆုံး ဗုဒ္ဓဘာသာဝင်တွေသာ များပါလျက် အယူဝါဒမှားသို့ မရောက်စေရန် အဘယ့်ကြောင့် ဤမျှလောက် ခရေစေ့တွင်းကျ ရေးနေရပါသနည်းဟု မေးလာငြားအံ့။ အဖြေကား ဗုဒ္ဓဘာသာဝင်များသည်ကား မှန်ပါ၏။ ထိုကဲ့သို့ များပင်များပါသော်လည်း ဖားနှင့်တူသော ဗုဒ္ဓဘာသာက များပြီး ပျားနှင့်တူသော ဗုဒ္ဓဘာသာက နည်းနေသောကြောင့်ဟု ဖြေရပါလိမ့်မည်။ အကျယ်ရှင်းပါအံ့။

သာယာလှပအေးမြလှသော ရေကန်ကြီးတစ်ကန်တွင် မွှေးကြိုင်စွင့်ကားနေသော ပဒုမ္မာကြာပန်းကြီးတစ်ပွင့် ပွင့်လျက်ရှိပါသည်။ ထိုကြာပန်း၏ ခြေရင်းတွင် ဖားကြီးတစ်ကောင် နေထိုင်သည်။ တစ်နေ့တွင် ကြာပန်း၏ ဝတ်ရည် ရနံ့ကြောင့် အဝေးမှပျားပိတုန်းများ လာရောက်ကာ ကြာပန်းမှ ချိုမြိန်သောဝတ်ရည်များကို စုပ်ယူကြလေသည်။ ဝတ်ရည်၏ ချိုမြိန်သောအရသာကို မခံစားတတ်သော ဖားကြီးကား ပျားများကိုကြည့်ကာ ဒီပျားတွေဟာ ငါနေတဲ့ ရေကန်ကကြာပန်းရဲ့ ဝတ်ရည်ကိုလာပြီး သုံးဆောင်ကြရတယ်။

သူတို့ကိုယ်ပိုင်သုံးဆောင်စရာ ဘာမှမရှိပါလားဟု တွေးတောကာ အခြောက်တိုက် ဘဝင်မြင့်ရင်းဖြင့် သေဆုံးသွားရလေသည်။ ဝတ်ရည်ကို သုံးဆောင်နေသော ပျားပိတုန်းတို့ကလည်း ဖားကြီးကိုကြည့်ကာ ဒီဖားကြီးက ကြာပင်အောက်မှာ နေရပေမယ့် ဝတ်ရည်ရဲ့ ချိုမြိန်တဲ့အရသာကို မသိပါကလားဟု တွေးတောကာ သနားကြလေသည်။ ဆိုခဲ့ပြီးသော ဥပမာအတိုင်းပင် မြန်မာပြည်မှ ဗုဒ္ဓဘာသာဝင်အများစုမှာ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရ တန်ဖိုးကိုသိသူ အင်မတန်နည်းလှသည်။

သို့အတွက်ကြောင့်လည်း တခြားဘာသာသို့ အလွယ်တကူ ကူးပြောင်းကြခြင်းဖြစ်သည်။ ဤနေရာ၌ ပျားနှင့်တူသော နိုင်ငံခြား၊ ဘာသာခြားမှ ဗုဒ္ဓဘာသာဝင်ဖြစ်လာသူတစ်ဦး၏ စကားရပ်ကလေးကို တင်ပြပါဦးမည်။ သူ၏ စကားရပ်ကလေးကို မတင်ပြမီ ဗုဒ္ဓဘာသာဝင်ဖြစ်လာရခြင်း၏ နောက်ကြောင်းအကျဉ်းကို ဦးစွာဖော်ပြပါမည်။

သူ၏အမည်ကား ဆာဗာတိုရေစီအိုဖီ၊ ဇာတိက အီတလီနိုင်ငံ၊ မီလန်မြို့၊ အသက်မွေးဝမ်းကျောင်းပြုနေထိုင်သည်က အမေရိကန်နိုင်ငံ၊ ကိုလံဗီယာတက္ကသိုလ်မှ ဘီအက်စ်စီဘွဲ့ရ ခေတ်ပညာတတ် တစ်ယောက်ပင်။ တစ်နေ့တွင် ခရစ္စမတ် လက်ဆောင်အဖြစ် မိတ်ဆွေတစ်ယောက်က အင်္ဂလိပ်ဘာသာပြန် ဓမ္မပဒစာအုပ်တစ်အုပ်ကို လက်ဆောင်လာပေးသည်။ ထိုဓမ္မပဒကို ဖတ်ရင်းမှ မည်သူမှတရားမဟောရဘဲ အလိုလိုဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ရသည်။ ဗုဒ္ဓ၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော တရားတော်တို့တွင် ဓမ္မပဒသည်ကား နိုင်ငံခြားဘာသာခြားတို့ အနှစ်သက်ဆုံးတရားပါပေ။

ယခင်က ပြဟ္မဏဘာသာဝင်ဖြစ်ခဲ့သော သီရိဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေ ဟောကြားသော ဓမ္မပဒဂါထာတစ်ဂါထာဖြင့် ကမ္ဘာတွင်ထင်ရှားသော သာသနာ့ဒါယကာ ဘုရင်ကြီးတစ်ပါးဖြစ်ခဲ့ရသည်။ ယခင်က အရည်းကြီးများကို ကိုးကွယ်ခဲ့ရသော မြန်မာနိုင်ငံ အနော်ရထာ ဘုရင်ကြီးသည် ရှင်အရဟံဟောကြားသော ဓမ္မပဒ တစ်ဂါထာဖြင့်ပင် ထေရဝါဒဗုဒ္ဓဘာသာအဖြစ်သို့ သက်ဝင်တော်မူခဲ့ပေသည်။

ခရစ်ယာန်ဘာသာဝင်ဖြစ်သော ဆာဗာတိုရေစီအိုဖီသည်လည်း ဓမ္မပဒတရားတော်ဖြင့်ပင် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ရ ပြန်ပါသည်။ ဘာသာခြားများပင် ထိုမျှလောက် ကြည်ညိုလေးစားရသော ဓမ္မပဒတရားတော်ဂါထာ တစ်ပုဒ်ကို စာရှုသူများ ကြည်ညိုသဒ္ဓါပွားနိုင်ရန် တင်ပြအပ်ပါသည်။

မဏိံမိဂေါပဿန္တောပိ၊ တိဏံခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊ ကာမံဘုဉ္စံဝ ဂစ္ဆတိ။

သမင်သည် ပြည်တန်ပတ္တမြားကို တွေ့မြင်သော်လည်း တန်ဖိုးမသိသည့်အတွက် မြက်ကိုသာစားပြီး တောတွင်းဝင်သွားသကဲ့သို့ ပညာမဲ့သောလူမိုက်သည် လူ့ဘဝအခွင့်ကာလကောင်းကို ရနေပါသော်လည်း တန်ဖိုးမသိသည့်အတွက် အာရုံငါးပါး ကာမဂုဏ်တရားကိုခံစားပြီး အပါယ်လေးပါးသို့ သွားသည်။ ဖော်ပြပါ တရားတော်၏ ဓမ္မရသကို အပြည့်အဝခံစားနိုင်ရန် ဆရာတော်ကြီးသုံးပါးက ယခုကဲ့သို့ ကြိုးစားရေးဖွဲ့တော်မူထားကြပါသည်။

" ငါးအာရုံဘင်အစု၊ ခင်မှုနဲ့နေ့ကုန်
နင်ယခုမေ့ပုံလို၊ တွေ့မကြုံစခန်း
ပါယ်လေးဝ သောကဘုံမှာ
မျှောရရုံရှိတော့မခန်း
အောက်ဝီစိသောင်းအငူမှာ
ခေါင်းမပြူစတမ်း
နှစ်အရှည်နစ်မည့်လမ်းကိုလ
နင်မျှော်စမ်း နင့်ကိုယ်
ဒေသနာထင် အလင်းရယ်နှင့်
နင်အဖျင်းပိုထက်သာပို
သည်လောဘစရိုက်အိုကို
မလိုက်လိုရှောင်ပစ်လို့
နောင်အသစ်တကယ်ပြင်လျှင်
ကောင်းဖို့အစဉ်
ခွင့်သာခိုက်မှ မလိုက်ချင်လျှင်
အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား
ခွင့်သာဆဲကမှ မခဲချင်လျှင်
အလွဲနင့်ပြင် ရှိသေးလေလိမ့်လား
ခွင့်သာတုန်းမှာ မရုန်းချင်လျှင်
အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား "

*(လယ်တီဆရာတော်)*

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟု ဆိုအပ်သော အာရုံငါးပါး မစင်အညစ်အကြေးများကို သုံးဆောင်ခံစားလျက် မေ့လျော့နေလျှင် အပါယ်လေးဘုံတွင် မျောရလိမ့်မည်။ မိုက်မဲသော ဘဝရောက်၍ ပဉ္စနန္တရိယကံ ငါးပါးတစ်ပါးပါးကို ကျူးလွန်မိလျှင် အဝီစိငရဲမှာ ခေါင်းမပြူနိုင်အောင် ခံရမည်ကို မျှော်မှန်းကြည့်ရမည်။ အပါယ်လွတ်ကြောင်း မဂ်ဖိုလ်ဒေသနာ ကောင်းများရှိပါလျက် နင်ဖျင်း အ, နေသောကြောင့်သာ အားမထုတ်ခြင်းဖြစ်သည်။

ဘဝကို တပ်မက်သောတဏှာလောဘကို ဝိပဿနာမဂ်ဉာဏ်ဖြင့် ပယ်သတ်ရန် ပြင်ဆင်သင့်ပြီ။ ထိုသို့မှ မကြိုးစားလျှင် သင်သည်အမိုက်ဆုံး၊ အလွဲဆုံး၊ အရှုံးဆုံး ဖြစ်လိမ့်မည်ဟု ဆိုလိုပါသည်။

“ ကျီးနက်မိုက်ခေါင်၊ ဆင်သေကောင်ထက်၊ သောင်ကိုမလှမ်း၊
ကမ်းကိုမသက်၊ အပုပ်မက်၍၊ စီးလျက်စားကာ၊ လိုက်လေပါက၊
သမုဒ္ဒရာရောက်ဆိုက်၊ လှိုင်းဝဲရိုက်၍၊ ရေ၌မွန်းနစ်၊ ငါးစာဖြစ်သို့၊
စင်စစ်မှတ်ဆောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်ဝဋ်ထဲ၊ သေအောင်စွဲ၍
အမြဲနေပြား၊ သားမယားနှင့်၊ ခံစားကာမ၊လူထိုမျှကို၊
ကာကပညာ၊ ကျီးပမာဟု၊မဟာဝိသုဒ်၊ မြတ်သမ္ဗုဒ်တို့၊ ရွှေနှုတ်လှစ်ချွေ၊ ဟောခဲ့ပေ၏။ ”

*(မန်လည်ဆရာတော်)*

အပုပ်မက်သော ကျီးတစ်ကောင်သည် ဆင်သေကောင်ထက်သို့တက်ကာ အစားအစာအတွက် တစ်သက်လုံးပူစရာ မလိုတော့ ဟူသောအတွေးဖြင့် မြစ်အတွင်းမျောပါလိုက်သွားခဲ့သည်။ သောင်တို့ကမ်းတို့ကို မြင်နေရသေးသော်လည်း လှမ်းတက်ပြီးနေရစ်ဖို့ မကြိုးစားခဲ့။ သမုဒ္ဒရာအတွင်း ရောက်သောအခါ လှိုင်းရိုက်၊ ဝဲစုပ်၍ ဆင်သေကောင်နှင့်အတူ ပျက်စီးဆုံးရှုံးရသော ကျီးမိုက်ကဲ့သို့ မိုက်မဲသောသူများသည်လည်း သားမယား အိမ်ထောင်ဝဋ်ထဲက ရုန်းမထွက်နိုင်ဘဲ ကာမဂုဏ်ခံစားရင်း တစ်ဘဝဆုံးရသူများကို ကျီးမိုက်နှင့်တူကြောင်း ဘုရားဟောထားသည်ဟု အမိပ္ပါယ်ရပါသည်။

“ ခရီးကရှည်၊ အရှူးတွေ
စားရေးကသိုး၊ အဖော်ကဆိုးသနဲ့
အမျိုးမျိုး ကာမဂုဏ်၊
အာရုံတွေအလွန် နှောက်တာကြောင့်
အပါယ်ဘုံ အခါခါရောက်သော်လည်း
လွတ်မြောက်ဖို့ဝေး ”

*(အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်)*

ပုထုဇဉ်များ၏ သွားရမည့်သံသရာခရီးကား ရှည်လျားလှသည်။ လူ့ဘဝက မဖြစ်စလောက် အားထုတ်ခဲ့သော လောကီကုသိုလ်ကံများကလည်း ခဏသုံးစားရုံနှင့် ကုန်သွားနိုင်သည်။ (သိုးသည်ဟု တင်စားထားသည်) အနီးကပ်အဖော်ကလည်း လောဘ၊ ဒေါသ၊ မောဟ ဦးစီးသော ကိလေသာဆိုးများ၊ ရူပါရုံစသော အာရုံများက ပုထုဇဉ်ဘဝဖြစ်တိုင်း လိုက်၍နှောက်ယှက်နေသောကြောင့် အပါယ်ဘုံရောက်သော်လည်း လွတ်မြောက်ဖို့ဝေးသည်ဟု ဆိုလိုပါသည်။

ဤကဲ့သို့ အနှစ်သာရပြည့်ဝလှသော ဓမ္မပဒကျမ်းစာဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာသော ဆာဗာတိုရေစီ အိုဖီသည် အသက်ထက်ဆုံး ဗုဒ္ဓဘာသာ ရဟန်းတော်အဖြစ်ကို ခံယူလိုက်ပါသည်။ မြန်မာနိုင်ငံကို အမြဲနေရာဌာန အဖြစ်ထားကာ ကမ္ဘာကို သုံးပတ်,ပတ်မိသည်အထိ ကြိုးစားပမ်းစား သာသနာပြုတော်မူခဲ့ပါသည်။ ထိုကဲ့သို့ ကမ္ဘာကို သုံးပတ် ပတ်မိသည်အထိ သာသနာပြုခြင်းမှာ ဘာသာခြားအဖြစ်နှင့် ကွယ်လွန်ခဲ့သော မိဘနှစ်ပါးသည် ဖြစ်ရာဘဝ၊ ဖြစ်ရာဒေသမှ သူ့တရားကိုနာယူကာ ဗုဒ္ဓဘာသာဖြစ်စေချင်သောကြောင့် ဟူပါ၏။ မိဘကျေးဇူး အထူးသိတတ်သော အတိဇာတ- သားထူးသားမြတ်တစ်ယောက်ပါပေ။

## အသက်ထက်ဗုဒ္ဓဘာသာကို မြတ်နိုးသူ

တစ်ခါကလည်း ဝမ်းဗိုက်မှာဖြစ်ရသော ရောဂါတစ်ခုကြောင့် ခွဲစိတ်ကုသရန် အီတလီသို့ခေတ္တပြန်ကြွ ရသည်။ ရောဂါပျောက်၍ ပြန်မည်ပြုသောအခါ ဘာသာခြားဖြစ်သော ဦးလေးနှင့်ဆွေမျိုးတစ်စုက သူတို့ဘာသာကို စွန့်ပစ်သည့်အပြင် တခြားဘာသာ၏ ရဟန်းအဖြစ်သို့ပင် တက်ရောက်ခြင်းကို မကျေနပ်သဖြင့် ဗုဒ္ဓဘာသာနိုင်ငံများသို့ ပြန်သွားခွင့်မပြုနိုင် အီတလီမှာပင် နေရမည်ဟု အကျပ်ကိုင်ကြလေသည်။ ထိုအခါ ဦးလောကနာထ တစ်ဖြစ်လဲ အီတလီဘုန်းကြီးလေးက ဗုဒ္ဓဘာသာ ရဟန်းအဖြစ်နှင့် သာသနာမပြုရလျှင် သေခြင်းကမှမြတ်သေးသည်ဟု အဓိဋ္ဌာန် ပြုကာ အစားအစာများ လုံးလုံးမစားတော့ခြင်းဖြင့် ဆွေမျိုးများကို အနုနည်းဖြင့် တုန့်ပြန်လိုက်ပါသည်။

လေးငါးရက်ရှိ၍ လူလည်းမျော့မျော့ ကျန်သောအခါကျမှ ဆွေမျိုးများလည်း အလျော့ပေးပြီး ပြန်ခွင့် ပေးရပါတော့ သည်။ ထိုသို့ ပြန်ခွင့်ပေးသော်လည်း လမ်းစရိတ်မပေးသဖြင့် အီတလီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ယူဂိုစလားဗီးယား၊ ဘူလ်ဂေးရီးယား၊ တူရကီ၊ ဆီးရီးယား၊ ပါလက်စတိုင်း၊ အိန္ဒိယ ဟူသော နိုင်ငံဆယ်နိုင်ငံကို ရှစ်လ ကျော်ကြာ ခြေလျင်ဖြတ်သန်း၍ မြန်မာနိုင်ငံသို့အရောက် ပြန်လာခဲ့ပါသည်။ ဓုတင် ၁၃ ပါးကိုလည်း အမြဲဆောင်ကာ ဘယ်သောအခါမှ ဖိနပ်မစီး၊ ထီးမဆောင်းပါပေ။

အသားငါးကိုလည်း အသက်ထက်ဆုံးရှောင်ကြဉ်၍ သဗ္ဗတ္ထကမ္မဋ္ဌာန်းခေါ် မေတ္တာဘာဝနာကို အထူး တလည် ပွားများတော်မူပါသည်။ ဆရာတော်၏ မေတ္တာဦးစီးသော အဆုံးအမကြောင့် ဗုဒ္ဓဘာသာ ဖြစ်ခဲ့ကြရသော ဘာသာခြားများမှာ မနည်းလှပေ။ ဆရာတော် ဦးလောကနာထ၏ အကျင့်အကြံ စိတ်နေစိတ်ထားကို မှန်းဆကြည်ညို နိုင်ရန် ဆရာပါရဂူ၏ မဟာခရီးသည်စာအုပ်မှ တရုတ်ဘုန်းတော်ကြီးယိကျင်၏ ဓမ္မကဗျာလေးကို ဖော်ပြလိုက်ပါသည်။ ပရဟိတသမား၏စိတ်ထားဟူ၍ စာရေးသူအလိုကျ အမည်ပေးလိုက်ပါရစေ။

## ပရဟိတသမား၏စိတ်ထား

လူ၏ဘဝ၌ အစာနှင့်အဝတ်အထည်သည် အရေးအကြီးဆုံးသော အရာဖြစ်နေသည်။ ယင်းနှစ်မျိုးသည် လူတွင် နှောင်ကြိုးဖြစ်သည်။ လူကို သံသရာနှင့်ချည်နှောင်ထားသည်။ မွန်မြတ်သော တရားအဆုံးအမကို လိုက်နာလျှင် သင့်ထံ ငြိမ်းချမ်းမှု၊ လွတ်ငြိမ်းမှု ရောက်လာလိမ့်မည်။ ရွှံ့နွံထဲ၌ပင် ကြည်လင်သန့်စင်နေသည့် ရတနာကဲ့သို့ပင် အစဉ်သန့်စင်နေပါ။ ကြာရွက်ပေါ်တွင် တင်နေသည့် နှင်းပေါက်ကဲ့သို့ ကြည်လင်နေပါ။ သင်၏ ခန္ဓာကိုယ်လုံလျှင် အဝတ်သည် လုံလောက်ပါပြီ။ သင်တော်ပြီး မသေလျှင် အစားအစာသည် လုံလောက်ပါပြီ။ လွတ်ငြိမ်းမှု (မောက္ခ) ကို သာရှာပါ။ လူကို မရှာပါနှင့်၊ နတ်ကိုမရှာပါနှင့်၊ ဓုတင်အကျင့်ကို ကျင့်ပါ။ သက်ရှိသတ္တဝါများကို ကာကွယ်စောင့် ရှောက်ရင်း သင်၏နှစ်များကို ကုန်ဆုံးပါ။

*(တရုတ်ဘုန်းတော်ကြီး ယိကျင်)*

ဗုဒ္ဓဘာသာအဖြစ်ကို အသက်ထက် တန်ဖိုးထားခဲ့သော အီတလီဘုန်းတော်ကြီး ဦးလောကနာထသည် ဗုဒ္ဓသာသနာ ကမ္ဘာအနှံ့ပြန့်အောင် မနားမနေသာသနာပြုရင်း ပြင်ဦးလွင်မြို့တွင် ပျံလွန်တော်မူခဲ့ပါသည်။ ပျံလွန်တော်မမူမီ တစ်ခုသောရက်က သာသနာရေးဦးစီးဌာန၊ သုတေသနအရာရှိ ဦးဟန်ငွေးအား နိုင်ငံခြား၊ ဘာသာခြားများ ဗုဒ္ဓဘာသာကို တန်ဖိုးထားပုံ၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ ဗုဒ္ဓဘာသာကို တန်ဖိုးထားမှုနည်းပုံနှင့်ပက်သက်၍ ရင်ဖွင့်ပြသွားသော ဩဝါဒစကားလေးမှာ မြန်မာဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သဖြင့် ဖော်ပြရင်း ဗုဒ္ဓဘာသာ၏တန်ဖိုးကို ပြဆိုသော အခန်းကို နိဂုံးချုပ်လိုက်ရပါသည်။

## တန်ဖိုးထားမှုကွဲပြားပုံ

ဒါယကာကြီး၊ ရှင်ဘုရင်ရဲ့သားဟာ ခမည်းတော်နတ်ရွာစံပြီး အလိုလို ဘုရင့်အရိုက်အရာကို ရရှိလာတော့ ဘုရင်ဖြစ်ရတဲ့ တန်ဖိုးကိုလည်းမသိဘူး။ ဒီလိုပဲ ဒါယကာကြီး၊ မွေးကတည်းက ဗုဒ္ဓဘာသာဖြစ်လာတဲ့သူတွေဟာလည်း ရတနာသုံးပါးရဲ့ တန်ဖိုး၊ သိက္ခာသုံးရပ်ရဲ့ တန်ဖိုးနဲ့အစွမ်းသတ္တိတွေကို နားမလည်ကြဘူး။

ဆင်းရဲသားက ရှင်ဘုရင်ဖြစ်သွားတဲ့လူကျတော့ ဘုရင့်တန်ဖိုး ပိုသိတာပေါ့။ ဘဝမှာ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာစတဲ့ စိုက်ထုတ်ခဲ့ရတဲ့ တန်ဖိုးတွေ ဘယ်လောက်ကြီးမားတယ်ဆိုတာ ကိုယ်တိုင်သိမြင်ခဲ့ရတဲ့ အခါကျတော့ မိုက်စရာရှိတောင် မမိုက်ချင်တော့ဘူး။ အနစ်နာခံခဲ့ရတာတွေ၊ ဆုံးရှုံးခဲ့ရတာတွေ၊ စွန့်လွှတ်ခဲ့ရတာတွေ ဘယ်လောက်များတယ်ဆိုတာ သူပဲသိတယ်။

ဒီတော့ ရတနာသုံးပါးကို ကြည်ညိုရတိုင်း ပီတိဖြစ်တာပေါ့။ ဒီလိုပဲ ဒါယကာကြီး တခြားဘာသာအယူ ဝါဒကနေ ထေရဝါဒဗုဒ္ဓဘာသာဝင်အဖြစ်ကို ကူးပြောင်းရောက်ရှိလာသူတိုင်းဟာ ဆင်းရဲသားက သန်းကြွယ်သူဌေးဖြစ်တဲ့လူလိုပဲ ခံစားရတယ်။

*(အီတလီ ဘုန်းတော်ကြီး ဦးလောကနာထ)*

**အခန်း (၂) ပြီး၏**

××××××

# အခန်း (၃)

# ဘဝအနှစ်သာရနှင့် ဘာသာအနှစ်သာရ

လူ့ဘဝတန်ဖိုးနှင့် ဗုဒ္ဓဘာသာတန်ဖိုးကို သိပြီးနောက် ထိုရခဲသောလူ့ဘဝကို ရရှိနေချိန်အတွင်း ဘဝအနှစ်သာရကို ထုတ်ယူတတ်ရန်ပင်ဖြစ်သည်။ ဘဝ၏အနှစ်သာရဟူသည် ကုသိုလ်တရားပင်ဖြစ်၏။ ပုထုဇဉ်၏ စိတ်သည် အိပ်ပျော်နေသော အချိန်မှတစ်ပါး ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ် ဤနှစ်မျိုးတွင် တစ်မျိုးမျိုးက အမြဲတမ်း ဖြစ်နေရသည်။ ကုသိုလ်စိတ်များများ ဖြစ်ခြင်းသည် ဘဝအနှစ်များများ ရခြင်းပင်ဖြစ်၏။ သနပ်ခါးပင်သည် နှစ်ကြာလေ အနှစ်များပြီးအဖိုးတန်လေ ဖြစ်သကဲ့သို့ပင် မိမိဘဝကိုလည်း ထို့အတူဖြစ်အောင် ကြိုးစားရမည်။

ဘဝ၏ အနှစ်သာရများကို ဖော်ပြရင်းပင် ထေရဝါဒဗုဒ္ဓဘာသာ၏ ဖော်ဆောင်ချက်၊ အခြေခံအချက်အလက်များ တစ်ဆက်တည်းပါဝင်သွားပါလိမ့်မည်။ ဘဝ၏ အနှစ်သာရသုံးပါးကို -

### ဘဝ၏အနှစ်သာရသုံးပါး

"  စည်းစိမ်ဥစ္စာ အနှစ်ရှာပြုပါ ဒါနမှတ်
မိမိခန္ဓာ အနှစ်ရှာ၊ စောင့်ပါသီလမှတ်
အသက်ဇီဝါ၊ အနှစ်ရှာ၊ ဘာဝနာဟုမှတ်
လှူပါ၊ စောင့်ပါ၊ ပွားများပါ၊ သုံးဖြာအနှစ်မှတ် "

ဟူသော လင်္ကာလေးအတိုင်း မှတ်သားရပါမည်။ ထိုသုံးပါးတို့တွင် စည်းစိမ်၏အနှစ်သာရကား ဒါနပြုခြင်းဖြစ်သည်။ တချို့က ဒါနကို သံသရာရှည်စေတတ်သောတရားဟု ပြောတတ်ကြ၏။ ဒါနကား သံသရာမရှည်၊ ဘဝကို တပ်မက်သော တဏှာသည်သာလျှင် သံသရာကိုရှည်စေတတ်ပါ၏။ ဒါနသည် လောဘတဏှာကို ပါးသထက်ပါးစေသော အစွမ်းသတ္တိရှိ၏။ ငွေတစ်ထောင်ကို ပေးလှူလိုက်သော အလှူရှင်သည် ထိုငွေတစ်ထောင်အပေါ် တွယ်တာတပ်မက်သော လောဘတဏှာကို ပယ်သတ်နိုင်သောကြောင့်ဖြစ်၏။

လူတစ်ဖက်ခန့်ရှိသော သစ်ပင်ကြီးတစ်ပင်ကိုဖြတ်ကြရာ၌ အဆင့်မြင့်သော စက်လွှနှင့်ဖြတ်လျှင် မြန်မြန်ပြတ်၏။ စက်လွှမပြောနှင့် ဝမန်းစွယ်လွှတောင် မဝယ်နိုင်သော တောသူတောင်သားများကား ရဲဒင်းဖြင့်သာလျှင် ဖြည်းဖြည်းချင်းဖြတ်ကြရ၏။ စက်လွှသမားရော၊ ရဲဒင်းသမားရော သစ်ပင်ကိုပြတ်အောင် ဖြတ်ကြတာချင်း အတူတူပင်ဖြစ်သည်။ လက်နက်၏ စွမ်းရည်အလိုက် အနှေးနှင့်အမြန်ကား ကွာခြားပေလိမ့်မည်။ ထို့အတူ တဏှာလောဘခေါ် သမုဒယသစ္စာကို ပယ်သတ်ကြရာ၌ ရဲဒင်းနှင့်တူသောဒါနဖြင့် ပယ်သတ်သူလည်းရှိသည်။

စက်လွှနှင့်တူသော မဂ်တရားဖြင့်ပယ်သတ်သူလည်း ရှိသည်။ ဒါနဖြင့်လောဘကို ပယ်သတ်နေသူကို မဂ်တရားဖြင့် မပယ်သတ်ရကောင်းလားဟု အပြစ်တင်ဖွယ်မလိုပေ။ အပြစ်ရှိသူကိုသာလျှင် အပြစ်တင်ရသည်။ ကဲ့ရဲ့ရသည်။ ပြစ်တင်ကဲ့ရဲ့လျှင်ပင် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာရှိတဲ့ မစ္ဆရိယတရားဟာ အင်မတန်စက်ဆုပ်ဖို့ကောင်းတယ် စသောအားဖြင့် ဓမ္မဓိဋ္ဌာန်ဖြင့် ကဲ့ရဲ့ရှုတ်ချရသည်။ ဒီပုဂ္ဂိုလ်ဟာ နှမြောတယ်စသောအားဖြင့် ပုဂ္ဂလဓိဋ္ဌာန် မပြောကောင်းပေ။ ချီးမွမ်းစရာဆိုလျှင်လည်း ထို့အတူသာလျှင် ပြောဆိုချီးမွမ်းရမည်။

ပြစ်တင်ကဲ့ရဲ့စရာမဟုတ်ဘဲ ပြစ်တင်ကဲ့ရဲ့ခဲ့လျှင် ပရဝမ္ဘနသဘောပါသွားပေပြီ။ ပရဝမ္ဘန သဘောဖြင့်ပြောဆိုမိလျှင် မိမိကိုယ်ကိုချီးမြှောက်သော အတ္တုက္ကံသနသဘောသို့ ချဉ်းကပ်ပြီးဖြစ်နေတတ်သည်။ ထို့ကြောင့် ပညာရှိ

သူတော်ကောင်းမှန်သမျှ တရားဟောရာအခါ၊ စာရေးရာအခါတို့၌ အတ္တကြကံသန၊ ပရဝမ္မနသံသရာရှည်သည်ဟု ပြောခဲ့သူများကိုရည်စူး၍ လယ်တီဆရာတော်ကြီးက -

အချို့သောသူတို့ကား ဒါနကုသိုလ်သည် မဂ်ဖိုလ်သို့မဆောင်နိုင် သံသရာရှည်ဖို့ဖြစ်၏။ အကြောင်းမူကား ဒါနမည်သည် စေတနာတရားပေတည်း။ ထိုစေတနာတရားသည် မဂ္ဂင်ရှစ်ပါးတို့တွင် တစ်စုံတစ်ရာသောမဂ္ဂင်၌ မပါဝင် (မဂ်မျိုးဖိုလ်မျိုး) မဟုတ်ဟုဆိုကြ၏။ မိုက်လေစွ၊ မှားလေစွ။ အဘယ့်ကြောင့်ဆိုသော် ထိုဒါနစေတနာမှာ နိဗ္ဗိဒါဉာဏ်သည် ဦးစီးလျက်ရှိ၏။ ထိုဉာဏ်သည် မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိဟူသော ဦးတည်မဂ္ဂင်ကြီးမျိုးဖြစ်၏။

ထိုစေတနာနှင့်ယှဉ်သော သက်ပ္ပတရား၊ ဝီရိယတရား၊ သတိတရား၊ သမာဓိတရားများသည် မဂ္ဂင်ရှစ်ပါးတွင် သမ္မာဝါယမ၊ သမ္မာသက်ပ္ပ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင်တရားမျိုးဖြစ်၏ ဟူ၍ရေးသားသတိပေးတော်မူခဲ့ပါသည်။ ဤနေရာ၌ အလှူရှင်တိုင်း အရေးတကြီးသိသင့်သော ကြောင်ပန်းဆရာတော်ကြီး၏ ဩဝါဒစကားလေးတစ်ခုကို ဖော်ပြပါမည်။ ၄င်းဩဝါဒစကားလေးမှာ -

ရေနေတစ်တောင်ရှိသော ရေတွင်းမှရေကို ခပ်ယူပြီးသုံးစွဲသော်လည်း တစ်တောင်ပြည့်အောင် ရေပြန်ထွက်မြဲဖြစ်၏။ ကုန်မည်စိုး၍ မခပ်ယူမသုံးစွဲလျှင်လည်း ရေတစ်တောင်သာရှိ၏ဟူ၍ဖြစ်၏။ မှန်ပေသည်။ ဥစ္စာရှင်များ အနေဖြင့် လှူလိုက်လျှင် အထူးတလည်လျော့မသွားပေ။ အဘယ့်ကြောင့်နည်း။ ဘယ်ဘက်ကတစ်ဆုပ်ကြဲလို့ ညာဘက်က တစ်လှည်းဝင် ဟူသောစကားအတိုင်း ရတနာသုံးပါးကျေးဇူးကြောင့် တစ်နည်းမဟုတ်၊ တစ်နည်းဖြင့် ဥစ္စာပစ္စည်းများ ပြန်ဝင်လာသည်ကို မြင်တွေ့နေရသောကြောင့်ပါတည်း။

## လှူ၍ချမ်းသာလာသောသူဌေးများ

မန္တလေးမြို့အနောက်ပြင်တွင် မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်ဟူ၍ ပါဠိတက္ကသိုလ် စာသင်တိုက်ကြီး နှစ်တိုက်ရှိသည်။ ယခုရေးသားမည်မှာ တိုက်ဟောင်းအကြောင်းဖြစ်သည်။ ထိုမစိုးရိမ်တိုက်ကြီးသည် လေးဧကကျယ်ဝန်း၍ ခုနစ်ပေအမြင့် အုတ်တံတိုင်းကြီးကို လေးဘက်လေးတန်ခတ်ထားသည်။ အလယ်မြေကွက်တည့်တည့်တွင် ၁၄၆-၁၄၂ ပေ ရှိသော လှေကားနှစ်စင်းတပ် နှစ်ထပ်တိုက်ကြီးကို အတွင်းမျက်နှာကျက်များ၊ တိုင်များ၊ ခန်းဆီးလိုက်ကာများအားလုံးကို မှန်စီရွှေချဆောက်လုပ်ထားသည်။

တိုက်ကြီးခေါင်းရင်းတွင် တစ်ရပ်ကွက်လုံးကြားနိုင်သော နာရီစင်မြင့်ကြီး၊ အလယ်တိုက်ကြီး ပတ်ပတ်လည်တွင် နှစ်ထပ်တိုက်ကိုးလုံး၊ တစ်ထပ်တိုက်ခြောက်လုံးတို့ကိုလည်း အားလုံးမှန်စီရွှေပိန်းချ ဆောက်လုပ်ထားသည်။ ဆန်တစ်တင်းသုံးကျပ် (၁၂၆၉) ခေတ်လောက်က ဆောက်လုပ်တာပင်လျှင် သိန်းနှစ်ဆယ်ခန့်ကုန်ကျရာ ယခုခေတ်အနေဖြင့် မည်မျှလောက် တန်ဖိုးရှိမည်ကို ခန့်မှန်းကြည့်နိုင်ပေသည်။

ပြဆိုခဲ့သော ကျောင်းဝိုင်းနှင့်တိုက်အားလုံး၏အလှူရှင်မှာ တစ်ဦးတည်းဟုဆိုလျှင် ယခုခေတ်လူများက ယုံတမ်းစကားလားဟု မေးလျှင်မေးပေလိမ့်မည်။ တကယ့်လက်တွေ့ဖြစ်ကြောင်း အနည်းငယ်ရှင်းပြပါမည်။ ၄င်းကျောင်းတိုက်ကြီး၏အလှူရှင်ကား မန္တလေးခရိုင်၊ မြစ်ငယ်မြို့နယ် ဥယျာဉ်တော်ရွာသား ဦးသက်ရှည်ပင် ဖြစ်ပါသည်။

မြစ်ငယ်မှ မန္တလေးသို့ နေ့စဉ်လာရောက်ကာ ဖက်ရွက်၊ ဟင်းသီးဟင်းရွက်များကို ပုခုံးထမ်း၍ရောင်းချရသည်။ တစ်နေ့လုံးရောင်းပါမှ ရသည့်လုပ်အားခက ငါးပြားမှခြောက်ပြားခန့်သာ ရှိသည်။ သားမောင်ကျော် အဖော်ရလာသောအခါ သားအဖနှစ်ယောက်ရောင်းကြပြီး တစ်ပြားပေးရသော မုန့်ပြားကြီး (မုန့်ပျားသလက်) ကို သားအဖနှစ်ယောက် တစ်ယောက်တစ်ဝက်စီခွဲစားကာ လမ်းဘေးရေအိုးစင်မှ ရေကိုအဝသောက်ပြီး နံနက်စာ၊ ညစာပြီးကြရသည်။ နောက်ကုန်စိမ်းပွဲရုံတစ်ခုတွင် တောက်တိုမယ်ရ အထမ်းအပိုးအလုပ်တစ်ခုကို သားအဖနှစ်ယောက်လုပ်ကြရသည်။

လူဆင်းရဲသော်လည်း ငယ်ဆရာအဘိဓမ္မာအကျော် မြို့ပြင်ကြီးဆရာတော်ကြီး၏ကျေးဇူးကြောင့် သူတော်ကောင်းစိတ်ကတော့ ချမ်းသာသည်။ သူ့ကျေးဇူးကို သိသည်။ တာဝန်ကျေသည်။ ဇွဲလုံ့လ စည်းကမ်းရှိသည်။ ပွဲရုံ၌ ထင်းခွဲရေခပ်ကအစ ကိုယ့်အသိနှင့်ကိုယ် လုပ်သည်။ ကိုယ်နှင့်မဆိုင်ဟု သဘောထားပြီး ဘယ်တော့မှမနေ။ အထက်တန်းစားစိတ် ဟုခေါ်သည်။ အထက်တန်းစားစိတ်ဓာတ်ရှိသူမှာ အထက်တန်းစားဖြစ်ရပြီး အောက်တန်းစား စိတ်ရှိသောသူသည်လည်း အောက်တန်းစားသာ ဖြစ်ရသည်။

## အထက်တန်းစားစိတ်နှင့် အောက်တန်းစားစိတ်

ထိုစိတ်ထားနှစ်ခုနှင့်စပ်၍ မှတ်သားဖွယ်ကောင်းသော နယ်ပိုင်နှစ်ယောက်၏ ကိုယ်တွေ့ဖြစ်ရပ်ကို တောင်တန်းဆရာတော်ကြီး၏ ကိုယ်တွေ့မှတ်တမ်း ဆောင်းပါးတစ်ပုဒ်တွင် မှတ်သားလိုက်ရသည်။ ပထမနယ်ပိုင်မှာ အောက်တန်းစားစိတ်ရှိသဖြင့် အလုပ်ကိုလည်းဝတ်ကျေတန်းကျေသာ လုပ်သည်။ တာဝန်ပြီးဆုံး၍ နယ်တစ်ခုသို့ ပြောင်းရွှေ့ရတော့မည်ဟု သိရသည်ဆိုသည်နှင့် အိမ်ဝိုင်းအတွင်းမှာ စိုက်ထားသော သီးပင်စားပင်များကို အကုန် ဖျက်ဆီးပစ်သည်။ စာရင်းအင်းများကိုလည်း တစ်ခုမှ မကိုင်တော့ဘဲ နောက်လူဒုက္ခရောက်အောင် အပုံလိုက်ထားပစ် ခဲ့သည်။

နောက်ရောက်လာသော နယ်ပိုင်ကား အထက်တန်းစားစိတ်ရှိသည်။ အလုပ်ကိုလည်း ကောင်းသထက် ကောင်းအောင် ကြိုးစားသည့်အပြင် မိမိတာဝန်ပြီးဆုံး၍ နယ်ပြောင်းရတော့မည်ဆိုသည်နှင့် နောက်ရောက်လာမည့် ပုဂ္ဂိုလ် မပင်ပန်းအောင် စာရင်းအင်းများကို ပြတ်အောင်လုပ်ထားလိုက်သည်။ စားပင်သီးပင်များကိုလည်း တိုးချဲ့ စိုက်ပျိုးကာ နေထိုင်သောတိုက်ကိုပင် ဆေးအလှများ သုတ်ပေးခဲ့သေးသည်။

၎င်းပုဂ္ဂိုလ်နှစ်ဦး၏ အနာဂတ်ဖြစ်ရပ်များကိုလည်း ဆရာတော်ကြီးက ဆက်လက်စုံစမ်းလေ့လာရာ အောက်တန်းစားစိတ်ရှိသော ပထမနယ်ပိုင်မှာ ရာထူးကျကာဆင်းဆင်းရဲရဲ သေဆုံးသွားရကြောင်းသိရပြီး၊ အထက် တန်းစားစိတ်ရှိသော ဒုတိယနယ်ပိုင်မှာ တဆင့်ပြီးတဆင့် ရာထူးတက်ကာ ဝန်ကြီးတစ်နေရာထိ ရရှိသွားကြောင်း မှတ်သားရပါသည်။ ဤနေရာ၌ သူတစ်ပါးချမ်းသာစေလိုသောစိတ်ကိုသာ ရအောင်မွေးပါ။ မိမိတစ်ကယ်ချမ်းသာ လာပါလိမ့်မယ်ဟူသော မော်လမြိုင်မြို့နယ်၊ ကောလှရွာ ကျောင်းဆရာတော်၏ ဩဝါဒလေးမှာလည်း တစ်သက်စာ မှတ်သားဖို့ ကောင်းလှပါသည်။

ထိုသို့ အထက်တန်းစားစိတ်ဖြင့် ကြိုးစားရှာဖွေနေရင်းမှ ကျေးဇူးသိတတ်သော ဦးသက်ရှည်တို့ သားအဖကို ပွဲရုံပိုင်ရှင်ကိုယ်တိုင်ကပင် မောင်သက်ရှည်တို့သားအဖ၏ စုငွေကိုထပ်ဆောင်း၍ ပွဲရုံတစ်ခုထောင်ပေး လိုက်ပါသည်။ ဘုရားဝတ်တက်ဝတ်ကပ်နှင့် ငါးပါးသီလဟူသော အဖွတ္တအား၊ ထထကြွကြွရှာဖွေသော ဉဋ္ဌာနသမ္ပဒါ၊ မကုန်သင့်တာမကုန်အောင် စောင့်ရှောက်သော အာရက္ခသမ္ပဒါ၊ အဝင်အထွက်မျှတအောင်သုံးစွဲသော သမဇီဝိတ သမ္ပဒါ၊ မိတ်ကောင်းဆွေကောင်းရှိခြင်း ဟူသော ကလျာဏမိတ္တ သမ္ပဒါစသော ဗဟိဒ္ဓအားနှစ်မျိုးတို့ဖြင့် ကြိုးစား ရှာဖွေကြရာ နှစ်အနည်းငယ်အတွင်း ငွေအတော်စုမိကြလေသည်။

" ငါ့သား၊ တို့မှာ ဘဝသံသရာက အလှူဒါနနည်းခဲ့လို့ ဆင်းရဲမွဲတေခဲ့ရတယ်။ မရှိလို့မလှူ၊ မလှူလို့ မရှိ။ တို့ကျောင်းဆောက်လှူရအောင် ငွေကိုကြည့်သုံး ဒီဘဝတို့လုပ်ရတာ သာသနာအတွက်ပဲ " ဟု သားဖြစ်သူအား ပြောဆိုဆုံးမပြီး စုဆောင်းကြရာ ကျောင်းဆောက်လှူနိုင်သည်အထိ ပြည့်စုံလာကြလေသည်။ မြစ်ငယ်ရှိ ကျေးဇူးရှင် ငယ်ဆရာအား ကျောင်းဆောက် လှူလိုကြောင်းလျှောက်ထားရာ ဆရာတော်က လက်မခံခဲ့ပေ။ အဘယ့်ကြောင့်နည်း။

## အတုယူစရာ ထေရ်ဆရာနှစ်ပါး

ကျေးရွာမှာကျောင်းဆောက်လှူတာထက် စာသင်သားသံဃာ တစ်ထောင်ကျော်ရှိသော မန္တလေးမြို့ ဘုရားကြီးတိုက်တွင် ဆောက်လှူခြင်းက သာသနာအတွက်ပို၍အကျိုးရှိကြောင်း တိုက်တွန်းတော်မူခဲ့ပါသည်။ ရဟန်းတော်များ အတုယူစရာကောင်းပေစွ။ ထိုနည်းတူ မင်းကွန်းတိပိဋကဆရာတော်ကြီးလည်း မင်းကွန်းမှာကျောင်းဆောက်ချင်သော ဗန္ဓုလဦးဆိုင်ကို သာသနာမှာ ပို၍ကျေးဇူးများနိုင်သော မန္တလေးမြို့ ရွှေရေးဆောင်အလယ်တိုက်ကြီးကို ပြင်ဆင် ဆောက်လုပ်စေတော်မူခဲ့ပါသည်။

ပုထုဇဉ်များ နိုင်ဖို့ခဲယဉ်းသောမစ္ဆရိယတရားကို အနိုင်ယူနိုင်ခြင်းပင် ဖြစ်ပါ၏။ နှမြောစေးနှဲခြင်း မစ္ဆရိယ ငါးမျိုးကို ဓမ္မသင်္ဂဏီပါဠိတော်တွင် ဟောကြားတော်မူထားပြီး အဋ္ဌသာလိနီအဋ္ဌကထာဖြင့် အကျယ်ချဲ့ပြတော်မူထားပါသည်။ ၎င်းမစ္ဆရိယ ငါးမျိုးမှာ -

| | | | |
|---|---|---|---|
| ၁။ | အာဝါသမစ္ဆရိယ | - | မိမိကျောင်း၌ မိမိမှတစ်ပါး မည်သည့်ရဟန်းသံဃာကိုမှ မလာစေချင်၊ မနေစေချင်ခြင်း။ |
| ၂။ | ကုလမစ္ဆရိယ | - | မိမိဒါယကာများကို တခြားရဟန်းကောင်းတို့ထံ ဆည်းကပ်မှာကို စိုးရိမ်ခြင်း။ |
| ၃။ | လာဘမစ္ဆရိယ | - | တခြားရဟန်းတော်များကို ပစ္စည်းလေးပါး လာဘ်လာဘ မရစေလိုခြင်း။ |
| ၄။ | ဝဏ္ဏမစ္ဆရိယ | - | သူတစ်ပါး၏ လှပတင့်တယ်ခြင်းနှင့် ဂုဏ်ကျေးဇူးကို မပြောနိုင်၊ မချီးမွမ်းနိုင်ခြင်း။ |
| ၅။ | ဓမ္မစ္ဆရိယ | - | စာပေ ပရိယတ္တိနှင့် တရားအသိအမျိုးမျိုးကို မိမိသိသလို သူတစ်ပါးမသိစေလိုခြင်း တို့ ဖြစ်သည်။ |

ထိုငါးပါးတို့တွင် အာဝါသမစ္ဆရိယကြောင့် သေသောအခါ မိမိစွဲလမ်းသောကျောင်းတွင် ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော်လည်းကောင်း ဖြစ်ရတတ်သည်။ သို့မဟုတ် လောဟကုမ္ဘီငရဲ၌လည်း ကျရတတ်သည်။ ကုလမစ္ဆရိယကြောင့် ယခုဘဝမှာပင် ပွက်ပွက်ဆူသော သွေးများကိုအန်ရတတ်ပြီး ဖြစ်လေရာဘဝတွင် ပစ္စည်းလေးပါး လာဘ်လာဘ ရှားပါးသည်။ ဗုဒ္ဓလက်ထက်တော်က သိဥ္စည်းခေါ် (သဥ္စယဗေလဋ္ဌပုတ္တ) တိတ္ထိဆရာကြီးသည် တပည့် (၂၅၀)တို့သည် ဗုဒ္ဓ၏တပည့်အဖြစ် ခံယူသွားသောကြောင့်လည်းကောင်း၊ နိဂဏ္ဌနာဋ ပုတ္တတိတ္ထိ ဆရာတော်ကြီးသည်လည်း သူ၏ဒါယကာအရင်း ဥပါလိသူကြွယ်က ဗုဒ္ဓ၏အရိယာတပည့်သာဝက ဖြစ်သွားသောကြောင့် သွေးပွက်ပွက် အန်ထွက်ခဲ့ကြဖူးပါသည်။

လာဘမစ္ဆရိယကြောင့် ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော်လည်းကောင်း ဖြစ်ရသည်။ ထိုမှတစ်ပါး ဘင်ပုပ်ငရဲသို့လည်း ကျရောက်တတ်သည်။ ဝဏ္ဏမစ္ဆရိယကြောင့် ဖြစ်ရာဘဝတွင် အဆင်းမလှခြင်း၊ ဆွံ့အခြင်းများဖြစ်တတ်ပါသည်။ ဓမ္မမစ္ဆရိယကြောင့်လည်း ဝဏ္ဏမစ္ဆရိယနည်းတူ ဆိုးကျိုးများကို ခံစားရပါသည်။

ဘဝတက်လမ်းကို ပိတ်ပင်တားမြစ်ခြင်းဟူသော မနာလိုခြင်း ဣဿာနှင့် နှမြောခြင်း မစ္ဆရိယတို့၏ ဆိုးကျိုးများကို တစ်သက်တာ မှတ်မိသိရှိ ရှောင်ကြဉ်နိုင်ရန် အဘိဓမ္မမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီးက

" ဣဿာမစ္ဆေ၊ နှစ်ထွေဟိန၊ ထိုမမွတို့၊ ကျရောက်ကိန်းခို
ယင်းပုဂ္ဂိုလ်ကား၊ ထိုဤကာလ၊ ဘဝစ၌၊ မရကောင်းကျိုး၊
မတိုးဂုဏ်သိန်၊ အရှိန်မဲ့ကင်း၊ ဆင်းရဲတွင်းသို့၊ သက်ဆင်းတတ်ပေ၊
သို့ဖြစ်ထွေကြောင့်၊ အရှည်မျှော်ထောက်၊ ဆင်းရဲကြောက်၍
အောက်အပယ်ဝင်မှု၊ ကင်းလိုလတ်မူ၊ သတ္တုရန်နှစ်၊ ဆိုးအညစ်ကို၊
အရစ်အရံ၊ ပူးမခံပဲ၊ တွန်းလှန်ပယ်ခွင်း၊ ပြုထိုက်လှျင်းသည်၊
အတွင်းရန်သူပါတကား၊ မင်းရန်သူပါ တကား။ "

ဟု သတိပေးရေး စပ်တော်မူခဲ့ပါသည်။ ဤနေရာ၌ ဝဏ္ဏမစ္ဆရိယကို အနိုင်ယူခဲ့ကြသော ပုဂ္ဂိုလ်နှစ်ဦး အကြောင်းကို အကျဉ်းချုပ်တင်ပြချင်ပါသည်။ ပထမတစ်ဦးမှာ ပထမမစိုးရိမ်ဆရာတော်ဘုရားကြီး ဦးသူရိယပင် ဖြစ်ပါသည်။ ထိုခေတ် အချိန်အခါက ဆရာတော်ဘုရားကြီးမှာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း အဆက်ကပ်ခံရသုဓမ္မာသာသနာပိုင် ဆရာတော်လည်းဖြစ်၊ ဆဋ္ဌသင်္ဂါယနာတင်တွင်လည်း ညောင်ရမ်းဆရာတော်ကြီးနေရာတွင် ဆက်လက်တာဝန်ယူခဲ့ရခြင်းစသော သာသနာ့လောကတွင် လေးစားစရာ အကောင်းဆုံးသောဂုဏ်များ စုဝေးတည်နေချိန်ပင် ဖြစ်ပေသည်။

## မုဒိတာ ပွားနိုင်သူများ

၁၃၃၁ ခု၊ ကဆုန်လဆုတ် ၁၀ ရက်နေ့တွင် မဟာစည်ဆရာတော်ဘုရားကြီးအဖြစ် နာမည်ကြီးလာမည့် ဓမ္မာစရိယဆရာတော်လေး ဦးသောဘဏက ဆရာတော်ကြီး၏တိုက်တွန်းချက်ဖြင့် ရေးသားပြီးသော ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကို ညောင်ကန် အရှင်ဣန္ဒကကို ဆက်ကပ်ခိုင်းလိုက်ပါသည်။ အရှင်ဣန္ဒက ဆပ်ကပ်သော ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကြီးကိုကြည့်လျက် မစိုးရိမ်ဆရာတော်ဘုရားကြီးက -

မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်၊ တို့များမမြင်တဲ့ စားမှားပေမှားများကို မြင်အောင်ကြည့်နိုင်တယ်။ အရှင်အနုရုဒ္ဓါတို့ ဋီကာကျော်ဆရာတို့ အခြားကျမ်းပြုဆရာတော်တို့မမြင်တဲ့ အမှားများကိုတောင် မြင်အောင်ကြည့်နိုင်တယ်။ သင်္ဂြိုဟ်ကမ္မဋ္ဌာန်း ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏ၊ ရသ၊ ပစ္စုဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ မဆိုသင့်သေးဘဲ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့သည်။ ဒီကရှေ့ မဟာစည်ဆရာတော်ထက်သာသူကိုမပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့ မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လဲ ဒီဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယပြုစုဖို့ တို့များကတိုက်တွန်းရတယ်ဟု အားရဝမ်းသာ ချီးမွမ်းတော်မူခဲ့ပါသည်။ တချို့က ချီးမွမ်းတာနှင့် မြှောက်ပင့်တာကို ရောထွေးနေတတ်သည်။ အရှိကိုအရှိအတိုင်း ဘာမှမျှော်ကိုးခြင်းမရှိဘဲ ရိုးရိုးသားသား မုဒိတာတရားဖြင့် ပြောဆိုခြင်းကို ချီးမွမ်းခြင်း၊ မရှိကို အရှိလုပ်ပြီး ပြောဆိုခြင်းကို မြှောက်ပင့်ခြင်းဟု ခွဲခြားထားသင့်ပါသည်။ ပုထုဇဉ်များပီပီ များသောအားဖြင့် ကိုယ့်အောက်နိမ့်လျှင် သနားခြင်း၊ ကရုဏာ ဖြစ်လွယ်သလောက် ကိုယ့်ထက်သာလျှင် ဝမ်းမြောက်ခြင်း မုဒိတာ ဖြစ်နိုင်ခဲကြသည်။ အစပိုင်းမှာ ရေးခဲ့သလို ပုထုဇဉ်စိတ်သည် ဝမ်းမြောက်ခြင်း မုဒိတာကုသိုလ်တရားနှင့်မနေလျှင် မနာလိုခြင်း ဣဿာအကုသိုလ်သို့ ရောက်သွားပေလိမ့်မည်။ ဗုဒ္ဓဘာသာဝင်များပီပီ အရည်မရ အဖတ်မရတာချင်းအတူတူ အကုသိုလ်အဖြစ်မခံဘဲ ကုသိုလ်ဖြစ်အောင် ကြိုးစားဖို့အရေးကြီးလှပေသည်။

ပုထုဇဉ်များပီပီ မကောင်းမှု၌ ပျော်တတ်သောစိတ်ကို ကုသိုလ်ကောင်းမှု၌ ပျော်နိုင်ရန် ရည်သန်၍ မစိုးရိမ်ဆရာတော်ကြီးက အောက်ပါဩဝါဒကို ပေးသနားတော်မူခဲ့ပါသည်။

ခိုင်းစေမှု ပြုလုပ်တတ်သူကို ကျွန်မျိုးမှတ်၊ အခါအခွင့်ကိုကြည့်ပြီး မိမိအလိုလို လုပ်သင့်သမျှအလုပ်ကို လုပ်တတ်သူကို သခင်မျိုးမှတ်၊ လုပ်ငန်းအရပ်ရပ်၌ သာယာစရာအသာဒနှင့် အပြစ်တင်စရာ အာဒီနဝနှစ်မျိုး ရှိတတ်သည်။ အသင့်အတင့် နှလုံးသွင်းခြင်းတို့ဖြင့် ထိုနှစ်မျိုးလုံးကို သည်းခံနိုင်အောင် ကျင့်ရမည်။ မိမိကိုသူများက ချီးမြှောက်စေလိုလျှင် မိမိကအလျင်ဦးအောင် သူများကို ချီးမြှောက်ပါလေ။

မိမိကို သူများကလေးစားစေလိုလျှင် မိမိကအလျင်ဦးအောင် သူတစ်ပါးကိုလေးစားပါလေ။ မိမိကို သူများက ပူဇော်စေလိုလျှင် မိမိကအလျင်ဦးအောင် သူများကိုပူဇော်ပါလေ။ မိမိကိုသူများက ရှိခိုးကျိုးနွံစေလိုလျှင် မိမိကအလျင်ဦးအောင် သူများကိုရှိခိုးကျိုးနွံပါလေ။ မိမိက မကျေနပ်သော ကာယကံ၊ ဝစီကံများကို အခြားသူများကလည်း ကျေနပ်လိမ့်မည် မဟုတ်ဟု ကိုယ်ချင်းစာပါ။

အကောင်းကြိုက်လျှင် သူများထက်အပင်ပန်းခံရမည်ကို မကြောက်ပါနှင့်။ ဘုရားဝတ်တက်လိုစိတ်မရှိလျှင် ပေ၍ဝတ်တက်၊ ဝတ်ကပ်ပြုပါ။ တံမြက်လှည်းခြင်းစသော သေနာသနဝတ်များကို ပြုလုပ်လိုစိတ်မရှိလျှင် ပေ၍ အဆိုပါဝတ်များကို ပြုပါ။ စာအံ၊ စာကျက်၊ စာကြည့်လိုစိတ်မရှိလျှင် ပေ၍ စာအံ၊ စာကျက်၊ စာကြည့်ကျင့်ကို ကျင့်ပါ။ အချုပ်အားဖြင့် ကုသိုလ်ရေးရာ အလုပ်ဟူသမျှကို လုပ်လိုစိတ်မရှိသော်လည်း ပေ၍လုပ်ပါလေ။

*(ကျေးဇူးရှင် ပထမမစိုးရိမ်ဆရာတော်ဘုရားကြီး)*

ဆရာတော်ကြီး၏ ဩဝါဒလိုရင်းအချုပ်မှာ ကုသိုလ်တရားကို မဖြစ်ဖြစ်အောင် ပေ၍ကြိုးစားရမည်ဟု ဆိုလိုပါ၏။ ကုသိုလ်ပါရမီဆိုသည်မှာ မိုးကျရွှေကိုယ်မဟုတ် လုပ်ယူမှရသည်ဟူသော စကားရပ်သည်လည်း ဗုဒ္ဓဘာသာဝင်တိုင်း အလေးမူသင့်သည်သာ ဖြစ်ပါ၏။ နောက်တစ်ဦးမှာ အင်္ဂလန်နိုင်ငံ၊ အောက်စ်ဖို့တက္ကသိုလ်မှ ဆရာတစ်ဦးပင်။ စာသင်နေရင်းဖြင့် ကျောင်းသားတစ်ဦးက ဆရာပင်သတိမထားမိသော လိုအပ်ချက်ကလေးကို အထောက်အထား အချက်အလက်အစုံဖြင့် တင်ပြလေသည်။

မုဒိတာမပွားနိုင်သူဆိုလျှင် မင်းကဆရာလား ငါကဆရာလား ဟူသောမေးခွန်းဖြင့် ရန်စကားပြောဖို့ရာ သေချာနေပေသည်။ သို့သော် ထိုဆရာကား ရန်စကားမပြောဘဲ လက်ဆွဲနှုတ်ဆက်ပြီး ချီးမွမ်းစကားပြောဆိုခဲ့ပါသည်။ သူကိုယ်တိုင် ဆရာဖြစ်သော်လည်း ဤမျှထိမတွေးမိကြောင်း ဝန်ခံလေသည်။ နောက်တစ်ရက်တွင် တက္ကသိုလ်ရှိ အကြီးဆုံးအရာရှိထံသို့ ၎င်းဆရာ၏ နှုတ်ထွက်စာ ရောက်ရှိလာပါသည်။ နှုတ်ထွက်စာတွင် မိမိသင်သည့်ဘာသာရပ်၌ မိမိသင်နေမည့်အစား မိမိ၏လိုအပ်ချက်ကိုပင် ထောက်ပြနိုင်သော ကျောင်းသား၊ မောင် . . . . . . . . သင်လျှင် ကျောင်းသူကျောင်းသားများ ယခုထက်ပို၍ ပညာတိုးတက်စရာရှိကြောင်း ထောက်ခံချက်ကိုပါ တွေ့ရှိရလေသည်။

ထို့ကြောင့်လည်း မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်တွင် -

“ နောင်ရင်းညီရင်း၊ နွယ်မကင်းသား၊ သားချင်းမျိုးဖော်
အကျော်ထင်ရှား၊ ဆွေတော်များကို၊ တရားမပျက်
မေတ္တာဆက်၍၊ မဖျက်ဆီးမှု၊ ချီးမြှောက်ပြုလော့
သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏၊ ယွင်းဖောက်အလို
ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ်၊ ကိုယ့်ဂုဏ်နိမ့်၏။ ”

ဟုစပ်ဆိုတော် မူခဲ့ပေသည်။ မန်လည်ဆရာတော်ကြီး စပ်ဆိုတော်မူသည့်အတိုင်း သူတစ်ပါး၏ အရှိဂုဏ်ကို ဝမ်းမြောက်ချီးကျူးနိုင်သော မုဒိတာတရားကြောင့် ပထမမစိုးရိမ်ဆရာတော်ဘုရားကြီးမှာ အများပြည်သူများနှင့်တကွ သုဓမ္မာ၊ ရွှေကျင်၊ မဟာဒွါရ၊ မူလဒွါရ၊ အနောက်ချောင်ဒွါရ၊ ဝေဠုဝန် စတဲ့ဘုမ္မိကဂိုဏ်းတွင်း၊ ဂဏဝိမုတ်ကူးတို့၊ မဟာရင် ဟုဆိုသော ဂိုဏ်းကြီးကိုးဂိုဏ်းတို့မှ သံဃာတော်အားလုံးတို့၏ ကြည်ညို၊ ချီးကျူး၊ ဂုဏ်ပြုမှုကို ရရှိတော်မူပါသည်။

ဦးသက်ရှည်တို့ အကြောင်းကို ဆက်ပါမည်။ ထိုသို့ ငယ်ဆရာ၏ လမ်းညွှန်ပြသမှုဖြင့် ဘုရားကြီးတိုက်တွင် သစ်သားကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းနိုင်သည်။ ငါတို့ရတာ သာသနာအတွက်ဟူ၍ သာသနာကို ဦးတည်ချက်ထားလိုက်သည်နှင့် စီးပွားရေးကလည်း ပို၍ပင်အဆင်ပြေလာတော့ရာ ထိုဘုရားကြီးတိုက်မှာပင် အလယ်တိုက်ကြီးတစ်လုံး ဆက်၍လှူဒါန်းနိုင်ပြန်သည်။ ထိုမှတဆင့်တက်၍ ကျောင်းတိုက်ကြီးတစ်ခုလုံး ဆောက်လုပ်လှူဒါန်းချင်သော သဒ္ဓါတရားများ ဖြစ်ပေါ်လာပြန်သဖြင့် မြို့ဝန်ဦးပေစိပိုင်သော ဥယျာဉ်ကြီးကိုဝယ်ယူကာ ယခုကဲ့သို့ မစိုးရိမ်ကျောင်းတိုက်ကြီးဖြစ်သည်အထိ လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓက ဣတိဝုတ်ပါဠိတော် ဒါနသုတ်တွင် -

" ဧဝဉ္စ ဘိက္ခဝေဇာနေယျုံ၊ ဒါနသံဝိဘာဂဿဝိပါကံ
ယထာဟဇာနာမိ၊ နဒတွာ ဘုဉ္ဇေယျုံ၊ နစနေသံ
မစ္ဆေရ မလံ စိတ္တံ ပရိယာ ဒါယတိဋ္ဌေယျ။ "

ရဟန်းတို့ ပေးကမ်းစွန့်ကြခြင်း စေတနာရဲ့အကျိုးကို ငါသိသလို သတ္တဝါများသိကြမယ်ဆိုလျှင် ကိုယ်စားမယ့်ဝတ္ထုထဲက သူတစ်ပါးကိုမပေးကမ်းဘဲ ဘာကိုမျှစားနိုင်မည် မဟုတ်ပေ။ ကိုယ့်ပစ္စည်းကို မပေးရက်တဲ့အကုသိုလ်စိတ်သည်လည်း သတ္တဝါတို့ကို နှိပ်စက်နိုင်မှာမဟုတ်ပေဟု ဟောကြားတော်မူခဲ့ပေသည်။

## ဧည့်သာလာလျှင် ဆန်မကုန်စေနဲ့

ဧည့်သည်လာလျှင် ဆန်မကုန်စေနဲ့ဟူသည် ဧည့်သည်ကို ထမင်းချက်မကျွေးရန် ပြောသောစကားမဟုတ်ပေ။ ရောက်ရှိလာသောဧည့်သည်ကို အလှူခံအဖြစ်သဘောထားပြီး စေတနာသဒ္ဓါတရားပြည့်ဝစွာဖြင့် ကျွေးမွေးမှ ကုသိုလ်အပြည့်ရပြီး ဆန်ကုန်ရကျိုးနပ်သည်။ ထိုသို့မဟုတ်ဘဲ ဝတ်ကျေတမ်းကျေ မဖြစ်လို့ကျွေးရသောသဘောနှင့်ကျွေးလျှင် ဆန်ကုန်တာသာ အဖတ်တင်မည်။ ထို့ကြောင့် ဧည့်သည်လာလျှင် ဆန်မကုန်စေနှင့်ဟု သတိပေးထားခြင်းဖြစ်သည်။

လူပုံတော်ပတ္တမြား သွေးဆေးဆိုလျှင် မြန်မာတစ်ပြည်လုံး သိနေကြလေပြီ။ ထိုလူပုံတော်ပတ္တမြားသွေးဆေးပိုင်ရှင် ဦးမောင်မောင်မှာ ရဟန်းဘဝမှလူထွက်ပြီးနောက် ရန်ကုန်မြို့ ကပ္ပလီကွက်သစ် (ယခုတော်လှန်ရေးပန်းခြံအနီး) တွင် ဓနိမိုးထရံကာဖြင့် ဘဝကိုစတင်ခဲ့ရသော လူတစ်ယောက်ပင်။ ပစ္စည်းမဲ့သော်လည်း သဒ္ဓါမမဲ့သော ဦးမောင်မောင်တို့ဇနီးမောင်နှံသည် အိမ်ကိုလာသော ဧည့်သည်မှန်သမျှ ထမင်းမစားဘဲ ဘယ်တော့မှမပြန်စေခဲ့ပေ။

အသင့်ကျွေးစရာမရှိလျှင် အဝတ်အထည်လေးများကို ပေါင်နှံ၍ ကျွေးဖြစ်အောင် ကျွေးလိုက်ကြသည်။ ထိုမှတဆင့် သာသနာပြုမည်ဟူသော ရည်ရွယ်ချက်ကလေးထားလိုက်သည်နှင့် ဆေးကိုမြို့ထဲတွင် မောင်းထုရောင်းနေရာမှ ကိုယ်ပိုင်ဂျစ်ကားတစ်စင်းဖြင့် ရောင်းနိုင်သည်အထိ အကျိုးပေးကသန်လာခဲ့သည်။ သို့ဖြင့်ပင် ပခုက္ကူ၊ မန္တလေးအနောက်ပြင်၊ တောင်ပြင်ရှိ စာသင်တိုက်ကြီးများတွင် စက်ရေတွင်း၊ တောင်မြို့ (အမရပူရ) တူးမောင်းတိုက်တွင် စက်ရေတွင်းနှင့် ကုမ္မီ၊ မန္တလေး မဟာမြတ်မုနိ အနောက် ၄၅ တာတွင် ဘုရားဖူးများတည်းခိုရန် နှစ်ထပ်တိုက် သဒ္ဓါဓိကမ္မဝါရုံကြီးတို့ကို ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ပါသည်။

ရတနာသုံးပါးနှင့် သာသနာတော်၏အားကား နှိုင်းစရာမရှိအောင် ကြီးမားလှပါသည်။ ထိုရတနာသုံးပါးနှင့် သာသနာအားကြောင့် ဦးမောင်မောင်တစ်ယောက် မည်သို့မည်ပုံ ထင်ရှားသောသာသနာ့ ဒါယကာကြီးဖြစ်လာရပုံကို မဇ္ဈိမစရိယဦးဌေးလှိုင်က ရတနာသုံးပါးကျေးဇူး ကိုယ်တွေ့ဝတ္ထုများစာအုပ်တွင် အောက်ပါခေါင်းစဉ်လေးဖြင့် တခမ်းတနားဖော်ပြခဲ့ပါသည်။

# ဦးမောင်မောင် ငွေလုပ်တဲ့စက်

ကျွန်ုပ်နှင့် ရင်းနှီးစွာသိရသောအချိန်မှာ သူဌေးဦးမောင်မောင်ဘဝမှ သာသနာ့ဒါယကာ ဦးမောင်မောင် ဖြစ်နေပေပြီ။ အဘိဓမ္မဟာရဋ္ဌဂုရု ပထမမစိုးရိမ်ဆရာတော်ဘုရားကြီးအား သက်တော် ၉၅ နှစ်အရ တာဝါလိန်းရှိခဲ့ထဲ၌ နောက်ပါသံဃာ ငါးပါးနှင့်အတူပင့်၍ နေ့စဉ်ဆွမ်းကွမ်းဝေယျာဝစ္စများ လုပ်နေချိန်ဖြစ်၏။ ဆရာတော်ကြီး၏ ဆန္ဒ၊ ဦးမောင်မောင်၏ သဒ္ဓါတရားအရ နိကာယ်သာသနာထွန်းကားရေးအသင်းကြီးကိုပင် ဖွဲ့စည်း၍ နိကာယ်စာသင်တိုက်ကြီး ဆောက်လုပ်ရန် သိန်းသုံးဆယ်ကျော်တန် " ကျောက်စာဓမ္မစေတီတော် " တည်ရန် အကောင်အထည်ဖော်လျက်ရှိနေ၏။

သာသနာပိုင်ဆရာတော်ဘုရားကြီး ကြွရောက်သီတင်းသုံးနေပြီဖြစ်ရာ ရဟန်းရှင်လူဋ္ဌေသည်များ သာသနာရေးစည်းဝေးပွဲများကား မပြတ်မလပ်ဖြစ်၏။ အစည်းအဝေးပွဲမှာ ယနေ့ဘာကျွေးရ ကောင်းမလဲဟု အမြဲကြံနေသူမှာ ဦးမောင်မောင် ဖြစ်သည်။ ခြံထဲတွင် ဆရာတော်များအမြဲသီတင်းသုံးရန် ဝိနည်းတော်အရ အပ်အပ်စပ်စပ်ရှိဖို့ သီးသန့်တိုက်ကြီးတစ်လုံးကိုပင် အပူတပြင်းဆောက်လုပ်လှူဒါန်းလေသည်။ ထိုတိုက်အုတ်မြစ်ချ တူးဖော်နေခိုက် အစည်းအဝေးရှိ၍ ကျွန်ုပ်ရောက်သွားရာ လူသုံးယောက်က အုတ်မြစ်များကို တူးနေကြသည်။ ဦးမောင်မောင်ကား နေပူကျဲကျဲ ခြံစည်းရိုး ဝါးရုံချုံအောက်၌ ခမောက်ဆောင်းပြီး အလုပ်သမားများကို စီမံနေရင်း ပါးစပ်ကတတွတ်တွတ်နှင့် ပရိတ်ရွတ်နေသည်ကို တွေ့ရ သည်။

" ကိုဌေးလှိုင် လာပါဦးဗျ "ဟုခေါ်၍ ရှေ့ဆက်လုပ်ရမည့် သာသနာရေးကိစ္စများကို ဆွေးနွေးပြောဆိုကြ၏။ ဦးမောင်မောင်က -

" လူတွေခက်တာပဲဗျာ၊ ခုဆိုရင် သတင်းစာထဲမှာ ဦးမောင်မောင်က သိန်းသုံးဆယ်ကျော်တန် ကျောက်စာဓမ္မစေတီတော်ကြီး တည်မယ်ဆိုတာဖတ်ကြရတော့ ကျွန်တော့်ကို သိန်းတစ်ရာ၊ နှစ်ရာချမ်းသာနေပြီလို့ ထင်ကြတယ်။ သူတို့နဲ့ ကိုယ်ချင်းစာကြတာပေါ့ဗျာ။ လူတွေဟာ တစ်ဆယ်ရှိမှ အလွန်ဆုံးတစ်ကျပ် လှူကြတာကလား။ "

" ကျွန်တော့်ကိုလည်း သူတို့လိုထင်ပြီး တကယ်မိလျှံနာသူဌေးကြီး အောက်မေ့နေကြသလား မသိဘူး။ ကျွန်တော်က လူတစ်မျိုးဗျ၊ အခုကျွန်တော်လုပ်တာ သာသနာအတွက်လုပ်တာ သူတို့လိုဇိမ်ခံဖို့ ဂုဏ်ဒြပ်ကြီးဖို့ မဟုတ်ပါဘူး။ "

" တကယ်လည်း ကျွန်တော့်လက်ထဲမှာ ငါးသောင်းပြည့်အောင် မရှိပါဘူး။ ပြောရင်ယုံမှာ မဟုတ်ဘူးဗျ၊ ခက်တာက သိန်းသုံးဆယ်ကျော်ဆိုတာ လျှော့ပြောတာ ကိုဌေးလှိုင်ရေ၊ ကျွန်တော်လုပ်ချင်တာ သိန်းတစ်ရာအနည်းဆုံး၊ စိတ်ထဲရှိတာပြောရင် လူတွေက သူတို့လိုကိုယ်ချင်းစာပြီး ဒုက္ခပေးကြမှာစိုးလို့၊ ရသေ့ကြီး ဦးခန္တီလို ငွေလုပ်တဲ့စက်ရှိလားလို့ စုံစမ်းခံနေရဦးမယ်ဗျ "

" ကျွန်တော်က ကိုယ့်ကိုယ်ကို ယုံကြည်တယ်လေဗျာ၊ ငါလုပ်ရင်ဖြစ်တယ်ဆိုတာ ဒါစိတ်ကူးယဉ်တာ မဟုတ်ဘူး။ အကြိမ်ကြိမ် ကျွန်တော့်လက်တွေ့ပဲ။ ဗေဒင်ဟောလို့ ယုံစားတာမျိုးလည်းမဟုတ်ဘူး။ နေ့စဉ်ပရိတ်ရွတ်သဗျာ၊ ဂုဏ်တော်ပွား တရားထိုင်သဗျာ၊ ဒါတွေကို ကျွန်တော်အားကိုးပြီး လုပ်နေတာဗျ။ ကျွန်တော့် ငွေလုပ်တဲ့စက်က ရတနာသုံးပါးပဲ။ "

"ကျွန်တော် ဘောက်ထော်စွန်းလွန်းရိပ်သာ သဒ္ဓါဓိကမ္ဗောဓိရုံဆောက်ဖို့ ဆရာတော်ကိုသွားပြီး တာဝန်ခံလျှောက်ထားလိုက်တယ်။ အနည်းဆုံး ငါးသိန်းတန်ဆောက်ဖို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် အဲဒီအချိန်က လက်ထဲမှာ သောင်းကိုးထောင်လောက်ပဲ ရှိမယ်ထင်တယ်။ တကယ်ပါ။ ဒါနဲ့ လက်ထဲရှိတာလေးနဲ့စပြီး သဲဝယ်၊ အုတ်ဝယ်၊ တစ်စတစ်စ လုပ်လာတာ၊ မကြာပါဘူး ကျွန်တော့် ငွေလုပ်တဲ့စက်က ငါးသိန်းတန်ဗောဓိရုံကြီး ပြီးသွားတာပါပဲ။ လူတွေက ရတနာသုံးပါးကျေးဇူးကို မယုံကြဘူးဗျ "

ဦးမောင်မောင်သည် ခြေသလုံးအိမ်တိုင်ဘဝမှ သိန်းပေါင်းများစွာအကုန်ကျခံ၍ သာသနာဒါယကာ ပြုလုပ်နိုင်သူ ဖြစ်၏။ မည်မျှချမ်းသာကြွယ်ဝသည်ဟု ကျွန်ုပ်တို့မသိသော်လည်း ချမ်းသာသမျှ သာသနာအတွက်ဟု စွန့်စားရဲသူ ဖြစ်သည်ကိုမူ ပြောဝံ့၏။

စိတ္တသူကြွယ်ကဲ့သို့ အနည်းဆုံးတစ်ကျပ်ရှိလျှင် ပြားငါးဆယ်သည် သာသနာအတွက်ဟု လျာထားကာ မိမိနှင့် သာသနာကို မခွဲခြားပဲကျင့်သုံးသူ အပ္ပမိဒ္ဓိစိတ္တဘောဂီဟု ခေါ်ဆိုရလေသည်။

" ဦးလေးမောင်၊ ဦးလေးလို သဒ္ဓါများ၍ကြွယ်ဝသူတွေကို ဓာတ်လုံးဆရာ၊ ဝိဇ္ဇာဆရာတွေ မ,တတ်တယ်၊ သတိပြုပါ။ ကိုယ့်ဟာကိုယ် ပရိတ်ရွတ်၊ ဂုဏ်တော်ပွား တရားသဖြင့်ကျင့်ကြံနေထိုင်လို့ ကြီးပွားလာတာကို သူတို့ တန်ခိုးနဲ့ မ,စလို့ ဖြစ်နေဦးမယ်။ သာနာပြုတဲ့နေရာမှာလည်း ကျောင်းကန်ဘုရားကို မရှိမဖြစ်တဲ့ နေရာမျိုးမှာသာ လုပ်ပါ။ ဗဟိဒ္ဓသာသနာ၊ ရုပ်ဝတ္ထုသာသနာဟာ အရေးမကြီးဘူး။ အင်အားလည်းမပါဘူး။ ကိုယ်ပိုင် အဇ္ဈတ္တိကသာသနာသာ အရေးကြီးပါတယ် "

" ပုဂံခေတ်က မုဆိုးမတောင် ဘုရားထတည်တယ်။ ဒါဟာလူတွေကို အဇ္ဈတ္တိက (သီလ၊ သမာဓိ၊ ပညာ) အားနည်းသွားအောင် ဗဟိဒ္ဓသာသနာဝေယျာဝစ္စတွေဘက် လှည့်ထုတ်မောင်းကြတာ ဖြစ်ပါတယ်။ လမ်းလွဲပေးနေကြတာပါ။ ဦးလေးမောင်အခုလုပ်နေတဲ့ နိကာယ်ဆောင်ပုဂ္ဂိုလ်မျိုးတွေမွေးထုတ်တဲ့ သာသနာပြုတာမျိုး၊ စာသင်တိုက်တည်ကာ အားပေးတာမျိုး၊ ခုဦးလေးမောင် ရဟန်းခံလိုက်တဲ့ ဦးသဇ္ဇနဟာဆိုရင် တိပိဋကဓရစာမေးပွဲမှာ ဝိနယဓရ ဖြစ်သွားပြီ၊ အဲဒီသာသနာပြုတာမျိုး ဦးစားပေးပါ "

" နောက်ပြီး ဘုရားရုပ်ပွားဆိုရင်လည်း ဇမ္ဗူပတိချွတ်ခန်းလို အချွန်အတက်တွေနဲ့ ရုပ်ပွားတော်မျိုးကလည်း ဟိုပုဂံခေတ်ကတည်းက ခေတ်စားလာတာ၊ ဒါလည်း မရိုးသားဘူး။ ရှင်းရှင်းပြောရရင်ဗျာ ဝိဇ္ဇာတွေ မ,နေကြတာပဲ စသည်ဖြင့် ဆွေးနွေးရှင်းပြခဲ့ဖူး၏။ ထိုအချက်များကို သာသနာပြုသူတို့ သတိထားသင့်ကြပေသည်။ " စသည်ဖြင့် ရေးသားဖော်ပြထားသည်။ အကျယ်ကို ၎င်းစာအုပ်တွင် ဆက်လက်လေ့လာနိုင်ပါသည်။ ဤနေရာ၌ ဒါန၊ သီလစသော ပါရမီကို ဆည်းပူးကြသူများ အရေးတကြီးသိသင့်သည့် တရားတော်တစ်ခုကို တင်ပြချင်ပါသည်။ ၎င်းတရားတော်မှာ-

" သတ္တိယာ ဝိယဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
ဘတောဘိက္ခု ပရိဗ္ဗဇေ။
(သံယုတ်ပါဠိတော်)

ရင်ဝ၌ လှံစူးခံရသောသူသည် လှံကိုအရေးတကြီး ဆွဲနှုတ်သကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးအလောင်ခံရသောသူသည် မီးကိုအရေးတကြီး ငြိမ်းသကဲ့သို့လည်းကောင်း၊ ထို့အတူ သတိရှိသော သံသရာဘေးကို ရှုမြင်တတ်သောသူသည် သက္ကာယဒိဋ္ဌိခေါ် ငါကိုပယ်သတ်ရန် အရေးတကြီး လုံ့လကြိုးကုတ် အားထုတ်အပ်၏ ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ တခြားကုသိုလ်များထက် သက္ကာယဒိဋ္ဌိခေါ် အတ္တငါကို အရင်သတ်စေချင်၏။ ထိုသက္ကာယဒိဋ္ဌိကို သတ်နိုင်သည်မှာလည်း မဂ်ဉာဏ်သာရှိ၏။ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ခြင်းကို ဆိုလိုပါ၏။

အရိယာမဖြစ်သေးသောကြောင့် သမုစ္ဆေဒပဟာန်ဖြင့် မပယ်သတ်နိုင်သေးလျှင်လည်း တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်သတ်နိုင်အောင် ကြိုးစားကြရပေမည်။ မည်ကဲ့သို့ ကြိုးစားမည်နည်း။ ဒါန၊ သီလ၊ ဘာဝနာမည်သည့် ကုသိုလ်ကိုပဲ ပြုလုပ်ပြုလုပ် ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံးမှာ ငါကောင်းစားရေးကို ဦးစားမပေးဘဲ သူတစ်ပါး (ပရဟိတ) ကောင်းစားရေးကို ဦးစားပေးလုပ်ရန်ပင် ဖြစ်ပါ၏။ ပစ္စုပ္ပန်သံသရာ ငါကောင်းစားထင်ပေါ်ရေးကို ဦးစားပေးသော ကောင်းမှုများသည်ကား သာသနာပမှာလည်း ရှိသည်။ ဟိန္ဒူဝါဒမှာလည်း ရှိသည်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ပဋိပဒါသုတ်၌ -

“ အမှန်အားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ တို့ကို တောင့်တ၍ ဒါနကိုပြုသည်။ သီလကို ဆောက်တည်သည်။ ဘာဝနာကို ပွားများသည်ဆိုလျှင်လည်း ထိုကဲ့သို့သော ဒါန၊ သီလ၊ ဘာဝနာတို့သည် မိစ္ဆာပဋိပဒါအရ ပြုသည်မည်၏ အဘယ့်ကြောင့်ဆိုသော် သံသရာမှမထွက်နိုင်ဘဲ သံသရာတွင်း၌သာ မွေ့လျော်လိုခြင်းကြောင့်တည်း” ဟု တိုက်ရိုက် ဖော်ပြထားပါသည်။

သံသရာမှ လွတ်မြောက်လိုသော တနည်းအားဖြင့် အများကောင်းစားရေးကို ဦးစားပေးသော ဒါန၊ သီလ၊ ဘာဝနာ သည်သာလျှင် သမ္မာပဋိပဒါ ကောင်းသော၊ မှန်သော ကျင့်စဉ်မည်သည်။ ထိုကျင့်စဉ်မျိုးသည်လည်း ဘုရားရှင် ပွင့်တော်မူသောအခါမျိုး၌သာ သိကြရခြင်းဖြစ်သည်။ မိမိ၏ကုသိုလ်သည် ထေရဝါဒလော၊ ဗြဟ္မဏဝါဒလော ဟု ခွဲခြားကြည့်နိုင်ရန် အတွေးအခေါ်တစ်ခုကိုလည်း ဆရာကြီး ဦးရွှေအောင်က အမြင်များပြောင်းလွဲခြင်းနှင့် အတွေးအမြင်စာစုများ စာအုပ်နိဒါန်းတွင် ယခုကဲ့သို့ ရေးသားခဲ့ပါသည်။

## လွဲမှားသောအယူအဆ

“ လောကတွင် ကိုယ်ကျိုးစီးပွားကိုချည်း ကြည့်ခြင်းသည် သူမြတ်တို့၏လုပ်ငန်းမဟုတ်၊ သူတစ်ပါး၏ အကျိုးစီးပွားကို ကြည့်ခြင်းသည်သာ သူမြတ်တို့၏လုပ်ငန်းဖြစ်၏။ သူမြတ်တို့၏ လုပ်ငန်းမဟုတ်လျှင် ပါရမီမဖြစ်၊ ပါရမီမဖြစ်လျှင်လည်း ထေရဝါဒနှင့်မညီ။ ဗြဟ္မဏဝါဒသာ ဖြစ်တော့၏။ ဗြဟ္မဏဝါဒကလည်း ကံနှင့်ကံ၏အကျိုးကို သက်ဝင်ယုံကြည်သည်ပင် ဖြစ်သည်။ သို့ရာတွင် ဗြဟ္မဏဝါဒက အတ္တဟိတကိုရှေးရှုကာ သံသရာချမ်းသာကို ဦးစားပေး၏။

ထေရဝါဒက ပရဟိတကိုရှေးရှုကာ သံသရာလွန်ချမ်းသာကို ဦးစားပေး၏။ ဤသို့ခြားနား၏။ ဤခြားနားချက်ကား နှယ်နှယ်ရရမဟုတ်၊ ကြီးကျယ်သော ခြားနားချက်ဖြစ်၏။ သို့ဖြစ်လေရာ မိမိ၏ ပုဂ္ဂိုလ်ပွန်၊ တမလွန်ကောင်းကျိုးကိုသာရည်စူးပြီး ဘုရားကိုပဲတည်တည် ကျောင်းကိုပဲဆောက်ဆောက် ထိုသို့ဘုရားတည်ခြင်းနှင့် ကျောင်းဆောက်ခြင်းသည် ဗြဟ္မဏဝါဒအရ ဘုရားတည်ခြင်းနှင့် ကျောင်းဆောက်ခြင်းသာ ဖြစ်၏။ ယနေ့ မြန်မာနိုင်ငံ၌ ဗြဟ္မဏဝါဒကို ထေရဝါဒအဖြစ် လွဲမှားစွာ ယူနေကြသူများစွာရှိ၏။

ဒါနကိုပဲဖြစ်ဖြစ်၊ သီလကိုပဲဖြစ်ဖြစ်၊ ဘာဝနာကိုပဲဖြစ်ဖြစ် ပြုလုပ်ရာ၌ အတ္တဟိတကို ငြမ်းအဖြစ်ခံယူပြီး ပရဟိတကို ထီးအဖြစ်ခံယူရ၏။ ငြမ်းမရှိဘဲ ထီးတင်၍မရသလို အတ္တဟိတမပါဘဲ ပရဟိတကိုဆောင်ရွက်၍ မရကောင်း။ ထို့ကြောင့် အတ္တဟိတ သက်သက်လည်း အစွန်းရောက်အကျင့်ပင်ဖြစ်၏။ ပရဟိတ သက်သက်လည်း အစွန်းရောက် အကျင့်ပင်ဖြစ်၏။ အတ္တဟိတလည်းပါမှ ပရဟိတလည်းပါမှ မဇ္ဈိမပဋိပဒါကျသောအကျင့် ဖြစ်လေ၏။

အမှန်အားဖြင့် ဗြဟ္မဏဝါဒသည်လည်း အတ္တဟိတသက်သက် ကျင့်သောဝါဒဖြစ်၏။ မဟာယာနဝါဒသည်လည်း ပရဟိတသက်သက် ကျင့်သောဝါဒဖြစ်၏။ ထေရဝါဒသည်သာလျှင် အတ္တဟိတကို ငြမ်းအဖြစ်ထားပြီး ပရဟိတကို ထီးအဖြစ်ထားသော မဇ္ဈိမပဋိပဒါကျကျ ကျင့်သောဝါဒဖြစ်၏ ” ဟူ၍ ရေးသားဖော်ပြခဲ့ပါသည်။

ထေရဝါဒနှင့် ညီညွတ်အောင် ပရဟိတကို ဦးစားပေးပြီး သံသရာချမ်းသာကို မတောင့်တဘဲ ကုသိုလ်ပြုခဲ့လျှင် ကုသိုလ်၏အကျိုးကို အပြည့်အဝ ခံစားရမည်လောဟူသော မေးခွန်းကို မေးချင်သူအတော်များ ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါတိုင်း ပဋိသန္ဓေတည်ကတည်းက လောဘနှင့် စခဲ့သောကြောင့်ပါတည်း။ အဖြေကား သံသရာချမ်းသာကို တောင့်တသောစိတ်သည် လောဘစိတ်ဖြစ်၏။ လောဘသည် အကုသိုလ်ဖြစ်၏။ သံသရာချမ်းသာကို မတောင့်တ မလိုချင်သောစိတ်သည် အလောဘဖြစ်၏။ အလောဘသည် ကုသိုလ်ဖြစ်၏။

ထို့ကြောင့် အကုသိုလ်စိတ်ဖြင့်ပြုသော ကောင်းမှုထက် ကုသိုလ်စိတ်ဖြင့်ပြုသောကောင်းမှုက သာလွန်၍ အကျိုးပေးနိုင်ပုံကို ဗုဒ္ဓဘာသာဝင်များပီပီ ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြားဝေဖန်နိုင်လောက်ပေပြီ။ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလပတ်လုံး သံသရာချမ်းသာကို မလိုချင်သော အလောဘ ကုသိုလ်စိတ်ဖြင့် ပြုခဲ့သော ကောင်းမှုများ ကြောင့် သိဒ္ဓတ္ထမင်းသားဘဝတွင် လောကီချမ်းသာများကို သူတစ်ပါးတို့ လိုက်မမီအောင်ခံစားရပြီး ဘုရားဖြစ်သော အခါတွင်လည်း လာဘ်လာဘများ အဆမတန်ပေါများပုံတို့ကို ထောက်ထားသောအားဖြင့်လည်း ကုသိုလ်စိတ်ဖြင့် ပြုသော ကောင်းမှုက အကုသိုလ်စိတ်ဖြင့်ပြုသော ကောင်းမှုထက်သာလွန်ပုံကို နားလည်လက်ခံလောက်ပေပြီ။

သံသရာချမ်းသာကြီးမားမှုကို အလေးထားပြီး အစာအာဟာရပြတ်လပ်မှုကြောင့် အိပ်ရာထဲလဲနေသော အိမ်နီးချင်း ဆင်းရဲသားကိုတော့ တစ်ရာဖိုးလောက်ဓာတ်စာလေးကိုမှ ဝယ်မကျွေးနိုင်ဘဲ နာမည်ကြီးအလှူခံပုဂ္ဂိုလ်ကို သောင်းနဲ့သိန်းနဲ့ချီပြီး လှူဒါန်းသောအလှူမျိုးသည်လည်း မြတ်ဗုဒ္ဓနှစ်သက်သည့် ပါရမီထိုက်သောကုသိုလ် မဟုတ်ကြောင်း လယ်တီဆရာတော်က ဥတ္တမပုရိသဒီပနီ၌ -

“ အကျိုးကိုလိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ်ရွေးချယ်မှု အကျိုးကြီးရာသော လမ်းကို ရွေးချယ်မှုတို့နှင့် ပြုသောကုသိုလ်သည် ပါရမီကုသိုလ်မျိုးမဟုတ်၊ လှူဒါန်းမှုကိုသာ အလေးဂရုအထူးပြုသည်။ အကျိုးကိုမူ အမှုမစိုက်။ ဤသို့နှလုံးထား၍ လှူဒါန်းသောကုသိုလ်သည်သာ ပါရမီကုသိုလ်မျိုးဖြစ်၏” ဟု မိန့်တော်မူထားပါသည်။

လယ်တီဆရာတော်ကြီး မိန့်ကြားတော်မူချက်နှင့်အညီ မြန်မာပြည်မှ စေတနာရှင်များ ကာလဒါန အလှူမျိုးကို ပြောင်း၍လှူသင့်ကြပါပြီ။ ကာလဒါနဆိုသည်မှာ အလှူခံပုဂ္ဂိုလ်လိုအပ်သောအခါမှာ လိုအပ်သောအရာကို လှူဒါန်းခြင်းပင် ဖြစ်ပါသည်။ အလှူခံပုဂ္ဂိုလ်သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ ပစ္စေကဗုဒ္ဓဘုရားငယ်၊ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်၊ သာသနာပရသေ့၊ သီလရှိသောလူ၊ သီလမရှိသောသူ၊ တိရစ္ဆာန်ဟူ၍ ၁၄ ယောက်ရှိရာ အညံ့ဆုံးတိရစ္ဆာန် တစ်ကောင်ကို ပေးလှူလျှင်ပင် ဘဝတစ်ရာ ချမ်းသာကြောင်း ဟောထားရာ တိရစ္ဆာန်ထက်သာသော လူပုဂ္ဂိုလ်များကို ပေးလှူလျှင်ပို၍ အကျိုးရပုံကို တွေးကြည့်ရုံဖြင့် သိနိုင်ပေသည်။

မြန်မာတို့၏ အလှူအတန်း ပြင်ဆင်သင့်ပုံနှင့်ပက်သက်၍ မလေးရှားနိုင်ငံတွင် တာဝန်ထမ်းဆောင် နေသော ဗုဒ္ဓဘာသာဝင် မြန်မာဆရာဝန်တစ်ဦးက သူ၏ကိုယ်တွေ့လေးများကို ဓမ္မရံသီမဂ္ဂဇင်း၌ ရေးသားခဲ့ဖူးသည်။ မလေးရှားများ လှူသောအခါ မြန်မာများကဲ့သို့ မျက်နှာကြီးရာ ဟင်းဖတ်ပါသဘောမျိုး တကူးတကဖိတ်မံခြင်းမရှိဘဲ အယုတ်,အလတ်,အမြတ်မရွေး လာလာသမျှကို ကျွေးမွေးလှူဒါန်းကြကြောင်း သူတို့ဘာသာ၏ ညွှန်ကြားချက်အရ ပစ္စည်းရှိသူများက မိမိဥစ္စာဆယ်ပုံတစ်ပုံကို ပစ္စည်းနွမ်းပါးသူများအား တစ်နှစ်တစ်ကြိမ် ပေးလှူရကြောင်း၊ ထိုကဲ့သို့ စနစ်တကျ လိုအပ်သလိုလှူဒါန်းတတ်မှုကြောင့် မလေးရှားနိုင်ငံတွင် မြက်ရိတ်ရောင်းသူပင် တိုက်တစ်လုံး၊ ကားတစ်စီး ရှိကြောင်းစသည်ဖြင့် ရေးသားထားသည်ကို ဖတ်ရှုရပေသည်။ ဘာသာချင်းမတူသော်လည်း လူ့လောကကို ကောင်းကျိုး ပြုသောကျင့်စဉ်များကိုကား ယူအပ်သည်ပင်ဖြစ်ပါ၏။ ထို့ကြောင့်လည်း လုံးတော်ဆရာတော်က ပျားကိုရှာသော သူသည် ပျားကိုရခဲ့လျှင် ကြက်ဆူပင်ပင်ဖြစ်သော်လည်း တောတွင်အမြတ် မှတ်ရာသည်။ ပညာရှိသောသူသည် ဟောကြားပြသဆုံးမသူဖြစ်လျှင် ဒွန်းစဏ္ဍားပင်ဖြစ်သော်လည်း လူတွင်အမြတ်မှတ်ရာသည်ဟူ၍ ဆုံးမသြဝါဒပေး တော်မူခဲ့ပါသည်။

ဤနေရာတွင် ပညာဝန်ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတစ်ပုဒ်ဖြစ်သော ဘုရားဖူးသွားခြင်းဟူသော ဇာတ်လမ်းလေးမှာလည်း ထေရဝါဒနှင့်အညီ လှူဒါန်းတတ်ဖို့သင်ပေးသကဲ့သို့ပင် ဖြစ်နေပါသည်။ ကျောင်းသူ ကျောင်းသားများငွေစုပြီး ကျိုက်ထီးရိုး ဘုရားဖူးသွားကြရာ ဦးဖိုးကျားနှင့်တကွ ကျောင်းသူကျောင်းသားများ ကျိုက်ထီးရိုး ဘုရားပေါ် အကုန်ရောက်သွားသော်လည်း မောင်ထွန်းမောင်အမည်ရှိ ကျောင်းသားတစ်ယောက်မှာ ပါမလာခဲ့ပေ။

ဘုရားပေါ်တွင် ခုနစ်ညလည်ပတ်ပြီး တောင်အောက်သို့ဆင်းလာသည်အထိ မောင်ထွန်းမောင်ကို မတွေ့ရသဖြင့် အင်းဝစခန်းနှင့် ခပ်လှမ်းလှမ်းရှိ တဲစုတ်လေးတစ်ခုအတွင်းမှ အဘိုးအဘွားနှင့် မြေးလေးနှစ်ယောက်ကို စုံစမ်းကြည့်သောအခါကျမှ မောင်ထွန်းမောင်အကြောင်းကို သေချာသိရပါတော့သည်။ မောင်ထွန်းမောင် တဲစုတ်လေးသို့ ရောက်လာသောနေ့က အဘိုးအဘွားနှစ်ဦးလုံး သတိမရတစ်ချက် ရတစ်ချက်ဖြစ်ကာ အဖျားတက်နေကြသည်။ မြေးအကြီးလေးမှာလည်း သံစူးကာသံဆိပ်တက်ပြီး မလှုပ်နိုင်အောင်ဖြစ်နေရှာသည်။

မောင်ထွန်းမောင်က ကာလဒါနနှင့်အညီ ပါလာသမျှသော ငွေစများကို ဆေး၊ အစားအသောက်၊ အဝတ်အထည်များကိုဝယ်၍ နေကောင်းသည်အထိပြုစုကာ မြို့သို့ပြန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရလေသည်။ ထိုအခါကျမှ မောင်ထွန်းမောင်ကိုအားကျပြီး တကယ်ဒုက္ခရောက်နေရှာသော အဘိုးအဘွားများကိုကူညီချင်သဖြင့် ပိုက်ဆံကို ပြန်ကြည့်လိုက်ရာ လမ်းစရိတ်အတိသာကျန်တော့သဖြင့် မြေးအဘွားတို့၏ မောင်ထွန်းမောင် သူတော်ကောင်းစိတ်ရှိသောအကြောင်း ပြောကြားချက် တရားများကိုသာနာကြားပြီး ရန်ကုန်သို့ပြန်ခဲ့ရပါတော့သည်။

ရန်ကုန်ရောက်သောအခါ ဘုရားပေါ်ရောက်ခဲ့သော ဦးဖိုးကျားက အမျှမပေးရဘဲ အင်းဝစခန်းအနီး တဲစုတ်ကလေးက ပြန်သွားသော မောင်ထွန်းမောင်ပေးသောအမျှကို သာဓုခေါ်ရင်း ဇာတ်သိမ်းထားပါသည်။ ဤကိုယ်တွေ့ဇာတ်လမ်းထဲမှ မောင်ထွန်းမောင်ကဲ့သို့ ကာလဒါနပြုမည့်သူများ မြန်မာပြည်တွင်အလွန်လိုအပ်နေပါပြီ။ သံသရာချမ်းသာကို တောင့်တ၍ ပြုသောကောင်းမှုအကျိုးထက် သံသရာချမ်းသာကို မတောင့်တဘဲပြုသော ကောင်းမှု၏ အကျိုးက သာလွန်သကဲ့သို့ပင်။

ပြည့်စုံနေသော အလှူခံပုဂ္ဂိုလ်ကို လှူသောဒါနအကျိုးထက် ချို့ငဲ့နေသော အလှူခံပုဂ္ဂိုလ်ကို လှူသော ဒါနအကျိုးက တစ်ခုသာလွန် သွားပါသည်။ ထိုတစ်ခုကား ဖြစ်ရာဘဝတွင် အချိန်အရွယ်မလင့်ခင် ပျိုရွယ်စဉ်ကပင် ချမ်းသာသုခကို အပြည့်အဝခံစားရခြင်း ဖြစ်ပါသည်။

## ကာလဒါနသူဌေး ဦးစီ

ဖော်ပြပါ ကာလဒါန၏ကုသိုလ်စွမ်းကြောင့် ယခုဘဝမှာပင် သူဌေးဖြစ်သွားရသော မြတောင်သူဌေးမင်း ဦးစီအကြောင်းကို ဓမ္မာစရိယဦးဌေးလှိုင်ရေးသားသော ဓမ္မဒူတပထမတွဲတွင် ဖတ်ရှုရသည်မှာ -

မြတောင်မြို့ ဖောင်တော်ဦး စေတီတော်၏ရင်ပြင်၌ ကျောက်စာနှစ်ချပ် စိုက်ထူလျက်ရှိ၏။ အရှေ့ဘက် ကျောက်စာမှာ ဘုရားဒါယကာကြီး သူဌေးမင်းဦးစီ၏ ကုသိုလ်တော်ကျောက်စာ ဖြစ်ပါသည်။ ထိုကျောက်စာ၌ -

“မြတောင်မြို့ရပ် ဌာနတွင် ပဉ္စင်္ဂအဌင်္ဂ၊ ကျင့်ဝသီဘာဂကို၊ ခါနိစ္စမရွေ့၊ စာရိတ္တအလေ့ဖြင့်၊ တစ်နေ့မပြတ် သူတော်မြတ်တို့၊ ကွပ်ညှပ်ဆုံးမ၊ ဩဝါဒသင်းကြူ၊ ချီယနံ့မစ္ဆူကို၊ ခံယူကျင့်သုံး၍၊ နေလေ့ရှိပါသော ဘုရားဒါယကာကြီးဦးစီ၊ ဘုရားအမဒေါ်ချို၊ သားမောင်ကံ၊ သမီးမငွေတို့သည်၊ သံသရာ ဘေးဒုက္ခမှ လွတ်မြောက်ကြရန်၊ ရည်သန်သော သဒ္ဓါတရားဖြင့် မြေစိုက်စေတီတော် တစ်ဆူ၊ ရုပ်တော်မှု သုံးဆူ၊ တင်ပျဉ်ခွေနှစ်ဆူ၊ ရဟန်းတော်ဆယ်ပါး၊ သာမဏေငါးပါး၊ တံတားကြီးနှစ်စင်း၊ သိမ်ပြသာဒ်တစ်ဆောင်၊ ဇရပ်ကြီးသုံးဆောင်၊ ကျောင်းကြီးလေးဆောင်၊ မှန်စီရွှေချ တံခွန်တိုင်နှစ်ခု၊ ရေတွင်းတစ်တွင်း၊ ဘုရားရွှေသက်န်း ကပ်ရန် ရွှေဆိုင်း ၃၃၈၇ ဆိုင်း၊ ကထိန်အတွက် ဒွိစုံတိုက်သင်္ကန်း ၃၃၃ စုံ၊ တိစိဝရိက်သင်္ကန်း ၁၅၆ စုံ၊ ကထိန်မှတစ်ပါး သံဃိကသင်္ကန်းပေါင်း ၁၇၀၊ ဓမ္မက္ခန္ဓာရွှေစာပေအင်္ဂါပေါင်း ၁၄၁၆ အင်္ဂါ၊ ကတ္တီပါသင်္ကန်း တစ်ထည်၊ သက္ကလပ်သင်္ကန်း ၇ ထည်၊ ကြေးစည်ကြီးနှစ်လုံး၊ ရွှေပိန်းချသားရိုးကမ္ပဝါ ၇ ဆူ၊ ခေါင်းလောင်းကြီး၁၊ သံသပိတ် ၇ လုံး၊ အားလုံးကုန်ကျငွေပေါင်း နှစ်သောင်း ခုနစ်ထောင့်သုံးရာရှစ်ဆယ့်သုံးကျပ်တို့ကို နန်းအမ နိဗ္ဗာန်ကို ရည်သန်ပြဋ္ဌာန်း၍ လှူဒါန်းပူဇော်ခဲ့ကြောင်း” ဟူ၍ ရေးထိုးထားသည်။

ထိုစဉ်က ဆန်တစ်တင်းလျှင် ငွေတစ်မတ်မျှမကျသောကြောင့် ထိုစဉ်ကကုန်ကျသော ငွေနှစ်သောင်းကို ယခုခေတ်ငွေနှင့် နှိုင်းယှဉ်ကြည့်သင့်သည်။ ဦးစီ အဘယ်ကဲ့သို့ ချမ်းသာကြွယ်ဝလာကြောင်း ဤ၌အတ္ထုပ္ပတ္တိအကျဉ်း ချုပ်ကို ဖော်ထုတ်ပြပါဦးမည်။ ဦးစီသည် မိုင်းတိုင်မြို့အနီးရှိသော ဥဿျစ်ကုန်းကျေးရွာဇာတိ ဖြစ်သည်။ အရွယ်မတိုင်မီ မိဘနှစ်ပါးကွယ်လွန်သဖြင့် မိုင်းတိုင်ခရိုင်အုပ်မင်း၏ အထံတွင် လယ်သူရင်းငှားအဖြစ် လုပ်ကိုင်ရရှာသည်။

တစ်နှစ်လျှင် စပါးအတင်း ၃၀၀၀ ထွက်သောလယ်ကို လုပ်ကိုင်ခဲ့လေရာ အသက် ၂၇ နှစ် တိုင်အောင် လယ်တောမှ မထွက်ခဲ့ရပေ။ အသက် ၂၇ နှစ်အရွယ်တွင် မိုင်းတိုင်သူ မချိုနှင့်အကြောင်းပါသဖြင့် ခရိုင်အုပ်မင်းက စပါးတင်း သုံးရာထွက်သောလယ်ကို ခွဲဝေပေးခဲ့လေသည်။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်ကိုင်ခြင်းကြောင့် စပါးသုံးရာ ထွက်သောလယ်သည် မောင်စီ၏ လက်ထက်တွင် စပါးခုနစ်ရာ ထွက်ခဲ့လေသည်။ တစ်ရက်သောနံနက် ခင်းတွင် မောင်စီသည်လယ်ထွန်ဖြုတ်၍ ထမင်းစားအံ့ဟုကြံဆဲတွင် ဘုန်းတော်ကြီးတစ်ပါး တကောင်းလမ်းမကြီး အတိုင်းကြွလာရာ လယ်ကန်သင်း၌ထိုင်နေသော မောင်စီကိုမြင်သောအခါ မောင်စီရှိရာ လယ်ထဲကြွလာ၍ သောက်ရေ အလှူခံလေ၏။

အချိန်မှာ အတော်နေမြင့်လေပြီ။ မောင်စီမှာ ဘုန်းတော်ကြီးအား သောက်ရေကပ်လှူပြီးနောက် ဦးချ၍ "အဘယ် အရပ်မှအဘယ်အရပ်သို့ ကြွလာပါသလဲ " ဟု လျှောက်ထားရာ ဘုန်းတော်ကြီးက တကောင်းမှ မိုင်းတိုင်မြို့သို့ ဘုရားဖူးကြွလာခြင်းဖြစ်ကြောင်း မိန့်တော်မူ၏။ " ဆွမ်းကိစ္စပြီးပါပြီလားဘုရား " ဟု မောင်စီက လျှောက်ရာ ဘုန်းတော်ကြီးက အချိန်ရှိပါသေးတယ်ဟုသာ မိန့်တော်မူ၏။ မောင်စီသည် မွန်းတည့်လုပြီဖြစ်သော နေကိုမော့်ကြည့်ရင်း ဆွမ်းဘုဉ်းမပေးရသေးကြောင်း သိသည်နှင့်မိမိစားရန် ပြင်ဆင်နေသောထမင်းကို ဘုန်းတော်ကြီးအား ဆပ်ကပ်လှူဒါန်း လိုက်လေ၏။

ဘုန်းတော်ကြီးလည်း မငြင်းမဆန်လက်ခံကာ ဣန္ဒြေတည်ငြိမ်စွာဘုဉ်းပေးနေစဉ် မောင်စီမှာအနားက ထိုင်၍ ကြည့်ရင်းကြည့်ရင်း ဝမ်းသာပီတိဖြစ်လျက် မိမိဆာလောင်မောပန်းနေသည်ကိုပင် မေ့သွားတော့၏။ ညနေအချိန် သို့ရောက်လျှင် ဇနီးမချို လယ်တောသို့ရောက်လာရာ မောင်စီသည် မချိုလာနေသည်ကိုမြင်မြင်ချင်း ထွန်ကိုရပ်ပြီး မချိုဆီသွားတည့်၍

" ဟေ့ . . မချို မင်းသာဓုခေါ်ပေတော့ " " ဘာလဲကိုစီရဲ့ အကျိုးအကြောင်းလည်း ပြောပြပါဦး " မောင်စီက သူ့ဇနီးအား အကျိုးအကြောင်း အကျဉ်းချုံးပြောပြလေလျှင် မချိုလည်းသူကဲ့သို့ပင် ထူးထူးခြားခြား ဝမ်း မြောက်ခြင်း ပီတိသော မနသများဖြစ်ကာ သာဓုခေါ်လေ၏။

" အေးပါဟာ၊ ငါတို့လဲ ကိုယ့်နဲ့တန်သလောက်တော့ အလှူတွေလုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီနေ့ ကိုယ်စားမယ့် ထမင်းလှူရတာလောက် တစ်ခါမှဝမ်းမမြောက်ဖူးဘူးကွာ။ မင်းလဲချက်ပြုတ်နေရတဲ့ ကုသိုလ်အာရုံပြု ပေါ့ကွာ " ဟု ဝမ်းသာအားရ ပြောဆိုနေကြလေ၏။ မောင်စီမှာတစ်နေကုန် ထိုကုသိုလ်အာရုံဖြင့် တစိမ့်စိမ့်နှစ်သက်ရင်း ထွန်ယက်လေရာ ခါတိုင်းကဲ့သို့ လယ်ကန်သင်းတင်ခြင်း၊ ကတွတ်ပေါက်ပိတ်ခြင်း၊ အထူးသဖြင့် လယ်ကွယ်အလယ်၌ နေ့စဉ်နားရင်း တူးဖြိုနေကျ ကို့လို့ကန့်လန့် ဖြစ်နေသော တောင်ပို့တောင်ပူစာ ကမူကြီးပင် မတူးဖြိုမိတော့ချေ။

" တော့မယ် ဟိုတောင်ပူစာကြီးလည်း မနေ့ကအတိုင်းပဲ ရှိပါသေးလား " မချိုက လယ်ကွင်းအလယ်ရှိ တောင်ပို့ကြီးကို ကြည့်၍ပြောလိုက်သည်။

" ဟုတ်တယ် ရှင်မရေ၊ ကနေ့ဘာမှ တိုးပြီးမဖြိုမိတော့ဘူး၊ ဝမ်းသာနေတာနဲ့ နက်ဖြန်သန်ဘက် နှစ် ရက်လောက် ဆိုရင် ပြီးသွားမှာပါ " ဟု ပြောပြောဆိုဆို ဇနီးမောင်နှံအိမ်သို့ ပြန်ခဲ့ကြလေ၏။ ဓမ္မပဒအဋ္ဌကထာ၊ ဥတ္တ ရာပဥပါ သိကာမဝတ္ထုတွင် ဥတ္တရာ၏ဖခင် မောင်ပုဏ္ဏသည် နိရောဓသမာပတ်မှ ထတော်မူသော အရှင်သာရိပုတ္တရာအား

သောက်ရေနှင့် ဒန်ပူ၊ ဇနီးဖြစ်သူက ဆွမ်းလှူရသောကောင်းမှုကြောင့် ထွန်ယက်သော လယ်ကွက်အတွင်းမှ လယ်ထွန်စာ (ထွန်ချေးတုံး) မြေစိုင်မြေခဲများအားလုံး ရွှေဖြစ်လာသည်ဟုရှိ၏။ ဒိဋ္ဌဓမ္မဝေဒနိယ လက်ငင်းအကျိုးပေးခြင်းဟု ကျမ်းဂန်၌ ဆိုသည်။

ယခင် မောင်ပုဏ္ဏနှင့် ယခု မောင်စီ၏ဖြစ်ရပ်မှာ အလွန်တူနေ၏။ သို့သော် မောင်စီ၏ လယ်ထွန်စာများ ရွှေဖြစ်လာသည်တော့ မဟုတ်ချေ။ နောက်တစ်နေ့ မောင်စီလယ်ထွန်သွားသောအခါ နွားများအမောပြေ နားနေစေရန် ထွန်နားခိုက် လယ်ကွက်အလယ်ရှိ တောင်ပို့ကြီးကို တစ်စတစ်စနေ့စဉ်ပင်တူးဖြိုလျက် လယ်ကွက်ကိုချဲ့ထွင်ခဲ့လေရာ တောင်ပို့ကမူကြီးမှာ ပြေသလောက် ရှိသွား၏။ ထိုနေ့တွင် ဖြိုရင်းဖြိုရင်းနှင့် လူပါကျွံသွားရာ ရတနာသိုက်ကြီး ဖြစ်နေလေတော့သည်။

မြေကိုယက်၍ သေသေချာချာကြည့်သောအခါ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အပြည့်အနှက်ဖြစ်နေ သည်ကို တွေ့ရလေ၏။ သို့သော် မောင်စီမှာရိုးသားသူပီပီ ရတနာသိုက်ကြီးကို လက်ရာမပျက် ဖုံးဖိပြီးနောက် အိမ်သို့ ပြန်လာကာ ဇနီးမချိုနှင့်တိုင်ပင်၏။ မချိုလည်း မိမိခင်ပွန်း၏ အလိုဆန္ဒအတိုင်း လိုက်လျောကာ မူလလယ်ပိုင်ရှင် ခရိုင်အုပ်မင်းထံ အကြောင်းကြားလေ၏။ လက်တွေ့တွင် ထိုစိတ်မျိုးထားနိုင်ခဲစွ။

ခရိုင်အုပ်မင်းလည်း ရင်းနှီးသူများအားဆင့်ခေါ်၍ ရတနာသိုက်ကြီးကိုတူးဖော်ကြရာ လှည်းခုနစ်စီး ပြည့်မျှ တိုက်ယူရလေ၏။ ထိုသတင်းမှာ ရုတ်တရက်ပြန့်သွားရာ မိုင်းတိုင်၊ နယ်သူနယ်သားများမှာ ဆင်းရဲသား မောင်စီထံမှ ခရိုင်းအုပ်မင်းက ရတနာများသိမ်းယူခြင်းမှာ လွန်စွာမတရားကြောင်း ပြောဆိုကြရာ နောက်ဆုံးမြတောင် မင်းကြီးထံ တိုင်ကြားသည်အထိ ရောက်သွား၏။ မြတောင်မင်းကြီးလည်း သမာသမတ်စဉ်းစားလေရာ မူလလယ်မြေ ခွဲဝေစဉ်ကပင် ပြန့်ပြန့်ပြူးပြူးရှိသော လယ်ကွက်မဟုတ်။

လယ်ကွက်လယ်၌ တောင်ပူစာတောင်ပို့ကြီးနှင့် ကို့လို့ကန့်လန့်အကွက်ကို ပေးခြင်းဖြစ်ရာ မူလ စေတနာသည်ပင် အားနည်းနေကြောင်း စဉ်းစားမိလေ၏။ မည်သို့ဖြစ်စေ လက်ရှိအခြေအနေအရ မောင်စီသာလျှင် ရတနာအားလုံး ပိုင်ဆိုင်ထိုက်ကြောင်းဆုံးဖြတ်ကာ ခရိုင်အုပ်မင်းက မောင်စီအားပြန်ပေးရန် ဆုံးဖြတ်ပေးလိုက် လေသည်။ မောင်စီတို့ ဇနီးမောင်နှံသည် ဒါနတန်ခိုးကြောင့် နေ့ချင်းညချင်း သူဌေးဖြစ်လာကာ ပထမဆုံးမိုင်းတိုင် မြို့တွင် အုတ်လှေကားနှစ်စင်းတပ်သော ရွှေကျောင်းကြီးကို စတင်ဆောက်လှူကြ၏။
(ယခုထိုကျောင်းကြီး ထိုခေတ်သူပုန်ကြောင့် မီးလောင်လေပြီ)

မိုင်းတိုင် ၁၂ ပြင်သည် ထိုခေတ်ပြည်တွင်းရေး မငြိမ်းအေးသဖြင့် ဦးစီသည် မိုင်းတိုင်မြို့မှ မြတောင် မြို့သို့ ပြောင်းရွှေ့နေခဲ့၏။ မြတောင်သို့ ရောက်လျှင်လည်း အလှူကြီးပေးကာ ကမ္ဘည်းထိုးကြေညာခဲ့၏။ ရှေ့နားကပြ ခဲ့သော ကောင်းမှုစာရင်းများမှာ ၁၂၄၀ ပြည့်နှစ် မြတောင်သို့ရောက်စကပြုလုပ်သော ဒါနစာရင်းမျှသာတည်း။
(တည်တောဆရာတော်ကြီး ရေးသော ထီးချိုင့်မြို့နယ်သမိုင်း စာအုပ်တွင် အကျယ်ကြည့်ရှုနိုင်ပါသေးသည်။)

မြတောင်သူဌေးဦးစီကဲ့သို့ပင် အလှူခံပုဂ္ဂိုလ်လိုအပ်သောအခါတွင် လိုအပ်သောအရာကို လှူဒါန်းကြ သော အလှူရှင်အချို့၏ ဒါနများကိုဖော်ပြရင်း ဥစ္စာ၏အနှစ်သာရ ဒါနတရားကို ဖော်ပြရာအခန်းကို နိဂုံးချုပ်လိုက် ပါသည်။

## ကမ္ပည်းမထိုးတဲ့ အလှူရှင်

သုဓမ္မမဏိဇောတရဲဘွဲ့ရ စေတနာရှင် ဦးစန်းမောင်ကို ဘုတလင်မြို့နယ်၊ မောင်းထောင်အပိုင် ဝံတုံရွာ၌ ၁၂၉၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ စနေနေ့တွင် ဖွားမြင်ခဲ့ပါသည်။ အသက် ၃၉ နှစ်မှ ယခုအသက် ၆၀ နှစ် အထိ ၂၂ နှစ်သော ကာလအတွင်း အရပ်ရပ်အလှူငွေပေါင်း ၁၀၂ သိန်းကျော်သွားပေပြီ။ ထင်ရှားသော ကောင်းမှုများမှာ-

- ဆောက်လုပ်လှူဒါန်းပြီး ဘုန်းကြီးကျောင်း (၃) ကျောင်း
- တည်ပြီးသော စေတီပေါင်း (၁၁) ဆူ
- ဆောက်လုပ်ပေးခဲ့သော မူလတန်းကျောင်း (၁) ကျောင်း
- ပြုပြင်ပေးခဲ့သည့် မူလတန်းကျောင်း (၂) ကျောင်း
- တံတားပေါင်း (၁၂)ခု၊ (ကုန်ကျစရိတ် အနည်းဆုံးငါးထောင်မှ တစ်သိန်းခွဲအထိ)
- စက်ရေတွင်းပေါင်း (၁၂) ခု၊ လက်ငင်ရေတွင်း (၁၆) တွင်း တို့ဖြစ်ပေသည်။

ဆောက်လုပ်လှူဒါန်းသော ဘုန်းကြီးကျောင်း (၃)ကျောင်းတွင် ပထမမောင်းထောင် ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ကြီးကို ပြုပြင်ဆောက်လုပ်၍ သာသနာအတွက်အရေးကြီးလှသော စာသင်တိုက်ကြီးတစ်ခု တည်ထောင်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ မြကွမ်းတောင်စာသင်တိုက် ဟူသောအမည်ဖြင့် စာချစာသင် သံဃာတော်အပါး ၅၀ တို့ ဂန္ထဓုရတာဝန်ကို ကျေပွန်စွာထမ်းဆောင်တော်မူနေကြလေပြီ။ ကောင်းမှု ကုသိုလ် ၁၀ ခုလောက်ရှိလျှင် ရှစ်ခုလောက်က ကုသိုလ်ရှင်အမည်စာရင်း မတပ်သည်ကများသည်။ ကုသိုလ်ရှင်အမည်မတပ်ခြင်း အကြောင်းကို ဦးစန်းမောင်က ယခုကဲ့သို့ ရှင်းပြပါသည်။

" ဥပမာဗျာ ကျွန်တော်ဆောက်တဲ့ကျောင်း၊ ပြင်ထားတဲ့ဇရပ်က ဟောင်းနွမ်းဆွေးမြည့်သွားပါပြီတဲ့။ နောက်ထပ် ကုသိုလ်ရှင်က ကျွန်တော့်လိုပဲ ပြုပြင်ချင်တဲ့ဆန္ဒပေါ်လာပါပြီတဲ့။ အဲ . . ကျွန်တော့်ဆီလာ ခွင့်တောင်းရ၊ သဘောတူညီမှုယူရနဲ့ အလုပ်ရှုပ်တာဝန်မကြီးပေဘူးလား။ ဟော . . ဘာနာမည်၊ ဘာကမ္ပည်းမှ မထိုးထားခဲ့တော့ ပြုပြင်ဖို့ မွမ်းမံဖို့ ဘယ်ကုသိုလ်ရှင်မှ လက်မတွန့်နိုင်တော့ဘူး " ဟုရှင်းပြခဲ့ပါသည်။

*(၁၉၉၅ မတ်လထုတ်၊ မြတ်မင်္ဂလာစာစောင်ကို ဩသ၏ ထူးခြားသော စေတနာရှင် ဆောင်းပါးမှ)*

## ပရဟိတစောင်အလှူရှင်

မုံရွာမြို့၊ သလ္လာရပ်ကွက် ပေ ၈၀ လမ်းရှိ ပရဟိတကျောင်းတိုက် ဆရာတော်ဦးဇနိတသည် မိဘမဲ့ ကလေးများကို စောင့်ရှောက်ကျွေးမွေးရုံတင် မကဘဲ မုံရွာမြို့မှ ဆင်းရဲနွမ်းပါးသော ပုဂ္ဂိုလ်များကို စာရင်းကောက်၍ ဆောင်းရာသီရောက်တိုင်း စောင်လှူခဲ့သည်မှာ ၁၉၉၄ ခုနှစ်အထိဆိုလျှင် ခြောက်ကြိမ်မြောက်ခဲ့ပြီ။ တခြားကာလဒါန အလှူရှင်များပါ ပါဝင်လှူဒါန်းလျက်ရှိရာ ယခုဆိုလျှင် အလှူခံပုဂ္ဂိုလ်ငါးရာအထိ တိုးမြင့်၍လှူဒါန်းနိုင်ခဲ့ပါသည်။

*(၁၉၉၅ ဇွန်လ၊ မြန်မင်္ဂလာစာစောင် ဒေါက်တာခင်မြင့်ရီ၏ ဆောင်းပါးမှ)*

## နွားအကောင်ပေါင်း ၄၀၀၀ကျော် ဇီဝိတဒါန

ဦးသိုက်၏ နယ်မြေဒေသဖြစ်သော ညောင်တိုဘူတာရွာတွင် ငါးရက်တစ်ဈေးရှိသည်။ လူမျိုးခြားများက နွားများသတ်၍ ရောင်းနေကြသည်။ ဈေးနှင့်မလိုက်အောင်ပင် သတ်သောကောင်ရေမှာ များလှသည်။ တစ်နေ့တွင် ယင်းဈေးရွာ ငါးမိုင်ပတ်လည်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၅၂ တိုက်မှ သံဃာတော် ၅၂ ပါး ဦးဆောင်၍ ကျေးရွာပေါင်း ၃၁ ရွာမှ ရွာလူကြီး ၃၁ ဦးကို ရွေးချယ်၍ ဇီဝိတဒါနအဖွဲ့ ဖွဲ့စည်းကာ ငွေများစုဆောင်းကြသည်။ ၁၉၆၃-၆၄ ခုနှစ်အတွက် လူမျိုးခြားများနှင့်ယှဉ်ပြိုင်၍ သားသတ်လိုင်စင်ဆွဲသည်။ ရရှိသောအခါ နွားမသတ်ရန် ကြီးကြပ်ဆောင်ရွက်သည်။

ယခင်က တစ်နေ့လျှင်နွား ၁၂ ကောင်သတ်သည်။ တစ်နှစ်လျှင်နွား ၄၀၀၀ ကျော်သေခဲ့သည်။ ယခု ဇီဝိတဒါနအဖွဲ့က ဆောင်ရွက်ရာ နွားကောင်ရေ ၄၀၀ ကျော် အသက်ချမ်းသာရာရခဲ့သည်။ ထိုအစီအစဉ်ကို ဦးသိုက် နှစ်သက်မဆုံးရှိသည်။ သို့ဖြင့် အဖွဲ့သို့ပန်ကြား၍ ၁၉၆၄-၆၅ ခုနှစ်အတွက် သားသတ်လိုင်စင်ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို ဦးသိုက်တစ်ဦးတည်း တာဝန်ယူလှူဒါန်းသည်။ ထိုနှစ်တွင်သေဆုံးကြမည့် နွားကောင်ရေ ၄၀၀၀ ကျော်၏ အသက်ကို ဇီဝိတဒါန ပြုနိုင်ခဲ့သည်။

" ၁၉၆၅-၆၆ နှစ်အတွက်လည်း ဇီဝိတဒါနပြုဖို့ ဦးလေးတာဝန်ယူသေးတယ်။ ဒါပေမယ့် လိုင်စင်ပေးတဲ့ အဖွဲ့က ကုသိုလ်ရှင်များ လိုင်စင်ဆွဲတာကို လက်မခံနိုင်ဘူးဆိုပြီး ငြင်းပယ်လိုက်ကြတဲ့အတွက်၊ ဦးလေးလိုင်စင်ဆွဲဖို့ မရနိုင်ဖြစ်ခဲ့ရပါတယ် " ဟု ဦးသိုက်က ပြောပြသည်။

*(၁၉၉၄ ဧပြီလ မြတ်မင်္ဂလာစာစောင် မင်းယုဝေ၏ ဒါနသူဌေး ဦးသိုက် ဆောင်းပါးမှ)*

လူတို့၏အသက်ကို သတ်ချင်တိုင်းသတ်မရအောင် တားမြစ်သော တရားဥပဒေရှိသကဲ့သို့ တိရစ္ဆာန်များကိုလည်း သတ်ချင်တိုင်းသတ်၍မရအောင် တားမြစ်ပေးသောတရားဥပဒေ မပေါ်ပေါက်သေးသမျှ၊ အေးချမ်းသာယာသော ကမ္ဘာလောကဟူ၍ ဘယ်သောအခါမှ ဖြစ်ပေါ်လိမ့်မည် မဟုတ်ပေ။

ဦးသိုက်၏ ဇီဝိတဒါနသည် မွန်မြတ်လွန်းသောကြောင့် ဒါနအဆင့်ကိုပင်ကျော်လွန်ကာ သီလအဆင့်ထိ ရောက်သွားပေသည်။ သီလကုသိုလ်သည် ဒါနကုသိုလ်ထက် အဆပေါင်းများစွာ သာလွန်ပါသည်။ ခန္ဓာကိုယ်၏အနှစ်သာရ သီလခန်းတွင် အကျယ်တဝင့် ဖော်ပြပါဦးမည်။ ဦးသိုက်ကဲ့သို့ သူတစ်ပါးအသက်ကို မသတ်ဘဲနေရုံသာမကဘဲ သူတစ်ပါး၏အသက်ကို ရှည်နိုင်သမျှရှည်အောင် အားထုတ်မှသာလျှင် ပါဏာတိပါတာကံကို တင်းပြည့်ကျပ်ပြည့် လုံခြုံအောင် စောင့်ထိန်းရာ ရောက်ကြောင်း ဆရာကြီး ဦးရွှေအောင်ကသူ၏ ဘဝအမြင်သစ်ကျမ်းစာ စာမျက်နှာ ၃၉ တွင် -

" သီလတွင် ပါဏာတိပါတာ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းရာ၌ သူတစ်ပါး၏ အသက်ကို မသတ်မိအောင် စောင့်ထိန်းရ၏။ ဤသည်မှာ အကြမ်းစားစောင့်ထိန်းခြင်းဖြစ်၏။ ထို့ထက်ပို၍ စောင့်ထိန်းသော အခါ သူတစ်ပါး မနစ်နာရလေအောင် စောင့်ထိန်းရ၏။ ဤသည်မှာ ဟာနေဘာဂိယနဟူသော ဘဝနေနည်းတွင် ဟာနအရ မိမိဘက်က အနစ်နာခံခြင်းဖြစ်၏။ ဥပါဒါနအရ သူ့ဘက်ကိုပံ့ပိုးသောအခါ သူတစ်ပါးအသက်ရှည်အောင် ဆောင်ရွက်ရ၏။ အမှန်အားဖြင့် မိမိဘက်က အနစ်နာခံခြင်းသည် သုစရိုက်သဘောကိုဆောင်၏။ သူ့ဘက်ကို ပံ့ပိုးခြင်းသည် ပုညကြိယာ သဘောကိုဆောင်၏ " ဟူ၍ အသေးစိတ်ဖွင့်ပြခဲ့သည်မှာ မှတ်ဖွယ်ကောင်းလှပါသည်။

ဤနေရာ၌ အသက်တစ်ချောင်းဇီဝိတဒါနနှင့် ထမင်းတစ်ဆုပ်ကုသိုလ်ကြောင့် ခေတ်ပျက်ကြီးထဲတွင် အသက်ဘေး အမျိုးမျိုးကလွတ်ကင်းပြီး နိဗ္ဗာန်ချမ်းသာကိုခံစားသွားသော သီဟိုဠ်ကျွန်းမှ အဘယမထေရ်အကြောင်းကို ရှာဖွေ တင်ပြလိုက်ပါသည်။ သီဟိုဠ်ကျွန်း၌ စဏ္ဍာလတိဿ သူပုန်ဘေးကြီးပေါ်ပေါက်စဉ် မိုးလည်း ၁၂ နှစ်လုံးလုံး

မရွာသွန်းသဖြင့် ရဟန်းရှင်လူပြည်သူအများ ဆင်းရဲငတ်မွတ်ကြရသည်။ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့ပြေးသွားကြရ၏။ ငတ်မွတ်လှသဖြင့် လူလူချင်းသတ်ဖြတ်၍ စားသောက်သူများပင်ရှိရာ အလွန်ကြောက်မက်ဖွယ်ကောင်းသော ခေတ်ပျက်ကာလကြီး ဖြစ်တော့သည်။

သီဟိုဠ်ကျွန်းအနောက်ပိုင်းရှိ အဘယမထေရ်သီတင်းသုံးရာ ပုပ္ဖဂိရိကျောင်း ဂေါစရဂါမ်ဖြစ်သော ဒေဝတာရွာသူ ရွာသားများလည်း ထိုဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်လာစဉ် ထိုရွာမှထွက်ပြေးသွားကြရသည်။ ပြောင်းရွှေ့မသွားကြမီ ပုပ္ဖဂိရိကျောင်းသို့လာ၍ " အရှင်ဘုရားငတ်မွတ်နေလို့ အသက်ရှင်ရဖို့ မလွယ်ပါ။ အရှင်ဘုရားလည်း တပည့်တော်များနှင့်အတူတကွ လိုက်ပါကြွတော်မူပါ " ဟု အဘယမထေရ်အား လျှောက်ထားရာ -

" ဒကာတို့ သင်တို့သာလျှင် စိတ်ချမ်းချမ်းသာသာနှင့် လိုရာပြောင်းရွှေ့ကြပါ။ ဘုန်းကြီးတော့ မြတ်စွာဘုရားရဲ့ ဓာတ်တော်၊ မွေတော်များ ဌာပနာထားတဲ့ ဒီစေတီတော် ဗောဓိပင်များကိုထားပြီး ဘယ်ကိုမှမသွားလိုဘူး။ အသက်ရှိနေသမျှတော့ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို ပြုစုသလိုပဲ စောင့်ရှောက်ပြုစုပြီး နေခဲ့မယ်။ သေလည်း ဒီဘုရားရှင်အနီးမှာပဲ သေပါစေတော့၊ ငါ့အတွက် မကြောင့်ကြနှင့် " ဟုသာ မိန့်ဆို၍ တစ်ပါးတည်း သီတင်းသုံးနေခဲ့လေသည်။

မထေရ်သည် ဂေါစရဂါမ် ဒကာများအားလုံးတို့ ပြောင်းရွှေ့ကြသော်လည်း မလိုက်ပါတော့ဘဲ အချိန်ရှိသမျှ ဂုဏ်တော်နှလုံးသွင်းလျက်၊ စေတီရင်ပြင်၊ ဗောဓိရင်ပြင်၌ ဝတ်ကြီးဝတ်ငယ်များ ဝတ်ပြုလျက်သာ ကျန်ရစ်ခဲ့သည်။ ဆွမ်းအာဟာရလည်း တစ်စုံတစ်ရာမျှ မဘုဉ်းပေးရချေ။ ဆွမ်းမဘုဉ်းပေးရဘဲ သုံးရက်တိုင်တိုင် တံမြက်လှည်းခြင်းစသော ဝေယျာဝစ္စများကိုပြုလုပ်နေရာ တစ်ရက်ထက်တစ်ရက် ပင်ပန်းနွမ်းနယ်လာ၏။ တတိယမြောက်နေ့တွင် တံမြက်ဝတ်ပြုရသည်မှာ မောပန်းလှသဖြင့် ကျောင်းအလယ်ရှိ စည်းဝေးရာမဏ္ဍပ် (ဇရပ်) တစ်ခု၌ အမောပြေထိုင်နေရင်း ဘုရားဂုဏ်တရားဂုဏ်ကို နှလုံးသွင်းနေလေ၏။ ထိုအရပ်အနီး သင်းဝင်ပင်စောင့်နတ်ကြီးသည် ဆွမ်းအာဟာရမရှိဘဲ စေတီယင်္ဂဏဝတ်၊ ဗောဓိ ယင်္ဂဏဝတ်များပြုပြီး မောပန်းနွမ်းနယ်နေသည်ကိုကြည့်၍ စိတ်မကောင်းဖြစ်နေ၏။ နတ်မင်းကြီးသည် ချက်ချင်းပင် မိမိဇနီးအား -

" ရှင်မ၊ အရှင်မြတ်ကြီးကိုကြည့်စမ်း၊ ဆွမ်းမစားရဘဲ တခြားအရပ်ကိုလည်း ပြောင်းရွှေ့မသွားဘူး၊ ဘုရားဝတ်ကိုပဲ ပြုနေတယ်၊ ဆွမ်းမစားရလို့ အရှင်မြတ်မှာပင်ပန်းနွမ်းနယ်လှပြီ၊ ဒီအရပ်မှာ ငါတို့ကလွဲလို့ ဆွမ်းလှူမယ့်သူလည်း မရှိပါကလား။ ယနေ့ကစပြီး အရှင်မြတ်အား ဆွမ်းလှူကြရအောင် " ဟုပြောပြလျှင် ဇနီးက -

" ကောင်းပါတယ်၊ အရှင်နတ်မင်း သို့သော်လည်း ဒီအရှင်မြတ်ဟာ ရှေးဘဝက ဘယ်လိုကုသိုလ်ကောင်းမှုတွေ ပြုခဲ့တယ်ဆိုတာ၊ ကြည်ညိုရအောင် ပြောပြပါဦး။ " ဟုတောင်းပန်လေ၏။ ထိုအခါနတ်မင်းကြီးသည် ဇနီးအား ရှေးဘဝက အဘယမထေရ်ပြုဖူးသော ဒါနတစ်ခုကို ပြောပြလေ၏။

## ခွေးငတ်ကိုအစာကျွေးသော အမတ်

အဘယမထေရ်သည် ထိုဒေဝတာရွာ၌ပင် ဒေဝမည်သော အမတ်ကြီးတစ်ယောက် ဖြစ်ခဲ့ဖူး၏။ ဒေဝဒတ်မင်းကြီးသည် ရပ်ရေးရွာရေး စီမံခန့်ခွဲရန်ကိစ္စရှိ၍ ရပ်ရွာများကို လှည့်လည်သွားလာရစဉ် ကိစ္စပြီးစီး၍ ဒေဝတာရွာသို့ပြန်လာခဲ့သည်။ လမ်းခုလပ်၌ ထမင်းဆာလှသဖြင့် နောက်ပါအမှုထမ်းများအား ထမင်းပွဲပြင်ရန် စေခိုင်း၍ ထမင်းစားမည်အပြု ခွေးပိန်ခွေးငတ်တစ်ကောင်သည် အူယားဖားယား ပြေးလွှားလာကာ သွားရည်တများများနှင့် အနားသို့ရောက်လာ၏။

ဆာလောင်လွန်းလှသဖြင့် တုန်တုန်ချည့်ချည့် ဖြစ်နေလေသည်။ ထိုအခါ အမှုထမ်းတစ်ဦးသည် တုတ်ကြီးတစ်ချောင်းကိုယူလာပြီး ထမင်းဝိုင်းအနီးသို့လာသော ခွေးပိန်ကလေးအား ရိုက်မည်ပြုစဉ်၊ အမတ်ကြီးက မရိုက်ရန် ဟန့်တားလိုက်၏။ မိမိစားမည့် ထမင်းကိုပင် ဟင်းလျာနှင့်စားကောင်းအောင် နယ်ဖတ်လုံးထွေးကာ ထမင်းတစ်ဆုပ် လှိမ့်ပေးလိုက်သည်။ ခွေးပိန်လေးမှာ ဆာလောင်လွန်း၍ အားပါးတရကိုက်စားနေသည်ကို တွေ့မြင်နေသော အမတ်ကြီးမှာ အလွန်ဝမ်းမြောက်သွားလေ၏။

ခွေးပိန်ကလေးအား ကျွေးရသော ထမင်းတဆုပ်ကြောင့် ကွယ်လွန်လျှင် အမတ်သည် ထိုဒေဝတာရွာ၌ ပင်လျှင် အဘယမထေရ်ဖြစ်လာလေ၏။ ဇနီးဖြစ်သူ နတ်သမီးလည်း ထိုအကြောင်းကို ကြားသိရလျှင် ပို၍ပင်ကြည်ညို သွားကာ ဆွမ်းလှူရန်သဘောတူ စီစဉ်ကြလေသည်။ မထေရ်သည် သင်းဝင်ပင်အနီးဇရပ်၌ အမောပြေထိုက်နေစဉ် လူဒကာတစ်ဦး လာရောက်ဝတ်ပြုကာ -

" အရှင်မြတ်ဘုရား၊ တပည့်တော်များအား သပိတ်ချီးမြှင့်တော်မူပါ၊ အရှင်သူမြတ် အသက်တော်ရှည် သမျှ တပည့်တော်များ အမြဲဆွမ်းဝတ်ပြုပါမယ်၊ ရဟန်းတရားကိုသာ ကြိုးစား၍ နှလုံးသွင်းတော်မူပါ " ဟုလျှောက်ကာ နတ်ဆွမ်းများ ထည့်လှူဆက်ကပ်လေ၏။ သင်းဝင်ပင်ဗိမာန်သို့ ဆွမ်းခံအမြဲကြွရန်လည်း လျှောက်ထားသည်။

## လူသားစားနှင့် အဘယမထေရ်

အဘယမထေရ်သည် နေ့စဉ်နတ်သုဒ္ဓါ ဆွမ်းများကိုချည်း ဘုဉ်းပေးနေရသဖြင့် သပ္ပါယ်ယမျှကာ တင့်တယ်ဆူဖြိုးနေ၏။ စေတီ၊ ဗောဓိပင်များ၏ ဝတ်ကြီးဝတ်ငယ်နှင့် ရဟန်းတရားတို့ကို မကြောင့်မကြ ဆောင်ရွက် လာနိုင်၏။ တစ်နေ့သောအခါ မထေရ်သည် ဘုရားပရိဝုဏ်အတွင်း တံမြက်လှည်းပြီး၍ ပရိဝုဏ်အပြင်သို့ထွက်လာစဉ် ကျောင်းဝင်း၏ လေးဘက်လေးတန်မှ " ဝိုင်းဟေ့ . . ဖမ်းဟေ့ . . " စသော ဆူညံသံများကိုကြား၍ ကြည့်လိုက်ရာ တုတ်များဓားများ ကိုယ်စီကိုင်ဆောင်၍ ကျောင်းဆီသို့ ဦးတည်ပြေးလာနေကြသော လူအုပ်ကြီးကို မြင်တော်မူ၏။

လူတို့သည် ဆာလောင်ငတ်မွတ်လွန်းလှသဖြင့် လူလူချင်းသတ်ဖြတ် စားသောက်သူများ ဖြစ်ကြလေ သည်။ နတ်ဆွမ်းစားရသဖြင့် ဆူဖြိုးတင့်တယ်နေသော မထေရ်အား သတ်ဖြတ်စားသောက်ရန် လာကြခြင်းဖြစ်၏။ လူဆိုးများ ကျောင်းဝင်းလေးဘက်လေးတန်မှဝင်ကာ ကျောင်းထဲသို့ပင်ရောက်လာပြီး မထေရ်ကို သူ့ထက်ငါ ရှာဖွေ နေကြလေသည်။ မထေရ်သည် ယခင်အမတ်ဘဝက ခွေးပိန်ခွေးငတ်အား ရိုက်ပုတ်မည့်သူကို ဟန့်တားခဲ့ဖူးသော ကုသိုလ်ကြောင့် ကျောင်းဝင်းအလယ်၌ ရုတ်တရက် တောင်ကြီးတစ်တောင် ပေါ်ပေါက်လာလေ၏။

မထေရ်သည် ထိုတောင်ကြီး၏ လှိုဏ်ခေါင်းထဲသို့ အလိုလိုရောက်သွား၍ လူဆိုးများရှာမတွေ့နိုင် ကြတော့ပေ။ ရုတ်တရက် တောင်ကြီးပေါ်လာသည်ကို မြင်ရလျှင် ရဟန္တာဖြစ်ပေလိမ့်မည်ဟု ယူဆကာ ကြောက်လန့် ထွက်ပြေးကြလေသည်။ မထေရ်ကား ၁၂ နှစ်ပတ်လုံး ပုထုဇဉ်မျှသာ ရှိသေး၏။ သံသရာဒုက္ခကို သံဝေဂဖြစ်တော်မူ၍ ဝိပဿနာတရားရှုပွားရာ ရဟန္တာဖြစ်တော်မူ၏။ ၂၄ နှစ်တိုင်တိုင် နတ်ဆွမ်းဘုဉ်းပေးကာ ထိုကျောင်း၌ပင် ပရိနိဗ္ဗာန် ပြုတော်မူလေသည်။

*(ဓမ္မာစရိယ ဦးဌေးလှိုင်၏ သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ နှာ - ၅၅၅ မှ ၅၅၈)*

## ဆီဝေသောဒါနရှင်

သာစည်မှ ဟံဇားမြို့သို့ မီးရထားခုတ်ရာတွင် ဟံဇာမြို့အရှေ့တောင်ဘက် သုံးမိုင်အရပ်တွင် သာဂရခေါ် ရွာကြီးတစ်ရွာရှိသည်။ ရှေးမြန်မာမင်းများ လက်ထက်က မြို့စားရွာစားများနေသော မြို့တစ်မြို့ဖြစ်၍ အုတ်ရိုးတံတိုင်း ကျုံးများပင်ရှိသည်။ ယင်းရွာကြီးတွင် အရောင်းအဝယ်လုပ်၍ စိုက်ပျိုးခြင်းကိုပါ လုပ်ကိုင်နေသော ဦးကျော်ဇံ၊ ဒေါ်ဦးဆိုသော ဇနီးမောင်နှံရှိသည်။ *(ဒေါ်ဦးမှာ ဖဆပလခေတ်က ဝန်ကြီးဖြစ်ခဲ့သော ဗိုလ်မှူးအောင်၏ အစ်မအရင်းဖြစ်သည်)* ထိုဦးကျော်ဇံ၊ ဒေါ်ဦးတို့သည် အလွန်ပင် ဘုရားတရားကြည်ညို၍ သဒ္ဓါတရားကောင်းသည်။

သူတစ်ပါးကဲ့သို့ ဘုရားတွေကျောင်းတွေ ဆောက်လုပ်မလှူနိုင်သော်လည်း သူတို့အတတ်နိုင်ဆုံးဒါနပြုသည်။ ရွာတွင်းရှိ မည်သူမဆို မီးဖိုဆောင်တွင် သုံးရန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ စသည် အလိုရှိတိုင်းအခက်အခဲရှိတိုင်း သူတို့အိမ်သွား၍ ယူနိုင်သည်။ တစ်ရွာလုံးကို ကြော်ငြာ၍ ပေးကမ်းသည်။ ထို့ကြောင့် ဆန်ပြတ်သူတိုင်း ဒုက္ခရောက်တိုင်း မိဘမကျန်းမမာသောအခါ စားရေးခက်သော သားသမီးများမှစ၍ သူတို့စေတနာကိုယုံကြည်သည့်အတိုင်း ဆန်လိုလျှင် ဆန်၊ ဆီလိုလျှင် ဆီ စသည်ဖြင့် သူတို့ထံမှလာ၍ ယူသည်။

သူတို့သည် အလွန်ဝမ်းသာစွာဖြင့် ဒါနပြုသည်။ ဤသို့ နှစ်ပေါင်းများစွာ ၁၅ နှစ် ကျော်လာသောအခါတစ်နေ့သော နေ့လည်တွင် သူတို့အိမ်ရှေ့တွင်ထား၍ အများအတွက် လှူရန်ထားသော ဆီအိုးကြီးမှာ ပွက်၍လာပြီးလျှင် ဆီတွေဖိတ်လျှံကျလာသည်။ ရှေးကလည်း ဤကဲ့သို့ ထုံးတမ်းတစ်ခု ရှိခဲ့သည်။ မဟာဝင်ဝတ္ထုကို ကြည့်ပါ။

## ပေါင်သားလှီး၍ လှူမည့်သူ

ဗြဟ္မဏတိဿ ဆိုသော ခိုးသူကြီးသည် တဖြည်းဖြည်းလူစု၍ သူခိုးဘဝမှ ဓားပြ၊ ဓားပြဘဝမှ သူပုန်ဖြစ်၍ နောက်လိုက်အင်အား များလာသောအခါ ရှင်ဘုရင်ကိုတိုက်ခိုက်၍ ကိုယ်တိုင် ရှင်ဘုရင်လုပ်လေသည်။ သူရှင်ဘုရင်ဖြစ်၍ လူအများ တရားမစောင့်သောအခါ မိုးလေဝသခေါင်းပါးပြီးလျှင် လူတွေငတ်မွတ်ခြင်းများဖြစ်လာခဲ့သည်။ ဆန်ရေစပါး ရှားပါးသည်။ မိုးလေဝသခေါင်းပါး၍ ဆန်ရေစပါးရှားပါးသောကြောင့် ကံအားလျော်စွာရဟန္တာနှစ်သောင်း ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ များစွာကုန်သော ရဟန်းတို့သည် သီဟိုဠ်ကျွန်းမှ အိန္ဒိယသို့ ကူးသွားခဲ့သည်။ တောထဲတောင်ထဲတွင် ဟင်းရွက်ကိုစား၍ တချို့တလေသော သံဃာတော်များသာ ကျန်ရစ်ခဲ့သည်။

ထိုမင်းသည် ကိုးနှစ်တိတိ တိုင်းပြည်ကိုအုပ်ချုပ်ရာ တိုင်းပြည်တွင် အလွန်ငတ်မွတ်ခေါင်းပါး၍ လူတွေသေကြသည်။ ထို့နောက် လူများက မခံနိုင်တော့၍ ထိုဘုရင်ကို ပြန်လည်တိုက်ခိုက်ပြီးလျှင် သတ်ပစ်ကြသည်။ သို့ရာတွင် မိုးလေဝသ မကောင်းသေး၊ ဆန်ရေစပါးလည်း ချက်ချင်းပေါ်မလာသေးချေ။ ထိုအခါ မြို့စွန်အဖျားတွင်နေသော ဆင်းရဲသား လင်မယားနှစ်ယောက် ရှိသည်။ တစ်နေ့သောအခါ ရဟန်းတော်တစ်ပါး သူတို့၏အိမ်ရှေ့ကိုဆွမ်းခံကြွတော်မူသည်။ ထိုလင်မယားမှာလည်း စားစရာမရှိသောကြောင့် အာဟာရပြတ်၍ ထမင်းငတ်နေသည်မှာကိုးရက်လောက်ရှိပြီး လှူစရာဟူ၍ စားကောင်းသောပစ္စည်း အိမ်ထဲတွင် လုံးဝမရှိချေ။

ထိုအခါ မိန်းမဖြစ်သူက ဤသို့တွေးတောသည် ငါတို့သည် စားစရာမရှိသည်မှာ ကိုးရက်ရှိပြီ၊ နောင်လေးငါးရက်နေလျှင် သေရတော့မည်။ သေရမည့်အတူတူ ဤရဟန်းတော် သာသနာပြုနိုင်စေရန် အသက်ရှည်စေရန် ငါ၏ပေါင်သားကို ဓားနှင့်လှီး၍ ကြော်ပြီးလျှင် အမဲကြော်လုပ်၍ လှူလိုက်မည်ဟု ဆင်ခြင်ပြီးလျှင် မီးဖိုချောင်မှဓားကိုယူ၍ နောက်ဖေးဘက်ရှိ ခြံထဲသို့ထွက်သွားသည်။ ပေါင်သားလှီးရန် ဖြစ်သည်။

ယေကျာ်းဖြစ်သူကလည်း သူ့မိန်းမကဲ့သို့ပင် ငါလည်းသေတော့မည်၊ ထူးမည်မဟုတ်။ ရဟန်းတော်အား သာသနာဆက်၍ ပြုနိုင်စေရန်၊ အသက်ရှည်စေရန် ငါ၏ပေါင်သားကို ဓားနှင့်ဖြတ်၍ အမဲကြော်လုပ်၍လှူမည်ဟု မိမိ၏ အခြားဘက်ရှိခြံထဲသို့ ဓားတစ်ချောင်းနှင့် ထွက်သွားသည်။ သူတို့၏ သဒ္ဓါတရား ထူးခြားပြင်းထန်လှသောကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ တင်းသည်။ အလွန်နူးညံ့သော ပဏ္ဍုကမ္ဗလာမှာ ကျောက်ကဲ့သို့ မာ၍နေသည်။ ထို့ကြောင့် သိကြားမင်းသည် လူ့ပြည်သို့ ကြည့်လိုက်ရာ ဤလင်မယားကို သွား၍တွေ့သည်။

ချက်ချင်းပင် သိကြားမင်းသည် သူတို့၏အိမ်ရှေ့၌ ပေါ်လာသည်။ အဘိုးကြီး ယောင်ဆောင်၍ လာသည်။ ထို့နောက် အိမ်ရှေ့မှနေ၍ " သားတို့၊ သမီးတို့ " ဟုလှမ်း၍ခေါ်သည်။ ထိုအခါ သိကြားမင်း အသံကြား၍ လင်မယား နှစ်ယောက်သည် ဓားကိုချပြီး အိမ်ရှေ့သို့ပြေးထွက်လာကြသည်။ ထိုအခါ လူသူတော် ယောင်ဆောင်ထားသော သိကြားမင်းသည် သူ၏လက်ထဲတွင် တစ်ပြည်ချက်နိုင်သော ထမင်းအိုးကိုယူ၍ " သံဃာတော်ကိုလည်း လောင်းပါ၊ သင်တို့လည်း စားကြပါ၊ အိမ်နီးချင်းများကိုလည်း ဝေငှပါ " ဟုပြော၍ ထွက်သွားသည်။

ထို့ကြောင့် အိမ်ရှင်လင်မယားသည် ဆွမ်းကိုခူး၍ ဆွမ်းခံသံဃာတော်၏ သပိတ်ထဲသို့ထည့်ရာ ထမင်းသည် ပြန်၍ပြည့်သွားသည်။ ထို့ကြောင့် သပိတ်ပြည့်အောင် အားရပါးရလှူဒါန်းသည်။ သူတို့လည်း စားသောက်သည်။ အိမ်နီးချင်းများကိုလည်း ဝေငှသည်။ ထမင်းအိုးမှာ သိကြားမင်း၏ အဓိဋ္ဌာန်ကြောင့် သုံးလခန့် ပြန်၍ပြည့်လာသည်။ ထိုအခါ လူများသည် ငါးပါးသီလ အကျိုးကြောင့်ဟု ငါးပါးသီလကို စောင့်ထိန်းကြသည်။ ဒါန၊ သီလ ပြုကြသည်။ ထို့ကြောင့် သီးနှံများ ရှေးကထက်ဖြစ်ထွန်းပြီး မိုးလေဝသကောင်းလာသောကြောင့် လူတွေလည်း ကျန်းမာပျော်ရွှင်ကြသည်။

အိန္ဒိယပြည်သို့ထွက်သွားသော ရဟန်းတော်များလည်း ပြန်လာကြသည်။ ထို့နောက် သီဟိုဠ်ကျွန်းတွင် စတုတ္ထ သင်္ဂါယနာတင်ခဲ့သည်။ ဤသည်မှာ လက်တွေ့သင်ခန်းစာဖြစ်သည်။ ပစ္စည်းရှာရာတွင် ငါစားဖို့ရှာမည်ဆိုသည်ထက် လှူမည် တန်းမည်၊ ငါ့သားလေးစာတတ်ဖို့ စသည်ဖြင့် သူတစ်ပါးအပေါ် မေတ္တာစေတနာထား၍ရှာကပို၍အောင်မြင်တတ်သည်။ သဒ္ဓါတရား ကောင်းလေလေ ကြီးပွားလေလေဖြစ်လိမ့်မည်။ ဒီဘဝတွင်သာ မဟုတ်ပါ။ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ချမ်းသာလိမ့်မည်။

## ထမင်းတစ်နပ်အငတ်ခံ၍လှူသူ

အခြားတစ်ဦးမှာ ဟင်္သာတမြို့၊ ဘောဂလမ်း စိန်ဗဟိုရ် စဉ့်အိုးခြံ လုပ်ငန်းပိုင်ရှင် ဒေါ်အေးကြည်ဖြစ်သည်။ လွန်ခဲ့သော ၁၉၇၆ ခုနှစ်လောက်က မိုးလေဝသဖောက်ပြန်၍ ဆန်အလွန်ရှားသွားသည်။ လူတွေတော်တော်ဒုက္ခရောက်ကြသည်။ ထိုအခါ ဒေါ်အေးကြည်သည် သူစားမည့်ညစာကို လုံးဝမစားတော့ဘဲ၊ ညစာအတွက် ဆန်များကိုစု၍ သီလရှင်ကျောင်းများသို့ ပေးလှူသည်။ ယနေ့အထိဖြစ်သည်။ ညစာမစားတော့ပဲ ယနေ့အထိ လှူနေသည်။ ကျောင်းလည်း ဆောက်သည်။ ရဟန်းအမလည်း ဖြစ်သည်။

သို့ရာတွင် ကျောင်းဆောက်ခြင်း၊ ရဟန်းအမပြုခြင်းထက် မိမိကိုယ်ကိုအငတ်ခံပြီး သဒ္ဓါတရား အားကြီးစွာဖြင့် မိမိစားမည့်ဆန်ကို လှူဒါန်းသည်မှာ သာမာန်သဒ္ဓါတရားမျိုး မဟုတ်၊ အလွန်အားကြီးသော သဒ္ဓါတရားမျိုးဖြစ်သည်။ အံ့ဩလောက်သော စေတနာရှင်ဖြစ်သည်။ အလွန်ကြည်ညိုစရာ ကောင်းလေသည်။

## နေ့စဉ်ဆွမ်းကြီးလောင်းချင်သူ

ကချင်ပြည်နယ်၊ ဟိုပင်မြို့ရှိ ဆေးအမျိုးမျိုးရောင်းသော မြသီတာဆေးတိုက်ပိုင်ရှင် ဦးကံဆက်နှင့် ဇနီး ဒေါ်စောခင်တို့ ဖြစ်သည်။ မန္တလေးမြို့သို့ ပြောင်းလာသည်မှာ ၁၀ နှစ်ကျော်ပြီ။ စစ်ကြီးပြီးသောအခါ သူတို့သည် မိဘများလက်ထက်က ဆေးကျမ်းများကို ကြည့်ပြီးလျှင် ဆီး၊ ဝမ်း၊ လေဆေး၊ မချစ်ဥနှင့်ဖော်သော မချစ်ဆေးခေါ် မသေဆေး၊ ပန်းနာပျောက်ဆေး၊ တောင်ဆိတ်ဆီမှစ၍ ဆေးအမျိုးမျိုးရောင်းခဲ့သည်။ အလွန်စီးပွားဖြစ်ခဲ့သည်။ ဆေးများလည်း ပြောသည့်အတိုင်း ရောဂါများကိုပျောက်စေသောကြောင့် ရောင်းမလောက်အောင်ဖြစ်သည်။

ပုလင်းမလောက်သောကြောင့် ကြော်ငြာကိုပင် များများမထည့်ချေ။ သူတို့ရသောငွေများကို ဘုရားတည်သည်။ ကျောင်းဆောက်သည်။ ယခုဆိုလျှင် လေးငါးသိန်းဖိုးရှိသည်။ ဤကဲ့သို့ လှူဒါန်းနိုင်သော်လည်း ကားဝယ်၍ မစီးချေ။ ရိုးရိုး အေးအေးပင်နေသည်။ အလွန်သဒ္ဓါတရား ပြင်းထန်သည်။ အထက်ပါ ဆန်ရှားသော နှစ်တုန်းက မန္တလေးမြို့တွင် သံဃာတော်များ များပြားသောကြောင့် သံဃာတော်များတွင် ဆွမ်းမပြည့်စုံဖြစ်သည်။ ထိုအခါ အချို့သံဃာတော်များသည် သူတို့၏တိုက်ထဲသို့ဝင်၍ ဒကာကြီး၊ ဒကာမကြီးတို့ ဆွမ်းကလေးရလျှင် တော်ပါပြီဟု ဆွမ်းခံကြွကြသည်။

ဤကဲ့သို့ အလှူခံလာသောအခါ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း တတ်နိုင်သမျှလှူခဲ့ရာက တစ်နေ့ထက် တစ်နေ့ သံဃာတော်တွေ များလာသဖြင့် သံဃာ ၄၇၀ ထိ ဆန်များကို မရရအောင်ဝယ်၍ ဆွမ်းလည်းလောင်းသည်။ ဟင်းလည်းလှူသည်။ နံနက် ၂ နာရီကစ၍ တစ်အိမ်လုံးထ၍ ချက်ကြပြုတ်ကြသည်။ နောက်ဆုံး လုံးဝဆန်များ ဝယ်ယူ၍ မရသောအခါမှသာ မလှူဘဲနေရတော့သည်။ မလှူရသဖြင့် သူတို့အလွန်စိတ်မကောင်းဖြစ်ကြသည်။ ဤကဲ့သို့ သဒ္ဓါတရားမျိုးလည်း အလွန်ရှားသည်။

## ဒါန၏မျက်မှောက်အကျိုး ၅ ပါး

အလှူဒါနဝတ္ထုလှူဒါန်းသော အလှူရှင်သည် -

၁။ လူအများတို့မျက်နှာမြင်လျှင် ချစ်ခင်နှစ်သက်ခြင်း

၂။ သူတော်ကောင်းတို့ မှီခိုဆည်းကပ်လာခြင်း

၃။ ဂုဏ်ကျေးဇူးသတင်းပျံ့နှံ့ကျော်ကြားခြင်း

၄။ ပရိတ်သတ်လေးပါးသို့ ရွံ့ရှာခြင်းကင်း၊ ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း

၅။ သေသည်၏အခြားမဲ့၌ နတ်ပြည်သို့လားရောက်ရခြင်း

ဟူသောအကျိုးထူးတို့ကို ရရှိခံစားရသည်။ *(အံ၊ ၂။ ၃၃-၅)*

" အထုပ်ကလေးတပြင်ပြင်၊ အထုပ်ရှင်မှာ သေလို့သွား၊
ကျန်တဲ့သူတွေ ဝေကာစား၊  အထုပ်ရှင်မှာ အလကား၊
ဘာကမှလည်းပါမသွား၊ သေရွာကျတော့ အပါယ်လား၊
နိဗ္ဗာန်ရောက်ဖို့ အခက်သား၊ ကုသိုလ်ပုညပြုမှတော်၊
အဖော်ပါမှ စိတ်မှာအေး၊ ဘဝဖန်ခါ ရိက္ခာဆေး၊
ရုပ်နာမ်နှစ်ဖြာ ဒုက္ခဝေး "

*(တိပိဋကရေဆရာတော် ဦးကောသလ္လ)*

## မြင့်မြတ်သောသေခြင်းဆိုတာ

လူတစ်ယောက်ဟာ သူတစ်ပါးကို ထောက်ပံ့၊ ကူညီ၊ ပေးကမ်းနိုင်စွမ်းရှိပါလျက် မထောက်မပံ့၊ မကူညီ၊ မပေးကမ်းဘဲ သေဆုံးသွားခဲ့လျှင် ထိုကဲ့သို့သော သေဆုံးခြင်းသည် မမြတ်သောသေဆုံးခြင်းဖြစ်သည်။

*(အမေရိကန် သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ)*

မှတ်ချက်။ သေဆုံးချိန်တွင် ချမ်းသာသော ဒေါ်လာသန်းပေါင်း ၅၀၀ မှ ၃၀၀ ကျော်ကို ကမ္ဘာအရပ်ရပ်ရှိ ဆေးရုံ၊ ကျောင်း၊ သုတေသနဌာနများသို့ လှူဒါန်းခဲ့သူဖြစ်သည်။

## ဘဝအောင်မြင်မှုဆိုတာ

ဘဝအောင်မြင်မှုဆိုတာ တိုက်တွေ၊ ကားတွေ၊ ဝတ်ကောင်းစားလှတွေနဲ့ မတိုင်းတာမသတ်မှတ်ကြပါနဲ့၊ တကယ့် ဘဝအောင်မြင်မှုဆိုတာကို မိမိဟာအများအတွက် ဘယ်လောက်လုပ်ကိုင် ဆောင်ရွက်ပေးခဲ့သလဲဆိုတဲ့ အချက်နဲ့ပဲ တိုင်းတာရတယ်။

*(အမေရိကန် လူမည်းတို့၏ ကရုဏာရှင် ဂျော့ဝါရှင်တန်ကာဗာ)*

မှတ်ချက်။ အသက်ဆုံးသည်အထိ လူမည်းတို့၏ ဘဝတိုးတက်ရေးကို ကြိုးစားအားထုတ်ခဲ့သူ ဖြစ်သည်။

## မြေနှင့်ရွှေငွေတို့ ပြက်ရယ်ပြုခြင်း

ငါ့လယ်၊ ငါ့ယာ၊ ငါ့မြေတာဟု၊ ဥစ္စာခင်မင်ဆိုပြန်လျှင်လည်း၊ အရှင်မဲ့ပါ၊ ငါတို့မှာကား၊ ကမ္ဘာမကျေ မခြင်းနေ၏။ ဖောက်သွေ့ယွင်းယို၊ သင်တို့ကိုယ်မှ၊ လိုမပိုင်ဘဲ ဖွတ်သရဲဟု ကျိန်ဆဲသောနှယ် မြေကရယ်၏။

ငါ့ဝယ် ငါ့ရွှေ ငါ့ကြေးငွေဟု စိတ်စေကြည်သာ ဆိုပြန်ပါလည်း ကြမ္မာဆော်တိုက် ကောင်းတော်ခိုက်ကို ဧည့်ဆိုက်မျှသာ တည်းခိုပါရှင့်၊ ငါးဖြာရန်သူ၊ ယူလှည့်တို့ပါ၊ သေမင်းခွာလည်း၊ သင့်ရာအလျှောက်၊ တို့ရောက်သည်ပင် တို့အရှင်လျှင် ဖြစ်ချင်လွန်းလှ၊ လွန်မင်းစွာဟု ဒေါသချီချယ်၊ ရွှေငွေရယ်၏။

*(စိန္တကျော်သူ-ဩဝါဒထူးပျို့)*

**အခန်း (၃) ပြီး၏**

××××××

# အခန်း (၄)
# အားကိုးရာအမှန်

## ခန္ဓာ၏အနှစ်သာရ

ခန္ဓာ၏ အနှစ်သာရကား သီလစောင့်ထိန်းခြင်းသာဖြစ်ကြောင်း ကျမ်းအစ၌ ဖော်ပြခဲ့ပေသည်။ သီလအကြောင်းနှင့်အတူ ထပ်တူထပ်မျှ အရေးတကြီးဖော်ပြသင့်သော အခြားအကြောင်းအရာတစ်ခု ရှိသေး၏။ ထိုအရာကား အယူဝါဒစင်ကြယ်မှုပင် ဖြစ်ပါ၏။ ထို့ကြောင့် မဟာဝဂ္ဂသံယုတ် ဗာဟိယသုတ်၌ ဗုဒ္ဓက -

ဗာဟိယ " သင်သည် ကုသိုလ်တရားတို့၏အစကို သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း ကောင်းစွာစင်ကြယ်သော သီလနှင့်ဖြောင့်မှန်သော အယူပင်တည်း " ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ဤ၌ ဖြောင့်မှန်သောအယူဟူသည် ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားကို မတုန်မလှုပ် သက်ဝင်ယုံကြည်မှုပင် ဖြစ်၏။ ကံနှင့်ကံ၏အကျိုးတရားကို အထိုက်အလျောက် သက်ဝင်ယုံကြည်အားရှိကြပါသော်လည်း ရတနာသုံးပါးအပေါ် အားထားယုံကြည်မှုကား နည်းနေကြသေးသည်။

## သရဏဂုံညစ်နွမ်းကြောင်း သုံးမျိုး

အဘယ့်ကြောင့်နည်း။ သရဏဂုံညစ်နွမ်းနေခြင်းကြောင့်ပင် ဖြစ်ပါ၏။ သရဏဂုံ ညစ်နွမ်းကြောင်း သုံးမျိုးရှိ၏။ မူလပဏ္ဏာသအဋ္ဌကထာ၌ အညာဏသံသယမိစ္ဆာဉာဏ ဒီဟိသံကိလိဿတိ ဟူ၍ဖွင့်ပြသည်။ အညာဏ - ရတနာ သုံးပါးအပေါ် သေချာကျနစွာမသိခြင်း၊ သံသယ - ရတနာသုံးပါးအပေါ်မှာ ယုံမှားလာခြင်း၊ မိစ္ဆာဉာဏ - ရတနာသုံးပါးအပေါ်၌ မှားယွင်းသော အယူအဆ ဖြစ်ခြင်းတို့ပင်။

၄င်းသုံးမျိုးတွင် အညာဏ၊ သံသယနှစ်ပါးကို ရတနာသုံးပါးအကြောင်းသိအောင် အားထုတ်ရင်း ပယ်ဖျောက်ရသည်။ မိစ္ဆာဉာဏကို ရတနာသုံးပါးအပေါ် သဒ္ဓါတရားယုံကြည်ဉာဏ်ကို ခိုင်ခိုင်မာမာထားပြီး ပယ်ဖျောက်ရသည်။ ထိုကဲ့သို့ မပယ်ဖျောက်နိုင်လျှင် အပြစ်ရှိသော သရဏဂုံပျက်စီးခြင်းသို့ ရောက်ရတော့သည်။ အရိယာတို့၏ သရဏဂုံကို လောကုတ္တရာသရဏဂုံ ဟုခေါ်သည်။ မြေထဲအတောင်များများဝင်အောင် ရိုက်သွင်းထားသော သံတိုင်၊ ကျောက်တိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေကြောင့် ဘယ်တော့မှ မတုန်လှုပ်သကဲ့သို့ အရိယာတို့၏ ရတနာသုံးပါးအပေါ် ယုံကြည်မှုသဒ္ဓါသည်လည်း ဘယ်ဘဝရောက်ရောက် မပျက်စီးတော့ပေ။

ပုထုဇဉ်တို့၏ ရတနာသုံးပါးအပေါ် ယုံကြည်မှုသည်ကား ဖွဲပုံပေါ်ကလေးတစ်ယောက် ကရော်ကမည် စိုက်ထားသော ဝါးခြမ်းပြားနှင့် ဘာမှမခြားပေ။ လေပြင်းလေးတစ်ချက် ဝှေ့လိုက်ရုံဖြင့်ပင် လဲသွားနိုင်ပေသည်။ တစ်ခါက ဧရာဝတီမြစ်ထဲ လှေအပြည့်ဖြင့်လှော်ခတ်လာသော လှေတစ်စင်းသည် ပုဂံညောင်ဦးနားအရောက် လှိုင်းပုတ်ပြီး လှေမှောက်တော့သည်။ နစ်သူနစ် ကိုယ်လွတ်ကူးသူကူးနှင့် ဝရုန်းသုန်းကားဖြစ်နေစဉ် လူလေးယောက်လောက်မှာ ကံကောင်းထောက်မစွာ မှောက်နေသောလှေကို ပြန်၍တွယ်ဖက်မိကြသည်။ လှိုင်းကလည်းထန် ကမ်းကလည်း အတော်ဝေးသေးသဖြင့် သေမည်,ရှင်မည် မပြောနိုင်သေးပေ။ ထိုအခါ ထိုလေးယောက်ထဲက အသက်ကြီးကြီး တစ်ယောက်သည် ကမ်းပေါ်မှ ရွှေစည်းခုံဘုရားကြီးကို လှမ်းအာရုံပြု၍ -

" ရွှေစည်းခုံဘုရားကြီး၊ ဘုရားတပည့်တော်တို့၏ အသက်ကိုကယ်တော်မူပါ။ တပည့်တော် အသက်ဘေး မှလွတ်ခဲ့လျှင် ရှိသမျှဥစ္စာအားလုံးထုခွဲ၍ ရွှေသင်္ကန်းကပ်လှူပါမည်ဘုရား " ဟု အသံကျယ်ကျယ်ဖြင့် အဓိဋ္ဌာန်ပြုလိုက်ရာ တိုက်တိုက်ဆိုင်ဆိုင်ပင် သူအဓိဋ္ဌာန်ပြုပြီးသည်နှင့် တစ်ပြိုင်နက် မှောက်နေသောလှေကြီးမှာ ကမ်းဘက်သို့တဖြည်းဖြည်း မြောပါသွားတော့သည်။ ကမ်းသို့ရောက်ရန် တစ်ခေါ်သာသာလောက် အလိုတွင်ကား ထိုလူကြီး၏ အဓိဋ္ဌာန်သည်မှာ တစ်မျိုးပြောင်းသွားသည်။

" တပည့်တော် မရှိဆင်းရဲသားမို့ ရှိသမျှဥစ္စာထဲက တစ်ဝက်လောက်နဲ့ပဲ ရွှေချပါရစေဘုရား " ကမ်းသို့ ရောက်ရန် ဝါးသုံးပြန်လောက်အလိုတွင်ကား -

" စိတ်နိုင်ကိုယ်နိုင် ရွှေဆိုင်းတစ်ဆိုင်းလောက်ပဲ လှူပါရစေတော့ဘုရား " နောက်ဆုံး ကမ်းပေါ်သို့ လေးယောက်သား ဝမ်းသာအားရတက်ပြီးသောအခါ၌ ထိုလူကြီးပြောလိုက်သော စကားသည်ကား -

" အင်း . . ကျုပ်လည်း ကြောက်အားလန့်အား ဘာတွေပြောမိမှန်းတောင် မသိတော့ပါဘူးဗျာ " ဟူ၏။ ပုထုဇဉ်တို့၏ ရတနာသုံးပါးအပေါ် အားထားယုံကြည်မှုကား ဤမျှလောက်ထိ အောက်ကျနောက်ကျနိုင်လှ ပါသည်။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့၏ လောကုတ္တရာသရဏဂုံသည် ပျက်စီးခြင်းမရှိသော်လည်း ပုထုဇဉ်တို့၏ လောကီ သရဏဂုံကား ပျက်စီးခြင်းရှိလာခဲ့ရသည်။ လောကီသရဏဂုံသည် အပြစ်ရှိသော ပျက်စီးခြင်း၊ အပြစ်မရှိသော ပျက်စီးခြင်းဟူ၍ နှစ်မျိုးရှိသည်။

## သရဏဂုံပျက်စီးခြင်းနှစ်မျိုး

" ကာလကိရိယာ ဘေဒေါအနဝဇ္ဇဘေဒေါတိ ဝုစ္စတိ
အည သတ္ထာရာဒီသု အပါအတ္တာနံ ပရိစ္စဇာမီတိ
ဧဝံ အညသတ္ထာ ရုဒ္ဒေသဝသေန
သရဏဂမနဿဘေဒေါ ဝုစ္စတိ "

ဟု မူလပဏ္ဏာသ အဋ္ဌကထာ၌ ဖွင့်ပြထားသည်။ အဓိပ္ပာယ်မှာ သေဆုံး၍သရဏဂုံပျက်ခြင်းသည် အပြစ် မရှိသော ပျက်စီးခြင်း။ ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားဘိုးတော်၊ မယ်တော်၊ နတ် စသည်တို့၌ တပည့်တော်၏ အသက်နှင့်ခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းပါ၏။ ဤသို့ တခြားမှာ ဆရာရှာပြီးကိုးကွယ်သဖြင့် သရဏဂုံပျက်ခြင်းသည် အပြစ် ရှိသော အကုသိုလ်ဖြစ်သော သရဏဂုံပျက်စီးခြင်း ဖြစ်သည်။

သရဏဂုံပျက်စီးခြင်း၏ ပထမအကြောင်းရင်းကား သရဏဂုံ ညှိုးနွမ်းကြောင်း သုံးပါးကြောင့် ဖြစ် ကြောင်းတွေ့ရ၏။ တဖန် ထိုသရဏဂုံ ညှိုးနွမ်းခြင်း၏ အကြောင်းကိုဆက်၍ ရှာလိုက်သောအခါ သရဏဂုံသုံးပါး၏ စွမ်းရည်၊ သတ္တိများကို ကျကျနန သေသေချာချာ မသိခြင်းဟူသောအချက် တွေ့ရသည်။ သို့အတွက် ဤနေရာတွင် ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၏ တန်ခိုးသတ္တိများကို အားကိုးအားထားပြုစရာ တရားများပါလားဟူသော အသိ ဝင်လာသည်အထိ ရေးသားရပေလိမ့်မည်။

" သရဏတ္ထတော တာဝသရဏဂတာနံ ဘယံသန္တာသံ ဒုက္ခံ
ဒုဂ္ဂတိ ပရိကိလေသံ ဟိံသတိ ဝိနာသေတီတိ အတ္ထော
ရတနတ္တယဿေဝေတံ အဓိဝစနံ "

*(မူလပဏ္ဏာသ အဋ္ဌကထာ)*

ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်သူများ အကျိုးငါးမျိုး ရနိုင်သည်။

# သရဏဂုံတည်ရကျိုး ငါးမျိုး

ဘယ - တွေ့ကြုံရမည့် ဘေးမှန်သမျှကို ပယ်ဖျောက်ပေးသည်။ သန္တာသ- ကိုယ်စိတ်နှစ်ပါးပူလောင်မှု မှန်သမျှကိုလည်း ပယ်ဖျောက်ပေးသည်။ ဒုက္ခ- ကိုယ်ဆင်းရဲစိတ်ဆင်းရဲမှုကိုလည်း ပယ်ဖျောက်ပေးသည်။ ဒုဂ္ဂတိ - အပါယ်လေးဘုံ မကျအောင်လည်း စောင့်ရှောက်သည်။ ပရိကိလေသ - ညစ်ညူးမှု မှန်သမျှကိုလည်း ပယ်ဖျောက်ပေးသည်။

မကောင်းသော ဘေးဒုက္ခများကို ပယ်ဖျောက်ပေးသည်ဆိုရာ၌ ရတနာသုံးပါးက တိုက်ရိုက်ပယ်ဖျောက်ပေးခြင်းမဟုတ်၊ ရတနာသုံးပါး၏ ဂုဏ်သတ္တိကို ယုံကြည်သော သဒ္ဓါ၊ ရတနာသုံးပါးသာလျှင် အားကိုးရာပဲ တခြားအားကိုးရာမရှိဟု ဆုံးဖြတ်သော သမ္မာဒိဋ္ဌိ၊ ဤတရားနှစ်ပါးကြောင့်ပင် ဖြစ်ပါ၏။ တစ်နည်းအားဖြင့် ရတနာသုံးပါးကို တစ်စုံတစ်ယောက်ကမှ ဒုက္ခပေး၍ မရနိုင်သကဲ့သို့ ထို့အတူ ရတနာသုံးပါးကိုန်းဝပ်သူကိုလည်း မည်သူကမျှ ဒုက္ခမပေးနိုင်ခြင်း ဟူ၍လည်း မှတ်နိုင်ပါ၏။

သရဏဂမနဟူသော ပါဠိမှဆင်းသက်လာသော သရဏဂုံသုံးပါးသည်ကား ဗုဒ္ဓဘာသာသို့ဝင်ရာ တံခါးပေါက်ကြီး တစ်ခုသဖွယ် အင်မတန်အရေးကြီးလှပါသည်။ တံခါးပေါက်မရှိသော အိမ်တွင်းသို့ဝင်ရန် မဖြစ်နိုင်သကဲ့သို့ ဘုရား၊ တရား၊ သံဃာဟုဆိုအပ်သော သရဏဂုံသုံးပါးကို မသိနားမလည်ဘဲ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်ဖို့ မဖြစ်နိုင်ပေ။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာစ ပုဂ္ဂိုလ်တို့အနေဖြင့် ပထမဆုံးခံယူဆောက်တည်ရသော တရားမှာလည်း သရဏဂုံ သုံးပါးပင် ဖြစ်ပေသည်။

သရဏဂုံသုံးပါးသည် လူသားတို့ ဗုဒ္ဓဘာသာဖြစ်ရေးတွင် အဓိကကျရုံသာ မကသေးဘဲ ဘုရားသားတော် ရှင်ရဟန်းဖြစ်ရေးတွင်လည်း အဓိကကျသောတရားအဖြစ် တည်ရှိလျက်ပင် ရှိပါသေးသည်။ ထိုသရဏဂုံသုံးပါးကို မာဂဒေါ် ပါဠိတော်ဘာသာဖြင့် ဌာန်ကရိုဏ်းကျကျ နှုတ်မြွက် ရွတ်ဆိုလိုက်လျှင် ရှင်သာမဏေအဖြစ် သာမက ဗုဒ္ဓခွင့်ပြုခဲ့ဖူးသော ရဟန်းရှစ်မျိုးတွင် သရဏဂမနရဟန်း အဖြစ်သို့ပင် ရောက်နိုင်ပါသည်။

ဤနေရာ၌ အဓိကထား၍ တင်ပြချင်သည်မှာ အဝေစ္စပသန္န မတုန်မလှုပ် သက်ဝင်ယုံကြည်သော စိတ်ဖြင့် သရဏဂုံကို တကယ်တည်ပြီး ထိုသရဏဂုံကိုပင် စွမ်းနိုင်သမျှ ရွတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်များအတွက် သရဏဂုံကပေးသော အံ့မခန်းသော အစွမ်းအစများကို လက်တွေ့အထောက်အထား၊ သမိုင်းအထောက်အထား၊ ကျမ်းဂန်အထောက်အထားတို့ဖြင့် တိတိကျကျ တင်ပြလိုခြင်းဖြစ်ပါသည်။

သရဏဂုံကပေးသော အံ့မခန်းသောအစွမ်းအစများကိုမဖော်ပြမီ ဦးစွာသိသင့်သော သရဏဂုံ ဆောက်တည်နည်း လေးနည်းကို ဖော်ပြပါမည်။

" အဇ္ဇအာဒိံကတွာ အဟံအတ္တာနံ ဗုဒ္ဓဿနိယျာတေမိ
အဇ္ဇအာဒိံကတွာ အဟံအတ္တာနံ ဓမ္မဿနိယျာတေမိ
အဇ္ဇအာဒိံကတွာ အဟံအတ္တာနံ သံဃဿနိယျာတေမိ "

ယနေ့ကစ၍ အကျွန်ုပ်သည် မြတ်စွာဘုရားအား မိမိကိုယ်ကို အပ်နှင်း လှူဒါန်းပါ၏။ ယနေ့ကစ၍ အကျွန်ုပ်သည် မြတ်တရားအား မိမိကိုယ်ကို အပ်နှင်း လှူဒါန်းပါ၏။ ယနေ့ကစ၍ အကျွန်ုပ်သည် မြတ်သံဃာအား မိမိကိုယ်ကို အပ်နှင်း လှူဒါန်းပါ၏ ဟူ၍ဖြစ်စေ။

" ဇီဝိတပရိယန္တိကံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဇီဝိတပရိယန္တိကံ ဓမ္မံသရဏံ ဂစ္ဆာမိ
ဇီဝိတပရိယန္တိကံ သံဃံသရဏံ ဂစ္ဆာမိ "

အသက်ဆုံးသည့်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ အသက်ဆုံးသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ အသက်ဆုံးသည့်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏ စသည်ဖြင့်ဖြစ်စေ၊ မိမိကိုယ်ကို ရတနာသုံးပါးသို့ အပ်နှင်းကိုးကွယ်ဆည်းကပ်ခြင်းကို အတ္တသန္နိယျာတန သရဏဂုံ ဟုခေါ်သည်။

" အဇ္ဇအာဒိံကတွာ အဟံ ဗုဒ္ဓပရာယဏော တိမံဓာရေထ
အဇ္ဇအာဒိံကတွာ အဟံ ဓမ္မပရာယဏော တိမံဓာရေထ
အဇ္ဇအာဒိံကတွာ အဟံ သံဃပရာယဏော တိမံဓာရေထ "

ယနေ့ကစ၍ အကျွန်ုပ်သည် မြတ်စွာဘုရားသာလျှင် လဲလျောင်းရာရှိ၏ဟူ၍ အကျွန်ုပ်ကို မှတ်ယူကြကုန်လော့။ ယနေ့ကစ၍ အကျွန်ုပ်သည် မြတ်တရားသာလျှင် လဲလျောင်းရာရှိ၏ဟူ၍ အကျွန်ုပ်ကို မှတ်ယူကြကုန်လော့။ ယနေ့ကစ၍ အကျွန်ုပ်သည် မြတ်သံဃာသာလျှင် လဲလျောင်းရာရှိ၏ ဟူ၍ အကျွန်ုပ်ကို မှတ်ယူကြကုန်လော့ ဟူ၍ လျှောက်ထား ဆောက်တည်ခြင်းကို တပ္ပရာယနသရဏဂုံ ဟုခေါ်သည်။

" အဇ္ဇအာဒိံကတွာ အဟံ ဗုဒ္ဓဿ အန္တေ ဝါသိကော
အဇ္ဇအာဒိံကတွာ အဟံ ဓမ္မဿ အန္တေ ဝါသိကော
အဇ္ဇအာဒိံကတွာ အဟံ သံဃဿ အန္တေ ဝါသိကော "

ယနေ့ကမှစ၍ အကျွန်ုပ်ကို မြတ်စွာဘုရား၏ တပည့်ဟူ၍ မှတ်တော်မူကြ ကုန်လော့။ ယနေ့ကစ၍ အကျွန်ုပ်ကို မြတ်တရား၏ တပည့်ဟူ၍ မှတ်တော်မူကြကုန်လော့။ ယနေ့ကစ၍ အကျွန်ုပ်ကို မြတ်သံဃာ၏တပည့်ဟူ၍ မှတ်တော်မူကြကုန်လော့ ဟူ၍ တပည့်အဖြစ်ခံယူဆောက်တည်ခြင်းကို သိဿဘာဝူပဂမနသရဏဂုံ ဟုခေါ်သည်။

" အဇ္ဇအာဒိံကတွာအဟံ အဘိဝါဒန ပစ္စုပဋ္ဌာန အဉ္ဇလိကမ္မ
သာမိစိကမ္မံ ဗုဒ္ဓါဒီနံ ယေဝ တိဏ္ဏံ ဝတ္ထုုနံ ကရောမီတိ မံဓာရေထ "

ယနေ့မှစ၍ အကျွန်ုပ်ကို ရတနာသုံးပါးအား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လွန်စွာအရိုအသေပြုခြင်း ရှိတဲ့သူဟု မှတ်ယူကြကုန်လော့ ဟုလျှောက်ထား၍ ကိုးကွယ်ဆည်းကပ်ခြင်းကို ပဏိပါတသရဏဂုံ ဟုခေါ်သည်။ မိမိတို့ နှစ်သက်ရာ တစ်နည်းနည်းဖြင့် ခံယူဆောက်တည်နိုင်ပါသည်။ ယခုကာလ သီလယူနေစဉ် ရဟန်းတော်များရှေ့က ဆိုပေးသော ဗုဒ္ဓံ သရဏံဂစ္ဆာမိ စသောနည်းအတိုင်း ဆောက်တည်ကလည်း ဖြစ်နိုင်ပေသည်။ ၎င်း သရဏဂုံယူနည်းကို အတ္တသန္နိယျာတန သရဏဂုံတွင် ထည့်သွင်းနိုင်ပါသည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာတွင် အပါယ်မလားလောက်အောင် ကုသိုလ်အား ကြီးမားလှသဖြင့် သောတာပန်နှင့်တူသည် ဟူ၍ပင် ဖွင့်ဆိုထားသော ကုသိုလ်ခြောက်မျိုးရှိပါသည်။ ၎င်းတို့မှာ -

## အပါယ်မလားသော ကုသိုလ်များ

၁။ သရဏဂုံသုံးပါးကို မတုန်မလှုပ်သက်ဝင်ယုံကြည်၍ သရဏဂုံတည်သူ
၂။ ငါးပါးသီလမြဲသူ
၃။ မည်သည့်ရက်ဟုသတ်မှတ်၍ စာရေးတံမဲဖြင့် ဆွမ်းအမြဲတမ်းလှူသူ
၄။ ဝါဆိုသင်္ကန်းလှူသူ
၅။ ရေတွင်းရေကန်တူး၍ လှူသောသူ
၆။ ကျောင်းဆောက်လှူသောသူ တို့ပင်ဖြစ်ပါသည်။

ထိုကုသိုလ်ခြောက်မျိုးတွင် သရဏဂုံကုသိုလ်က ထိပ်ဆုံးသို့ ရောက်နေခြင်းမှာ ကုသိုလ်စွမ်းအား အကြီးဆုံး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

## သရဏဂုံဖြင့် နတ်ပြည်ရောက်သောသူများ

ချင်းပြည်နယ်၊ ခန္တီးသာမန်တောင်ပေါ်တွင် သီတင်းသုံးနေတော်မူသော တောင်တန်းဆရာတော် ဘုရားကြီးထံသို့ တစ်နေ့တွင် စာတိုက်မှစာတစ်စောင်ရောက်လာသည်။ စာထဲ၌ရေးထားသည်က ဆရာတော်ဘုရားကြီး ထံတွင် သုံးနှစ်ခန့်နေထိုင်ခွင့်ပြုပြီး အပါယ်ဘေးမှကယ်တင်သော အလွယ်ကူဆုံး ကမ္မဋ္ဌာန်းတစ်ခုကို ပွားများအားထုတ် ခွင့်ပြုရန် ခွင့်တောင်းခံခြင်းတို့ပင် ဖြစ်သည်။ မေတ္တာရှင်ဆရာတော်ဘုရားကြီးက ခွင့်ပြုလိုက်သည်နှင့် ခွင့်တောင်းသူမှာ ရက်မကြာမီ ရောက်လာလေသည်။ အသက်လေးဆယ်ခန့်ရှိပြီး တပ်ကြပ်ကြီးလှရွှေ ဟုခေါ်ကြောင်းသိရသည်။ သိတတ် သောအချိန်မှစ၍ စစ်ထဲဝင်ခဲ့ရသဖြင့် ဘာသာရေးအကြောင်းကို ဘာမှနားမလည်ရှာပါ။

သေလျှင် အပါယ်မကျလျှင်တော်ပြီဟု သဘောပိုက်၍ ဆရာတော်ကြီးထံ အရောက်လာခဲ့ခြင်းပင်။ မွန် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျကာ ကလေးတစ်ယောက် ရဖူးသော်လည်း ထိုဇနီးနှင့်သားမှာ တိုက်ပွဲတစ်ခုတွင် သေဆုံးသွားသဖြင့် ယခုအချိန်တွင်မှာတော့ လူလွတ်တစ်ယောက် ဖြစ်နေပါသည်။ ဆရာတော်ကြီး သင်ပြပေးသော သရဏဂုံ၊ ငါးပါး သီလနှင့် အာနာပါနတို့ကို ကျနသေချာစွာအားထုတ်ပြီး သုံးနှစ်ခန့်အကြာတွင် ဆရာတော်ကြီးထံ ခွင့်တောင်း၍ သူ့ဇာတိမြို့သို့ ပြန်သွားခဲ့သည်။

သူနေသောမြို့သို့ရောက်၍သိပ်မကြာ ရေ့တန်းထွက်ခဲ့စဉ်ကရခဲ့သော ငှက်ဖျားပိုး ဦးနှောက်ထဲဝင်သဖြင့် ရက်များမကြာမီ သေဆုံးသွားရှာသည်။ ဦးလှရွှေသေဆုံးစဉ်က အနီးကပ်ပြုစုခဲ့သော အမျိုးသားတစ်ဦးက သူ၏ ကိုယ်တွေ့ကို ဆရာတော်အား ပြန်၍လျှောက်ထားသည်။ ဦးလှရွှေသည် ဇက်ကျိုးကျ၍ သေခါနီးအချိန်အထိ သရဏဂုံကို ရွတ်ဆိုနေကြောင်း နောက်ဆုံးသရဏဂုံ ရွတ်ဆိုရင်းပင် ဝိညာဉ်ချုပ်သွားကြောင်း၊ သေချာစွာလျှောက်ထားသောအခါ ကျမှ တပ်ကြပ်ကြီးလှရွှေ၏ လားရာဂတိကို မှန်းဆသွားနိုင်သဖြင့် ဆရာတော်ကြီး ကျေနပ်မှုရသွားလေသည်။

နောက်တစ်နေ့တွင် တပ်ကြပ်ကြီးလှရွှေ မသေခင်က တော်တော်ကြာနေထိုင်သွားဖူးသောအိမ်မှ ဒကာ တစ်ယောက်က အိပ်မက်ထဲတွင် တပ်ကြပ်ကြီးလှရွှေက နတ်ဝတ်နတ်စား ပြိုးပြိုးပြက်ပြက်များဝတ်ဆင်ပြီး ပြုံးပြုံးရွှင်ရွှင်ဖြင့် လာရောက် နှုတ်ဆက်သွားကြောင်း လျှောက်ထားသောအခါတွင်မှ ကောင်းရာသုဂတိသို့ ဧကန်မုချရောက်သွားပြီ ဖြစ် ကြောင်း ဆုံးဖြတ်နိုင်လေတော့သည်။

## နတ်ပြည်ရောက်အရက်သမား

ကပိလဝတ်မြို့တော်တွင် အရက်လည်းသောက်သော သရဏဂုံလည်းတည်သော အမျိုးသား တစ်ယောက် ရှိလေသည်။ သရဏဂုံသုံးပါးကို စွဲစွဲမြဲမြဲယုံကြည်ခြင်း၊ အမြဲရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ကြောင့် မူလ အမည်ရင်းပျောက်၍ သရဏ ဥပါသကာဟူ၍ အမည်တွင်လေသည်။ သရဏဂုံမြဲသော်ငြားလည်း တစ်ခါတစ်ရံ အရက်မူးသောအခါလည်း ရှိသောကြောင့် ကပိလဝတ်မြို့သားအများတို့က နှာခေါင်းရှုံ့ကြသည်။ ဖိနပ်ကြားက နတ် စကားထွက်သည် စသည်ဖြင့်ကဲ့ရဲ့ကြသည်။ အရက်သောက်သူက သရဏဂုံတည်ခြင်းကို လက်မခံနိုင်ဖြစ်နေကြသည်။

တစ်နေ့ သရဏဥပါသကာသေဆုံးသွားရာ အများစုကအပါယ်ကျမည်ဟု ထင်နေကြသော်လည်း ဗုဒ္ဓက နတ်ပြည်ရောက်သွားပြီဟု ဟောသောအခါ အများစုက လက်မခံဖြစ်နေကြသည်။ ထိုစကားစုများကို ယူဆောင်၍ ဗုဒ္ဓ၏နောင်တော်ကြီး မဟာနာမ်က ယခုကဲ့သို့ လာရောက်လျှောက်ထားပါသည်။

“ မြတ်စွာဘုရား၊ အရက်သမား သရဏာဥပါသကာ နတ်ပြည်ရောက်ကြောင်း ဟောကြားတယ်ဆိုတာ အမှန်ပါ ပဲလား ဘုရား ”

“ မဟာနာမ်၊ မှန်ပေသည်။ သရဏာဥပါသကာသည် သေရည်သောက်သည့် အကုသိုလ်ရှိရိုး မှန်ပါသော်လည်း ဘုရား၊ တရား၊ သံဃာကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော အဝေစ္စပသန္န ကုသိုလ်သဒ္ဓါစေတ အရှိန်ကြောင့် စုတေခါနီးတွင် သောတာပန် တည်ခဲ့လေပြီ။ သို့အတွက် ယခုအခါ သောတာပန် နတ်သားအဖြစ် နတ်စည်းစိမ်ကို ခံစားနေပြီ ” ဖြစ်ကြောင်း ရှင်းပြတော်မူခဲ့ပါသည်။

*(မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၃၂၆)*

ဤနေရာ၌ ဗုဒ္ဓဘာသာဝင်များအတွက် အကျိုးများမည့် မေတ္တာရှင်မိုးညှင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒတရား အတိုချုပ်လေးကို ဖော်ပြရပါသည်။

တို့ကို တချို့ကပြောကြတယ်။ မိုးညှင်းဆရာတော်ဟာ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဘုန်းကြီးတဲ့။ ဘာ့ကြောင့်လဲဆိုတော့ ငါးဖမ်းတဲ့သူကို ငါးဖမ်းရင်း ဣတိပိသောရွတ်ခိုင်းတယ်၊ ငှက်ထောင်စားတဲ့သူကိုလည်း ငှက်ထောင်ရင်း ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ရွတ်ခိုင်းလို့တဲ့၊ ဟုတ်တယ်၊ ငါးဖမ်းအသက်မွေးနေရတဲ့သူကို ငါးမဖမ်းနဲ့လို့ ဟောလို့မရတဲ့အတူတူ ငါးဖမ်းရင်း ဣတိပိသော ရွတ်ခိုင်းတယ်၊ ငှက်ထောင်စားတဲ့သူကိုလည်း ငှက်မထောင်နဲ့လို့ ဟောမရတဲ့အတူတူ ငှက်ထောင်ရင်း ဗုဒ္ဓံသရဏံဂစ္ဆာမိ ရွတ်ခိုင်းတယ်။

ငါးဖမ်းတာ၊ ငှက်ထောင်တာဟာ အကုသိုလ်မီးစပေါ့၊ ဣတိပိသော ရွတ်တာ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ရွတ်တာက ကုသိုလ်ရေမှုတ်ပေါ့၊ စဉ်းစားကြည့်ကြလေ မီးစချည်းပဲဆို ဘယ်မှာလောင်လို့ ပြီးတော့မှာလဲ၊ ရေမှုတ်တစ်ဖက်ကပါတော့ မီးအလောင် သက်သာတာပေါ့၊ ဒါ့ကြောင့် တို့ကို မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်လို့ ပြောလည်း မနာပါဘူး ဟူ၏။

လောကက သံပုရာပေးလာလျှင် မိမိကဖျော်ရည်လုပ်သောက်ပစ်လိုက်ပါဟူသော စကားလေးအတိုင်း အဆိုးလောကဓံကို အကောင်းလောကဓံဖြစ်အောင် နှစ်လုံးသွင်းနိုင်သည့်အပြင် အကျိုးရှိသော နီတိတစ်ခုဖြစ်သည် အထိ အသုံးချပြနိုင်သော ဆရာတော်ကြီးကို ယခုစာရေးရင်းပင် လက်အုပ်ချီမိုး ရှိခိုးရပါသည်။

## နတ်ပြည်ရောက်သောတံငါသည်

သီဟိုဠ်ကျွန်း မဓုအင်္ဂဏရွာမှ ဒမိဠတံငါသည်သည် အနှစ်ငါးဆယ်လုံး တံငါအလုပ်ဖြင့် အသက်မွေးခဲ့သည်။ တစ်နေ့တွင် မည်သူမှရှောင်လွှဲ၍မရသော သေခြင်းတရားကို အိပ်ယာထဲတွင် စတင်ရင်ဆိုင်နေရချေပြီ။ ဂတိနိမိတ် သဘောတရားအရ မသေခင်မှာပင် မိမိလားရောက်ရမည့် ဘုံဌာနကို ကြိုတင်မြင်နေရသည်။ လူ့ပြည် ပြန်ရောက်မည်ဆိုလျှင် အမိဝမ်းရေ ခပ်နီနီလေး မြင်ရသည်။ နတ်ပြည်ရောက်မည်ဆိုလျှင် နတ်သမီး၊ ဥယျာဉ်ဗိမာန်၊ ပဒေသာပင်များကို မြင်ကြရသည်။

ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့ကို ရောက်မည်ဆိုလျှင် တောကြီး၊ တောင်ကြီး၊ မြစ်ကြီး၊ ချောင်းကြီးများကို မြင်ကြရသည်။ ယခု ဒမိဠတံငါသည်သည်ကား နှစ်ပေါင်းငါးဆယ်လုံးလုံး ပါဏာတိပါတ အကုသိုလ်ကံများကို ပြုလုပ်ခဲ့ခြင်းကြောင့် ငရဲမီးများ၊ မိမိကိုကိုက်သတ်ရန်လာနေသော ခွေးနက်ကြီးများ၊ ငရဲသားများကို မြင်နေရသဖြင့် ဇောချွေးများ ယိုစီးကျကာ ကြောက်လန့်တကြား ငယ်သံပါအောင် အော်ဟစ်နေသော အသံများသည် အရပ်လေးမျက်နှာတွင် ဆူညံနေပေတော့သည်။

ရှာဖွေ၍ရလာသောအခါတွင် မိသားစုအားလုံး ပျော်တပြုံးပြုံးနှင့် အတူစားသောက်ခဲ့ကြသော်လည်း အကုသိုလ်၏ ဆိုးကျိုးဒဏ်ကိုတော့ တစ်ယောက်တည်းသာ ခံရပေသည်။ မိစ္ဆာဇီဝ- မကောင်းသော အသက်မွေးမှုဖြင့် သားမယားကို ရှာဖွေကျွေးသော အိမ်ထောင်ဦးစီးများ သတိထားစရာပါပေ။ ဇော်ချွေးပျံ၊ ငယ်သံပါအောင် အော်ဟစ်နေသော်လည်း ဒမိဠတံငါသည်၏ မရဏဒုက္ခကို သားမယားဆွေမျိုးများ တစ်ယောက်မှ ကယ်တင်မပေးနိုင်ကြသဖြင့် ထိုင်၍သာ ကြည့်နေရပေသည်။ ထို့ကြောင့်လည်း မန်လည်ဆရာတော်က -

" ရေဘေး၊ မီးဘေး၊ ပြည်ပျက်ဘေးကား၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏။
အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားက၊ သားနှင့်အမိ၊
ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်ပင်ရေးပိုင်၊
မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစ္စာရှင့် "

ဟု စပ်ဆိုတော်မူခဲ့ပေသည်။ ထိုအချိန်တွင် စူဠပိဏ္ဍပါတိကတိဿမည်သော ဆွမ်းခံရဟန်းတစ်ပါးသည် ဒမိဠ တံငါသည်၏ ခေါင်းရင်းတွင် ကြွရောက်ပြီး ငရဲသွားခါနီး ဒမိဠတံငါသည်ကြီးအား သရဏဂုံသုံးပါး ဆောက်တည်ပေးလိုက်ရာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ စွမ်းရည်သတ္တိကြောင့် ငရဲနိမိတ်များပျောက်ကာ လူသက်ဖြင့် နှစ်ပေါင်းကိုးသိန်း အသက်ရှည်သော စတုမဟာရာဇ်နတ်ဘုံသို့ ရောက်သွားခဲ့ရပါသည်။

*(အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတွဲ နှာ-၁၀၇)*

အထက်ပါဖြစ်ရပ်ကို ဖတ်ရှုရသောသူတစ်ချို့က စောဒကတစ်ခုတက်ကောင်း တက်ကြပေလိမ့်မည်။ ၎င်းစောဒကကား နှစ်ပေါင်း ၅၀ ပြုခဲ့သော အကုသိုလ်ကံတွေက ဘယ်ရောက်ကုန်သလဲ၊ ငါးစက္ကန့်လောက် ဆောက်တည်ရသော သရဏဂုံကုသိုလ်က အဘယ့်ကြောင့် အရင်အကျိုးပေးရသနည်းဟူသော စောဒကပင်။ ဤစောဒကမေးခွန်းတို့မှာ ဗုဒ္ဓဘာသာဝင်တိုင်း သေချာကျနစွာ သိသင့်သဖြင့် သင်္ဂဟကျမ်းနှင့် အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်ကျမ်းတို့ကို ကြည့်၍ အနည်းငယ်ရေးသားပါမည်။

ကုသိုလ်ကံဖြစ်စေ အကုသိုလ်ကံဖြစ်စေ ဘဝအလိုက်သူ့အလှည့်နှင့်သူ အကျိုးပေးပုံကိုကျမ်းရှေ့ပိုင်းခန်း နှာ-၄၄ လာ ကံလေးမျိုးအကျိုးပေးပုံကိုကြည့်၍ နှစ်ပေါင်းငါးဆယ်ပြုခဲ့သော အကုသိုလ်ကံတွေ ဘယ်ရောက်ကုန်သလဲ ဟူသော မေးခွန်း၏အဖြေသည် ရှင်းပြီးသားဖြစ်နေပါလိမ့်မည်။ ယခုတစ်ဖန် ဒုတိယမြောက်ကံလေးမျိုး အကျိုးပေးပုံ တစ်မျိုးကိုထပ်၍ ရှင်းပြလိုက်လျှင် ငါးစက္ကန့်လောက်ဆောက်တည်ရသော သရဏဂုံကုသိုလ်က အဘယ့်ကြောင့် အရင်အကျိုးပေးရသနည်းဟူသော မေးခွန်းကိုလည်းဖြေပြီးသား ဖြစ်သွားပေလိမ့်မည်။

## ဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သော ကံလေးမျိုး

ရှေး၌ဖော်ပြခဲ့သောကံလေးမျိုးကို ပါကကာလဟုခေါ်၍ ယခုဖော်ပြမည့် ကံလေးမျိုးကို ပါကဒါနပရိကာယ အကျိုးပေးရာအစဉ် ဟုခေါ်သည်။ ၎င်းကံလေးမျိုးမှာ ဂရုကံ- ကြီးလေး၍ နောက်ဘဝတွင် ဧကန်မုချအကျိုးပေးမည့်ကံ။ အကုသိုလ်အရာတွင် ပဉ္စာနန္တရိယကံကိုယူ၍ ကုသိုလ်အရာတွင် ပြဟ္မာဘုံသို့ရောက်စေနိုင်သည့် မဟဂ္ဂုတ်ဈာန်များကို ယူရသည်။

| | | |
|---|---|---|
| အာသန္နကံ | - | ဂရုကံမရှိလျှင် သေခါနီးမှကပ်၍ပြုလုပ်အားထုတ်သော အာသန္နကံကအကျိုးပေးသည်။ |
| အာစိဏ္ဏကံ | - | အာသံန္နကံ အကျိုးပေးစရာမရှိလျှင် အမြဲလေ့ကျင့် အားထုတ်အပ်သော အာစိဏ္ဏကံက အကျိုးပေးသည်။ |
| ကဋတ္တာကံ | - | ရှေးကံသုံးမျိုးမရှိလျှင် ပြုကာမတ္တ ကဋတ္တာကံက အကျိုးပေးသည်။ |

အမြဲလေ့ကျင့်အားထုတ်အပ်သော အာစိဏ္ဏကံထက် သေခါနီးမှပြုရသော အာသန္နကံက အကျိုးပေးအားကောင်းပုံ ကို ဋီကာကျော်၌ ဥပမာအားဖြင့် ပြထားသည်။ နွားခြံတစ်ခုထဲသို့ နွားများကိုမောင်းသွင်းသော အခါ အားအင်ချည့်နဲ့သော နွားအိုများသည် နောက်ဆုံးမှ ဝင်ကြရသဖြင့် အပေါက်ဝတွင်သာ နေရာရကြသည်။ မနက်မိုးလင်း၍ နွားများကို နွားခြံမှမောင်းထုတ်သော အခါတွင်ကား အပေါက်ဝတွင်နေသော နွားအိုများသာ အရင်ထွက်ရသကဲ့သို့ အမြဲလေ့ကျင့်အပ်သော အာစိဏ္ဏကံက အားကောင်းသည် မှန်သော်လည်း မရဏာသန္နဇောနှင့် နီးကပ်နေသောကြောင့် သေခါနီးကာလ၌ပြုရသော အာသန္နကံက အရင်အကျိုးပေးရသည်ဟု ရှင်းပြထားပါသည်။

ဤအချက်ကိုကြည့်၍ သေခါနီးပုဂ္ဂိုလ်များ ဂတိကောင်းစေရန် ဘေးမှအာသန္နကံဖြင့် ထောက်ပံ့ပေးနိုင်ကြောင်း စေတနာကောင်းဖြင့် သတိပေးရပါသည်။

## သရဏဂုံတစ်ခဏ နတ်ပြည်မှာတစ်ဘဝ

မြတ်စွာဘုရားသခင် ဇေတဝန်ရွှေကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် သေတဗျမြို့မှ ပုဏ္ဏားတစ်ယောက်၏ သားဖြစ်သော ဆတ္တလုလင်သည် ဖခင်၏လမ်းညွှန်ချက်အတိုင်း ပေါက္ခရသာတိ ပုဏ္ဏားကြီးထံတွင် ပုဏ္ဏားတို့တတ်အပ်သော မန္တာန်၊ ဝိဇ္ဇာအတတ်များကို ဆုံးခန်းတိုင်သင်ယူပြီးလျှင် မိမိမြို့သို့ပြန်လာခဲ့လေသည်။

မိဘများထံမှ ဆရာကန်တော့ရန် ငွေတစ်ထောင်တောင်းပြီး သေတဗျမြို့မှထွက်ခဲ့ရာ လမ်းခရီးအကြား သစ်ပင်ရင်းတွင် အသင့်စောင့်နေသောဗုဒ္ဓက ဆတ္တလုလင်အား သရဏဂုံနှင့်ငါးပါးသီလ၏ အကျိုးကျေးဇူးကို ဟောကြားပြီး သရဏဂုံနှင့်ငါးပါးသီလကို ဆောက်တည်စေပါသည်။ မြတ်စွာဘုရားသည် မည်သည့်အကျိုးကျေးဇူးကို မြင်၍ ယခုကဲ့သို့ သရဏဂုံနှင့်ငါးပါးသီလကို အရေးပေါ်ဆောက်တည်စေပါသနည်း။ မြတ်စွာဘုရားပြန်ကြွတော်မူသည်နှင့် ဆတ္တလုလင်သည် ငွေထုပ်ကိုပိုက်ပြီး တောတစ်ခုအတွင်းသို့အဝင်တွင် အသင့်စောင့်နေကြသော ခိုးသားတို့၏ မြားချက်ဖြင့် သေခဲ့ရရှာသည်။

သို့သော် သေခါနီးမှကပ်ပြီး ဆောက်တည်ခဲ့ရသော သရဏဂုံနှင့်ငါးပါးသီလ တန်ခိုးကြောင့် လူသက်ဖြင့် နှစ်ပေါင်း သုံးကုဋေခြောက်သန်း အသက်ရှည်သော တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ရပါသည်။ ဤအကျိုးကျေးဇူးကို မြင်တော်မူသောကြောင့် တစ်လောကလုံး၏ ကရုဏာရှင်၊ မေတ္တာရှင် ဖြစ်တော်မူသော ဗုဒ္ဓက ဘာသာခြားဖြစ်သော ဆတ္တလုလင်ကို သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်တော်မူခဲ့စေခြင်း ဖြစ်ပါသည်။

*(ဝိမာနဝတ္ထုအဋ္ဌကထာ-ဆတ္တမာဏဝသုတ်)*

" ငါဘုရားအပေါ် ယုံကြည်ရုံမျှ ချစ်မြတ်နိုးရုံမျှဖြင့် နတ်ရွာသုဂတိသို့ ရောက်နိုင်၏ "

*(မူလပဏ္ဏာသ၊ အလဂဒ္ဒူပမသုတ်)*

## သဘော်သားနတ်သားခုနစ်ရာ

ဗုဒ္ဓလက်ထက်တော်အခါက သဘော်သားကုန်သည် ခုနစ်ရာကျော်ခန့်တို့သည် သဘော်တစ်စီးဖြင့် ကုန်ရောင်းထွက်ကြရာ ခရီးလမ်းတွင်မုန်တိုင်းမိပြီး သဘော်ကြီးစတင်နစ်လေတော့သည်။ သဘော်သားခုနစ်ရာကျော်တို့ ဆောက်တည်ရာ မရနိုင်ဘဲ မိမိတို့ကိုးကွယ်ရာ ဘုရားမျိုးစုံကို တ,ကာ သဘော်ပေါ်တွင် ဟိုပြေးဒီပြေးဖြင့် ပွက်လောရိုက် နေတော့သည်။ ထိုအထဲတွင် ဗုဒ္ဓဘာသာဝင် ဥပါသကာတစ်ယောက်သည်ကား ကြောက်လန့်တုန်လှုပ်မှု အလျင်းမရှိဘဲ ငြိမ်သက်စွာထိုင်နေရာ ပြေးလွှားလှုပ်ရှား နေကြသော သဘော်သားကုန်သည်ခုနစ်ရာလုံး သတိထားမိသွားကြသည်။

သို့ဖြင့် ဗုဒ္ဓဘာသာဝင် သဘော်သားကုန်သည်ထံ ချဉ်းကပ်ပြီး သေခြင်းတရားကို အဘယ့်ကြောင့် မကြောက်သနည်း ဟုမေးကြရာ ဗုဒ္ဓဘာသာဝင်သဘော်သားက ယခုသဘော်ထွက်လာသောနေ့မှာပင် သံဃာတော်များကို အိမ်ပင့်ဆွမ်းကပ်ပြီး သရဏဂုံနှင့်ငါးပါးသီလ ဆောက်တည်ခဲ့ကြောင်း၊ ၎င်းသရဏဂုံနှင့် ငါးပါးသီလမှာ ယခုအချိန်အထိ ညှိုးနွမ်းပျက်စီးခြင်းမရှိ၍ မကောင်းသောဘုံကို မရောက်နိုင်ဟု သေချာဆုံးဖြတ်ချက် ချနိုင်ခြင်းကြောင့် မကြောက်ခြင်း ဖြစ်ကြောင်းရှင်းပြရာ သဘော်သား ခုနစ်ရာလုံးက ၎င်းသရဏဂုံနှင့် ငါးပါးသီလကို သူတို့ကိုလည်း ဆောက်တည်ပေးရန် မေတ္တာရပ်ခံသဖြင့် သဘော်သားခုနစ်ရာကို တစ်တန်းလျှင်တစ်ရာ စီတန်းခိုင်းလိုက်လေသည်။

ပြီးလျှင် သရဏဂုံနှင့်ငါးပါးသီလကို ဆောက်တည်စေရာ ခုနစ်ရာမြောက်အတန်းကို သရဏဂုံနှင့်ငါးပါးသီလ ဆောက်တည်ပေးအပြီးမှာပင် သဘော်ကြီးတစ်စင်းလုံး နစ်မြုပ်သွား၏။ ဗုဒ္ဓဘာသာဝင် သဘော်သားခေါင်းဆောင်နှင့်တကွ သဘော်သားခုနစ်ရာ နတ်ပြည်သို့ရောက်ကြရပါသည်။

*(သံယုတ်ပါဠိတော် - သဠာယတနသုတ်)*

“ ယေကေစိ ဗုဒ္ဓံသရဏံဂတာသေ
နတေဂမိဿန္တိ အပါယဘူမိံ
ပဟာယ မနုသံဒေဟံ
ဒေဝကာယံ ပရိပူရေဿန္တိ ”

*(မဟာသမယသုတ်)*

အကြင်သူတို့သည် ငါဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ထိုသူတို့သည် အပါယ်လေးပါးသို့ မကျရောက်နိုင်ကုန်။ လူ့ခန္ဓာကိုယ်ကို ပယ်စွန့်၍ နတ်ပြည်သို့ ရောက်ကြရကုန်၏။

နတ်သားဖြစ်ကြရသော သဘော်သားခုနစ်ရာတို့သည် သေခါနီးမှကပ်၍ သရဏဂုံတည်ရခြင်းကို ထောက်ဆသောအားဖြင့် ဘာသာခြားများပင်ဖြစ်ကြောင်း ထင်ရှားပါသည်။ ထိုသို့ ဘာသာခြားဖြစ်သော်လည်း ပညာရှိသူတော်ကောင်း ဗုဒ္ဓဘာသာဝင် ဥပါသကာကို တစ်ခဏမျှဝဲဆည်းကပ်ရသောကြောင့် ချမ်းသာသောသုဂတိဘဝကို ရောက်ခဲ့ကြရပေသည်။ ဤဖြစ်ရပ်များကို ထောက်ဆသောအားဖြင့် ဗုဒ္ဓ၏ဝါဒသည် ဘာသာခြား လူမျိုးခြားများနှင့် တကွ သတ္တလောကကြီးတစ်ခုလုံးကို ချမ်းသာစေနိုင်သော အယူဝါဒဖြစ်ကြောင်း သိနိုင်ပေသည်။

အယူဝါဒချင်း ယှဉ်လာလျှင် မေတ္တာ၊ ကရုဏာကို ဘောင်ခတ်မထားသော အယူဝါဒသာလျှင် အမြတ်ဆုံးဖြစ်ပေသည်။ ထို့ကြောင့် မိမိနိုင်ငံနှင့်တကွ တခြားနိုင်ငံများကိုပါ တကယ်ချမ်းသာစေချင်လျှင် ဗုဒ္ဓ၏ထေရဝါဒလမ်းစဉ်ကိုသာလျှင် ကျင့်သုံးသင့်ကြကြောင်း ဆရာကြီးဦးရွှေအောင်က ပညာရှိသူတော်ကောင်းပီပီ အတွေးရဲရဲ၊ အရေးရဲရဲဖြင့် အမျိုးဘာသာသာသနာ ဟူသောဆောင်းပါး၌ ယခုကဲ့သို့ မီးမောင်းထိုးပြခဲ့ပါသည်။

## တစ်ကမ္ဘာလုံးကောင်းစားစေချင်လျှင်

ဒကာများဘက်ကလည်း အမျိုးဘာသာ၊ သာသနာကို မြန်မာနိုင်ငံ၌ တည်ဆောက်ရာတွင် မိမိတို့၏ သန္တာန်၌ ဓမ္မဝိနယကိုသာ အခြေခံအုတ်မြစ်အနေဖြင့် ခံယူမထားဘဲ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည်ဖြင့်ခံယူပြီး အမျိုးဘာသာ သာသနာကိုတည်ဆောက်မည်ဆိုပါက မြန်မာနိုင်ငံ၌ စစ်မှန်သောငြိမ်းချမ်းမှုနှင့် စစ်မှန်သော ချမ်းမြေ့မှုကိုရရှိရန် ခက်ခဲပါ၏။

အဘယ့်ကြောင့်ဆိုသော် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည်တို့သည် ကိုယ်ကျင့်သိက္ခာမြင့်မားမှုအပေါ်၌ အခြေမခံဘဲ စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှုအပေါ်၌သာ အခြေခံသော

ကြောင့်ဖြစ်၏။ အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာမြင့်မားမှု အပေါ်၌အခြေမခံဘဲ ရရှိလာသော စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာကြွယ်ဝမှုသည် အတ္တကိုကြီးသည်ထက် ကြီးအောင် ခိုင်မာသည်ထက်ခိုင်မာအောင်သာ တည်ဆောက်ပေး နိုင်ပါ၏။

အတ္တကြီးမားလာသည်နှင့်အမျှ အတ္တခိုင်မာလာသည်နှင့်အမျှ ငါ့မိသားစု ကောင်းစားရေးသာ ပဓာန ဟူသော ခံယူချက်သည် ခိုင်မာလာ၏။ ထို့ထက်ရင့်လျှင် ငါ့လူမျိုးကောင်းစားရေးသာပဓာန ဟူသောအမြင်သည် ခိုင်မာလာ၏။ ကမ္ဘာ့ သမိုင်းကိုကြည့်လျှင် ငါ့မိသားစု ကောင်းစားရေးသာ ပဓာနဟူသော သက်ဦးဆံပိုင်စနစ်သည် လည်း ဓမ္မတာနှင့် ဆန့်ကျင်သောကြောင့် ကျဆုံးခဲ့ရကြောင်း တွေ့မြင်ရ၏။ လူမျိုးကောင်းစားရေးသာ ပဓာနဟူသော ဖက်ဆစ်ဝါဒနှင့်နာဇီ ဝါဒများသည်လည်း ဓမ္မတာနှင့် ဆန့်ကျင်သောကြောင့် ကျဆုံးခဲ့ရကြောင်းတွေ့မြင်ရ၏။

သို့ဖြစ်လေရာ အတ္တအပေါ်အခြေခံသော ဝါဒဟူသမျှသည် ဓမ္မတာနှင့်ဆန့်ကျင်သောကြောင့် စစ်မှန် သောငြိမ်းချမ်းမှုနှင့် စစ်မှန်သောချမ်းမြေ့မှုကို မဖြစ်စေနိုင်သဖြင့် တစ်ခုသောနေ့၊ တစ်ခုသောအချိန်တွင် မလွဲမသွေ ကျဆုံးမည်ဖြစ်ကြောင်း ယုံမှားသံသယ မရှိအပ်ပါချေ။ အနတ္တအပေါ်အခြေခံသော ထေရဝါဒသည်သာလျှင် ဓမ္မတာနှင့် မဆန့်ကျင်သောကြောင့် စစ်မှန်သောချမ်းမြေ့မှုကို ဖြစ်စေနိုင်သဖြင့် ကမ္ဘာတည်သရွေ့ တည်ရှိမည်ဖြစ်၏။

ထေရဝါဒ ဗုဒ္ဓဘာသာသည်သာလျှင် စိတ်ဓာတ်ခိုင်မာမှုနှင့် အသိဉာဏ်ကြွယ်ဝမှုကို ကိုယ်ကျင့်သိက္ခာ မြင့်မားမှုအပေါ်၌ တည်ဆောက်ထားသောကြောင့် အခြားဝါဒများက တည်ဆောက်ပေးသော စိတ်ဓာတ်ခိုင်မာမှုနှင့် အသိဉာဏ် ကြွယ်ဝမှုတို့နှင့် မတူဘဲ ဓမ္မတာအရ မိမိ၏ မိသားစုကိုလည်း ကောင်းစားစေ၏။ မိမိ လူမျိုးကိုလည်း ကောင်းစားစေ၏။ ကမ္ဘာလောကအတွင်းရှိ လူသားအားလုံးကိုလည်း ကောင်းစားစေ၏။ ထေရဝါဒနှင့် အခြားဝါဒ များ၏ အဓိကခြားနားချက်မှာ ဤသို့ဖြစ်၏။

ထေရဝါဒသည် ဉာဏ်စွမ်းရှိသလောက် ဝီရိယစွမ်းရှိသလောက် ကြိုးစား၍ရလာသော အကျိုး အမြတ်ဟူသမျှကို လောကအတွက် စွန့်လွှတ်ခြင်း အလောဘ၌ ရသကိုရှာ၏။ အခြားဝါဒများကား ဉာဏ်စွမ်းရှိသ လောက် ဝီရိယစွမ်းရှိသလောက် ကြိုးစား၍ရလာသော အကျိုးအမြတ်ဟူသမျှကို မိမိအတွက် သိမ်းပိုက်ခြင်းလောဘ၌ ရသကိုရှာ၏။ ဤသို့လျှင် ဝါဒနှစ်မျိုးသည် ဦးတည်ချက်ပန်းတိုင်ချင်း ခြားနား၏။

ဆရာကြီးဦး ရွှေအောင်တင်ပြသလို ငါ့အတွက်ဟူသော အတ္တဝါဒကြီးစိုးသော ကမ္ဘာလောကအတွင်း သူ့အတွက်ဟူသော အနတ္တဝါဒဖြင့် ဗုဒ္ဓသည်ထွန်းလင်း ပေါ်ပေါက်ခဲ့ရပေသည်။ ထိုကဲ့သို့ သူ့အကျိုးကို ပဓာန ထားသော အနတ္တ၊ မေတ္တာဝါဒ ကြောင့်ပင် ဗုဒ္ဓ၏သာသနာသည် နှစ်ပေါင်း ၂၅၀၀ ကျော်သည်အထိ တစ်ကမ္ဘာလုံးတွင် ထွန်းလင်းတောက်ပနေဆဲ ဖြစ်သည်။ ထို့ကြောင့် ဘာသာအယူဝါဒမတူသော ဂိုဏ်းဆရာကြီးများသည်ပင် ဗုဒ္ဓကိုလေးစားရိုသေကြခြင်း ဖြစ်သည်။

သိဠည်းအမည်ရှိသော ဂိုဏ်းဆရာကြီးတစ်ဦးသည် တပည့်ဖြစ်သူ အရှင်သာရိပုတ္တရာနှင့် အရှင် မောဂ္ဂလာန် ဖြစ်လာကြမည့် ဥပတိဿနှင့် ကောလိတတို့က ဗုဒ္ဓထံတရားမှန်ရဖို့ လိုက်ခဲ့ရန်ခေါ်ငင်ရာ သူမလိုက်နိုင် ကြောင်း ယခုလို ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောခဲ့သည်။

“ ဂေါတမဗုဒ္ဓရဲ့ ဓမ္မလမ်းစဉ်ဟာ အယူဝါဒထဲမှာ အကောင်းဆုံး အမှန်ဆုံးပါပဲ။ ဒါပေမယ့် တို့ကတော့ တပည့်တို့နဲ့ မလိုက်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ အိုးစရည်းကြီးကနေ လက်ငင်အိုးအဖြစ် မခံနိုင်လို့ဘဲ။ အဲဒီတော့ လောကမှာ ပညာရှိလူလိမ္မာနဲ့ ပညာမဲ့ လူမိုက်နှစ်မျိုး ရှိသည့်အနက် ပညာမဲ့ လူမိုက်ကများတယ်၊ ပညာရှိလူလိမ္မာ တွေဟာ ဂေါတမဗုဒ္ဓဆီ သွားကြလိမ့်မယ်။ပညာမဲ့ လူမိုက်တွေက ငါ့ဆီလာကြလိမ့်မယ် ” ဟူ၏။ အများအယူဝါဒစွဲကား အင်မတန် ကြောက်စရာကောင်း၏။ တပည့်များ တကယ်ထွက်ခွာသွားကြသောအခါ ဣဿာမစ္ဆရိယဒဏ်ကြောင့်

နှလုံးသွေးပွက်ပွက် အန်ထွက်ခဲ့ရရှာသည်။ နောက် ထိုရောဂါနှင့်ပင် အယူဝါဒလွဲကြီး လက်ကိုင်စွဲလျက် သေပွဲဝင်ခဲ့ရလေသည်။

" ယုတ်မာဆိုးကောင်း၊ ကျင့်မကောင်းကို၊ မှားကြောင်းတစိ၊
သိလျှင်သိချင်း၊ စွန့်ပယ်လျှင်းလော့၊ အတင်းယူစွဲ၊ ဖားမြွေခဲသို့၊
အမြဲမှတ်သို၊ မစွန့်လိုက၊ ဤကိုယ်သုခ၊ နောင်မရဘူး "

(မဃဒေဝ)

၁၉၅၄ ခုနှစ်က ဆိုဗီယက်ဝန်ကြီးချုပ်ကရုးရှက် မြန်မာပြည်သို့အလည်ရောက်လာရာ ရွှေတိဂုံစေတီသို့ ပို့ခိုင်းသဖြင့် မြန်မာနိုင်ငံ ခေါင်းဆောင်ကြီးကိုယ်တိုင် ဦးဆောင်ပြီး ပို့ပေးရပါသည်။ ရင်ပြင်တော်ပေါ်တွင် လှည့်လည်ကြည့်ရှုရင်း တစ်နေရာအရောက်တွင် မစ္စတာကရုးရှက်က လက်အုပ်ချီလိုက်သဖြင့် မြန်မာနိုင်ငံခေါင်းဆောင်ကြီးက " ဝန်ကြီးချုပ် ဗုဒ္ဓကိုကြည်ညို ပါသလား " ဟု မေးလိုက်ရာ ထိုအခါ မစ္စတာကရုးရှက်က -

" ကမ္ဘာ့သမိုင်းမှာ နှစ်ပေါင်း ၂၅၀၀ ကျော်လာသည်အထိ သူ့ဝါဒအောင်မြင်စွာ စည်းရုံးနိုင်ခဲ့တာကိုတော့ ကျုပ်တို့ အလေးအမြတ်ပြုရမယ် " ဟု ပြန်ပြောခဲ့လေသည်။ မစ္စတာကရုးရှက်ပြောသလို ကမ္ဘာတစ်ဝန်းမှ လူသားများသည် နှစ်ပေါင်း ၂၅၀၀ ကျော်သည်အထိ အဘယ်ကြောင့် ဗုဒ္ဓဝါဒကို လက်ခံကျင့်သုံးနေကြသနည်း။ လူမျိုးမရွေး ဘာသာမရွေး စစ်မှန်သော ချမ်းသာကို ပေးစွမ်းနိုင်သောကြောင့်ပါပေတည်း။

## သရဏဂုံဖြင့် ဘေးရန်လုံခဲ့သူများ

အနောက်တိုင်းမှ အင်္ဂလိပ်လူမျိုးသမိုင်းဆရာ ဂျီအီးဟာဘေးကိုယ်တိုင် တအံ့တသြ မှတ်တမ်းတင်ခဲ့ရသော မွန်အလှမယ် တလထော်ခေါ် ဘဒြာဒေဝီ၏ တကယ့်ဖြစ်ရပ်ကိုကား ရှေ့ဆုံးကတင်ပြရပေလိမ့်မည်။ အေဒီ ၁၀၄၃ ခန့် ကပင် ဖြစ်ပါသည်။ မွန်တို့၌ ဟံသာဝတီတွင် နန်းစိုးစံနေသည်က ဗုဒ္ဓဘာသာဝင် တိဿမင်း၊ အနီးကပ် ခစားနေကြသော အမတ်အများစုက ပြဟ္မဏဘာသာဝင်များ။ တစ်နေ့တွင် ပြဟ္မဏဘာသာဝင် အမတ်တို့၏ သွေးဆောင်ဖျားယောင်းမှုကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အဆင့်သာရှိသော တိဿဘုရင်သည် ဗုဒ္ဓဘာသာကို စွန့်လွှတ်၍ ပြဟ္မဏအယူကို ယူလိုက်လေတော့သည်။

ပြဟ္မဏတို့၏ သွေးထိုးလှုံ့ဆော်မှုဖြင့် မြို့ထက်ဝန်းကျင်လေးပြင်လေးရပ်လုံး ဗုဒ္ဓဆင်းတုတော်များကို စွန့်ပစ်ဖျက်စီးကြရန်နှင့် ကိုးကွယ်ဆည်းကပ်ခြင်းကိုတွေ့ရှိပါက သေဒဏ်အထိပေးမည်ဖြစ်ကြောင်းကို မောင်းကြေးနင်းခတ်ထားသော အချိန်လည်းဖြစ်ပေသည်။ တလထော်အမည်ရှိသော မွန်မလေးတစ်ယောက် အခြွေအရံ အသင်းအပင်းများနှင့်အတူ မြစ်အတွင်း ရေချိုးဆင်းလျက်ရှိစဉ်၊ မြစ်ရေအလိုက်မျှောပါလာသော ရွှေရောင်တဝင်းဝင်းနှင့် ဗုဒ္ဓဆင်းတုတော်များကား ဟိုတစ်ဆူဒီတစ်ဆူနှင့် များပြားစွာ ရှိလေတော့သည်။

တရားသခင်မဟု အဓိပ္ပာယ်ရသော တလထော်လေးကား သရဏဂုံသုံးပါးကို အသက်ပေးယုံကြည်သူဖြစ်သည်နှင့်အညီ အခြွေအရံများကြောက်လန့်တကြား တားနေသည့်ကြားမှပင် ဆင်းတုတော်များကို မိမိကိုယ်တိုင်လည်းဆယ်၍ အဖော်များကိုလည်း အားလုံးလိုက်ဆယ်ခိုင်းလေသည်။ ဆင်းတုတော်အားလုံးကို ရိုရိုသေသေ ရေသပ္ပာယ်ပြီးလျှင် အမွှေးနံ့သာများပက်ဖြန်း၍ အိမ်ဝိုင်းအတွင်း ကျောင်းဆောင်ဆောက်လုပ်ကာ ကိုးကွယ်ထားလိုက်ပါတော့သည်။

ဗုဒ္ဓဆင်းတုတော်များကို ကိုးကွယ်ဆည်းကပ်ပါက သတ်မည်ဟူသော တစ်ချက်လွှတ်အမိန့်ကို ဂရုမထားဘဲ သရဏဂုံသုံးပါး၌ အဝေစ္စပသန္န - မတုန်မလှုပ် သက်ဝင်ယုံကြည်သော တလထော်၏စိတ်ထားမျိုး စာရှုသူ၏

သန္တာန်၌လည်း တကယ်ဖြစ်မည်ဆိုပါလျှင် တလထော် ကျော်နင်းခဲ့ရသော ဖော်ပြတော့လတ္တံ့သော အသက်အန္တရာယ် အသွယ်သွယ်ကို စာရှုသူလည်း ကျော်နင်းနိုင်မည်ပင် ဖြစ်ပါသည်။ အထောက်တော်တို့၏ သတင်းပေးချက်ဖြင့် နောက်တစ်နေ့ မနက်၌ပင် တလထော်ကား နန်းရင်ပြင်တွင် ဆင်နင်း၍အသတ်ခံရန် အဆင်သင့်ဖြစ်နေလေပြီ။

တလထော်ကား မိမိ၏စိတ်အစဉ်တွင် မည်သည့်အကုသိုလ်မှ ဝင်ခွင့်မပေးဘဲ သရဏဂုံသုံးပါးကိုသာ ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးဖြင့် ရွတ်ဖတ်သရဇ္ဈာယ် နေလိုက်သည်။ အရက်အိုးပေါင်းများစွာတိုက်ပြီး ဒေါသ ဖြစ်စေရန် ခေါင်းတစ်ခုလုံး ချွန်းဖြင့်အစိုက်ခံထားရသော ဆင်ဆိုးကြီးကား တလထော်ရှိရာသို့ ကမူးရှူးထိုးရောက် ခဲ့လေပြီ။ တလထော်ကို နင်းရန်ဟန်ပြင်လိုက်သော ဆင်ဆိုးကြီးကို တစ်စုံတစ်ယောက်သောက ဆွဲပြီးပစ်လိုက်သကဲ့သို့ ဖြစ်ကာ ကြောက်လန့်တကြား အော်ဟစ်ပြီး နောက်ကြောင်းသို့ တရကြမ်းပြန်လှည့်ပြေးပါတော့သည်။

နင်းသတ်ခိုင်းရန် ခေါ်လာသောဆင်တိုင်း နောက်ကြောင်းပြန်လှည့် ပြေးလျက်ရှိရာ တင်းကုပ်ထဲမှ ဆင်များအားလုံးသာ ကုန်သွားသည်။ နင်းသတ်ရဲသော ဆင်တစ်ကောင်မှမရှိ။ လူကိုမြင်နေရသောကြောင့် ကြောက် လန့်ပြီး မနင်းရဲခြင်းဖြစ်မည် အထင်နှင့် တလထော်ကို ဖျာများအုပ်ပြီး နင်းခိုင်းကြည့်သော်လည်း အချည်းနှီးသာ။ ဘုရင်နှင့်ပြဟ္မဏတို့ ခွေးများပြန်လာကြသည်။ သရဏဂုံအစွမ်းကြောင့် ဆင်မနင်းရဲသည်ကို မသိကြသော ပြဟ္မဏ တို့က တလထော်ကို စုန်းမဖြစ်လေဟန် ကြံဖန်လျှောက်ထားပြီး မီးရှို့သတ်ရန် လျှောက်တင်ကြပြန်သောကြောင့် အထပ်ထပ် ဆင့်ပြီးထားသော လောင်စာထင်းတုံးများအလယ်တွင် တလထော်တစ်ယောက် ရောက်နေရပြန်လေပြီ။

တဟုန်းဟုန်း လောင်ကျွမ်းလျက်ရှိသော မီးတောက်များကြားတွင် သရဏဂုံ၏သမီးပျိုကား မိုးဆန်း ပန်းကဲ့သို့ လန်းဆန်းလျက်ပင်။ လောင်စာထင်းများ ပြာကျသွားသော်လည်း တလထော်၏ မွေးညင်းတစ်ပင်ကိုမျှ မီးမလောင်နိုင်ခဲ့ချေ။ တိဿမင်းကား သရဏဂုံ၏ စွမ်းရည်သတ္တိကို သတိမပြုဘဲနေ၍ မရတော့။ နောက်ဆုံးသတ်ခြင်း အနေဖြင့် မြေဖို့အသတ်ခံရန် ကျင်းထဲရောက်နေသော တလထော်ထံသို့ သွားကာ -

" အို . . အံ့ဖွယ်မိန်းမပျို၊ သရဏဂုံသုံးပါးအပေါ် သင်၏အားထားယုံကြည်ချက်ကား အံ့ဖွယ်ရှိလေစွ။ သင့်ကို အခွင့်အရေးတစ်ခု ပေးပါအံ့။ သင်ကိုးကွယ်ထားသော ဗုဒ္ဓဆင်းတုတော်များကို ကောင်းကင်ခရီးကနေ ငါ၏နန်းတော်ထဲ ကြွရောက် လာအောင်ပင့်နိုင်ရင် သင့်အသက်ကို ချမ်းသာပေးမယ်၊ ငါလည်း ဗုဒ္ဓအယူကို ပြန်ယူပါ့ မယ် "

အရှင်ဘုရင်၏ စကားဆုံးသည်နှင့် ချီထားသော လက်အုပ်ကလေးကို နှဖူးပေါ်တင်ကာ တလထော် တစ်ယောက် ဗုဒ္ဓဆင်းတုတော်များကို သစ္စာပြု၍ပင့်လေပြီ။

အတုမဲ့ငြိမ်းအေးရာ မဟာပရိနိဗ္ဗာန်စံလွန်တော်မူပြီး ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဘုရားတပည့် တော်မသည် အရှင်မြတ်ကိုယ်စား ရုပ်ပွားဆင်းတုတော်များကို ကောက်ယူဆေးကြော၍ပင် ကိုးကွယ်ပူဇော်ခဲ့ပါသည်။

" ဗုဒ္ဓဂုဏော အနန္တော
ဓမ္မဂုဏော အနန္တော
သံဃာဂုဏော အနန္တော "

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည် ပိုင်းခြားမထင် ဂုဏ်အင် အနန္တ ဘုန်တန်ခိုးတေဇော် ကြီးမြတ်တော်မူလှပါသည်ဘုရား။

ဤမှန်ကန်သော သစ္စာဆိုရခြင်းကြောင့် အရှင်မြတ်ကိုယ်တော်စား ရုပ်ပွားတော်ရှစ်ဆူတို့သည် တိဿ ဘုရင် နန်းရင်ပြင်ပေါ်၌ ကောင်းကင်ထက်မှ ကြွလာစံပယ်တည်နေတော်မူ လှည့်ကြပါစေသား အရှင်ဘုရား။

တလထော်၏ သစ္စာစကားဆုံးသည်နှင့် ဗုဒ္ဓဆင်းတုတော်များကား ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီးကာ အသင့် ပြင်ဆင်ထားသော တိသဘုရင်၏ နန်းတော်တွင်းသို့ ကြွလာကြလေပြီ။ တစ်မြို့လုံး အုတ်အော်သောင်းတင်းဖြင့် တိသဘုရင် နန်းတော်တွင် မြို့သူမြို့သားများနှင့် ပြည့်လျှံသွားတော့သည်။ သရဏဂုံသမီးပျို၏ ကျေးဇူးကားကြီးမားစွ။ ဘုရင်နှင့်တကွ တစ်မြို့လုံး ဗုဒ္ဓဘာသာပြန်ဖြစ်ကြရသည်သာမက ယခုမြန်မာတစ်မျိုးသားလုံး ဗုဒ္ဓဘာသာ ကိုးကွယ်ခွင့် ရကြသည်ကား ထိုအချိန်က သရဏဂုံသမီးပျို၏ စွမ်းဆောင်ချက်ကြောင့်ပင် ဖြစ်ပါတော့သည်။

နောင်တွင် ဘဒြာဒေဝီဟူသောအမည်ဖြင့် တိသဘုရင်၏ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ခြင်း ခံရပါသည်။

## မိဖုရားစောလုံနှင့် သရဏဂုံ

သက္ကရာဇ် ၆၁၇ ခုနှစ်၊ ပုဂံပြည်၏နောက်ဆုံးမင်းဆက် နရပတေ့မင်း လက်ထက်ကပင်ဖြစ်ပါသည်။ မိဖုရားများနှင့် မြစ်အတွင်းရေချိုးဆင်းစဉ် အသက်အငယ်ဆုံး မိဖုရားစောလုံကိုကျီစားလိုသဖြင့် ဘုရင်နှင့်တကွ ကျန်မိဖုရားများက ရေဖြင့်မွမ်းသွားအောင် ဝိုင်းပက်ကြသည်။ အကျီစားသန်က ရန်များသည် ဟူသောစကားသည် မှန်လေစွ။ ကျီစားသည်ကိုပင် သည်းမခံနိုင်သော စောလုံက စားဖိုမှူးနှင့်တိုင်ပင်ပြီး ဘုရင်စားမည့် ပွဲတော်အုပ်တွင် အဆိပ်ခတ်လိုက်တော့သည်။

ဒေါသောအတ္တံ နဇာနာတိ - အမျက်ဒေါသဟူသည် အကျိုးအကြောင်း အဆိုးအကောင်းကို သိနားလည်နိုင်စွမ်း မရှိပါချေ။ ဘုရင်ဘုန်းကံတက်ချိန်မို့ထင့်၊ တရုတ်ပြည်မှ ဆက်သထားသော ပန်းကန်ကြီးတစ်လုံးရှိသည်။ အဆိပ်အတောက် ဖြစ်စေသော အစားအစာကို ထိုပန်းကန်ထဲထည့်ပါက ပန်းကန်အရောင်ပြောင်းသွားလေ့ ရှိသည်။ ထိုပန်းကန်၏အစွမ်းဖြင့် ဘုရင်အဆိပ်မမိဘဲ စောလုံသာလျှင် ရဲရဲညီးနေသော သံပြားပေါ်တွင် မသေမချင်းမီးကင်၍ သတ်ရန် အမိန့်ချခံရသည်။

မီးကင်ရန် သံကျပ်စင်ဆောက်သော အာဏာသားများကို တံစိုးလက်ဆောင်ပေးပြီး ခုနစ်ရက်ခန့် ကြာအောင် ရက်ဆွဲပြီးဆောက်လုပ်ခိုင်းသည်။ ထိုခုနစ်ရက်အတွင်း ဆရာတော်တစ်ပါးပင့်၍ တရားနာပြီးလျှင် သရဏဂုံ သုံးပါးကိုသာလျှင် မအိပ်မနေ ရွတ်ဆိုပွားများ နေတော့သည်။ အသတ်ခံရမည့်နေ့ကား ရောက်ခဲ့လေပြီ။ ရဲရဲညီး နေသော သံပြားထူကြီးပေါ်သို့မည်သူ၏ အကူအညီကိုမှမယူဘဲ အေးဆေးတည်ငြိမ်စွာတက်သွားသော စောလုံ၏ သတ္တိကိုကား ဘုရင်နှင့်တကွ ကြည့်နေကြသူအားလုံး တအံ့တသြ ဖြစ်ကြရသည်။

ထို့ထက်ပို၍ အံ့သြစရာကောင်းသည်ကား သရဏဂုံကို ရွတ်ဆိုပွားများနေသော စောလုံတစ်ယောက် မီးထတောက်ခမန်းနီးပါး ပူကျက်နေသော သံပြားကြီးပေါ်သို့လှဲလိုက်သည်နှင့် သံပြားအောက်မှမီးများမှာ ချက်ချင်း သေ၍ သံပြားကြီးမှာလည်း နှစ်ပေါင်းများစွာ ရေအောက်ရောက်နေသော ကျောက်ပြားကြီးပမာ ချက်ချင်းအေးဆင်း သွားပါတော့သည်။ သုံးကြိမ်တိတိ ထိုသို့ဖြစ်ပြီးနောက် သေအောင်မသတ်နိုင်ပါက အသေစား အသေခံရမည်ကို ကြောက်ရွံ့ထိတ်လန့်နေကြသော အာဏာသားများ၏ သနားစဖွယ် တောင်းပန်ကန်တော့မှုကြောင့် စတုတ္ထအကြိမ် သံပြားပေါ်အတက်တွင် “ ဝဋ်ကြွေးရှိ၍ လွတ်ဖို့ရန် အခွင့်အလမ်းမရှိလျှင် ချက်ချင်းပြာကျပါစေသား ” ဟု အဓိဋ္ဌာန်ကာ သရဏဂုံကိုမရွတ်ဘဲ နေလိုက်တော့မှ ချက်ချင်းပြာကျသွားခဲ့ရပါသည်။

## သရဏဂုံတန်ခိုး ဓားမတိုး

ဒီပဲရင်းမြို့နယ်၊ ကျွန်းရင်းရွာကျောင်း ဆရာတော် ဦးဝါယမသည်လည်း သရဏဂုံတန်ခိုးကြောင့် သာလျှင် အသက်ဘေးမှ သီသီကလေးလွတ်ခဲ့ရသည်။ တစ်နေ့တွင် အတွင်းဒကာများပါသော ဓားပြအဖွဲ့ ကျောင်းတွင်းသို့ဝင်၍ ဓားပြတိုက်ကြသည်။ ဘုရားခန်းမှ အဖိုးတန်ပစ္စည်းများကို ယူရုံတင်မကဘဲ သူတို့အဖွဲ့ထဲမှ အတွင်းလူ တစ်ယောက်ကို ဘုန်းကြီးကသိသွားသည့်အတွက် လက်စလက်နဖျောက်သည့်အနေဖြင့် ဘုန်းကြီးကိုပါ သတ်ပစ်ရန် လက်ပြန်ကြိုးတုပ်ပြီး ကျောင်းနောက်ဖက် လျှိုကြီးထဲသို့ ခေါ်သွားပါတော့သည်။

အသနားခံလို့ မရတော့မယ့်အတူတူ ဘာမှပြောမနေတော့ဘဲ ဘုရားရှိခိုးခွင့် အချိန်ကလေးတောင်း လိုက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်နေကျ သရဏဂုံသုံးပါးကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုကန်တော့ လိုက်ပါတော့သည်။ သရဏဂုံသုံးပါး ဆုံးသည်နှင့်တပြိုင်နက် မိုးမှောင်ကြီး ချက်ချင်းကျလာပြီး လျှပ်စီးများလက်ကာ ဓါးပြတို့၏ပတ်ဝန်း ကျင်တွင် မိုးကြိုးများ အဆက်မပြတ် ပစ်ခတ်ပါတော့သည်။ ဘုန်းကြီးကို မသတ်နိုင်ရုံတင်မကဘဲ ထုပ်ပိုးထားသော ပစ္စည်းများနှင့် လက်နက်များကိုပင်ထားခဲ့ကာ ဓားပြများကိုယ်လွတ်ရုန်းကာ အလန့်တကြား ထွက်ပြေးရပါတော့သည်။

ဦးဝါယမကိုတုပ်ထားသော ကြိုးများလည်း အလိုလိုပင်ပြေပြီးသား ဖြစ်သွားခဲ့ရပါသည်။ ဓမ္မောဟဝေ ရက္ခတိဓမ္မစာရီ စင်စစ်တရားတော်ကို ကျင့်ကြံသောပုဂ္ဂိုလ်အား တရားတော်သည် ပြန်လည်စောင့်ရှောက်ပေသည် တကား။

## သရဏဂုံအစစ်ရေမနစ်

၁၂၉၆ ခုနှစ်၊ တော်သလင်းလဆုတ် နှစ်ရက်နေ့၊ မာန်အောင်ကျွန်းမှ အောင်လှပြင် ကူးတို့ဆိပ်သို့ လှေသမားနှစ်ဦးနှင့်အတူ ၁၁ နှစ်အရွယ် ခရီးသည်မိန်းကလေးနှစ်ဦးတို့ ပင်လယ်ကိုအန်တုကာ တအိအိဖြင့်ကူးခတ် နေသောအချိန်ပင် ဖြစ်ပါသည်။ ကမ်းနှင့်ဝေး၍ ခရီးအတော်ရောက်သည်နှင့် မာယာပရိယာယ်များလှသော ပင်လယ်၏ စရိုက်ဆိုးတို့ကား ဘူးပေါ်သလို ပေါ်ခဲ့ပေပြီ။ ဆိပ်ကမ်းမှ ထွက်ခါစအချိန်က မိုးသားတိမ်လိပ် ကင်းစင်နေသော ကောင်းကင်ပြင်သည် ချက်ချင်းမိုးမှောင်ကျလာကာ ပင်လယ်မုန်တိုင်းက စတင်လေပြီ။

အိမ်ငယ်တမျှကြီးမားသော လှိုင်းလုံးတို့၏ အလယ်တွင်ရောက်နေသော လှေငယ်ကလေးကား စုဘူး ထဲတွင်ထည့်၍ ခလောက်ခံနေရသော အကြွေစေ့လေးသဖွယ် ဖြစ်နေတော့သည်။ မိန်းကလေးနှစ်ဦးတွင် မစိန်ညွန့် ဆိုသော မိန်းကလေးသည်ကား ငါးနှစ်သမီးအရွယ်ကတည်းက အမြဲရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော သရဏဂုံသုံးပါးကိုသာ မျက်စိမှိတ် ရွတ်ဖတ်သရဇ္ဈာယ်ရင်း မုန်တိုင်းကို အံတုနေလိုက်ပါသည်။

မုန်တိုင်းနှင့်သရဏဂုံကား ထိပ်တိုက်တွေ့ကြလေပြီ။ တစ်ချီတွင် ပြင်းထန်စွာ ရိုက်ပုတ်လိုက်သော လှိုင်းလုံးဒဏ်ကြောင့် လှေနှင့်လူလေးယောက်မှာ တခြားစီဖြစ်သွားလေတော့သည်။ မစိန်ညွန့်မှတပါး ရေကူးတတ်သော ကျန်သုံးယောက်ကား ပင်လယ်အောက်သို့ အပြီးတိုင်မြုပ်သွားကြသော်လည်း သရဏဂုံ ကိုယ်လုံးထုံထားသော ရေမကူး တတ်သည့် မစိန်ညွန့်ကား မည်သည့် အကိုင်အတွယ်မှမရှိပါဘဲနှင့် ရေပေါ်တွင်ခြောက်နာရီတိတိ ပေါလောမျောနေ ပြီးမှ သဲသောင်တစ်ခုပေါ်တွင် အလိုအလျောက်တင်ကာ အသက်ချမ်းသာရာ ရခဲ့ပါသည်။

## ပယောဂရန်လုံ သရဏဂုံ

မြင်ကွန်းမြို့ ပေပင်စမ်းရွာမှ ဦးကြီးတစ်ယောက်သည် သိတတ်သောအချိန်မှစ၍ အစားစားခါနီးတိုင်း သရဏဂုံ ကိုးခေါက်ရွတ်ဆိုပြီးမှ စားသောအကျင့်ကို ကျင့်လာခဲ့သည်မှာ ယခုဆိုလျှင် အသက် ၅၀ ကျော်ခဲ့လေပြီ။ တစ်နေ့မြို့တက်ပြီး လှည်းအပိုပစ္စည်းများ ဝယ်နေကျဆိုင်တွင်ဝင်ဝယ်ရာ အဆမတန်ဈေးတင်ထားသဖြင့် ဆိုင်ရှင် လင်မယားနှင့် အဆင်မပြေ ဖြစ်ကြရသည်။ အတိုက်အခံ ပြောပြီးသောအခါ သူတို့ဘက်မှပင် အလျှော့ပေးသဖြင့် အရောင်းအဝယ် တည့်သွားကြလေသည်။

ပြန်ခါနီးတွင် ထိုလင်မယားက ထမင်းခေါ်ကျွေးသဖြင့် ဝင်စားလိုက်လေသည်။ ခါတိုင်းလည်း မကြာ ခဏကျွေးနေကျမို့ အထူးအဆန်းတော့မဟုတ်ပေ။ ထမင်းပွဲ၌ထိုင်ပြီး သရဏဂုံကိုးခေါက်ရွတ်ပြီးသည်နှင့် ထမင်းဖြူ တစ်လုပ်ကို ဝါးပြီးမျိုအချလိုက်တွင် ထမင်းလုပ်မှာ ဝမ်းထဲသို့မကျဘဲ လည်ချောင်းထဲတွင် တစ်နေပါတော့သည်။ ထိုကဲ့သို့ တစ်ခါမှမဖြစ်ဘူးသဖြင့် အိမ်နောက်ဖေးသွားကာ လက်ညှိုးထိုးပြီးအန်ချလိုက်ရာ ကြွက်သေကြီးတစ်ကောင် ထွက်ကျလာပါတော့သည်။

ထိုအခါကျမှ စုန်းပညာဖြင့် လုပ်ထားမှန်းသိသဖြင့် ထမင်းဆက်မစားတော့ဘဲ မိမိပစ္စည်းများသိမ်းကာ ရွာသို့ ပြန်လာခဲ့ပါတော့သည်။ နောက်တစ်နေ့တွင် ထိုဆိုင်ရှင်အမျိုးသမီးသည် ကန်တော့ပွဲတစ်ခုနှင့် လိုက်လာကာ ပြစ်မှားမိသောအပြစ်ကို ခွင့်လွှတ်ရန်တောင်းပန်ရှာသည်။ သူသည် ဝမ်းတွင်းစုန်းတစ်ယောက်ဖြစ်ကြောင်း၊ ဤကဲ့သို့ သောနည်းဖြင့် မကျေနပ်သောသူများကို မကြာခဏ သတ်ဖြတ်မိကြောင်း၊ သူ့ပညာဖြင့်တွေ့လျှင် သေသွားကြသည်သာ များကြောင်း၊ ယခု ဦးကြီးတစ်ယောက်သာလျှင် ဘာမှမဖြစ်ဘဲ သူ့ပညာကို အနိုင်ယူနိုင်ကြောင်း၊ ထို့ကြောင့် ဦးကြီး အနေဖြင့် မည်သည့်ဆေးများထိုး၍ မည်သည့်ဂိုဏ်းများ ဝင်ထားသည်ကို သိလိုကြောင်း မေးမြန်းရာ ၎င်းဦးကြီးက ဘာဆေးမှလည်းမထိုး၊ ဘာဂိုဏ်းမှလည်းဝင်မထားကြောင်း၊ သိတတ်သောအချိန်မှစ၍ အစာစားခါနီးတိုင်း သရဏဂုံ ကိုးခေါက်ရွတ်ဆိုကြောင်းများကို ရှင်းပြရာ ရတနာသုံးပါးကို အတိုင်းထက်အလွန် ကြည်ညိုကာ ဝမ်းတွင်းပါပညာများကို ဘုရားအားလှူ၍ အသက်ထက်ဆုံး သရဏဂုံနှင့် ငါးပါးသီလမြဲသူတစ်ယောက် ဖြစ်သွားခဲ့ပါသည်။

တစ်ခါကလည်း အမျိုးသားတစ်ယောက် ၎င်းဦးကြီး၏လှည်းကို အကြုံစီးပြီးလိုက်လာခဲ့ရာ ဦးကြီး၏ အိမ်ထဲသို့ လှည်းအဝင်တွင် လှူကြုံလိုက်ပါလာသောအမျိုးသားမှာ အိမ်ပေါက်ဝတွင် လှည်းပေါ်မှ ကျွမ်းပြန်ကျသွား ပါတော့သည်။ ဦးကြီးက ဘယ်လိုဖြစ်တာပါလိမ့်ဟု ကူညီရန်အသွားတွင် လိမ့်ကျသွားသောအမျိုးသားက မြေကြီးပေါ် ကပင် ဦးကုန်းချလိုက်ကာ " ဦးကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ အောက်လမ်းနည်းနှင့် ဒုက္ခပေးရအောင် ဦးကြီးအိမ်ကို လိုက်ခဲ့တာ အိမ်ထဲတောင် ဝင်လို့မရခဲ့ပါဘူး။ တခြားသူတွေ ပြောသလို ဦးကြီးကိုဘယ်ပယောဂမှ လုပ်လို့မရဘူးဆိုတာ ကျွန်တော့် ကိုယ်တွေ့မို့ ယုံသွားပါပြီ " ဟု ပြောကာ ထွက်သွားလေတော့သည်။

## မကောင်းဆိုးဝါးရန်လုံ သရဏဂုံ

အပါယ်လေးဘုံတွင် ငရဲဘုံသည်သာ သူ့ဘုံနှင့်သူရှိသော်လည်း တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့မှာ ဘုံသီးသန့် မရှိဘဲ လူ့ဘုံမှာသာလျှင် ရောနှောနေထိုင်ကြသည်။ ထိုပြိတ္တာ၊ အသူရကာယ်တို့ကိုပင် လူတို့က တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျပ် စသည်ဖြင့် ခေါ်ဝေါ်နေကြခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ တစ္ဆေသရဲခေါ် ပြိတ္တာများသည် လူတို့ အတွက် အထူးအဆန်းမဟုတ်ပေ။ မမြင်ရသော အတူနေသတ္တဝါများသာဟု သိစေလိုခြင်းပင်ဖြစ်သည်။

အကြောက်လွန်သောသူ၊ ရောဂါသည်း၍ အားနည်းနေသောသူများဆိုလျှင် သူတို့က ပူးကပ်၍ ဒုက္ခပေးတတ်သည်။ မကြောက်တတ်သူများ သရဏဂုံမြဲသူများဆိုလျှင်တော့ သူတို့ကပင်ပြေးကြသည်။ သရဲချောက်၍

လန့်သေသူများ အကြောင်းကိုတော့ မကြာခဏကြားဖူးပါသည်။ သို့သော် လူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး စားသွားသည်ဆိုတာကိုတော့ တစ်ခါမှမကြားဖူးပါ။ ကိုယ်တွေ့ကြုံခဲ့သော ရဟန်းတစ်ပါး၏ ပြောပြချက်အရ သရဲတစ်ကောင်လုံးကို လူကစားပစ်လိုက်ခြင်းကိုတော့ ကြားဖူးခဲ့ပါသည်။

ကသာနယ်တွင် ပါဝင်သော မိတ်ဆွေရဟန်းနေသောကျောင်းမှာ သချိုင်းနှင့် ကျောချင်းကပ်လျက်ရှိသည်။ ကျောင်းမှ ကျောင်းသားများလည်း ညအခါ ရွာထဲမှကြက်များကိုခိုး၍ သချိုင်းထဲတွင် မကြာခဏချက်စားကြသည်။ သချိုင်းတွင်းရှိ သရဲများမှာလည်း သူတို့တတွေနှင့် အသိပင်ဖြစ်နေတော့သည်။ ကျောင်းသားများကလည်း လာရောက်မျှော်နေကြသော သရဲတစ္ဆေများကို မိမိတို့စားမည့်ထဲက သနားသဖြင့် ခွဲဝေကျွေးမွေးတတ်ကြသည်။

ကြာလာသောအခါ ကျောင်းသားများစိတ်ထဲတွင် သရဲတစ္ဆေဆိုသည်ကို ကြောက်စရာအဖြစ် မမြင်ကြတော့။ သူတို့ ကျွေးသောအခါကျမှ မဝရေစာစားကြရရှာသော သနားစရာသတ္တဝါများအဖြစ် မြင်လာကြသည်။ ဤအမြင်သာလျှင် အမြင်မှန်ဖြစ်ပေသည်။ ပြိတ္တာတို့သည် ကြောက်စရာမဟုတ် သနားစရာသာဖြစ်သည်။ စားရမဲ့သောက်ရမဲ့ဖြင့် လူတို့၏ အညစ်အကြေးများနှင့်တကွ အသိုးအပုတ် စွန့်ပစ်ပစ္စည်းများကို ရှာဖွေစားသောက်ကြရသောသူများ ဖြစ်သောကြောင့်ပင်။

သူတို့တတွေကို မေတ္တာပို့၍ ရရှိသောကုသိုလ်အဖို့ကို အမျှပေးခြင်းသည်သာလျှင် သနားရာရောက်ပါသည်။ တစ်နေ့တွင် ထိုသချိုင်းသို့ သရဲအသစ်မလေးတစ်ယောက် ရောက်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှပင် အသက် ၁၆နှစ် ၁၇ နှစ်ခန့်ရှိသော ကျောင်းသားကြီးကြီးတစ်ယောက် ရွာထဲမှခိုးလာသောကြက်ကို သချိုင်းထဲတွင်လာ၍ ကြော်စားကြလေရာ ၎င်းသရဲမလေးက လူဆိုလျှင် သရဲကြောက်တာပဲဟူသောအသိဖြင့် ကြက်သားကြော်ကို ထားပြီးပြေးရန် ခန္ဓာကိုယ် မဲမဲလုံးလုံးကြီးကိုပြကာ ခြောက်လှန့်လိုက်ပါတော့သည်။

ကျောင်းသားကြီးကား ကြောက်ဖို့ဝေးစွ၊ ကြက်သားကြော်ကိုပင် အစားမပျက်။ ထိုအခါ သရဲမလေးမှာ အကြောက်အလန့်မရှိသော ကျောင်းသားကြီးကို အံ့သြငေးမောနေစဉ် ကျောင်းသားကြီးက “ စားချင်ရင် အေးအေးထိုင်တောင်းတာ မဟုတ်ဘဲနဲ့ လူပါးဝတဲ့သရဲမ သေဖို့သာပြင် ” ဟု ကြိမ်းဝါးကာ တုတ်တစ်ချောင်းကိုကိုင်၍ လိုက်ရိုက်ပါတော့သည်။ သရဲမလေးလည်း ကြောက်လန့်တကြားပြေးရင်းဖြင့် လွတ်ပုံမရသဖြင့် ဘေးနားရှိတွင်းတစ်တွင်းထဲသို့ ပုတ်သင်ညိုယောင် ဖန်ဆင်း၍ ဝင်သွားပါသည်။

ဒေါသမပြေသော ကျောင်းသားကြီးက ကျင်းကိုသံတူရွင်းဖြင့်တူးကာ ပြေးထွက်လာသော ပုတ်သင်ညိုကို ရိုက်သတ်၍ ကြက်သားနည်းတူ ကြော်၍စားလိုက်ပါတော့သည်။ ကျောင်းသားကြီး အစားကိုခံရသဖြင့် သေဆုံးသွားရသော သရဲမလေးမှာ ထိုရွာမှာပင် လူပြန်ဖြစ်ရှာပါသည်။ ကလေးမလေး ငါးနှစ်ခြောက်နှစ် အရွယ်ရောက်၍ ထိုကျောင်းသားကြီးကို မြင်သည်နှင့် ငါ့ကိုစားတဲ့လူကြီး ဟုအော်ကာ ထွက်ထွက်ပြေးတတ်ကြောင်း ပြောပြသည်ကို မှတ်သားခဲ့ရပါသည်။

စာရှုသူများကို သိစေလိုသည်မှာ တစ္ဆေသရဲဆိုသည်မှာ အထူးအဆန်းမဟုတ်။ ဘုံအတူနေသတ္တဝါဟု သိစေလိုခြင်းပင်။ ကမ္မဇိဒ္ဓိ - ကံကပေးသော တန်ခိုးလေး တစ်ခုကြောင့်သာ လူတို့ကသူတို့ကို မမြင်ရခြင်း ဖြစ်သည်။ သို့သော် မိမိတို့ဘက်က သရဏဂုံလည်း မေ့လျော့နေချိန်၊ ရောဂါကြီး၍ အားနည်းနေချိန်မျိုးဆိုလျှင်တော့ မကောင်းဆိုးဝါးတို့က လစ်လျှင်လစ်သလို ဒုက္ခပေးတတ်ကြသည်။

ကိုကြီးအမည်ရှိ အမျိုးသားလေးမှာ မိခင်မုဆိုးမကြီးကို ပြုစုလုပ်ကျွေးနေသော သားလိမ္မာလေးတစ်ယောက်ပင်။ သူတို့၏အိမ်သည် ပဲခူးရွှေမောဓောဘုရားကြီးနှင့် မျက်စောင်းထိုးလောက်တွင်ကျသည်။ သူနေသောအခန်းမှ ကြည့်လိုက်လျှင် ရွှေမောဓောစေတီကြီးကို အတိုင်းသားဖူးတွေ့နိုင်သည်။ တစ်နေ့တွင် ကိုကြီးမှာ

ရောဂါတစ်ခုကို ရက်ရှည်ခံစားနေရသည်။ အစားအသောက်လည်း ဘာမှမဝင်တော့။ တစ်ခုသော ညနေခင်းသည်ကား ကိုကြီးနှင့်မကောင်းဆိုးဝါး သုံးယောက်တို့၏ မညီမျှသောတိုက်ပွဲတစ်ခု ဖြစ်ခဲ့ပေတော့သည်။

နေဝင်ရီတရော ညနေ ၆ နာရီလောက်တွင် အမျိုးသမီးတစ်ဦးနှင့် မည်းမည်းတောင့်တောင့် အမျိုးသား နှစ်ဦးတို့ သူ၏အိမ်ပေါ်သို့ တကယ့်လူသားများအတိုင်း တက်လာကြပါတော့သည်။ ညနေထမင်းစားပြီး၍ တစ်ဖက် ခန်းတွင် ဆေးလိပ်သောက်နေသော မိခင်ကြီးကလည်း သားဖြစ်သူ၏အသက်လုပွဲကို မသိနိုင်ရှာပေ။ အိမ်ပေါ်ရောက် သည်နှင့် သတိမရတစ်ချက်၊ ရတစ်ချက်နှင့်ရောဂါကို အပြင်းအထန် ခံစားနေရသောကိုကြီးကို အမျိုးသမီးက သူတို့နှင့် လိုက်ခဲ့ရန် ခေါ်သည်။

ကိုကြီးက မလိုက်ချင်ကြောင်း ငြင်းသောအခါ မည်းမည်း လူကြီးနှစ်ယောက်က အသင့်ပါလာသော ကြိုးများဖြင့် ကိုကြီးကိုတုပ်နှောင်လိုက်ပါတော့သည်။ ကြိုးတုပ်ပြီးသည်နှင့် ခေါင်းဆောင်အမျိုးသမီးက လက်ထဲပါ လာသော ကျာပွတ်ဖြင့် မြင်းတစ်ကောင်ရိုက်နေသကဲ့သို့ပင် ရက်ရက်စက်စက် ရိုက်နှက်ပါတော့သည်။ အသည်း ခိုက်အောင်နာလှသော ရိုက်ချက်များကြောင့် ကိုကြီးတစ်ယောက် သည်တစ်ခါဖြင့် လူ့ဘဝကိုစွန့်ရပြီဟု စိတ်နှလုံးပိုက်မိ ပါတော့သည်။

လူးကာလိမ့်ကာ အော်ကာဟစ်ကာဖြင့် ကျာပွတ်ဒဏ်ကို ခံနေရသော လူမမာသည် ကိုကြီးသည် တစ်ခါတွင် ပြတင်းပေါက်မှ ရွှေမောဓောဘုရားကြီးကို ရုတ်တရက်မြင်လိုက်မိသဖြင့် ဘုရားကိုသတိရရင်း အသက် စွန့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် “တပည့်တော်၏ အသက်နှင့်ခန္ဓာကိုယ်ကို ရွှေမောဓောဘုရားကြီးအား လှူပါ၏” ဟူ၍ နှုတ်ထွက် လျှောက်ထားမိပါတော့သည်။

ကိုကြီးက သတိမထားမိသော်လည်း သူရွတ်ဆိုလိုက်သော စကားသည်ကား သရဏဂုံယူနည်း လေးမျိုး တွင် အတ္တသိန္နိယျာတန သရဏဂုံယူနည်းထဲတွင် ပါဝင်သွားလေသည်။ ထို့ကြောင့်ပင် သူ၏တစ်ပါးသရဏဂုံယူနည်း အဆုံးတွင် မကောင်းဆိုးဝါးသုံးယောက်မှာ အသံနက်ကြီးများဖြင့် အော်ကာအိမ်ပေါ်မှ ဆင်းပြေးသွားကြပါတော့သည်။ ယခုအချိန်တွင်ကား ကိုကြီးတစ်ယောက် မိခင်ကိုကျန်းမာစွာဖြင့် လုပ်ကိုင်ကျွေးမွေးလျက်ရှိပါသည်။

ဤမျှအထိ ရှာဖွေကြိုးကုတ်၍ ရေးသားတင်ပြချက်များကို ဖတ်ကြရသော စာရှုသူများသည် သရဏဂုံ သုံးပါးကို အဝေစ္စပသန္န- မတုန်မလှုပ် သက်ဝင်ယုံကြည်ပြီး သရဏဂုံညှိုးနွမ်းခြင်း၊ အပြစ်ရှိသော သရဏဂုံ ပျက်ခြင်း တို့မှ ကင်းလွတ်ကြပါစေဟု ဆုတောင်းရပါသည်။

“ ဧတံခေါ သရဏံခေမံ၊ ဧတံသရဏမုတ္တမံ
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗာ ဒုက္ခာ ပမုစ္စရေ ”

(ဓမ္မပဒ)

သရဏဂုံသုံးပါးသည် ဘေးမှန်သမျှ ဒုက္ခမှန်သမျှ ကင်းလွတ်စေသည်။ သရဏဂုံသုံးပါးသည် အမြတ်ဆုံး တရားလည်း ဖြစ်သည်။ သရဏဂုံသုံးပါးကို အကြောင်းပြု၍ ဘေးဒုက္ခအားလုံး ကင်းပျောက်၍ နိဗ္ဗာန်သို့ဆိုက်ရောက် နိုင်ပေသည်။

**အခန်း (၄) ပြီး၏**

××××××

# အခန်း (၅)
# သာသနာညစ်နွမ်းခြင်းအစ

ခန္ဓာ၏ အနှစ်သာရဖြစ်သော သီလနှင့် စိတ်ဝိညာဉ်၏ အနှစ်သာရဖြစ်သော ဘာဝနာတရားတို့ကို အကျယ်မရေးသားမီ သရဏဂုံပျက်စီးစေနိုင်သော ထေရဝါဒဗုဒ္ဓဘာသာကို ကွယ်ပျောက်စေနိုင်သော အယူဝါဒကျင့်စဉ်များကို ဦးစွာရေးသားတင်ပြပါမည်။ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ မကွယ်ပျောက်စေချင်လျှင် ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာကွယ်ရခြင်း၏ အကြောင်းများကို ရှေးဦးစွာ လေ့လာသုံးသပ်ကြရပေမည်။

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ ကွယ်ပျောက်ရခြင်း၏အကြောင်းမှာ သုံးမျိုးရှိသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များ သီလ၊ သမာဓိ၊ ပညာအားနည်းခြင်း။ ဟိန္ဒူ ဗြဟ္မဏတို့ အတွင်းအပြင် တိုက်ခိုက်ခြင်း၊ တူရကီအနွယ်တို့ အမြစ်ပြုတ် တိုက်ခိုက်ခြင်းတို့ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များ သီလ၊ သမာဓိ၊ ပညာ အားနည်းခြင်း အကြောင်းသည် သာသနာကွယ်ခြင်း၏ အဓိကအကြောင်း ဖြစ်ပေသည်။ ထိုအချက်နှင့် ပက်သက်၍ ရာဟုလာ သံကစ္စည်း က ၁၉၇၃ ခုနှစ်ထုတ် မဟာဗောဓိဂျာနယ် ၈၁/၉ တွင် ယခုကဲ့သို့ ရှင်းလင်းထောက်ပြဝေဖန်ခဲ့ပေသည်။

## အိန္ဒိယမှာ သာသနာကွယ်ခြင်းအကြောင်းရင်း

ခရစ် ၅ ရာစု နောက်ပိုင်းမှစ၍ ဘုရင်သူဌေးများ ကိုးကွယ်၍ ခမ်းနားသောကျောင်းများ ဆောက်လုပ်ကာ အလှူအတန်းများ ရက်ရောကြလေရာ အရည်အချင်းမမီသော အညံ့စားပုဂ္ဂိုလ်များ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသည်။ ၎င်း အညံ့စား ရဟန်းတော်တို့သာ အားကောင်းလာသောအခါ ဝိနည်းကို ပေါ့ပေါ့တန်တန် လုပ်ပစ်ကြ၏။

ဂန္ထဓုရဝိပဿနာဓုရကို မလိုက်နာကြ၊ စားကာသောက်ကာ နေလာကြ၏။ ထိုရဟန်းများတို့ပင် မန္တာန်စုပ်ခြင်း၊ အင်းချ၊ မှော်ဝင်၊ ဆေးကုခြင်း၊ သမထအာရုံပြုခြင်းစသော လောကီကိစ္စ သိဒ္ဓိများကိုပြကာ လူပြိန်းများအား သိမ်းသွင်း ဆွဲဆောင်ကြ၏။ ရဟန်းတော်တို့၌ အတွင်းသာသနာ အင်အားလျော့ညံ့လာသောအခါ အချို့ရဟန်းများ ဂန္ဓာရီ ဝိဇ္ဇာလမ်းစဉ်များဆီသို့ အာရုံစိုက်သွားကြသည်။

ဝိနည်းတော်နှင့်အညီနေထိုင်သော ရဟန်းကောင်းများ ဆင်းရဲပြိုပြင်ကာ အားနည်းသည်ထက် နည်းပါးသွားကြလေ၏။ ရန်သူများဝင်လာကြသောအခါ ဝိဇ္ဇာဇော်ဂျီဂိုဏ်းဝင်များ သူတို့၏တန်ခိုးဣဒ္ဓိတို့ဖြင့် ခုခံကာကွယ်ကြသော်လည်း အချည်းနှီးသာဖြစ်ခဲ့ရ၏။ ဝိဇ္ဇာဂိုဏ်းကြီးပေါ်ထွန်း၍ ရဟန်းတို့၌ အတွင်းသာသနာ အင်အားပျက်ပြားခြင်းသည် အိန္ဒိယ၌ သာသနာကွယ်ပရခြင်း၏ အဓိကအကြောင်းကြီးပေတည်း။

ဟိန္ဒူ ဗြဟ္မဏတို့ အတွင်းတိုက်ခိုက်ခြင်းဟူသည် ဗုဒ္ဓပေါ်ထွန်းလာသည်နှင့် သဗ္ဗေဓမ္မာ အနတ္တာ တရားအားလုံး ကိုယ်မပိုင်အစိုးမရ အနတ္တဟူ၍ ဟောကြားလိုက်ရာ အတ္တကိုအမှီပြု၍ အညွန့်ခူးစားရသော ဟိန္ဒူဗြဟ္မဏတို့ စားပေါက်ပိတ်ခဲ့ရ သည်။ တဖန် သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် သတ္တဝါများကို သတ်ဖြတ်၍ ယဇ်မပူဇော်ရဟု ဥပဒေဖြင့်အမိန့်ထုတ်ပြန်ရာ ယဇ်ပွဲကိုမှီ၍ ဆီစိုခဲ့ရသော ဟိန္ဒူဗြဟ္မဏတို့နှုတ်ခမ်းမှာ ခြောက်သွေ့ခဲ့ကြရပြန်သည်။

ထို့ကြောင့်ပင် ဗုဒ္ဓသာသနာ့ဘောင်အတွင်းသို့ ရဟန်းအသွင်ဖြင့်ဝင်ရောက်ကာ ပါဠိတော်အဋ္ဌကထာများကို ကိုယ်လိုရာဆွဲ၍ရေးသားပြီး မဟာယာနဝါဒများ၊ တန္တရယာနဝါဒများ၊ မန္တရယာနဝါဒများကို တီထွင်ဟောပြောကြလေတော့သည်။ ဤကား ဗုဒ္ဓ၏အနတ္တဒေသနာကို အတ္တဒေသနာဖြစ်အောင် ယဉ်ယဉ်လေး ဖျက်ဆီးကြခြင်းပင်ဖြစ်သည်။ ဟိန္ဒူပြဟ္မဏတို့ ဗုဒ္ဓကို သေးသိမ်ပြီး အရာမရောက်ဖြစ်သွားအောင် တဖြည်းဖြည်းချင်း အစဖျောက်ဝါးမျိုပုံမှာလည်း ကြည့်တတ်သောသူများမှသာ မြင်နိုင်ပေသည်။

ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီးစာအုပ်၊ စာမျက်နှာ ၁၉၁ ၌ ရေးသားထားသော ဖော်ပြပါစာပိုဒ်လေးသည်ကား ဟိန္ဒူပြဟ္မဏဘုရားကျောင်းထဲ ဗုဒ္ဓရုပ်ပွားတော်ရောက်လာရခြင်း၏ အကြောင်းရင်းလည်း ဖြစ်ပေသည်။ မီးနင်းခြင်း၊ ကာလီမန်မယ်တော် ပန်းဆက်ခြင်းများကို ပြုပြီးနောက် ဟိန္ဒူဘာသာက ဗုဒ္ဓဘာသာနဲ့ အတူတူပါပဲဟု ပြောလေ့ရှိသူများ သတိပြုစရာပင်ဖြစ် ပါသည်။

သဒ္ဓမ္မပုဏ္ဍရိကသုတ်နှင့် ဂဏ္ဍဗျူဟာသုတ်များ၌ ဗုဒ္ဓသည်လူသားမဟုတ်၊ ကောင်းကင်ဘုံမှ နတ်ဘုရားဖြစ်သည်ဟု ဆိုကြ၏။ ဗုဒ္ဓဝါဒီတို့သည် ဖန်ဆင်းရှင်ပြဟ္မာ (က္ကသရ) ကိုလက်မခံကြချေ။ သို့ရာတွင် ဗုဒ္ဓကိုလွန်စွာကြည်ညိုကြောင်း သိထားသော ပြဟ္မဏပုဏ္ဏားရဟန်းများက ဗုဒ္ဓသည်လူသားမဟုတ်၊ ကောင်းကင်ဘုံမှ နတ်ဘုရားကြီးဖြစ်သည်ဟု ဟောပြောကြ၏။ ဗုဒ္ဓဘာသာဝင်လူများစုကမူ သဒ္ဓါလွန်နေကြ၍ ကိုယ့်ဘုရားကိုနတ်အဖြစ် မြှင့်တင်သည်ကို ကျေနပ်နေကြ၏။

တဖြည်းဖြည်း ဂေါတမဗုဒ္ဓသည် ကမ္ဘာကိုဖန်ဆင်းသူဖြစ်သည်ဟု ဆိုကြ၏။ ထိုမှတဆင့်တက်၍ ဖန်ဆင်းရှင် ပြဟ္မာဗိဿနိုးနှင့် ဂေါတမဗုဒ္ဓကို ပူးပေါင်းလိုက်ကြသည်။ အမည်သာကွဲ၍ ဘုရားတစ်ဆူတည်းအတူတူဟု ဆိုကြသည်။ တစ်ဖန် ဂေါတမဗုဒ္ဓသည် ဗိဿနိုးနှင့်တန်းတူမဟုတ်တော့ဘဲ ဗိဿနိုးဝင်စားသူ၊ ဗိဿနိုး၏ ကိုယ်ပွားတစ်ထောင်အနက် ကိုယ်ပွားအဝတာရ တစ်ခုမျှသာဟုဆို၍ အောက်တစ်ဆင့်နှိမ့်လိုက်သည်။

*(အင်္ဂလိပ်ပူရာဏ်ကျမ်းနှင့် ဝရာဟပူရာဏ်ကျမ်း)*

နောက်ဆုံး ဂေါတမ အမည်ပင်ပျောက်ကာ မဟေသရခေါ် က္ကသရတဖြစ်လဲ အဝလောကိတေသရနှင့် အစားထိုးကြ၏။ ထိုဘုရားလောင်းနတ်သားအဖြစ်မှတဖန် မိန်းမအသွင်ပြောင်းကာ တာရာဒေဝီစသည် နတ်သမီးများဖြစ်ကြကုန်၏။ ကာလီ စသော ယက္ခနီများဖြင့် အစားထိုးပြန်၏။ ဝေရောစန၊ အမိတာဘာစသော မော်ဘုရားကြီးများပေါ်လာသောအခါ ဗုဒ္ဓသည် သာကီဝင်မင်းသား ဂေါတမဗုဒ္ဓ မဟုတ်တော့။

မော်ပညာပိုင်စိုးသော နတ်ကြီးတစ်ပါးမျှသာ ဖြစ်သွားတော့၏။ ဤကား ဟိန္ဒူပြဟ္မဏတို့ အတ္တဝါဒ၊ ပြဟ္မဝါဒကို ဗုဒ္ဓဝါဒတွင်းသို့ လိမ္မာပါးနပ်စွာ သွတ်သွင်းခဲ့ပုံတည်း။ ဗုဒ္ဓဝါဒနှင့်လည်း မတူ၊ ဟိန္ဒူဝါဒနှင့်လည်း အတိအကျမတူသော မဟာယာနဝါဒကို တဖြည်းဖြည်းချင်း တီထွင်ခဲ့ကြ၏။ နှစ်ပေါင်းငါးရာခန့် ကြာသောအခါ မဟာယာနနှင့် ဟိန္ဒူဝါဒတို့ ခွဲမရအောင် ချွတ်စွပ်တူလာ၏။ နောက်ဆုံး၌ ဟိန္ဒူပြဟ္မဏတို့၏ တန္တရဝါဒကိုပင် ဗုဒ္ဓဝါဒတံဆိပ် ခပ်နှိပ်ပေးလိုက်၏။

တန္တရဝါဒမှာ အရက်နှင့်မိန်းမကို ရှေ့တန်းတင်၏။ စုန်း၊ ကဝေ၊ တစ္ဆေ၊ ပယောဂ၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တာန်တို့ကို ဗုဒ္ဓဝါဒဆိုင်းဘုတ်အောက် ရွှေ့ထားလိုက်ကြသည်။ ဤကား ဟိန္ဒူပြဟ္မဏတို့ သာသနာအတွင်းသို့ဝင်၍ တိုက်ခိုက်ပုံပင်။ သာသနာအပြင်အပမှ ဗုဒ္ဓဘာသာကို ရက်ရက်စက်စက် ဖျက်ဆီးခဲ့သူမှာ အသောကမင်းကြီးနောက် ခြောက်ဆက်မြောက်မင်းကို သတ်ဖြတ်၍ ဘုရင်ဖြစ်လာသော သုင်္ဂပုရှာမိတြအမည်ရှိ ပြဟ္မဏပုဏ္ဏားစစ်သူကြီးပေတည်း။ ထိုစစ်သူကြီး အာဏာရသည်နှင့် ဗုဒ္ဓဘာသာကို အမြစ်ပါမကျန်အောင် ဖျက်ဆီးလေတော့သည်။

ဗုဒ္ဓဘာသာ ရဟန်းမှန်သမျှ မဂဓတိုင်း၊ ကောသလတိုင်းအစရှိသော မဇ္ဈိမဒေသ၌ မနေဝံ့တော့သဖြင့် တိုင်းစွန်ပြည်ဖျားသို့ ထွက်ပြေးပုန်းရှောင်ကြရသည်။ သာသနာနှစ် ၁၂၀၀ ကျော်လာသောအခါ ကေရလာပြည်နယ်မှ ပေါ်လာသော ရှံကရအမည်ရှိ ပြဟ္မဏပညာရှိတစ်ယောက်သည် မင်း၏အာဏာအားကိုးယူ၍ ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ဝါဒယှဉ်ပြိုင်ပြီး ရှုံးနိမ့်သော ရဟန်းတော်များကို ဟိန္ဒူဘာသာသို့ ကူးပြောင်းစေသည်။ မကူးပြောင်းပါက ပွက်ပွက်ဆူနေသော ထောပတ်ဒယ်အိုးတွင်းသို့ နှစ်၍သတ်ပစ်ခဲ့သည်။

ထိုအချိန်က ဗုဒ္ဓဘာသာဝင် ရဟန်းအများစုမှာ မဟာယာနမှ တစ်စင်ခွဲ၍ထောင်လာသော ဝဇီရယာန အောက်လမ်း ဆရာကြီးမျိုးသာဖြစ်သဖြင့် စာပေအယူဝါဒအနေဖြင့် ရှံကရကို မယှဉ်ပြိုင်နိုင်ခဲ့ပေ။ သို့အတွက် သာသနာနှစ် ၁၃၀၀ ခန့်ကစ၍ အိန္ဒိယတောင်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်ရဟန်းတော်များ မရှိတော့ချေ။

*(မာဝေ၏သက်ရဒိသာဝိဇယကျမ်း ၁-၉၃)*

ဤကား ဟိန္ဒူပြဟ္မဏတို့ သာသနာအပြင်မှ ဗုဒ္ဓဘာသာကို တိုက်ခိုက်ခဲ့ပုံပင်။ သာသနာနှစ် ၁၇၀၀ ခန့်တွင်ကား တူရကီနွယ်ဝင် မိုဟာမက်ဘိန်ဗခတိယာရ်သည် အိန္ဒိယမြောက်ပိုင်းတစ်ခုလုံးကို တိုက်ခိုက်သိမ်းပိုက်ရင်း ဗုဒ္ဓဘာသာ ရဟန်းတော်များကို ကျောင်းတိုက်ကြီးများအတွင်းမှာပင် မီးတိုက်၍သတ်ဖြတ်လိုက်လေသည်။ ထိုအခါမှစ၍ အိန္ဒိယဒေသတစ်ခုလုံး ဗုဒ္ဓသာသနာ ကွယ်ပျောက်ခဲ့ရပါတော့သည်။

ဤနေရာ၌ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကိုသာကြည့်၍ ပြုပြင်ခြင်းသည် လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာကို ရနိုင်သည်ဟူသော စကားအတိုင်း အိန္ဒိယဗုဒ္ဓဘာသာ ရဟန်းတော်များ သီလ၊ သမာဓိ၊ ပညာ အားနည်းခြင်း၏ အဓိကအကြောင်းကို လေ့လာသုံးသပ်ပြီး မြန်မာပြည်မှရဟန်းတော်များအနေဖြင့် ထေရဝါဒ ဗုဒ္ဓအယူဝါဒ မဟုတ်သောအရာများကို ဖယ်ရှားကြရပေမည်။

ဆေး၊ ဗေဒင်၊ လက္ခဏာ၊ နက္ခတ်နှင့်တကွ လောကီထွက်ရပ် ဝိဇ္ဇာဂိုဏ်းဘုန်းကြီးများ များပြားလာခြင်းသည် ဗုဒ္ဓသာသနာ အားနည်းပျောက်ကွယ်ခြင်း၏ အရေးအကြီးဆုံးသောအကြောင်း ဖြစ်ပေသည်။ ထိုဂိုဏ်းဘုန်းကြီးများကို မဟာယာနဘုန်းကြီးများက မွေးဖွားပေးလိုက်သည်။ မဟာယာနဘုန်းကြီးများကို ယောဂါစာရနှင့် မဇ္ဈိမိကဂိုဏ်းများက မွေးဖွားပေးလိုက်သည်။ ထိုယောဂါစာရဂိုဏ်းနှင့် မဇ္ဈိမိကဂိုဏ်းကို မဟာသံဃိကဂိုဏ်းကြီးက မွေးဖွားပေးလိုက်သည်။

မဟာသံဃိကဂိုဏ်းကြီးသည် ဒုတိယသင်္ဂါယနာမှ စတင်ပေါ်ပေါက်ခဲ့သည်။ ထိုကဲ့သို့သော ရဟန်းဆိုးများ သာသနာကို ဖျက်ဆီးမည်ကို ကြိုတင်၍မြင်တော်မူကြသော အရှင်မဟာကဿပနှင့်တကွ ရဟန္တာမထေရ်ကြီးငါးရာတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး လေးလအကြာတွင်တင်သော ပထမသင်္ဂါယနာတွင် အောက်ပါမူကြီးသုံးရပ်ကို တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုတော်မူခဲ့ကြပါသည်။

၁။ သံဃော အပ္ပညတ္တံ နပ္ပညပေတိ -

သံဃာတော်များသည် မြတ်စွာဘုရား မ,ပညတ်ခဲ့သည်ကို အသစ်တိုးချဲ့ပညတ်ခြင်း မပြုအံ့။

၂။ ပညတ္တံန သမုစ္ဆိန္ဒတိ -

မြတ်စွာဘုရား ပညတ်ခဲ့သည်ကို ဖြုတ်ပယ်ဖျက်ဆီးခြင်း မပြုအံ့။

၃။ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယဝတ္တတိ -

မြတ်စွာဘုရားပညတ်တော်မူခဲ့သော သိက္ခာပုဒ် (စည်းကမ်းဥပဒေ) များကို ရိုသေစွာ လိုက်နာကျင့်သုံးပါအံ့။

ဖော်ပြပါ မူကြီးသုံးချက်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူချက်များကို ဖြည့်စွက်ခြင်း၊ ထုတ်ပယ်ခြင်း လုံးဝမပြုဘဲ မူလအရှိအတိုင်း တရိုတသေထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးလာသောဂိုဏ်းကို ထေရဝါဒဂိုဏ်းဟုခေါ်သည်။ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ သုံးနိုင်ငံတို့သည် ထေရဝါဒအမာခံနိုင်ငံများ ဖြစ်ပေသည်။ ဆဋ္ဌသင်္ဂါယနာမှစ၍ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့လည်း ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံထဲ ပါဝင်လာကြပေသည်။

တရုတ်၊ ရုရှားနှင့် ကိုးရီးယားမှ မဟာယာနသံဃာတော်အချို့လည်း မဟာယာနအယူဝါဒကိုစွန့်ကာ ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်အဖြစ် ခံယူလျက် ရန်ကုန်သာသနာ့တက္ကသိုလ်တွင် ထေရဝါဒစာပေကျမ်းဂန်များ သင်ယူလျက်ရှိလေပြီ။ ထိုကဲ့သို့ မဟာယာနအမှောင်မှ ထေရဝါဒအလင်းသို့ နိုင်ငံခြားရဟန်းသံဃာများ တဖွဲဖွဲဝင်ရောက်လျက်ရှိစဉ် မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်များက ထေရဝါဒ အလင်းလမ်းစဉ်မှ မဟာယာန အမှောင်လမ်းစဉ်သို့ မသွားသင့်တော့ပါပေ။

အရှင်မဟာကဿပ အစရှိသော ရဟန္တာမထေရ်ကြီးများ စိုးရိမ်သည့်အတိုင်းပင် သာသနာနှစ် ၁၀၀ ပြည့်တွင် ဝဇ္ဇီတိုင်းသား ဝေသာလီရဟန်းများသည် ဝိနည်းသိက္ခာပုဒ်များကို ပြင်ဆင်ချက် ၁၀ ချက် (ဒသဝတ္ထုက) ကို ပြုကြပေသည်။

၎င်းတို့မှာ -

## သိက္ခာပုဒ်ပြင်ဆင်ချက် ၁၀ မျိုး

၁။ **သိင်္ဂီလောဏကပ္ပ -** သားချိုဌ်ထည့်၍ ဆောင်ထားသောဆားကို နေ့စဉ်ဆွမ်းစားတိုင်း ရောနှောစားနိုင်သည်ဟု ဆိုကြသည်။

ရဟန်းတော်များ ခဲဖွယ်ဘောဇဉ်တို့ကို အကပ်ခံပြီးပါက နောက်နေ့အတွက် သိုမှီးသိမ်းဆည်း၍ မစားရချေ။ တစ်ထပ်စာအတွက်သာ အကပ်ခံစားသောက်ရ၏။ ဆားကိုဆေးအဖြစ် သုံးဆောင်ရန် အကပ်ခံပါမူ တစ်ကြိမ် အကပ်ခံပြီးပါက တစ်သက်လုံး သုံးဆောင်ခွင့်ရှိ၏။ သို့ရာတွင် နံနက်ပိုင်း ခဲဖွယ်ဘောဇဉ်နှင့် ရောနှော စားသုံးရန် အကပ်ခံပါမူ နောက်တစ်ရက် ဆက်လက်စားသုံးခွင့်မရှိ။

မွမ်းမတည့်မီ လူသာမဏေတို့အား ပေးစွန့်ရ၏။ ထိုသို့မဟုတ်ဘဲ မိမိဘာသာ သိမ်းဆည်းထား၍ နောက်တစ်ရက် ဆွမ်းနှင့်ရော၍သုံးဆောင်ပါလျှင် ပါစိတ်အာပတ်သင့်၏။ ဝဇ္ဇီတိုင်းသားရဟန်းများသည် ထိုသိက္ခာပုဒ်ကို ပြင်ဆင်သည့်အနေဖြင့် သားချိုဖြင့် ပြုလုပ်ထားသော ဆားဗူး၌ထည့်၍ ဆောင်ထားလျှင် နေ့စဉ်ဆွမ်းနှင့် ရောနှောစားသော်လည်း အာပတ်မသင့်ဟုဆို၏။

အမှန်စင်စစ် သားချို၌ထည့်ထားသော ဆားသည်လည်း ဆားသာလျှင်ဖြစ်၍ ဘာမျှထူးခြားမှုမရှိ။ တမင် အဆန်းထွင်ခြင်းမျှသာဖြစ်၍ အာပတ်သင့်ခြင်းမှ မလွတ်နိုင်။

၂။ **ဒွင်္ဂုလကပ္ပ** - မွန်းလွဲပြီးနောက် နေအရိပ် လက်နှစ်သစ်လွန်သည်အထိ ရဟန်းများဆွမ်းစားနိုင်ခွင့်ရှိသည် ဆို၏။

(အမှန်စင်စစ် ရဟန်းတော်များသည် နေမွန်းတည့်ပြီးနောက် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို စားသောက်လျှင် ပါစိတ် အာပတ်သင့်၏။)

၃။ **အာဝါသကပ္ပ** - အလွန်ကျယ်ဝန်းသော မဟာသိမ်ကြီးတစ်ခုအတွင်း ကျောင်းအဆောက်အအုံများစွာရှိရာ တစ်ချိန်တည်း၌ တစ်ကျောင်းစီတွင် သံဃာစည်းဝေး၍ ဥပုသ်ကံစသော သံဃာ့ကံများကို ပြုနိုင်သည်။

(အမှန်စင်စစ် သိမ်တစ်ခုအတွင်း၌ သံဃာစည်းဝေးရာတွင် သံဃာညီညွတ်မှုကိုပြရန် ရဟန်းတစ်ပါးနှင့် တစ်ပါး တစ်တောင်ခန့် နီးကပ်အောင်ထိုင်ကြရ၏။ တစ်ကျောင်းစီ စည်းဝေးပါက သံဃာမညီမညွတ် ကွဲပြားနေသောကြောင့် အာပတ်သင့်၏။ ပြုသမျှသော သံဃာ့ကံသည် အထမမြောက်ချေ။ ကံပျက်၏။)

၄။ **အနုမတိကပ္ပ** - သံဃာ့အစည်းအဝေး၌ သံဃာစုံလင်အောင် အချိန်မစောင့်ဘဲ နောက်မှရောက်လာသော သံဃာများထံမှ သဘောတူညီချက်ကို နောက်မှရယူမည်ဟုကြံရွယ်၍ အလျင်ရောက်နှင့်သော သံဃာများက ဆုံးဖြတ်ချက်တစ်ခုခု ပြုလုပ်နိုင်သည်။ သံဃာ့ကံပြုနိုင်သည် ဟုဆို၏။

(အမှန်စင်စစ် သံဃာ့အစည်းအဝေးသို့ မတက်ရောက်နိုင်သော ရဟန်းများသည် အစည်းအဝေးက ဆုံးဖြတ်သမျှကို သဘောတူပါကြောင်း ကြိုတင်ဆန္ဒပေးကြရ၏။ အစည်းအဝေးပြီးမှ နောက်ကျမှပေးသော ဆန္ဒ (သဘောတူချက်) သည် တရားမဝင်ချေ။ ထို့ကြောင့် သံဃာမစုံလင်မီ ဆန္ဒသဘောတူညီချက်ကို ကြိုတင်မရရှိဘဲ ရောက်လာသမျှ သံဃာ တစ်စိတ်တစ်ပိုင်းဖြင့် ဆုံးဖြတ်ခြင်းသည် တရားမဝင်ချေ။ သံဃာမညီညွတ်သောကြောင့် ဆုံးဖြတ်ပြုလုပ်ချက်သည် ထမြောက်အောင်မြင်ခြင်း မရှိ။)

၅။ **အာစိဏ္ဏကပ္ပ** - မိမိဆရာသမားပြုလုပ်ခဲ့သော အစဉ်အလာထုံးစံမှန်သမျှကို ပြုလုပ်ခွင့်ရှိသည်ဟု ဆိုကြ၏။ ထိုသို့ ဆရာသမားအတုလိုက်ခြင်းကြောင့် အာပတ်မသင့်နိုင်ဟု ဆိုကြ၏။

(အမှန်စင်စစ် ဆရာသမားတို့ ပြုလုပ်ခဲ့သော အစဉ်အလာထုံးစံများသည် ဝိနည်းနှင့်ညီလျှင် အာပတ်မသင့်ချေ။ ဝိနည်းနှင့်မညီပါက အာပတ်သင့်မည်သာဖြစ်၏။ မိမိလုပ်သမျှအပြစ်ကို ဆရာ့နာမည်တပ်၍ ကာကွယ်ရန် ဉာဏ်နည်းကိုတီထွင်ခြင်း ဖြစ်၏။)

၆။ **ဂါမန္တရကပ္ပ** - တခြားရွာသို့သွားရန် ကိစ္စရှိပါက ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံမပြုသောဆွမ်းကို စားနိုင်သည်ဟု ဆို၏။

ရဟန်းတော်များ ဆွမ်းစားနေစဉ် တော်ပြီ၊ တန်ပြီဟု နှုတ်မြွက်၍ဖြစ်စေ လက်ကာ၍ဖြစ်စေ ထုတ်ဖော်ပြောကြားလျှင် ပဝါရိတ်သင့်သည်။ မစားတော့ပါဟု ငြင်းပယ်ခြင်းကို ပဝါရိတ်သင့်သည်ဟု ခေါ်ဆို၏။ ထိုသို့ ငြင်းပယ်မိသောရဟန်းသည် ထိုနေ့နံနက်ပိုင်းတွင် တစ်စုံတစ်ခုမျှ စားသောက်ခွင့်မရှိတော့ချေ။ အကယ်၍ စားသောက်လိုပြန်ပါက အခြားရဟန်းတစ်ပါးအား ခဲဖွယ်ဘောဇဉ်များကို ပေးစွန့်လိုက်ရ၏။

ထိုဒုတိယရဟန်းက ဤခဲဖွယ်ဘောဇဉ်များကို တော်ပြီ၊ ငါမစားလို အပိုအလျှံဖြစ်သည်ဟု နှုတ်မြွက်၍ ပြန်ပေးမှ စားခွင့်ရှိ၏။ ထိုသို့ အခြားရဟန်းတစ်ပါးက တော်ပြီဟုဆို၍ ပြန်ပေးခြင်းကို အတိရိတ်ဝိနည်းကံပြုသည်ဟု ဆိုရ၏။ ပဝါရိတ် သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံမပြုဘဲ ခဲဖွယ်ဘောဇဉ်တစ်ခုခုကိုစားပါက ပါစိတ်အာပတ်သင့်သည်ဟူသော သိက္ခာပုဒ်ကို လျှော့ပေါ့အောင် ပြင်ဆင်ခြင်းဖြစ်သည်။

၇။ **အမထိတကပ္ပ** - ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်းကံမပြုဘဲ နို့ရည်အဖြစ်ကိုလွန်၍ ဒိန်ချဉ်အဖြစ်သို့ မရောက်သေးသော နို့ချဉ်ကိုသောက်ခွင့်ရှိသည်ဟု ဆို၏။

(ဝိနည်းသိက္ခာပုဒ်တွင် နို့ရည်ကို လည်းကောင်း၊ ဒိန်ချဉ်ကို လည်းကောင်း ဘောဇဉ် (စားစရာ) ၌ ရေတွက်ပြထားရာ၊ နို့ရည်နှင့် ဒိန်ချဉ်စပ်ကူး၊ မပ်ကူးနို့ချဉ်ရည်သည် ဘုရားပေးသောဘောဇဉ်မှ အလွတ်ဖြစ်သည် ဟုကြံဆ၍ အထက်ပါသိက္ခာပုဒ်ကို ခွင်းချက်ဖြင့် လျှော့ပေါ့အောင် ပြင်ဆင်ချက်ပြုလုပ်ခြင်းဖြစ်၏။)

၈။ **ဇဠောဂတိ** - ကောက်ညှင်းဆန်၊ ထန်းလျက်၊ ကြံသကာစသည်ကို စိမ်ရည်ဖြစ်အောင်ဖော်စပ်ရာ၌ (စိမ်ရည်၊ ခေါင်ရည်) အဖြစ်သို့မရောက်သေးသော သေရည်အနုစား၊ စိမ်ရည်အနုစားကို ရဟန်းတော်များ သောက်သုံးနိုင်သည် ဟုဆို၏။

(အမှန်စင်စစ် ရဟန်းတော်များသည် စိမ်ရည်၊ ခေါင်ရည်၊ ထန်းရည်ခါးစသော သေရည်၊ အရက်၊ မူးယစ်ဆေးဝါးကို သုံးဆောင်ခွင့်မရှိ၊ သုံးဆောင်ပါက ပါစိတ်အာပတ်သင့်၏။ မြန်မာနိုင်ငံတွင်လည်း ဝေသာလီရဟန်းတို့၏နောက်လိုက်ကြီး အနွယ်ဝင်ရဟန်းများသည် ပင်ပေါ်ကျထန်းရည်များကို သောက်သုံးကြသဖြင့် ပင်ပေါ်ကျထန်းရည် အပျော့စားမှာ ရဟန်းကြီးကြိုက်ဟု ယခုတိုင် အမည်တွင်ကျန်နေရစ်၏။)

၉။ **အဒသကံနိသီဒနံ** - အမြိတ်အဆာမပါသော နေရာထိုင်ခင်း (နိသီဒိုင်)သည် ရဟန်းတော်များနှင့် မအပ်စပ်ဟု မြတ်စွာဘုရား ပညတ်ချက်များကိုကျူးလွန်၍ အမြိတ်အဆာမပါသော နိသီဒိုင်သည်အပ်၏ဟု ဆိုကြ၏။

၁၀။ **ဇာတရူပရဇတ** - ရဟန်းတော်များသည် ရွှေငွေကို အလှူမခံအပ်ဟု ပညတ်ချက်ကို ဖောက်ဖျက်၍ ရွှေ၊ ငွေ အသပြာကို အလှူခံနိုင် ဟုဆိုကြ၏။

*(ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး - စာမျက်နှာ ၃၆ မှ ၃၉)*

ထိုအချိန်အခါက အဇာတသတ်မင်းကြီး၏ သားစဉ်မြေးဆက်ပြတ်၍ နောက်တက်သော သုသုနာဂမင်းသည် ဝေသာလီမင်းမျိုးဖြစ်၍ ဝေသာလီရဟန်းများကို အထူးထောက်ပံ့အားပေးသည်။ သုသုဂန၏သား ကာလာသောက၏ လက်ထက်၌လည်း မင်း၏အားပေးထောက်ပံ့မှုကိုရသော ရဟန်းဆိုးများသည် ပြင်ဆင်ချက် ၁၀ ချက်ကို တရားဝင် ပြောင်ပြောင်တင်းတင်း ကျင့်သုံးကြလေသည်။

ထိုအကြောင်းကိုကြားသိသော အရှင်မဟာယသမထေရ်ကြီးသည် ဝေသာလီပြည်၊ မဟာဝုန်ကျောင်းတိုက်သို့ ကြွရောက်တော်မူလာလေသည်။ ဥပုသ်နေ့တွင် တရားနာလာကြသော ဒါယကာ၊ ဒါယိကာမများကို ပရိက္ခရာဖိုးအတွက် အလှူငွေထည့်ကြရန် ဝေသာလီရဟန်းတို့က ဟောပြောအလှူခံကြရာ အရှင်မဟာယသမထေရ်ကြီးက ရွှေငွေကိုမလှူရ၊ ရဟန်းတို့နှင့်မအပ်စပ်ကြောင်း ဒါယကာ၊ ဒါယိကာမတို့အား ဟောပြောသော်လည်း ဓလေ့ထုံးစံဖြစ်နေ၍ လှူဒါန်းမြဲ လှူဒါန်းကြလေသည်။

နံနက်မိုးလင်းသောအခါ ရလာသောအလှူငွေဝေစုကို အရှင်မဟာယသအားလာပေးရာ အရှင်မဟာယသက ငြင်းပယ်လိုက်လေသည်။ ထိုအခါ ဝဇ္ဇိတိုင်းသားရဟန်းများသည် အရှင်မဟာယသကို ဝေသာလီသံဃာထုအပေါ် ဒါယကာတို့ အကြည်ညိုပျက်စေရန် ဟောပြောမှုဖြင့် စွပ်စွဲပြစ်တင်ကြသည်။ ဝေသာလီပြည်ရှိ ဒါယကာတို့ကို ရှုတ်ချကဲ့ရဲ့သည့်အတွက် ဝေသာလီမြို့တွင်း၌ လှည့်လည်တောင်းပန်ရမည်ဟု ဆို၏။ အရှင်မဟာယသမထေရ်သည် ဝေသာလီမြို့တွင်းသို့ ကြွရောက်၍ ဒါယကာတို့အား ဤသို့တောင်းပန်စကား မိန့်ကြား၏။

" ငါသည် အဓမ္မကို အဓမ္မဟု ပြောဆိုခြင်းဖြင့် လည်းကောင်း၊ ဓမ္မကို ဓမ္မဟု ပြောဆိုခြင်းဖြင့် လည်းကောင်း၊ ဝိနည်းကို အမှန်အတိုင်း ပြောဆိုခြင်းဖြင့် လည်းကောင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံသော သင်ဒါယကာတို့ကို အကြည်ညိုပျက်အောင် လုပ်မိပေ၏။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နေ့စဉ်တရားကို ဟောကြားတော်မူ၏"

" ရဟန်းတို့ ဆီးနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုးသည် လ၊ နေတို့၏ အညစ်အကြေးဖြစ်သကဲ့သို့ သေရည်သေရက် သောက်စားမှု၊ မေထုန်မှီဝဲမှု၊ ရွှေငွေအလှူခံမှု၊ မှားယွင်းသော အသက်မွေးမှုတို့သည် တရားကျင့်သော ရသေ့ရဟန်းတို့အတွက် အညစ်အကြေးဖြစ်ကုန်၏ဟု ဟောကြားတော်မူခဲ့၏။

ရာဇဂြိုဟ်ပြည်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ရွှေငွေအလှူခံမှုကို တားမြစ်သော သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့၏။ " ဤသို့ စသည်ဖြင့် တရားအမှန်ကို ရှင်းလင်းဟောကြားရာ ဝေသာလီပြည်သူပြည်သားတို့သည် အရှင်မဟာယသမထေရ်ကြီးသာ ရဟန်းစစ် ရဟန်းမှန်ဖြစ်သည်ဟုဆို၍ အရှင်မဟာယသအတွက် ပစ္စည်းလေးပါး ဒါယကာခံယူကြကုန်၏။

ထိုအကြောင်းကို ဝဇ္ဇီတိုင်းသားရဟန်းတို့ ကြားသိကြသောအခါ အမျက်ဒေါသထွက်ကုန်၍ အရှင်မဟာယသကို ဥက္ခေပနိယကံ (သံဃာ့ဘောင်မှပိုင်းကြဉ်မှု) ပြုရန် သံဃာများ စုဝေးကြလေသည်။ အရှင်မဟာယသသည် ရဟန်းဆိုးတို့ကိုနှိမ်နင်းရန် အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်သို့ပျံတက်၍ ကောသမ္ဗီပြည်သို့ ကြွသွားလေသည်။ ထို့နောက် အရှင်မဟာယသ၏ ဟောပြောမှုဖြင့် မဇ္ဈိမဒေသတစ်ခွင်မှ သံဃာတော်အရှင်မြတ် ၁၂ သိန်းတို့ ဝေသာလီပြည်သို့ ကြွလာတော်မူကြလေသည်။

ထို့နောက် ဝိနည်းဓိုရ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော မထေရ်ကြီးရှစ်ပါးအနက်မှ ဝါတော်တစ်ရာ သက်တော် ၁၂၀ ရှိသော အရှင်ရေဝတမထေရ်သည် ပြင်ဆင်ချက် ၁၀ ပါးကို သက်တော် ၁၄၀ ဝါတော် ၁၂၀ ရှိ အရှင်သဗ္ဗကာမီ မထေရ်ကြီးအား ဝိနည်းတရားတော်နှင့် ညီ၊ မညီမေးလျှောက်ရာ ဝိနည်းတော်တရားတော်နှင့် မညီကြောင်း တစ်ချက်စီဖြေရှင်း ဆုံးဖြတ်တော်မူသည်။

အဓိကရုဏ်းငြိမ်းပြီးသောအခါ သံဃာတော် ၁၂ သိန်းမှ တိပိဋကရေ ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိညရဟန္တာမထေရ်ကြီး ၇၀၀ ကိုရွေးကောက်၍ ဒုတိယသင်္ဂါယနာ တင်တော်မူကြပါသည်။ ဝဇ္ဇီတိုင်းသားရဟန်းတော်များကား ရဟန္တာမထေရ်ကြီးတို့ ဆုံးဖြတ်ချက်ကို မနာခံသဖြင့် သံဃာ့ကံပြု၍ နှင်ထုတ်လိုက်ကြရပါသည်။ ထိုနှင်ထုတ်ခံရသော သံဃာများသည် အနယ်နယ်အရပ်ရပ်မှ အဓမ္မဝါဒီ ရဟန်းများကိုစုဆောင်း၍ ရဟန်းပရိသတ် တစ်သောင်းခန့်ရရှိသောအခါ ကောသမ္ဗီပြည်တွင် စင်ပြိုင်သင်္ဂါယနာတင်ကြလေတော့သည်။

သူတို့၏ဂိုဏ်းကိုလည်း အထက်စီးမှုရစေရန် မဟာသင်္ဂီတိဂိုဏ်းဟူ၍ လည်းကောင်း၊ မဟာသံဃိကဂိုဏ်းဟူ၍လည်းကောင်း အမည်ပေးကြလေသည်။ ထိုစင်ပြိုင်သင်္ဂါယနာတွင် မိမိတို့ စိတ်ကြိုက်မတွေ့သော သုတ်၊ ဝိနည်းတို့ကို ဖြုတ်ပစ်ကြလေသည်။ မိမိတို့စိတ်ကြိုက်နှင့်ညီသော သုတ်၊ ဝိနည်းတရားအသစ်များကို စီစဉ်ထည့်သွင်းကြလေတော့သည်။ နိဒါန ဝဂ္ဂသံယုတ်၊ သဒ္ဓမ္မရူပကသုတ်၌ ဗုဒ္ဓဟောတော်မူထားသည့်အတိုင်း သာသနာတွင်းက ရဟန်းတော်များသည်ပင် သာသနာကို ဖျက်ဆီးကြလေပြီ။

“ ရဟန်း၊ ရဟန်း၊ မည်ပြဋ္ဌာန်းလျက်၊ ရဟန်းဟူလစ်
ခေါ်ရာဖြစ်ရုံ၊ စနစ်ခေါက်ချိုး၊ ချုပ်ရိုးဆန်းဆန်း၊
ဖန်ရည်စွန်းသား သင်္ကန်းဝါဝါ၊ ဦးပြည်းကာဖြင့်
ပညာကင်းပ၊ သီလမဲ့မျိုး၊ အတွင်းဆိုးကား
အကျိုးတစ်စိ၊ ဘယ်မှာရှိလိမ့် ”

ဟူသော မဃဒေဝအဆိုအတိုင်း သီလမဲ့မျိုး၊ အတွင်းဆိုးဖြစ်သော ဝဇ္ဇီတိုင်းသားရဟန်းများသည်ကား မိမိအတွက်လည်းကောင်း၊ သာသနာအတွက်လည်းကောင်း တစ်စုံတစ်ရာမျှ အကျိုးမရှိခဲ့ပါတော့ချေ။ ၎င်း မဟာသံဃိကဂိုဏ်းကြီးမှ ဂေါကုလိကဂိုဏ်းနှင့် ဧကဗျော၊ ဟာရိက ဂိုဏ်းနှစ်ခု ခွဲထွက်ခဲ့သည်။ တဖန် ဂေါကုလိကဂိုဏ်းမှ ပဏ္ဏတ္တိဝါဒဂိုဏ်း (ပညတ္တိဝါဒ) ဗာဟုလိယဂိုဏ်း (ဗဟုသုတိကဂိုဏ်း) နှစ်ဂိုဏ်း ခွဲထွက်ပြန်သည်။

ဗဟုသုတိကဂိုဏ်းမှ စေတိယဂိုဏ်း ခွဲထွက်ပြန်သည်။ စုစုပေါင်း မဟာသံဃိကဂိုဏ်းမှ နောက်ထပ် ၆ဂိုဏ်းကွဲ၏။ မူလ ထေရဝါဒမှလည်း မဟိသာသက၊ ဝဇ္ဇီပုတ္တက၊ သဗ္ဗတ္ထိဝါဒ စသောအားဖြင့် ၁၁ ဂိုဏ်းတိတိ ခွဲထွက် ပြန်သည်။ သာသနာနှစ် ၂၃၅ တွင် တတိယသင်္ဂါယနာ တင်သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က ဗုဒ္ဓဝါဒနှင့် မညီညွတ်သော သဗ္ဗတ္ထိဝါဒစသော ဂိုဏ်းကွဲအားလုံးတို့ကို ဗုဒ္ဓသာသနာမှ ဖယ်ရှားသုတ်သင်တော်မူပါသည်။ ဖယ်ရှားသုတ်သင်ရှင်းလင်းပုံ အကျယ်ကို ကထာဝတ္ထုကျမ်းတွင် အပြည့်အစုံ ဟောကြားတော်မူခဲ့ပါသည်။

## ထေရဝါဒသည် ဟီနယာန မဟုတ်

မဟာယာန၊ ဟီနယာနဟူ၍ ကွဲပြားငြင်းခုန်ကြသောအချိန်တွင် ပင်မထေရဝါဒ ဗုဒ္ဓဘာသာသည် မဇ္ဈိမဒေသ၌ မရှိသလောက် ဖြစ်နေပေပြီ။ ရဟန္တာကြီးတို့၏ အနာဂတံသဉာဏ်အစွမ်းဖြင့် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာကွယ်ပျောက်မည်ကို သိမြင်ကြသောကြောင့် ကိုးတိုင်း၊ ကိုးဌာနသို့ ထေရဝါဒဗုဒ္ဓဘာသာကို အခြေတကျ ပျံ့နှံ့စေပြီးလေပြီ။ ထို့ကြောင့် မဟာယာနတို့ခေါ်သော ဟီနယာနသည် ပင်မထေရဝါဒမဟုတ်ဘဲ၊ တတိယသင်္ဂါယနာမှ ဖယ်ရှားခံရသော သဗ္ဗတ္ထိဝါဒစသော ဂိုဏ်းငယ်များပင် ဖြစ်သည်။ ဝိဉာဉ်တိုးတက်ရေးကို ဦးစားပေးသော ယောဂါစာရဂိုဏ်းသည် မဟာယာနဂိုဏ်းကိုသာမက တန္တရယာနဂိုဏ်းကို ထပ်ဆင့်ပေါက်ဖွားစေခဲ့သည်။

တန္တရဟူသည် ဉာဏ်ပညာဟု အဓိပ္ပယ်ရသည်။ ဂါထာမန္တရာများသည် လောကီဉာဏ်ပညာမှစ၍ လောကုတ္တရာ ဉာဏ်ပညာအထိ ရရှိစေနိုင်သောကြောင့် တန္တရဟုခေါ်ခြင်း ဖြစ်သည်။ မန္တရယာန ဟူသည်လည်း တန္တရယာနနည်းတူ မန္တာန်ကိုအသုံးပြုသော ဂိုဏ်းတစ်ခုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်စားနေသော ဥုံမဏိပဒ္မေဟုံ ဟူသောမန္တန်မှာ နီပေါနိုင်ငံမှလာသော မဟာယာနမန္တာန်တစ်ခုပင်။ အဝလောကိတေသွာရ ဘုရားလောင်းကတာယာဒေဝီကို ခေါ်ခြင်းဖြစ်သည်။ ထေရဝါဒမဟုတ်သောကြောင့်လည်းကောင်း၊ သဘာဝအားဖြင့်လည်း ရတနာသုံးပါးနှင့် စပ်ဆိုင်သောအချက် တစ်ခုမှ မပါသောကြောင့်လည်းကောင်း ကုသိုလ်တရား ပွားများစရာမရှိ၍ မရွတ်သင့်ပါ။

သာသနာနှစ် တစ်ထောင်ကျော်သောအခါ ဝဇီရယာနခေါ် အကျင့်ပျက်ရဟန်းယုတ်များ ပေါ်လာသည်။ မဟာယာနဝါဒကို အတုယူ၍ ပေါ်လာသော ဝါဒတစ်ခုပင် ဖြစ်သည်။ မဟာယာနတို့က ဘုရားဖြစ်ပြီးစ မိဂဒါဝုန်တော၌ ဟောကြားသော ဓမ္မစကြာတရားစသည်တို့သည် လူညံ့လူဖျင်းများ၊ သာဝကလမ်းစဉ် လိုက်သူများအတွက် ဟောကြားခြင်းဖြစ်၍ ဟီနယာနပိဋက ဟုဆိုကြ၏။ ဉာဏ်ပညာ ထက်မြက်သူတို့သာ နားလည်နိုင်သော ခက်ခဲနက်နဲသော ဘုရားအလောင်းလမ်းစဉ်ကိုမူ ရာဇဂြိုလ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌ ဟောခဲ့သည်ဟုဆိုကာ ကျမ်းအမျိုးမျိုး စိတ်ကြိုက်ရေးသား၍ မဟာယာနပိဋက ဟုဆိုကြ၏။

ထိုနည်းတူ ဝဇီရယာနခေါ် ရဟန်းယုတ်များကလည်း ဝဇီရယာနတရားထူးကို အိန္ဒိယတောင်ပိုင်း၊ ဓညကဋကအရပ်၌ မှော်အတတ်ပညာ သီးသန့်ဒေသနာတစ်ရပ်ကို ဟောတော်မူသည်ဟုဆိုကာ နတ်ရုပ်၊ ဘီလူးရုပ်၊ လူခေါင်းခွံ၊ ဂါထာ၊ မန္တန်စသည်တို့ဖြင့် အသိဉာဏ်နည်းသူတို့ကို ခြောက်လှန့်စားသောက် အမြတ်ထုတ်ကြလေတော့သည်။ ပုဂံခေတ်တွင် လူညွှန့်ခူးစားသော အရည်းကြီးများမှာ ဝဇီယာနအဆက်အနွယ်များပင် ဖြစ်သည်။

## မဟာပဒေသာခေါ် ပိဋကတ်တော် စည်းမျဉ်း

ဂါထာစုဏ္ဏိယများကို ရွတ်ဆိုပွားများကြသော ဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့် မဟာပဒေသခေါ် ပိဋကတ်စည်းမျဉ်းလေးပါးကို ဖော်ပြပါဦးမည်။

ဂါထာတစ်ခုကို ဘုရားဟောတရားတော် ဟုတ်နိုင်မဟုတ်နိုင်၊ ၄င်းလေးပါးဖြင့် စိစစ်ရသည်။ မဟာပဒေသ ဟူသည် ဘုရားဟောတရားတော်ကို တည်စေနိုင်သော ကြီးမြတ်သောအကြောင်းဟု အဓိပ္ပာယ်ရသည်။ မဟာပဒေသလေးပါးနှင့် ညီညွတ်လျှင် ထေရဝါဒဟု ဆုံးဖြတ်၍၊ မညီညွတ်လျှင် ထေရဝါဒမဟုတ်ဟု ဆုံးဖြတ်ရပါမည်။ မဟာပဒေသ လေးပါးမှာ -

၁။ သုတ္တ - ပိဋကတ်သုံးပုံ ဘုရားဟောပါဠိတော်များ။

၂။ သုတ္တာနုလောမ - ဘုရားဟောပါဠိတော်များနှင့် လျော်ညီသော အဓိပ္ပာယ်အကြောင်းအရာများ။

၃။ အာစရိယဝါဒ - အဋ္ဌကထာကျမ်းများ။

၄။ အတ္တနောမတိ - သုတ္တ၊ သုတ္တနုလောမ၊ အာစရိယပါဒတို့မှ နည်းကိုယူ၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ဆင်ခြင်သိရှိသော အဓိပ္ပာယ်အကြောင်းအရာများ။

ဤအတ္တနောမတိကို ရှေးဆရာတော်ကြီးများက ဋီကာကျမ်းများဟု မိန့်ဆိုကြပါသည်။

၎င်းလေးချက်တွင် အရေးအကြီးဆုံးမှာ သုတ္တခေါ် ဘုရားဟောပါဠိတော်များပင် ဖြစ်သည်။ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိတို့သည် သုတ္တခေါ် ပါဠိတော်လာအဓိပ္ပာယ်နှင့် မဆန့်ကျင်မှသာ မှန်ကန်သည်။ ထေရဝါဒနှင့် ညီညွတ်သည်ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မဟာဝဂ္ဂအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်တွင် တိတိကျကျ ဖွင့်ပြထားပါသည်။ အပေါ်ယံနည်းဖြင့် ထေရဝါဒဂါထာ ဟုတ်-မဟုတ် သုံးသပ်ဆုံးဖြတ်ပုံတစ်ခု ရှိသေးသည်။ ၎င်းမှာ တွေ့လာသော ဂါထာတွင် ဥုံ၊ သြောင်း တစ်ခုခုပါလျှင် ထေရဝါဒမဟုတ်ကြောင်း ဆုံးဖြတ်ရန်ပင်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဥုံဟူသည် ဥုမ်မှဖြစ်လာခြင်း ဖြစ်သည်။ ဥုံကို ပုဒ်ခွဲလိုက်လျှင် အ၊ အု၊ အမ် ဟူ၍ဖြစ်လာသည်။ အ,သည် လောကကိုဖန်ဆင်းသော ဗြဟ္မာကို ကိုယ်စားပြုသည်။ အု,သည် ဗိဿနိုးနတ်ကို ကိုယ်စားပြုသည်။ အမ်,သည် သျှိဗစ်ခေါ် သီဝနတ်ကို ကိုယ်စားပြုသည်။ ထိုနတ်သုံးမျိုးလုံး ဟိန္ဒူဗြဟ္မဏ ဘာသာမှာသာရှိသောကြောင့် ဥုံ၊ သြောင်း ပါသော ဂါထာ၊ မန္တာန်မှန်သမျှကို ဟိန္ဒူဗြဟ္မဏဂါထာ၊ မန္တာန်များဟု ခွဲခြားနိုင်ပါသည်။

၎င်းအချက်ကို သတိမထားကြသော ဆရာအချို့က ဘုရားဟောဂါထာအချို့ကိုပင် ဥုံ၊ သြောင်းခံ၍ ရွတ်နေကြရာ ဆွမ်းဆန်ထဲ ကြွက်ချေးအရောခံရသလို ဘုရားဟောပါဠိအချို့မှာ ဂုဏ်ငယ်ကြရပါသည်။ ထို့ကြောင့်လည်း မန်လည်ဆရာတော်ကြီးက မယဒေဝလင်္ကာသစ်တွင် -

" တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့၊ ရွှေနောက်မဆာ၊ လူ့ဗာလတို့၊ ဂုဏာဒေါသ၊ နှစ်ဝကျိုးပြစ်၊ စိစစ်မြော်မြင်၊ မဆင်ခြင်ဘူး၊ ဆိုချင်မက်မော၊ ဆိုလျှင်ဇောဖြင့်၊ သဘောအထိုက်၊ တုတ်နှင့်ရိုက်သို့၊ သူမိုက်ချီးမွမ်း၊ ဂုဏ်သာနွမ်း၏ " ဟူ၍ စပ်ဆိုတော် မူခဲ့ပေသည်။

တစ်ချို့တစ်ပိုင်းကြောင့် ကျက်စာရသော ပုဂ္ဂိုလ်အချို့ပါ ဖော်ပြပါ မဟာပဒေသလေးပါးကို သတိမမူကြဘဲ ပရိတ်ကြီး (၁၁)သုတ်ကိုပင် ဘုရားဟောမဟုတ်၊ တန္တရဝါဒလာ မန္တာန်များဖြစ်သည်ဟု ဝါဒဖြန့်သံကို နေရာအတော်များများမှ ကြားနေရသည်။ အနည်းငယ် ဆန်းစစ်ပြပါမည်။ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ်များ၏ အစဆုံးနှစ်ဂါထာ၊ ဗောဇ္ဈင်သုတ်တစ်သုတ်လုံး အာဋာနာဋိယသုတ် ၆ ဂါထာမှတစ်ပါး ကျန်သောဂါထာများ၊ ပုဗ္ဗဏှသုတ် လေးဂါထာမှ တစ်ပါး ကျန်သောဂါထာတို့မှာ ဘုရားဟောပါဠိတော်၌ တိုက်ရိုက်မပါပေ။

သို့သော် ရှေးကျမ်းဂန်တတ် ရှေးဆရာတော်ကြီးများက သုတ္တခေါ် ဘုရားဟော ပါဠိတော်ကြီးများနှင့်အညီ စီကုံးထားခြင်း ဖြစ်သောကြောင့် သုတ္တာနုလောမ ဟူသောအချက်နှင့် ညီညွတ်လျက်ရှိသည်ဖြစ်၍ ထေရဝါဒနှင့် မဆန့်ကျင်ဘဲ ရွတ်ဖတ်သူများအတွက် အလွန်အကျိုးများသော ဂါထာများပင် ဖြစ်ပါသည်။ ထိုနည်းတူ သမ္ဗုဒ္ဓေ၊ သိရိသို့၊ စကြာမာစရ မာစိဏ္ဏောစသော ဂါထာများသည်လည်း သုတ္တာနုလောမ ဂါထာများဖြစ်၍ ထေရဝါဒနှင့် မဆန့်ကျင်ကြောင်း သိအပ်ပေသည်။

# အခန်း (၆)
# သာသနာနှင့် ဂန္ဓာရီပညာ

## ဗုဒ္ဓသာသနာ အညစ်အကြေးများ

ဗုဒ္ဓသာသနာကို ညှိုးမှိန်ကွယ်ပျောက်စေနိုင်သော အညစ်အကြေးများကို ပုဂံခေတ် တန္တရအနွယ်ဝင် အရည်းကြီးတို့က မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များအတွက် ထုနှင့်ထည်နှင့် ထားခဲ့ကြပေသည်။ ထိုအရည်းကြီးတို့၏ အလေ့အကျင့်များမှာ-

ထိမ်းမြားမင်္ဂလာပြုအံ့သော အမျိုးသမီးတို့၏ ပန်းဦးလွှတ်ခြင်းဟူသော အပူဇော်ကိုခံယူခြင်း၊ မြင်းမွေးခြင်း၊ မြင်းစီးခြင်း၊ လက်ဝှေ့ သတ်ခြင်း၊ စုန်းကဝေ အတတ်တို့ကို လေ့လာခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုသခြင်း၊ နတ်ပူဇော်ပသခြင်း၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်ကို လိုက်စားခြင်း၊ သိုက်၊ တဘောင်၊ စနည်း၊ ဘဝေါ၊ အတိတ်နိမိတ်တို့ကို ယုံကြည်လိုက်နာခြင်းတို့ ဖြစ်ပေသည်။

ဖော်ပြပါ အလေ့အကျင့်များအနက် ဝိဇ္ဇာမဟိဒ္ဓိခေါ် ထွက်ရပ်လမ်းကိုလိုက်ခြင်း၊ ဗေဒင်နက္ခတ်ကို အလေးထားယုံကြည်ခြင်း၊ နတ်ပူဇော်ပသခြင်းများကား ယခုအချိန်ထိ မြန်မာဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့၏ အားကိုးလေးစားမှုကို ရရှိတုန်းပင်ရှိသေးသည်။ ထိုတွင် ထွက်ရပ်ဝိဇ္ဇာပညာအကြောင်းကို ဦးစွာတင်ပြရပေမည်။

အဘယ့်ကြောင့်ဆိုသော် ၎င်းပညာကို လူပုဂ္ဂိုလ်များထက် ဘုရားသားတော် ရဟန်းများက အများဆုံး လိုက်စားနေသောကြောင့် ပါတည်း။

" သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ " သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ ဟုဆို၍ ရဟန်းပြုလာကြသော သံဃာတော်တချို့သည် သံသရာဝဋ်ဆင်းရဲ၌ လည်သထက် လည်စေသော ဝိဇ္ဇာထွက်ရပ်လမ်းကို အဘယ်ကြောင့် ဤမျှလောက် လိုက်စားနေကြပါသနည်း။ ဝိဇ္ဇာထွက်ရပ်လမ်း၏ အမြင့်ဆုံးအကျိုးကျေးဇူးကား အဘယ်တို့ပါ နည်း။ ထေရဝါဒဗုဒ္ဓဘာသာနှင့် မည်ကဲ့သို့သော ကွာခြားချက်များ ရှိပါသနည်း။ ဖော်ပြပါ မေးခွန်းတို့၏ အဖြေများသည် ဖော်ပြလတ္တံ့သော ထွက်ရပ်လမ်း ဝိဇ္ဇာကျင့်စဉ်များကို သုံးသပ်ပြရင်းဖြင့် ပါသွားပါလိမ့်မည်။

ပိုးလောက်လန်းများသည် ခြင်ကောင်ဖြစ်ခါနီးသောအခါ တစ်နေရာတွင် ငြိမ်သက်စွာနေကြရသည်။ ထိုအခါ ကိုယ်ပေါ်တွင် အမြှေးပါးကလေးများ ဖုံးအုပ်လာသည်။ အမြှေးပါးကလေးများ လုံလုံခြုံခြုံဖြစ်သည်နှင့် ပိုးလောက်လန်းသည် အရည်ဘဝသို့ ပြောင်းလဲသွားရသည်။ အရည်ဘဝမှ တစ်စတစ်စမာကျောပြီး အတောင်၊ ခြေလက်များထွက်လာကာ ခြင်ကောင်ဘဝသို့ ရောက်ရှိပါတော့သည်။ ယင်တို့ လိပ်ပြာတို့လည်း ထိုနည်း၎င်းပင်ဖြစ်သည်။ ဤကား အင်းဆက်ပိုးတို့၏ ဇီဇလက္ခဏာပင် ဖြစ်သည်။

ထိုအင်းစက်ပိုးတို့၏ ဇီဇလက္ခဏာကိုကြည့်၍ ဉာဏ်သွားသော လူတစ်ချို့က လူသားများသည်လည်း ပိုလောက်လန်းလို ဖိုဝင်နိုင်လျှင် ပိုးလောက်လန်းများက ကောင်းကင်ပျံနိုင်သော ခြင်၊ ယင်၊ လိပ်ပြာ ဖြစ်သကဲ့သို့ လူသားများသည်လည်း သိဒ္ဓိပေါက် ပုဂ္ဂိုလ်ဖြစ်နိုင်သည် ဟူသောအတွေးကိုအစပြု၍ ဖိုဝင်သော ထွက်ရပ်လမ်းအကျင့်သည် စတင်ပေါ်ပေါက်ခဲ့ရပေသည်။ ရာဇဝင်တွင်လည်း ဗျတ်ဝိ၊ ဗျတ္တတို့ မီးကင်စားသော လူသားသည် ဇော်ဂျီ ဖိုဝင်သားဟု ဆိုကြသည်။

ဆင်ဖြူရှင် မင်းတရားလက်ထက် သက္ကရာဇ် ၉၂၈ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ သောကြာနေ့၊ ဟံသာဝတီမြို့ဝန်းကျင်ကို ကျုံးစတင်တူးရာက မြေအောင်းဇော်ဂျီကို ရခဲ့ဖူးသည်။ ဖိုဝင်ခြင်းကလည်း အမျိုးစုံရှိသည်။ မြေအောင်းတာရှိသလို အမြေးဖုံးခြင်း၊ ရေနွေးပွက်ပွက်ဆူကို ချိုးခြင်း၊ မီးပုံတွင်းဆင်းခြင်းဟူ၍ အမျိုးမျိုးရှိသည်။ ဖိုအောင်းခြင်းမရှိဘဲ ပြဒါးကိုသိဒ္ဓိသွင်းပြီး အောင်မြင်သွားသော ပြဒါးဝိဇ္ဇာ၊ သံကိုသိဒ္ဓိသွင်းပြီး အောင်မြင်သွားသော သံဝိဇ္ဇာ၊ ဆေးစီရင်ပြီး အောင်မြင်သွားသော ဆေးဝိဇ္ဇာ၊ အင်းချ အောင်မြင်သွားသော အင်းဝိဇ္ဇာ၊ မန္တာန်ရွတ်ဆို အောင်မြင်သွားသော မန္တာန်ဝိဇ္ဇာဟု ငါးမျိုးရှိသေးသည်။

လယ်တီဆရာတော်၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းတွင် လောကီ၊ လောကုတ္တရာရောရော၍ ငါးမျိုးသီးသန့် ပြထားပါသေးသည်။ ယင်းတို့မှာ -

- ♦ ဗေဒင်လေးမျိုးတတ်သော ဗေဒဝိဇ္ဇာ
- ♦ လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ ဂါထာ၊ မန္တရား၊ ဆေးဝါး အမျိုးမျိုးတတ်သော မန္တဝိဇ္ဇာ
- ♦ ပြဒါး၊ သံ၊ ဆေး၊ အင်း၊ မန္တာန်အမျိုးမျိုး သိဒ္ဓိပေါက်သော ဂန္ဓာရီဝိဇ္ဇာ
- ♦ လောကီစျာန်များရရှိသော လောကီယဝိဇ္ဇာ
- ♦ အရိယာအဖြစ်သို့ရောက်သွားသော အရိယာဝိဇ္ဇာ တို့ဖြစ်သည်။

ထွက်ရပ်လမ်းလိုက်သော ပုဂ္ဂိုလ်တို့ထင်သလို ထွက်ရပ်လမ်းအောင်မြင်သွားတိုင်းလည်း စိတ်ချမ်းသာကြရသည် မဟုတ်ပေ။ သူ့ထက်သူ လူစွမ်းကောင်းဟူသော စကားအတိုင်း မိမိထက်သာသောသူများ၏အခိုင်းအစေကို ခံကြရပေသည်။

" ငါတို့ကို အားမကျကြနဲ့၊ သူများကိုကယ်တင်တာ အရိယာအဖြစ်နဲ့ နိဗ္ဗာန်ဝင်ရမယ်ထင်ပြီး ဂန္ဓာရီလမ်းလိုက်ခဲ့မိတာ မှားကုန်ပြီ။ ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်၊ ခုတော့ သူတို့ခိုင်းတာလုပ်နေရတယ်။ မိမိထက်ကြီးသော တန်ခိုးရှင်ကြီးများ ခိုင်းတာလုပ်နေရတယ်၊ မင်းတို့မမှားကြလေနဲ့ "

ဤကား စိတ်နှလုံးဖြူစင်သော ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ်ကြီးများက ထွက်ရပ်ပေါက် လမ်းများကို လိုက်မိနေကြရှာသော ပုဂ္ဂိုလ်များအား သတိပေးစကား ပြောကြားချက်အချို့ပင် ဖြစ်ပါသည်။ စိတ်နှလုံးဖြူစင်သော ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ်ကြီးများ ဟုဆိုထားရာ စိတ်နှလုံးမဖြူစင်သော ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ်ကြီးများ ရှိနေသေးသလားဟု မေးလာပါက ရှိနေသည်ဟုဖြေရပါမည်။

ရှိပုံကို ကိုယ်တိုင်ကျင့်ကြံ အားထုတ်ပြီးမှ အရိယာဝိဇ္ဇာ မဂ္ဂဒီပနီကျမ်းကို ရေးသားတော်မူသော သိမ်တော်ကြီးတောရဆရာတော်ကြီးက အောက်ပါအတိုင်း ရေးသားသတိပေးတော်မူခဲ့ပါသည်။

လောကီ ဝိဇ္ဇခိုရ်ကြီးများသည် သူတို့၏ ရုပ်ပြောင်းရုပ်လွှဲ တန်ခိုးအမျိုးမျိုးပြ၍ နဂါးကို ဂဠုန်သုတ်သကဲ့သို့ အုံပြတ်အောင် စုပ်ယူနေကြသည်။ အရိယာဝိဇ္ဇာအစစ် မဖြစ်ကြသေးသည့်အတွက် စိတ္တဝိပလ္လာသ ဖုံးအုပ်နေကြသောကြောင့် ခံနေကြရပေသည်။ သို့အတွက် အရိယာဝိဇ္ဇာအစစ် သောတပန်စသည်ဖြစ်အောင် အားထုတ်ကြကုန် သူတော်ကောင်းအပေါင်းတို့။

ဝိပဿနာတရား အားထုတ်နေကြသောပုဂ္ဂိုလ်များ မဂ္ဂင်လမ်းမှ လွဲသွားအောင် နိမိတ်ပုံအမျိုးမျိုးပြ၍ ဖျက်ဆီးနေကြခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤသတိပေးစကားကို လက်တွေ့တရားအားထုတ်နေကြသော ပုဂ္ဂိုလ်များက ပို၍သဘောပေါက်နိုင်ပါသည်။ တစ်ခါက ကမာရွတ်မှယောဂီအမျိုးသမီးကြီးတစ်ဦး ဝိပဿနာတရားကို ထိထိရောက်ရောက် အားထုတ်လျက်ရှိစဉ် တစ်ရက်တွင် တရားထိုင်ရင်း ကျောင်းကန်ဘုရားမျိုးစုံ အာရုံထဲထင်လာသည်။

ကျောင်းကန်ဘုရားပုံများ ထင်ပြီးနောက် ဝတ်ဖြူစင်ကြယ်တစ်ဦးပေါ်လာကာ ကျောင်းကန်ဘုရား ပြုပြင်သော သာသနာပြုအလုပ်ကို ဦးဆောင်လုပ်ရန် မိမိကလည်း ကူညီမည်ဖြစ်ကြောင်း ပြောဆိုကာ ပျောက်ကွယ်သွားခဲ့လေသည်။ ထိုအခါ ယောဂီအမျိုးသမီးကြီးမှာ မိမိကိုယ်ကို တကယ့်သာသနာပြုပုဂ္ဂိုလ်ကြီးအဖြစ် အထင်ကြီးသွားပြီး ဝိပဿနာကို ဆက်မလုပ်တော့ဘဲ မယ်တော်ကြီးအမည်ခံကာ ဘုရားတည်ကျောင်းဆောက်ရင်း ဘဝကို ပျော်မွေ့နေလေတော့သည်။

ဘုရားတည်၊ ကျောင်းဆောက်အလုပ်ကရော ကုသိုလ်အလုပ် မဟုတ်ဘူးလားဟုဆိုပါက ဟုတ်ပါသည်။ သို့သော် ဘုရားတည်ကျောင်းဆောက်သော ဒါနကုသိုလ်သည် သာသနာပမှာလည်းရနိုင်သော သာမာန်ကုသိုလ်မျိုးသာ ဖြစ်သည်။ ဝိပဿနာတရား အားထုတ်၍ရရှိသော မဂ်ကုသိုလ်သည်ကား ဘုရားရှင်၏ သာသနာတွင်းမှသာ ရနိုင်သော မြင့်မြတ်ခဲယဉ်းလှသည့် သဘောမျိုးဖြစ်သည်။

ရွှေနှင့်တူသော မဂ်ကုသိုလ်ရရှိမည့်လမ်းမှ ကြေးနှင့်တူသော ဒါနကုသိုလ်ကို လမ်းလွှဲပေးလိုက်ခြင်းသာဖြစ်သည်။ စာရေးသူ၏ မိခင်ကြီးတရားထိုင်နေစဉ် တစ်ခါကလည်း ဘုရားစင်ပေါ်မှ ကန်တော့ပွဲပေါ်တွင် ဝတ်ဖြူစင်ကြယ်တစ်ဦး ပေါ်လာခဲ့သည်။ ဘုရားကိုကပ်လှူသော ကန်တော့ပွဲကို သူတို့အား လှူထားသည်အထင်နှင့် ပေါ်လာခြင်း ဖြစ်သည်။ တရားနာ၊ တရားထိုင် ရင့်နေပြီဖြစ်သော မိခင်ကြီးက ထိုပုဂ္ဂိုလ်စကားအပြောကိုပင် မစောင့်တော့ဘဲ အာရုံကို ဖျောက်ပစ်လိုက်ပါသည်။

လက်မခံမှန်းသိသဖြင့် နောက်ထပ်ပေါ်မလာတော့ကြောင်း စာရေးသူအား လျှောက်ထားဖူးပါသည်။ သိမ်တောင်ဆည်ကြီး တောရဆရာတော် မိန့်တော်မူသကဲ့သို့ပင် သောတပန်မဖြစ်သေးသရွေ့ သာသနာဖျက်ဆီးလိုသူ ပုဂ္ဂိုလ်မျိုးစုံတို့၏ ဖြားယောင်း သွေးဆောင် လှည့်ပတ်ခြင်းကို ခံနေကြဦးမည်သာ ဖြစ်သည်။ သို့အတွက် ယခုလို ဝိမုတ္တိယုဂခေတ်ကြီးတွင် မိမိကသာ လိုလိုချင်ချင်နှင့် တကယ်အားထုတ်ဖို့ လိုပါသည်။ တရားမှန်၊ ဆရာမှန်များ များစွာပေါ်ထွန်းနေလေပြီ။

ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်သောသူမှန်သမျှကို ယခုဘဝ၌ပင် မဂ်ဖိုလ်ကို မရ,ရအောင် အားထုတ်သင့်ကြောင်း တောင်လေးလုံးဆရာတော် ဦးမေဓာဝီက ယခုကဲ့သို့ ဥပမာပေးတော်မူခဲ့ပါသည်။

ယခုဘဝထဲ၌ မဂ်ဖိုလ်ရမည် မရမည်ကို သံသယရှိခဲ့လျှင် ဆရာမပြ၍လည်းကောင်း၊ နည်းမရ၍လည်းကောင်း ဖြစ်မည်။ ဆရာပြ၍ နည်းရလျက်ပင် ယခုဘဝတွင် မဂ်ဖိုရမည်လော၊ မရမည်လော သံသယရှိခဲ့လျှင် မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို မယုံသောသူဟု မှတ်ရမည်။ အကျင့်ညစ်လျှင် သံသရာ၌ နစ်မြဲဖြစ်သည်။

သံဝေဂမိမိ၊ သတိရရဖြင့် ယခုဘဝ၌ပင် မဂ်ဖိုလ်ပြီးမြောက် နိဗ္ဗာန်သို့ရောက်အောင် လုံ့လပြုသင့်သည်။ သတိနှင့်မကွာ ပညာနှင့်တကွ ကိုယ်ကျိုးရှိအောင် အစဉ်ထာဝရကျင့်ကြံသင့်သည်။

တောင်လေးလုံးဆရာတော်ကြီး တိုက်တွန်းသကဲ့သို့ ပိပဿနာတရားကို ကြိုးစားအားထုတ်နေမည်ဆိုလျှင် ကောင်းကျိုးအနန္တသာ ရစရာရှိပါသည်။ အကျိုးယုတ်စရာမရှိပေ။ သီလက္ခန် အဋ္ဌကထာ ၁၇၁၊ ၁၇၂ ၌ ကြိုးကြိုးစားစား တရားအားထုတ်ကြသောသူများသည် -

၁။ ပထမအရွယ်၌ တရားရနိုင်သည်။

၂။ ပထမအရွယ်၌မရလျှင် ဒုတိယအရွယ်၌ ရနိုင်သည်။

၃။ ဒုတိယအရွယ်၌မရသေးလျှင် သေခါနီးအခါ၌ တရားထူးရနိုင်သည်။

၄။ သေသည်အထိ တရားထူးမရလျှင် နတ်ပြည်ရောက်က ရနိုင်သည်။

၅။ နတ်ပြည်ရောက်မှ တရားမရဘဲ ဘုရားမပွင့်သောအခါ၌ လူဖြစ်ခဲ့လျှင် ပစ္စေကဗုဒ္ဓါဖြစ်ရသည်။

၆။ ပစ္စေကဗုဒ္ဓါမဖြစ်ခဲ့လျှင် ပွင့်တော်မူလတံ့သော ဘုရားရှင်တို့၏ မျက်မှောက်မှာပင် ဗာဒိယဒါရုစိရိယ ရဟန်းကဲ့သို့လျှင်မြန်စွာ အရဟတ္တဖိုလ်ကိုရသော ခိပ္ပာဘိညရဟန္တာဖြစ်ရသည်။

ဟု တိတိကျကျ ဖွင့်ပြထားရာ မိမိကိုယ်တိုင်ကသာ ကြိုးကြိုးစားစား အားထုတ်ဖြစ်ဖို့လိုပါသည်။ အားထုတ်၍ သောတပန်တည်ပြီ ဆိုလျှင်ကား မည်သို့သော တန်ခိုးရှင်၏ လှည့်ပတ်ဖြားယောင်းမှုကိုမှ ခံရလိမ့်မည် မဟုတ်ပေ။

## လှည့်စား၍မရသော သောတပန်

တိတ္ထိတို့၏တပည့်ဖြစ်သော သုရမ္ဗတ္ထတစ်ယောက် သောတပန်ဖြစ်မည့်အရေးကို မြင်သောကြောင့် ဘုရားရှင်ကိုယ်တော်မြတ် သုရမ္ဗတ္ထ၏အိမ်သို့ ဆွမ်းခံကြွတော်မူသည်။ သဒ္ဓါစိတ်ခံရှိသော သုရမ္ဗတ္ထက အိမ်ထဲထိပင့်၍ ဆွမ်းကပ်ပြီး တရားနာရာ တရားအဆုံးမှာပင် သောတပန်ဖြစ်သွားလေသည်။ ဝိပဿနာတရား အားထုတ်ဖူးသော အကျိုးကျေးဇူးပင် ဖြစ်သည်။ ဗုဒ္ဓပြန်ကြွသည်နှင့် မာရ်နတ်က ဗုဒ္ဓနှင့်တူအောင်ဖန်ဆင်းပြီး သုရမ္ဗတ္ထအိမ်သို့ ချဉ်းကပ် လာသည်။

သုရမ္ဗတ္ထကလည်း ဘုရားပြန်ကြွလာသည်အမှတ်နှင့် နေရာပေးပြီး ကြွလာခြင်းအကြောင်းကို မေးမြန်း လျှောက်ထားရာ ဘုရားအယောင်ဆောင်မာရ်နတ်က -

" သုရမ္ဗတ္ထ ငါတရားဟောခဲ့စဉ်က တရားတစ်ခုကို သတိမထား အမှတ်မဲ့ဟောခဲ့မိသည်။ ခန္ဓငါးပါးလုံးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဟောခဲ့မိ၏။ သို့သော် ခန္ဓာတွေအကုန်လုံးလည်း သည်သဘောချည်းမဟုတ်၊ မပျက်မစဲ ခိုင်မြဲသော ခန္ဓာအချို့ ရှိသေးသည် " ဟုဆို၏။ ကိုယ်တွေ့ တရားမရှိသူဆိုလျှင် ဘုရားပဲဟုအတည်ပြု၍ မာရ်နတ် စကားကို လက်ခံလိုက်မည်သာ ဖြစ်သည်။ တရားကိုယ်တွေ့ဖြစ်ပြီး ယုံကြည်ဆုံးဖြတ်ပြီးဖြစ်နေသော သုရမ္ဗတ္ထကား ထိုအချက်ကို လက်မခံနိုင်။ ထို့ကြောင့် စဉ်းစားသည်မှာ

ဤစကားသည် အလွန်ဝန်လေးသော စကားဖြစ်၏။ ဘုရားတို့မည်သည် အမှတ်တမဲ့ဟောခြင်း မရှိနိုင်။ ဘုရားရှင်၏ဆန့်ကျင်ဘက်မှာ မာရ်နတ်ဖြစ်၍ ဤသူသည် မာရ်နတ်ဖြစ်ရမည်ဟု စဉ်းစားပြီးလျှင် သင်မာရ်နတ်မဟုတ် လောဟုမေးလိုက်ရာ မာရ်နတ်သည် မကွယ်မဝှက်သာ ဟုတ်ကြောင်းဝန်ခံရလေသည်။ ထိုအခါ သုရမ္ဗတ္ထက -

" အို မာရ်နတ်၊ သင့်လိုမာရ်နတ်မျိုး အရာတစ်ထောင်လာဖျက်သော်လည်း ငါ၏သဒ္ဓါကို လှုပ်ရှား စေနိုင်မည် မဟုတ်၊ မဟာဂေါတမဘုရားရှင်သည် သဗ္ဗေသင်္ခါရာ အနိစ္စကို ကြားရုံမျှမဟုတ်၊ ကိုယ်တွေ့သိသည်အထိ ဖြစ်အောင် ဟောကြားခဲ့ပြီးဖြစ်ရာ သင်လှည့်စား၍ရမည်မဟုတ်၊ ငါ့အိမ်တံခါးမှာ မနေနှင့်တော့ " ဟု နှင်ထုတ်လိုက် လေသည်။

ဤအကြောင်းအရာကို ဘုရားရှင်အား လျှောက်ထားလေသော် ဤအကြောင်း အတ္ထုပ္ပတ်အရပင် သုရမ္ဗတ္ထအား အဝစ္စပသန္န ဧတဒဂ် - မတုန်မလှုပ် သက်ဝင်ယုံကြည်သူများတွင် အထူးချွန်ဆုံး ပုဂ္ဂိုလ်အရာဖြင့် မြှောက်စား ချီးကျူးတော်မူသည်။

(အင်္ဂုတ္တရ)

ဤအချက်ကိုထောက်၍ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်များ အယူဝါဒစင်ကြယ်ရေး၊ မိစ္ဆာအယူများ မနှောက်ယှက်နိုင်ရေးအတွက် ကာကွယ်ရေးနည်းလမ်းတစ်ခုကို ဆရာကြီးဦးဗဂျီဒိုက ဂမ္ဘီရဝိပဿနာရှုဖွယ်ကျမ်း ဒုတိယတွဲတွင် ယခုကဲ့သို့ အကြံပေးတင်ပြခဲ့ပါသည်။

## မိစ္ဆာဝါဒ ကာကွယ်နည်း

ကျောင်းများတွင်လည်း မူလပဏ္ဏာသပါဠိတော် ရထဝိနီတသုတ်၌လာသော ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ရာ၏။ အစဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ထိုသုံးပါးကို သင်ကြားပေးပါက ဒါန၊ သီလ၊ သမထဘာဝနာ တို့ထက်မြတ်သော ဒါန၊ သီလ၊ သမထဘာဝနာတို့ထက် ရှင်တော်ဘုရား ပို၍အလိုရှိတော်မူသော ဝိပဿနာ ဘာဝနာပွားနည်း လုပ်ငန်းကြီးကို ကျောင်းသားတိုင်း ကျောင်းသားတိုင်း သိရှိသွား ကြရခြင်းတို့ကြောင့် ထိုပြုမူဆောင်ရွက်ချက်ကို ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး၏ အစွန့်ရှည်ရေးတွင် ရှေ့ပြေး နိမိတ်ကြီးတစ်ခုဟု ခေါ်ဆိုအပ်လေသည်။

မူပဏ္ဏာသပါဠိတော် ရထဝိနီတသုတ်၌လာသော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ သုံးပါးကို မူတည်ခြင်းအကြောင်းရင်းမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကင်္ခါရဝိတရဏ ဝိသုဒ္ဓိ အခန်းဆုံး၌ -

“ ဣမိနာပနဉာဏေနသ မန္နာဂတော ဝိပဿကော
ဗုဒ္ဓသာသနေ လဒ္ဓဿ သော လဒ္ဓပတိဋ္ဌော
နိယတဂတိကော စူဠသောတာပန္နောနာမဟောတိ ”
ဟူ၍ ရှိလာသည့် အဓိပ္ပာယ်ကား -

ဤ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ် သောပုဂ္ဂိုလ်သည် ရှင်တော်ဘုရားသာသနာတော်၌ သက်သာရာရရှိသော၊ ဆောက်တည်ရာရရှိသော၊ မြဲသောသုဂတိ ရှိသော ပုဂ္ဂိုလ်ဖြစ်၍ စူဠသောတပန် မည်၏။

ဟူ၍ လာရှိလေသည်။ ထို့ကြောင့် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိအထိ ဤသုံးခန်းကို သင်ကြားပေးလိုက် ရပါက ကျောင်းမှထွက်သောအခါ အကျင့်သီလကောင်းခြင်း၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါးကိုရှာဖွေရာ၌ လွယ်ကူခြင်း၊ အတုအပ မိစ္ဆာဝါဒများ မဝင်ရောက်နိုင်သည်သာမက မိမိကပင် တစ်ပါးသူအား သင်ကြားပြသပေးနိုင်သော အခြေ အနေသို့ ရရှိ ရောက်ရှိသွားရလေပြီ။ သေခါနီး၌လည်း စူဠသောတပန်ဖြစ်နိုင်ပုံကို စာမျက်နှာ ၆၄ ၌ ဖော်ပြခဲ့လေပြီ။

ထိုကျောင်းသုံးစာအုပ်မှာ ပါဠိတော်အဋ္ဌကထာတို့၌ လာရှိသကဲ့သို့ မခက်မခဲစေရဘဲ ဗုဒ္ဓဝါဒအဆီ အနှစ်များဖြစ်သော ဝိပဿနာ ဘာဝနာပွားများနည်း အစစ်အမှန်ကို အလွယ်ဆုံးနည်းဖြင့် ကျောင်းသူ ကျောင်းသားများ ကို သဘောပေါက်နိုင်ကြစေရန် အကောင်းဆုံးစာရွက်ကို အင်္ဂလိပ်ကျမ်းစာ (ဘိုင်ဘဲလ်) ကဲ့သို့ အပေါဆုံးဈေးဖြင့် ရောင်းချရန် ဖြစ်လေသည်။

ထိုကျမ်းကို ပြုစုရာ၌ ပရိယတ္တိနိုင်နင်းသူ သုံးပုံတစ်ပုံ၊ စာပေကျမ်းဂန်တတ်စွမ်း၍ ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်သူ သုံးပုံတစ်ပုံ၊ ပညာရေးဌာနမှ ကျောင်းဆရာပညာကို ရရှိပြီးလျှင် ဗုဒ္ဓဝါဒ၌ သက်ဝင်လိုက်စားသူ သုံးပုံတစ်ပုံ၊ ဤသို့လျှင် အချိုးကျပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းစေလျက် ထိုကျောင်းသုံးကျမ်းကို ပြုစုအပ်လေ သည်။ ထိုကျောင်းသုံးစာအုပ်ကိုလည်း တစ်တန်းတည်းတွင် သုံးပိုင်းအကုန်မသင်စေဘဲ သင့်လျော်သော အတန်းမှစ၍ တစ်တန်းလျှင် တစ်ပိုင်းကျစီ သင်ကြားပြသပေးသင့်လေသည်။

ဆရာကြီး ဦးဗဂျိုင်၏တင်ပြချက်သည် မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာအုတ်မြစ်ကို ခိုင်မာအောင် ချနည်းတစ်မျိုးပင် ဖြစ်ပါသည်။ စွမ်းနိုင်သူများအတွက် အဖိုးမဖြတ်နိုင်သော အကြံပေးတင်ပြချက်တစ်ခုပင် ဖြစ်သည်။

## ကျောက်စရစ်ပိုင်ရှင်

ပတ္တမြား၊ စိန် စသော အဖိုးတန်ရတနာများ ပေါကြွယ်သော ဝေဘာရတောင်ပေါ်သို့ ရောက်လာသော သူသည် ကျောက်စရစ်ကိုသာကောက်ယူပြီး ပြန်မသွားသင့်သကဲ့သို့ ရခဲလှသောလူ့ဘဝကို ရနေရသော လူသားများ သည်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟုဆိုအပ်သော အဖိုးတန်ကျောက်မျက်ရတနာများကို ရအောင်မယူဘဲ ကျောက်စရစ်ခဲ နှင့်တူသော ထွက်ရပ်ပေါက် ဂန္ဓာရီပညာကိုသာ ရအောင်ယူပြီး အဖိုးတန်လှသော လူ့ဘဝလေးကို ဖြုန်းတီးမပစ်သင့်ပေ။

ထိုကဲ့သို့ ဖြုန်းတီးပစ်ခြင်းသည် အစွမ်းထက်မြက်လှသော ဝရဇိန်လက်နက်ကို မုဆိုးလိုက်ရုံမျှ အသုံး ပြုသော လူမိုက်နှင့်တူကြောင်းကို လယ်တီဆရာတော်ဘုရားကြီး ဩဝါဒပေးခဲ့ဖူးပါသည်။ ရှားပါးပြီး အဖိုးတန်လှသော ထိုဩဝါဒကို ဤကျမ်းစာ၏တစ်နေရာ၌ အပြည့်အစုံဖော်ပြပေးပါမည်။

## ဂန္ဓာရီထွက်ရပ် အဓိပ္ပာယ်

ဝိဇ္ဇာထွက်ရပ်ပေါက်ပညာမှာ သာသနာပအခါ၌ပင်လျှင် ရရှိနိုင်သော လောကီပညာရပ် တစ်မျိုးသာ ဖြစ်ပါသည်။ ထိုထွက်ရပ်ပေါက်ပညာကို အမည်အားဖြင့်သုံးစွဲလျှင် လောကီဂန္ဓာရီပညာဟု သုံးစွဲပါသည်။ ထိုဂန္ဓာရီ ဟူသော အမည်ရပုံကို သီလက္ခန္ဓ အဋ္ဌကထာ၌ -

" ဂန္ဓာရီတိ ဂန္ဓာရေန နာမ ဣသိနာ၊
ဂန္ဓာရ ရဋ္ဌေဝါ ဥပ္ပန္နဝိဇ္ဇာ " ဟု ဖွင့်ပြထားပါသည်။

အဓိပ္ပာယ်ကား - ဂန္ဓာရအမည်ရှိသော ရသေ့သည် စီရင်ပြုစုခဲ့သောကြောင့်လည်းကောင်း၊ ဂန္ဓာရတိုင်း၌ ဖြစ်သော အတတ်ပညာဖြစ်သောကြောင့်လည်းကောင်း ဂန္ဓာရီပညာမည်သည်ဟု ဆိုလိုပါသည်။ ဂန္ဓာရီပညာ၏ အစွမ်း သတ္တိအချို့ကို သီလက္ခန် ဋီကာဟောင်းနှင့် ဋီကာသစ်တို့၌ -

ထိုဂန္ဓာရီပညာကို တတ်မြောက်သောပုဂ္ဂိုလ်သည် ထိုသို့သဘောရှိသောဒေသ၌ လည်းကောင်း၊ ကာလ၌ လည်းကောင်း မန္တာန်ကိုရွတ်၍ များသောအားဖြင့်လည်း မိမိကိုယ်ကိုပြ၏။ ဆင် အစရှိသည်ကိုလည်းပြ၏။ (ဖန်ဆင်းခြင်း) မမြင်အပ်သည်လည်း ဖြစ်၏။ (ကိုယ်ယောင်ဖျောက်ခြင်း) မီးတိုင်လုံးကိုလည်း ပြု၏။ ရေတိုင်လုံးကိုလည်း ပြု၏။ ကောင်းကင်၌လည်း မိမိကိုယ်ကို ပြ၏။ (မိုးပျံခြင်း) အလုံးစုံကို မျက်လှည့်နှင့်အလားတူ မှတ်အပ်၏ဟူ၍ ပြထားပါသည်။

ထိုဂန္ဓာရီပညာကို သုံးနှစ်ကျော်က သေခဲ့ပြီးသော သတ္တဝါတို့၏ ဖြစ်ရာဘုံဌာနကို သိသော စူဠဂန္ဓာရီ ပညာ၊ သုံးနှစ်ကျော်က သေခဲ့ပြီးသော သတ္တဝါ၏ ဖြစ်ရာဘုံဌာနကိုလည်းသိ၊ ထို့ထက် အလွန်လည်းသိသော မဟာ ဂန္ဓာရီပညာဟူ၍ နှစ်မျိုးခွဲခြား ထားကြပါသည်။ ထိုဂန္ဓာရီပညာကို ကောင်းစွာတတ်မြောက်ပြီးပါက အကြီးဆုံးရရှိနိုင် သောအကျိုးသုံးခုမှာ -

## ဂန္ဓာရီပညာ၏ အကြီးဆုံးရရှိနိုင်သောအကျိုး

ကောင်းကင်သို့ ပျံတက်သွားလာနိုင်ခြင်း၊ သူတစ်ပါးစိတ်ကို သိနိုင်ခြင်း၊ သက်တမ်းရှည်ရှည် နေနိုင်ခြင်းတို့ ဖြစ်ပေသည်။ ထိုထူးကဲသော အကျိုးသုံးခုကြောင့်လည်း ဂန္ဓရီပညာမှာ လောကီပညာတို့တွင် အမြင့်ဆုံး အဆင့်ထဲ ပါဝင်နေခြင်း ဖြစ်ပါ သည်။ သို့သော် အတောင် ၆၀ ရှိသောဝါးကို သူ့ချည်းထားပါက အလွန်ရှည်သည်ဟု အသိအမှတ်ပြုရမည် ဖြစ်သော်လည်း အတောင်တစ်ရာရှိသော ဝါးလုံးနှင့် နှိုင်းယှဉ်ကြည့်ပါက အလွန်တိုသွားရသကဲ့သို့။ ထို့အတူ-

ဂန္ဓာရီဝိဇ္ဇာပညာမှာ သူ့ချည်းထားပါက အလွန်အဆင့်မြင့်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ဘုရားဟော ဈာန်သမာပတ်ဟု ဆိုအပ်သော လောကီဝိဇ္ဇာပညာ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟုဆိုအပ်သော လောကုတ္တရာ ဝိဇ္ဇာပညာတို့နှင့် နှိုင်းယှဉ်လိုက်ပါက ထိုဂန္ဓာရီပညာမှာ အောက်ထစ်ဆုံးသို့ ရောက်သွားရပါသည်။

## ဝိဇ္ဇာပညာသုံးမျိုး

ဝိဇ္ဇာပညာသုံးမျိုးကို မြင့်မြတ်ပုံအလိုက် စဉ်ရပါလျှင် -

၁။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟုဆိုအပ်သော လောကုတ္တရာ ဝိဇ္ဇာပညာသည် အကောင်းဆုံး အမြတ်ဆုံးဖြစ်၍ ဘုရားသာသနာတွင်းဖြစ်မှသာ အားထုတ်၍ ရနိုင်ပါသည်။ ထိုပညာကိုရပြီးပါက နိဗ္ဗာန်ကိုရပြီဟု ခေါ်ရပါသည်။ ဘဝအဆက်ဆက်က ပြုခဲ့သော အပါယ်ဆွဲချမည့် အကုသိုလ်ကံများကို မဂ်ဉာဏ်က ပယ်သတ်ပေးလိုက်၍ ဘဝသံသရာ တစ်လျှောက်လုံး အပါယ်လေးပါးသို့ မကျရောက်တော့ပါ။

၂။ ဈာန်သမာပတ်လောကီဝိဇ္ဇာပညာမှာ ဒုတိယအကောင်းဆုံးဖြစ်ပါသည်။ အမြဲတမ်းစိတ်ထား မြင့်မြတ်ဖြူစင်မှ ထိုပညာကိုရပါသည်။ ယုတ်မာသောင်းကျန်းသောစိတ် ဝင်လာမိသည်နှင့် ဈာန်သမာပတ်များ ကွယ်ပျောက်ရပါသည်။

၄င်းပညာကိုရပြီး မပျောက်ပျက်ပါက ပြဟ္မာ့ဘုံသို့ ဧကန်မုချ ရောက်ရပါသည်။ ရူပါဝစရစတုတ်ယာ အပေဟတုရဟိ တာသိယံ - ဟူသော အဘိဓမ္မတ္ထသင်္ဂဟပါဠိကိုထောက်၍ အပါယ်လေးပါးသို့ တိုက်ရိုက်မကျရောက်နိုင်တော့ပါ။ မြေလျှိုး၊ မိုးပျံ၊ အနည်း၊ အများ ဖန်ဆင်းခြင်းအကုန်ပြုနိုင်သည်။

၃။ ထွက်ရပ်ပေါက် ဂန္ဓာရီဝိဇ္ဇာပညာကား အောက်ဆုံးပညာပင် ဖြစ်ပါသည်။ သာသနာပအခါ၌လည်း ရနိုင်ပါသည်။ ၄င်းပညာကိုရရှိပါက ကောင်းကင်ပျံတက်နိုင်ခြင်း၊ သူတစ်ပါးစိတ်ကို သိခြင်း၊ မီးထုံ၊ ရေထုံကူးပြီးပါက သက်တမ်းရာချီ နေနိုင်ခြင်းစသော အကျိုးတို့ကိုရပါသည်။ ၄င်းပညာရှင်များအတွက် အပါယ်တံခါးကား အမြဲဟင်းလင်း ပွင့်နေပါသည်။ အကြောင်းကား -

## သူတော်ကောင်းနှင့် သူယုတ်မာ

၄င်းလောကီဂန္ဓာရီပညာရှင်များမှာ သူတော်ကောင်းများရှိသလို သူယုတ်မာများလည်း ရှိနေသောကြောင့် ဖြစ်ပါ သည်။ ၅၅၀ လာ ဇာတ်တော်အချို့ကို ဖော်ပြပါမည်။ သမုဂ္ဂဇာတ်၌ ဂန္ဓာရီဝိဇ္ဇမိုရ် တစ်ယောက်သည် ရွှေကြုတ်တွင်ထည့်ကာ ဝမ်းထဲတွင်မျိုထားသော တာနောယက္ခဘီလူး၏ မယားအား မရ,ရအောင် နေ့စဉ်ဝင်ရောက် ကျူးလွန်နေခဲ့သည်။ တစ်နေ့တွင် တာနောယက္ခဘီလူးကြီးက ဘုရားလောင်းရသေ့အား လာရောက်ရှိခိုးစဉ် ဘုရားလောင်းရသေ့က သင်တို့သုံးဦးလုံး ကျန်းမာချမ်းသာပါစေဟု ဆုပေးလိုက်ရာ တာနေယက္ခဘီလူး ဇဝေဇဝါဖြစ်သွားခဲ့သည်။

နောက်မှသိရ၍ ဝမ်းထဲမျိုထားသော ရွှေကြုတ်ကိုထုတ်၍ ဖွင့်ကြည့်သောအခါကျမှ ကြာကူလီ ဝိဇ္ဇာ ခိုရိသည် ဂါထာကိုမန်းမှုတ်ကာ ထွက်ပြေးသွားပါတော့သည်။ ဝိဇ္ဇာရေဇာတ်၌လည်း ဗာရာဏသီဘုရင်ကြီး၏ မိဖုရား ခေါင်ကြီးအား ဂန္ဓာရီ ဝိဇ္ဇာခိုရိတစ်ယောက်သည် ညစဉ်ဝင်ရောက် ကျူးလွန်နေသဖြင့် ဘုရင်နှင့်မိဖုရား တိုင်ပင်ပြီး နောက်တစ်ညဥ့် ကျူးလွန်နေချိန်တွင် ဝိဇ္ဇာခိုရိ၏ကျောပြင်မှာ မိဖုရားကြီးက ပြဒါးနှင့်လက်ငါးချောင်းရာ ပေးလိုက် ပါသည်။ နောက်တစ်နေ့တွင် လက်ငါးချောင်းရာကို မှတ်သားပြီး မင်းချင်းတို့အား ကြာကူလီဝိဇ္ဇာခိုရိကို ရှာခိုင်းလိုက် ပါသည်။

ကြာကူလီဝိဇ္ဇာကား သချိုင်းတစ်ခုတွင် နေသို့မျက်နှာမူ၍ ခြေထောက်တစ်ချောင်း မြှောက်ကာ အတ္တ ကိလမထ ကျင့်စဉ်ဖြင့် မြို့လူထုအား လိမ်ညာဖြားယောင်း၍ အကိုးကွယ်ခံနေသည်။ ဝတ်ထားသည်က သင်္ကန်း၊ ဆောင်ထားသည်က ပရိက္ခရာ၊ ကျင့်ကြံနေသည်က အယုတ်တမာ။ အထူးအဆန်းဆိုလျှင် ကြည်ညိုချင်သော သဒ္ဓါ လွန်သူတို့ သတိထားဖွယ်တစ်ခုပင်။ ကျောကုန်းမှ ပြဒါးလက်ငါးချောင်းရာကို တွေ့သည်နှင့် မင်းချင်းများကဝိုင်းဖမ်း ကြရာ အခြေအနေ မဟန်မှန်းသိသဖြင့် ကြာကူလီဝိဇ္ဇာသည် ဂါထာမန်းမှုတ်၍ ကောင်းကင်ပျံတက် ပြေးလေတော့ သည်။

ကြာကူလီဝိဇ္ဇာကို ရဟန်းအသွင်ဖြင့်တွေ့ရသည်ဟု သိရသည်နှင့် ဗာရာဏသီဘုရင်ကြီးသည် ရဟန်း များအပေါ် အထင်မှားကာ ဗာရာဏသီပြည်မှ ရဟန်းအားလုံးကို တိုင်းပြည်မှ နှင်ထုတ်လေတော့သည်။ ရဟန်းတော် တို့၏ ဆိုဆုံးမကိုမရသဖြင့် ဗာရာဏသီ ပြည်သူပြည်သားများ ကုသိုလ်တရားများကို မေ့လျော့ပြီး အကုသိုလ်တရား များကိုသာ သူ့ထက်ငါ ပြုလုပ်ကြလေတော့သည်။ သို့အတွက် သေလွန်ကြသောအခါ အပါယ်လေးပါးသို့အရောက် များ၍ နတ်ပြည်၌ကား ခြောက်ကပ်တိတ်ဆိတ် နေပေတော့သည်။

ထိုအခါ သိကြားမင်းပင် ကြားကမနေနိုင်တော့ဘဲ မစ္စေကဗုဒ္ဓါတစ်ပါးကိုပင့်၍ အဖြစ်မှန်ကို ရှင်းပြ သောအခါမှာပင် ဗာရာဏသီဘုရင်ကြီး သဘောပေါက်နားလည်ကာ ရဟန်းတော်များကိုပြန်ပင့်၍ သာသနာစည်ပင် အောင် ပြန်လည်ကြိုးစားရပါသည်။ ဤကဲ့သို့သော ကြာကူလီဝိဇ္ဇာမျိုးသည်ကား သာသနာပြုဖို့ နေနေသာသာ သာသနာကိုပင် ဖျက်ဆီးခဲ့လေသည်။ ဝိဇ္ဇာဆိုလျှင် သာသနာပြု ကောင်းကင်ပျံလျှင် ရဟန္တာဟုချည်း ထင်နေကြသူများ အနေဖြင့် ဝိဇ္ဇာရေဇာတ်လာ သူတစ်ပါးမယား ပြစ်မှားသော ကြာကူလီဝိဇ္ဇာမျိုး။

အဇာတသတ်အား ကောင်းကင်ပျံခြင်း၊ ဖန်ဆင်းခြင်း၊ အဘိညာဉ်တန်ခိုးတို့ဖြင့် စည်းရုံးသိမ်းသွင်းကာ ဘုရားရှင်အား သွေးစိမ်းတည်အောင်၊ သံဃာသင်းကွဲအောင်ပြုလုပ်ခဲ့သော ဈာန်အဘိညာဉ်ရ ဒေဝဒတ်လိုရဟန်း မျိုးလည်း ရှိနေသေးကြောင်း သတိရှိကြစေချင်ပါသည်။ ထေရဝါဒအလိုအရ တကယ့်သီလ၊ သမာဓိ၊ ပညာကိုသာလျှင် ယုံကြည်ကိုးကွယ် အားထားကြရပါမည်။ ထူးဆန်း အံ့သြဖွယ်ရာများသည် ယုံကြည်ကိုးကွယ် အားထားစရာ မဟုတ် ချေ။ ဤအချက်ကိုမလိုက်နာဘဲ ထူးဆန်းဖွယ်ရာ နောက်သို့သာ ဆက်၍လိုက်နေကြမည်ဆိုလျှင် မသူတော်များပွားစီး ပြီး သူတော်ကောင်းများ တောခိုပျောက်ကွယ်၍သာ နေကြပေလိမ့်မည်။

ဘာသာရေး၌ အလိမ်အညာခံကြရသူအများစုသည် ထူးဆန်းအံ့သြဖွယ်ရာကိုသာ ကြည်ညိုတတ် သူများဖြစ်နေသည်ကို တွေ့ကြရသည်။ ရှမ်းပြည်နယ်အတွင်းမှ မြို့တစ်မြို့တွင် ပထဝီသိဒ္ဓိ မြေကျောကိုချုံ့နိုင်သော ဘိုးတော်တစ်ဦး ပေါ်ခဲ့ဖူးသည်။ ပူဇော်ဖူးမြင်ချင်၍ သွားပင့်လျှင် မင်းတို့သွားနှင့်ကြဟုသာ ပြောလွှတ်လေ့ရှိသည်။ လာပင့်သူများ ကားဖြင့်အိမ်ပြန်ရောက်သော အခါတွင်ကား ဘိုးတော်ကသူတို့အရင် အိမ်မှာအပူဇော်ခံ နေလေပြီ။ အထူးအဆန်းကိုမှ ကြည်ညိုကြသော လူထုကြားတွင် ဘိုးတော်မှာဝင်ငွေဖြောင့်လျက်ရှိစဉ် တစ်နေ့ထောက်လှမ်း ရေးများ၏ ကြိုးစားမှုကြောင့် သူတို့လိမ်လည်မှုမှာ ဘူးပေါ်သလိုပေါ် ပါတော့သည်။

အမှန်မှာ တစ်ကိုယ်လုံးချွတ်စွပ်တူသော အမြွှာညီအစ်ကိုနှစ်ယောက်က အကွက်ကျကျ လိမ်နေခြင်း ဖြစ်သည်။ အမြွှာညီအစ်ကိုဟု ဆိုကတည်းက လိမ်ပုံလိမ်နည်းကိုတော့ သဘောပေါက်လောက်ပေပြီ။ မည်မျှပင်လိမ်လိမ် ဘိုးတော်တစ်ယောက်တွင် ခြေသန်းတစ်ချောင်း မပါသောအချက်က သူတို့၏လိမ်လည်မှုကို ပေါ်ပေါက်သွားစေ ခဲ့သည်။

စစ်ကိုင်းတိုင်းအတွင်း ပါဝင်သောမြို့နယ် တစ်ခုတွင်လည်း နိရောဓသမာပတ်ဝင်စားပြသော ရဟန္တာတု တစ်ပါး ပေါ်ပေါက်ခဲ့ဖူးသည်။ လူပရိသတ်များရှေ့တွင် မလှုပ်မယှက် သုံးလေးနာရီထိုင်ပြသည်ကိုပင် နိရောဓသမာပတ် ဝင်စားပြသည်ဟု ဒလံများအစွမ်းဖြင့် ကျော်ကြားအောင်လုပ်လိုက်ရာ တစ်မြို့လုံး အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ သည်။ ဝတ္ထုကြေးငွေပစ္စည်းများ လှူလိုက်ကြသည်မှာလည်း ထားစရာမရှိအောင် ဖြစ်သွားပါတော့သည်။

တစ်ညတွင် ရဟန္တာ၏ အိပ်ပုံစားပုံကို အနီးကပ်ကြည့်ညိုချင်သော ကိုရင်လေးတစ်ပါးက မလွယ် ပေါက်ကဝင်၍ သူတစ်ပါးမသိအောင် ရဟန္တာ၏အခန်းကို တစေ့တစောင်းဝင်၍ကြည့်ရာ ကားရားကြီးထိုင်၍ ပိုက်ဆံ များကို ရေတွက်သိမ်းဆည်းလျက်ရှိသော ရဟန္တာကြီးကို ဖူးတွေ့ရပါတော့သည်။ ထိုကိုရင်လေးက သူ၏ဆရာတော်ကို လျှောက်ထားသဖြင့် ဆရာတော်မှတဆင့် တစ်မြို့လုံးသိသွားကာ ဖမ်း၍စစ်ဆေးကြည့်သောအခါကျမှ သက်န်းပတ်ကာ မြို့တကာလည်၍ လိမ်စားနေသော လူဝတ်ကြောင်ဖြစ်ကြောင်း သိရပါတော့သည်။

အထူးအဆန်းကိုသာ ကြည်ညိုကြသူများသည် ယခုမှသာမဟုတ်၊ ယခင်ကလည်း ရှိခဲ့ဖူး၏။ သို့အတွက် ယခုမှသာ အလိမ်ခံကြသည် မဟုတ်။ ယခင်ကလည်း အလိမ်ခံကြရသည်သာ ဖြစ်၏။ ဝိဘင်းအဌကထာ ခုဒ္ဒကဝတ္ထု အဖွင့်၌ စာဠိအရ ဟန္တခေါ် အိုးစရည်းရဟန္တာနှင့် ပါရောဟအရဟန္တခေါ် မြစ်ပျဉ်းရဟန္တာတို့၏ အကြောင်းကို ယခု ကဲ့သို့ ဖွင့်ပြခဲ့သည်။

ဘုန်းကြီးတစ်ပါးသည် ကျောင်းအခန်းထဲ၌ လူဝင်လောက်သော အိုးစရည်းကြီးတစ်လုံးကို မြေ၌မြှုပ် ထားသည်။ ဧည့်သည်များလာလျှင် အိုးအတွင်းဝင်နေလိုက်သည်။ ဧည့်သည်များက ဘုန်းကြီးကိုမတွေ့၍ ပြန်ထွက် လာကြသောအခါ အသင့် စောင့်နေသော ဒလံများက “ ဘုန်းကြီး ရှိပါတယ်၊ ဘယ်မှ မကြွပါဘူး၊ ပြန်ဝင်သွားပါ ” ဟု ဝိုင်း၍ တိုက်တွန်းသဖြင့် ပြန်ဝင်သွားကြသောအခါ ထိုင်ခုံပေါ်တွင် အပူဇော်ခံလျက်ရှိသည်ကို တွေ့ကြရလေသည်။

ထိုအခါ ဧည့်သည်များက “ အရှင်ဘုရား၊ စောစောက တပည့်တော်တို့အခန်းထဲမှာ အရှင်ဘုရားကို မတွေ့လို့ ပြန်ထွက်သွားကြရတယ်ဘုရား၊ အခုတစ်ခါ ပြန်ဝင်တော့ အရှင်ဘုရားကို တွေ့ရပြန်တယ်။ ခဏလေးအတွင်း ဘယ်အရပ်ကို ဘယ်လိုများ ကြွသွားတာလဲဘုရား ” ဟု မေးလျှောက်ကြရာ “ ရဟန်းဆိုတာ ဒီလိုပါပဲ၊ သင့်တော်သလို အလိုရှိရာ သွားနေကြတာပါပဲ ” ဟု ပြန်လည်ပြောဆို အမှတ်ယူလိုက်လေသည်။ ဤကား အိုးကြီးတစ်လုံးဖြင့် လိမ်စားနေသော အိုးစရည်းရဟန္တာတု အကြောင်းဖြစ်သည်။

တစ်ခါကလည်း အံ့ဖွယ်သရဲ ထူးကဲဟန်ဆောင်လိုသော ဘုန်းကြီးတစ်ပါးသည် ရွာနှင့်မနီးမဝေး တောင်တစ်ခုအနီး သစ်ရွက်မိုးကျောင်း၌ နေလေသည်။ ကျောင်း၏နောက်ဘက်၌ နက်စောက်သော ချောက်ကမ်းပါး ကြီးရှိရာ ထိုချောက်နှုတ်ခမ်း၌ အမြစ်ရှည်သော ညောင်ကြပ်ပင်ကြီး တစ်ပင်လည်း ရှိလေသည်။ ထိုမြစ်ပျဉ်းရှည် ကြီးသည် ကျောင်းနှင့် ချောက်တစ်ဖက်ကမ်းကို ဖြတ်သန်း၍ ပေါက်ရောက်လျက်ရှိ၏။ ဆွမ်းစား စသည်အတွက် ဒကာ၊ ဒကာမများ ကျောင်းသို့လာပင့်ကြလျှင် “ ကဲ ကဲ . . ကောင်းပြီသွားနှင့်ကြ ” ဟုဆိုကာ မိမိမှာမူ နောက်မှ သွားလေ့ရှိသည်။

ဒကာက ချောက်ကြီးကိုကွေ့ပတ်၍ လမ်းရိုးလမ်းရှည်က သွားကြရသဖြင့် ကြာမြင့်နေရာ ဘုန်းတော် ကြီးက ချောက်ကိုဖြတ်သော သစ်ပင်မြစ်ပျဉ်းကြီးပေါ်က ဖြတ်ကျော်ပြီးသွားသဖြင့် ရွာပေါက်သို့ အရင်ရောက်နှင့်နေ၏။

ဒကာများက အံ့ဩကာ "အရှင်ဘုရား၊ ဘယ်လမ်းက ကြွလာတော်မူပါသလဲ " ဟု မေးကြလျှင် " အာ. . မသိချင်ပါနဲ့၊ ရဟန်းတို့ သွားတဲ့လမ်းကို မမေးကောင်းဘူး၊ ဒီလိုပဲ ရဟန်းဆိုတာ အလိုရှိရာလမ်းကို ကြွတတ်ကြတာပဲ " ဟု မိန့်တော်မူလိုက်သည်။ နောက်တစ်ယောက်က မယုံသင်္ကာဖြစ်၍စုံစမ်းရာ အကြောင်းစုံတွေ့မြင်ရသဖြင့် အဆိုပါ မြစ်ပျဉ်းကြီးကို တည်းတည်းလေး ကျန်သည်အထိ ဖြတ်၍ မသိလိုက်ဘာသာ နဂိုနေမြဲအတိုင်း ထားလိုက်သည်။ ဘုန်းကြီးလည်း တစ်နေ့တွင် ထုံးစံအတိုင်းတန်ခိုးပြရန် မြစ်ပျဉ်းကြီးပေါ်သို့ တက်လေရာ ဗိုင်းကနဲ ချောက်ထဲလိမ့်ကျသွားလေ၏။ မြေသပိတ်လည်း ကွဲသွားသည်။

ထိုနေ့မှစ၍ ငါ့အကြောင်း ဒကာတွေသိသွားပြီဟုဆိုကာ ကျောင်းကလေးမှ ထွက်ပြေးသွားပါတော့သည်။ ဤအချက်တို့ကို ထောက်ထား၍ အထူးအဆန်းကြည်ညိုမှုမှာတင် ရပ်မနေဘဲ တကယ့်သီလ၊ သမာဓိ၊ ပညာကို ကြည်ညိုတတ်သည် အထိရောက်ရှိအောင် ကြိုးစားသင့်ပါသည်။ ကြိုးစားသဖြင့် နိမ့်ကျလှသော လောကီ ဂန္ဓာရီပညာမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟုဆိုအပ်သော မြင့်မြတ်လှသည့် လောကုတ္တရာဝိဇ္ဇာပညာသို့ တက်ရောက်သွားသော ပုဂ္ဂိုလ်ထူး တစ်ယောက်အကြောင်း ဖော်ပြပါဦးမည်။ ထိုပုဂ္ဂိုလ်ကား တခြားမဟုတ်။ ဗုဒ္ဓလက်ထက်တော်အခါက ထင်ရှားကျော်ကြားတော်မူလှသော အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကြီးပင် ဖြစ်ပါတော့သည်။

ထိုမထေရ်ကြီးမှာ မြတ်စွာဘုရားနှင့်မတွေ့မီက ဂန္ဓာရီဝိဇ္ဇာပညာရှင် တစ်ယောက်ပင်ဖြစ်ပါသည်။ တစ်နေ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝိဇ္ဇာပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ကြွရောက်တော်မူလာပါသည်။ ထိုသို့ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် အရှင်ပိလိန္ဒဝစ္ဆမထေရ် အလောင်းအလျာ ဂန္ဓာရီဝိဇ္ဇာပညာရှင်မှာ ကောင်းကင်ပျံမရ၊ သူတစ်ပါးစိတ်သိမရနှင့် ချက်ချင်းအကျပ်ရိုက်သွားပါတော့သည်။

ငါ့ထက် သာလွန်မြင့်မြတ်သော ဝိဇ္ဇာပညာရှင်ရှိနေ၍သာ ငါ့အစွမ်းအစများ သုံးမရဖြစ်နေတာ ဖြစ်ရမယ်။ ထိုပညာရှင်ထံ တပည့်ခံ၍ ဆက်လက်ကျင့်ကြံမည်ဟူသော အကြံနှင့်အတူ ဗုဒ္ဓထံမှောက် ရောက်အောင်လာခဲ့ပြီး ကမ္မဋ္ဌာန်းတစ်ခုယူကာ ကျင့်ကြံအားထုတ်ရာမှ တကယ့်သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော မဂ်ဉာဏ်ဖိုလ်ဉာဏ် ဝိဇ္ဇာပညာရှင်ကြီး ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုထွက်ရပ်ပေါက် ဂန္ဓာရီပညာရှင်များနှင့် ပက်သက်၍ အချိုပေါ်သကာလောင်းစရာ မလိုလောက်အောင် ကောင်းမွန်ပြည့်စုံလှသော လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကို နောက်ဆုံးဖော်ပြရင်း ဝိဇ္ဇာများအကြောင်းကို နိဂုံးချုပ်ပါတော့မည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၆၀ ခုနှစ်က သေဋ္ဌတောင်ဆရာတော် ဦးတိလောက၏ ပင့်လျှောက်ချက်အရ ကျိုက်ထိုသို့ ကြွတော်မူပါသည်။ ထိုမှတဆင့် ဘီးလင်းမြို့၊ ကုသိနာရုံဘုရားကိုဖူးရင်း ညကျိန်းစက်တော်မူပါသည်။ ဘုရားတွင် သားသတ်လွတ်၊ မီးလွတ်စားရင်း ထွက်ရပ်လမ်းကို လိုက်နေကြသော ရသေ့များက ဆရာတော်ကြီးကို ဝတ်ဖြည့်ရင်းဖြင့် -

" ဆရာတော်ဘုရား၊ တပည့်တော်တို့က သတ္တဝါတွေကို ကယ်တင်ဖို့ ရည်မှန်းပြီး သားသတ်လွတ်၊ မီးလွတ်စားပြီး သီလ၊ သစ္စာတရားများကို ကြိုးစားကြပါတယ်ဘုရား၊ ဘုရားဟောတဲ့ အာနပါနကျင့်စဉ်ကိုလည်း လက်မလွှတ်ကြပါဘူးဘုရား။ တပည့်တော်များ မှတ်သားလိုက်နာကြဖို့ သင့်လျော်တဲ့ဩဝါဒတရားများ ချီးမြှင့်တော်မူပါဘုရား " ဟု လျှောက်ထားကြလေသည်။ ထိုအခါ လယ်တီဆရာတော်က အောက်ပါဩဝါဒကို ပေးသနားတော်မူပါသည်။ ရသေ့များက မလျှောက်ထားသော်လည်း ဆရာတော်က ထွက်ရပ်လမ်းလိုက်သောသူများ ဖြစ်ကြောင်း သိနေတော်မူပါသည်။

## သတ္တဝါတွေ ကယ်ချင်ရင်

" အေး . . ကောင်းပေတယ်၊ သတ္တဝါတွေကိုကယ်ဖို့ အထူးလုပ်နေရတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ကုန်းပေါ်အရင်ရောက်အောင် ကယ်တင်ကူးမြောက်ပြီးမှ နစ်နေတဲ့လူကို ကယ်နိုင်တာ၊ ခုလို ကိုယ့်တရားကိုယ် အားထုတ်နေတာဟာ သတ္တဝါတွေကို ကယ်နေတာပဲ၊ ဒါပေမယ့် နည်းလမ်းအခြေခံ မှန်ဖို့လိုတယ်။ ဒကာရသေ့ပြောတဲ့ သီလ၊ သစ္စာအစရှိတဲ့တရားတွေဟာ အခြေခံပဓာန ပါရမီတရားကောင်းတွေပဲ၊ အမည်တူသော်လည်း အစစ်အမှန်ဖြစ်ဖို့ မလွယ်ဘူး၊ အစစ်အမှန်ဖြစ်စေဦး တောင့်တချက် ပဏိဟိတ မမှန်ရင်လည်း အကျိုးမများဘူး၊ ပဏိဟိတဆိုတာ ရည်မှန်းထားတာကို ပြောတာ၊ နိဗ္ဗာန်ကို ရည်မှန်းပြီးလုပ်မှသာ ကောင်းသောတောင့်တချက် သမ္မာပဏိဟိတဖြစ်ပြီး ဒုက္ခခံရကျိုး၊ သာသနာနဲ့တွေ့ရကျိုးနပ်တယ် "

သတ္တဝါတွေအတွက်ဟုဆို၍ မြင့်မြတ်တဲ့သဘောလက္ခဏာ ဆောင်စေကာမူ ဝဋ်ရှဉ်မွေ့ပျော်သော ဝဋ္ဋာဘိရတလော ကိယနယ်၌သာ တစ်စုံတစ်ခုသော တန်ခိုးအထူးဖြင့် ငြိတွယ်စေပြီး ဝဋ်နွယ်ရှည်စေမည့် သီလ၊ သစ္စာ၊ မေတ္တာ၊ အဓိဋ္ဌာန်နဲ့ အာနာပါနတွေဖြစ်နေရင် ဝဋ္ဋဘဝကူးမြောက်ကြောင်း ပါရမီတရားနဲ့ တခြားစီဖြစ်တယ်။

## နိဗ္ဗာန်ရမည့် ရည်ရွယ်ချက်နှင့်အကျင့်

အသံမျှသာတူတယ် ဦးရသေ့၊ အစွမ်းထက်လှတဲ့ ဝရဇိန်လက်နက်ကို မဆိုးလိုက်ရုံမျှ သုံးသလို ဖြစ်နေတယ်။ သားသတ်လွတ်၊ မီးလွတ်စားတဲ့ အကျင့်လည်း သာသနာတော်ကျင့်ထုံး မဟုတ်ဘူး။ သီလက အစ သမာဓိ ပညာအဆုံး ဒါတွေအားလုံးဟာ စရဏပဲ။ ဒီစရဏမမှန်ရင် ဝိဇ္ဇာဉာဏ်မရနိုင်ဘူး။ ဒီစရဏ ပါရမီမှန်မှန်နဲ့ သက်စွန့်ကြိုးပမ်း ကမ္မဋ္ဌာန်း အားထုတ်သူများပင်လျှင် နိဗ္ဗာန်ကို လိုချင်ကာမတ္တနဲ့ မရနိုင်ဘူး။ ပဟိတတ္တော နိဗ္ဗာန်သို့ စေလွှတ်သောစိတ် အမြဲရှိနေရမယ်လို့ ဟောတော်မူတာ။

ဒီဘဝနဲ့ ဒီအလုပ်ပဲလို့ တစ်ခါတည်း ငုတ်ရိုက်ထားတာကို ပဟိတတ္တခေါ်တာပဲ။ ဓာတ်လုံးဝါသနာသန်တဲ့ ပုဂ္ဂိုလ်ဟာ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ရှိနေသလို ရှိနေရမယ်ကွဲ့။ အခြေပါ ဒစရဏကလည်း မခိုင်မာ၊ ရည်ရွယ် မှန်းထားချက်ကလည်း သမ္မာပဏိဟိတမဖြစ်၊ ပဟိတတ္တစိတ်လည်း မစွဲမြဲလျှင် မည်သို့ပင် ခြိုးခြံခေါင်းပါးစွာ အနှစ် အရာအထောင် ကျင့်ကြံသော်လည်း ပဋိဝေဒသို့မဆိုက်ရောက်နိုင်ဘူး။

ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ သာသနာတော်ရိုးရာစားဝတ်နေ ခြိုးခြံတာတွေပင်လျှင် တဒင်္ဂပ ဟန် မျှသာဖြစ်၍ ဥပါဒါန်ထွက်မြောက်နိုင်သော အရာမျိုးမဟုတ်၊ တောချုံပုတ်ကို ခုတ်ထွင်ခြင်းသည် အသစ်တစ်ဖန် စည်ပင်ရန်ဖြစ်သလို နောင်ဘဝအတွက် ဥပါဒါန်ချုံပုတ်ကြီး ပိုပြီးစည်ကားရန် ပြုသလိုဖြစ်နေတယ်။ "

ဆရာတော်အမိန့်ရှိသည်ကို အထူးစိတ်ဝင်စားကာ နာယူနေသော ဆရာရသေ့က -

"ဆရာတော် အမိန့်ရှိတော်မူလိုရင်းကို တပည့်တော် သဘောကျကျေနပ်ပါတယ်ဘုရား။ အမှန်အတိုင်း ဝန်ခံရပါလျှင် အသက်ထောင်နှင့်ချီ၍ရှည်ကာ သတ္တဝါတွေကိုကယ်တင်ရင်း အရိယာဖြစ်တဲ့ဝိဇ္ဇာကြီးများကို သဘောကျ နေမိပါတယ် ဘုရား"ဟု ရိုးသားစွာ ဝန်ခံလျှောက်ထား၏။ ဆရာတော်က -

## ထွက်ရပ်ပုဂ္ဂိုလ်နှင့်အရိယာတို့၏ စိတ်ဓာတ်ကွဲပြားပုံ

" အင်း . . အသက် ထောင်နဲ့ချီပြီး ရှည်တဲ့နည်းကတော့ သာသာနပြင်ပမှာလည်း ရှိနိုင်တယ်။ သာသနာတော်မှာလည်း ဣဒ္ဓိပါဒ်ဆိုတာ ရှိတယ်။ ဒါပေမယ့် သစ္စာလေးပါးကိုမြင်ကြတဲ့ အရိယာသူတော်ကောင်းကြီးတွေဟာ တစ်ရက်နေရရင် တစ်ရက်ဒုက္ခခံရတာပဲလို့ မြင်တော်မူကြလို့ ပရိနိဗ္ဗာန်စံဝင်ရတာကိုပဲ အလွန်ဝမ်းသာလေ့ရှိကြတယ်။ အသက်ရှည်တာကို လိုလားတော်မမူကြဘူး။

ဆံချည်မျှင်ဟာ လက်ဝါးပေါ်မှာကပ်နေရင် မသိသာပေမယ့်လို့ မက်စိထဲဝင်ရင် အလွန်သိသာသလို ပုထုဇဉ်နဲ့ အရိယာတွေဟာ သင်္ခါရဒုက္ခကိုမြင်ရာမှာ သည်မျှမကကွာခြားတယ်။ အသက်ရှည်ချင်တဲ့ဝါဒ၊ အရိမေတ္တယျထိ အချိန်ဆွဲတဲ့ဝါဒဟာလည်း မမှန်ကန်ဘူး၊ အရိယာဝိဇ္ဇာဆိုတာလည်း ဝေါဟာရတူပေမယ့် ဝိဇ္ဇာ၊ ဇော်ဂျီတွေ လမ်းစဉ်နဲ့ ဖြစ်နိုင်တာမျိုးမဟုတ်ဘူး။

" ပိလိန္ဒဝစ္ဆနဲ့ တခြားစီပါ။ မယောင်နဲ့ အင်းနဲ့ ဆေးနဲ့ ဓာတ်နဲ့ ထွက်ကြတဲ့ ဝိဇ္ဇာကြီးတွေရဲ့ လောကမှာ အရိယာဖြစ်ဖို့ဆိုတာ အလွန်မအပ်စပ်တဲ့ စကားပဲ။ ဒါပေမယ့် သူတို့ကိုအရိယာလို့ အထင်ခံလိုကြတယ်။ ဒါသည်ပင် အရိယာလို့ ထင်နေတာလည်း ဖြစ်နိုင်တယ်။ "

" ကမ္မဋ္ဌာန်းတွေလည်း ဟောတတ်ကြတယ်။ သမထလောက်ပဲ သူတို့လိုချင်တယ်။ သံသရာက ထွက်မှာကို ကိုယ်တိုင်လည်း ကြောက်တယ်၊ သူများထွက်မှာလည်း မလိုလားကြဘူး။ စင်စစ်တော့ ဦးရသေ့ . . မြတ်စွာဘုရားရဲ့ အနတ္တ သာသနာတော်ကြီးကို မှေးမှိန်အောင် သတ္တဝါတွေအကြိုက် ဖန်းပြပြီး ဆွဲဆောင်နေကြတဲ့ အတ္တဝါဒကြီးပဲ။ အရိယာ ဝိဇ္ဇာဆိုတာ မဂ်ဉာဏ်၊ ဖိုဉာဏ်ကိုသာ ခေါ်တယ်။"

" တကယ့်သီလကို အခြေခံမှသာရတာ၊ တန်ခိုးပြတဲ့နေရာမှာ ဆင်တူယိုးမှားရှိသော်လည်း အခြေခံကအစ လုံးဝ မတူကြဘူး။ အတ္တဝါဒုပါဒါန်ကြီးတန်းလန်းနဲ့ နေကြတဲ့လူတိုင်း အသက်ရှည် တန်ခိုးပြတဲ့ လောကာယတ- သံသရာနယ်ချဲ့ လမ်းစဉ်များကြီးကို ပရိယတ်အသိဉာဏ် နည်းလျှင်နည်းသလောက် အားကိုးမှားမိကြရှာတယ် " ဟု ဩဝါဒ ပေးသနားတော်မူခဲ့ပါသည်။

## သတ္တဝါတွေကို စောင့်ရှောက်ချင်ရင်

မဟာဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဆရာတပည့် ဝါးလုံးထောင်တက်တဲ့ ဥပမာပြပြီး မြတ်စွာဘုရား ဟောတော်မူတာ ရှိတယ်။ ဝါးလုံးကို ပုခုံးပေါ်ထောက်ပြီးထိန်းပေးတဲ့ ဆရာရော၊ တက်တဲ့ တပည့်ရော ကိုယ့်အလုပ် ကိုယ်ရှိသေပြီး ကိုယ့်ကိုယ်ကို စောင့်ရှောက်ရင် သူများကိုလည်းစောင့်ရှောက်ပြီးသား ဖြစ်တယ်တဲ့။ အဲဒီ ဥပမာအတိုင်း မိမိကမ္မဋ္ဌာန်းကို မိမိအားထုတ်နေတာဟာ သတ္တဝါတွေကို စောင့်ရှောက်နေတယ်လို့ မှတ်ရမယ်။
(အတ္တာန ရက္ခန္တော ပရံ ရက္ခတိ)။

သည်းခံတာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားများနေတာလည်း (ပရံရက္ခန္တော အတ္တာနံ ရက္ခတိ) သူများကို စောင့်ရှောက်ရင်း ကိုယ့်ကိုယ်ကို စောင့်ရှောက်ပြီးသားဖြစ်တယ်။ သိပ်ကျေးဇူးကြီးတဲ့ အလုပ်ကွဲ့။

*(သက်တော် ၁၀၀ ရှည်သော ရဟန္တာဦးသာရွှန်း ခေါ် ဦးကဝိန္ဒ၏ဩဝါဒ)*

**အခန်း (၆) ပြီး၏**

××××××

# အခန်း (၇)
# သာသနာနှင့် နက္ခတ်ဗေဒင်

## ဗုဒ္ဓနှင့်ဗေဒင် အလွန်ပင်ဆန့်ကျင်

ပုဂံပြည်တွင် အုပ်ချုပ်ခဲ့ဖူးသော ပုပ္ပါးစောရဟန်းမင်းသည် အရည်းကြီးလူထွက်ဖြစ်၍ ဗေဒင်နှင့် မှော်ပညာကို ကျွမ်းကျင်လိမ္မာသည်။ နတ်နှင့်နဂါးကိုလည်း ကိုးကွယ်သည်။ သူ့လက်ထက်မှစ၍ ဗေဒင်နှင့်မှော်ပညာ အထွတ်အထိပ်သို့ရောက်၍ နတ်နှင့်နဂါးကိုးကွယ်မှုမှာလည်း ယခုထက်တိုင် တွင်ကျယ်လာခဲ့သည်။ နဂါးကိုးကွယ်မှုသည် ပုပ္ပါးဘက်တွင် အကြီးအကျယ် ဖြစ်နေသဖြင့် နှောင်းခေတ်ဘုရင်များက တိရစ္ဆာန်နဂါးကို ကိုးကွယ်တာနှင့်စာလျှင် လူကဖြစ်သော နတ်စိမ်းကိုကိုးကွယ်တာက တော်သေးသည်ဟုယူဆကာ ပန်းပဲမောင်တင့်တယ် မောင်နှမအကြောင်း ထိုးဇာတ်တစ်ခုရေးပြီး ရုပ်တုနှင့်တကွ ဖောင်ဖြင့်မျှောလိုက်ရာမှ အစပြု၍ နဂါးကိုးကွယ်မှုအစား နတ်ကိုးကွယ်မှုဝင်ရောက်လာကြောင်း စစ်ကိုင်းဦးဘိုးသင်း၏ သူ့အမြင်သူ့အတွေး စာအုပ်တွင် ဖတ်ရှုလိုက်ရပါသည်။

အနော်ရထာမင်းလက်ထက်မှစ၍ ကွယ်ပျောက်ခဲ့ရသော နဂါးကိုးကွယ်မှုသည် ယခုအချိန်အထိ အမြစ်ပြတ်ခြင်း မရှိသေးချေ။ အဘယ့်ကြောင့်ဆိုသော် အထက်မြန်မာပြည်ရှိ အချို့ကျေးရွာများသည် ရှင်ပြုသည့်အခါ နဂါးကိုရှင်လောင်းပြသည် ဟုဆိုကာ ရွာအနောက်ဘက်တံခါးသို့ သွားလေ့သွားထရှိသည်ကို တွေ့နေရသေးသောကြောင့်ပင်။ အထင်ရှားဆုံးသော အချက်တစ်ခုသည်ကား ခရီးသွား၊ အိမ်အပြောင်းအရွှေ့ လုပ်ကြသည့်အခါ နဂါးခံတွင်းမဝင်မိရန် တတ်နိုင်သမျှ ရှောင်ကြဉ်ကြခြင်းပင် ဖြစ်၏။

နဂါးကိုးကွယ်သူတို့၏ အယူအဆအရ နဂါးသည် တစ်နေရာ၌ သုံးလနေပြီး အရပ်လေးမျက်နှာသို့ လက်ယာရစ် လှည့်နေသည်။ နဂါးခေါင်းသည် တပေါင်း၊ တန်ခူး၊ ကဆုန် သုံးလတို့၌ အနောက်ဘက်သို့ လှည့်နေသည်။ နယုန်၊ ဝါဆို၊ ဝါခေါင် သုံးလတို့၌ မြောက်ဘက်သို့လှည့်နေသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲ သုံးလတို့၌ တောင်ဘက်သို့ ခေါင်းလှည့်နေသည်။

တစ်စုံတစ်ယောက်သောသူသည် နဂါးခံတွင်းသို့ဝင်သွားပါက ဆင်းရဲဒုက္ခနှင့် တွေ့ရလိမ့်မည်။ နဂါးအကြေးခွံကို လှန်သွားပါက ကံဆိုးမိုးမှောင်နှင့် တွေ့ရလိမ့်မည်။ နဂါး၏ ဝမ်းကိုဖောက်၍ သွားမှသာလျှင် ကံဆိုးမှ လွတ်ပြီး ချမ်းသာသုခနှင့် တွေ့ရလိမ့်မည်။ ဥပမာအားဖြင့် နဂါးခေါင်း အရှေ့ဘက်သို့လှည့်နေသော တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့၌ အရှေ့မှအနောက်သို့သွားခြင်းနှင့် အနောက်မှအရှေ့သို့ သွားခြင်းကို ရှောင်ရမည်။

တောင်မှမြောက်သို့လည်းကောင်း၊ မြောက်မှတောင်သို့လည်းကောင်း သွားခြင်းကိုကား ပြုလုပ်နိုင်သည်။ အတွေးအခေါ်ရှိသော ဗုဒ္ဓဘာသာဝင်များ၏ ရယ်ရွှင်ဖွယ်ကောင်းသော အယူအဆဖြစ်ပါသည်။ ထို့အတူ ကောင်းကျိုးဆိုးကျိုးကို ကောင်းကံ၊ မကောင်းကံက ဖန်တီးမပေးဘဲ ကိတ်ဂြိုဟ်မှတစ်ပါး ဂြိုဟ်ကြီးရှစ်လုံးက ဖန်တီးပေးသည်ဟူသော ဗေဒင်၊ နက္ခတ် အယူအဆသည်လည်း ဗုဒ္ဓနှင့် အလွန်ပင်ဆန့်ကျင်လှပါ၏။

ထိုကဲ့သို့ ဆန့်ကျင်ပုံကို ထင်ရှားသိသာစေရန် ကချင်ပြည်နယ်၊ နမ္မားမြို့၊ မင်္ဂလာရာမကျောင်းဆရာတော် ဦးဉာဏက တရားစစ်တမ်း ဆွေးနွေးခန်းစာအုပ်တွင် အောက်ပါအတိုင်း အသိပေးရေးသားတော်မူခဲ့ပါသည်။

" ဘုရားဟောထက် ဗေဒင်ကိုယုံသူတွေ၊ နမိတ်ကျမ်းကိုယုံသူတွေက များပါတယ်။ တစ်နှစ်တစ်ခါ ထုတ်တဲ့ သင်္ကြန်စာမှာ ပြဟ္မာမင်းကြီးရဲ့ ဦးခေါင်းပြတ်ကြီးကို နတ်သမီးများ တစ်ယောက်လက် တစ်ယောက်ကမ်း နေတာ မြင်တယ်မဟုတ်လား။ မြတ်စွာဘုရားက နတ်ပြဟ္မာတို့၏ ခန္ဓာကိုယ်သည် ကမ္မဇရုပ်တွေချည်းမို့ သေလျှင် မီးတောက်သဖွယ် ပျောက်ကွယ်တတ်တာလို့ ဟောတယ်။ ဗေဒင်က ယခုထိခေါင်းပြတ်ကြီး မပုပ်သေးဘူး၊ မြန်မာပြည်က ယုံကြည်လက်ခံသမျှ ပုပ်မှာမဟုတ်ဘူးကွဲ့။

" ဗေဒင်က ရက်ရာဇာနဲ့ ပြဿဒါးကို ပဓာနထားသကွဲ့၊ မြတ်စွာဘုရားက ကုသိုလ်နဲ့ အကုသိုလ်ကို ပဓာနထားသကွဲ့။ ဗေဒင်က မဟာဘုတ်လေးပါးကို ပဓာနထား၍ ထူသကွဲ့။ မြတ်စွာဘုရားက သမ္မတ္တိလေးပါးကို အဓိကထား၍ ထူသကွဲ့ ကဲ. . မဆန့်ကျင်ပါလား၊ မြတ်စွာဘုရားနှင့် ဆန့်ကျင်တာကိုယုံလျှင် ဘုရားတရားကို မယုံရာ ကျတာပေါ့။ မြတ်စွာဘုရားဟောတာ သဗ္ဗေကမ္မသကာသတ္တာ၊ ကမ္မံသတ္တေဝိဘဇ္ဇတိတဲ့၊ ကဲ. . ဘယ်မှာလည်းကွဲ့"

"နဂါးခံတွင်းကျရင် ပျက်စီးတတ်တယ်လို့လည်း မပါ၊ မသာကို စံချရင် တစ်လောင်းနှင့် ကိစ္စမပြီး တတ်ဘူးလို့လည်း မပါ။ အိမ်တိုင်ထူတာ နက္ခတ်မကောင်းရင် ပျက်စီးတတ်တယ်လို့လည်း မပါ။ မင်္ဂလာဆောင်တာ ရက်မရွေးမိလို့ ပျက်စီးရတယ်လို့လည်း မပါ။ ဓမ္မာသောက အင်းဝရာဇာကျလို့ ပျက်စီးတာလည်းမပါ။ သားဦးစနေ မီးလို့မွှေဆိုတာလည်းမပါ။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါဆိုတာတွေဟာ ပညတ်သင်္ကေတတွေပဲ၊ လူကိုကောင်းအောင် ဆိုးအောင်မလုပ်နိုင်ပါဘူး၊ ကုသိုလ်ကံ ကသာ ကောင်းအောင်လုပ်နိုင်၍ အကုသိုလ်ကံကသာ မကောင်းအောင်လုပ် နိုင်တယ်။ ဒီတော့ အကုသိုလ်ကံဆိုလျှင် မြွေဆိုးကင်းဆိုးကဲ့သို့ ကြောက်လန့်ပြီး ကုသိုလ်ကံကို ဣစ္ဆာသယပတ္တမြား ကဲ့သို့ သဘောထားကာ အားကိုးကြမှ ဓမ္မံသရဏံ ဂစ္ဆာမိမှာ မဟုတ်ဘူးလား"

နမ္မားဆရာတော်နည်းတူ အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးကလည်း ကြောက်စရာ အစစ်အမှန်ကို ယခုကဲ့သို့ ထုတ်ပြခဲ့ပါသည်။

## ဂြိုဟ်တွေပူးပူး၊မပူးပူး ကြောက်ရမှာက ဘေးရန်မဟုတ်

" တစ်ခါတစ်လေ စဉ်းစားကြည့်ရင် ကံတရားဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေတစ်ယောက်နဲ့ တစ်ယောက် မတူအောင် စီမံထားတယ်။ တူတဲ့နေရာတူပေမယ့် မတူတဲ့နေရာတွေက အများကြီးရှိတယ်။ ဒါ့ကြောင့် ဘုရားရှင်က ကမ္မံ သတ္တေ ဝိဘဇ္ဇ လို့ ဟောတော်မူတာပဲ။ မိမိကိုယ်ကို မကောင်းအောင်လုပ်တာ ဘယ်သူလဲ၊ မိမိ အလုပ်ကိစ္စ မိမိကံပဲ။ ဘေးရန်အန္တရာယ်တွေဖြစ်အောင် ဘယ်သူလုပ်သလဲ။ မိမိကံက လုပ်တာပဲ။ ဥပမာ ဧရာဝတီမြစ် ကြီးရှိတယ်။ ဒီမြစ်ကြီးက ကုန်းပေါ်နေတဲ့သူကို ရေနစ်အောင် မလုပ်နိုင်ပါဘူး။ မြစ်ထဲဆင်းတဲ့သူကိုသာ ရေနစ်စေ နိုင်တယ်။ ဒီအတိုင်းပဲ ဘေးရန်အန္တရာယ်တွေ ရှိပေမယ့်လည်း အလုပ်ကောင်းလုပ်သူ၊ ကံကောင်းရှိသူ ဘေးရန် အန္တရာယ် မဖြစ်နိုင်ပါဘူး။ ကံကောင်းမရှိသောသူသာ ဘေးရန်ဖြစ်နိုင်တယ်။ ဒါ့ကြောင့် မကောင်းကျိုးကို ဖြစ်စေ တတ်တဲ့ မိမိရဲ့ ကံညံ့၊ ကံယုတ်များကိုသာ ကြောက်စရာလိုတယ်။ ဘေးရန်အန္တရာယ်တွေ ကြောက်စရာ မလိုပါဘူး။ ဂြိုဟ်ကြီးရှစ်လုံး ပူးပူး၊မပူးပူး ဇာတိ၊ ဇရာ၊ မရဏစတဲ့ဘေးရန်တွေ သတ္တဝါတိုင်းတွေ့နေကြရတယ်။ သံသရာကျင်လည် ခိုက်မှာ မကောင်းမှုကံပါလာလို့ ကပ်ကြီးသုံးပါးတွေ့ကြရာ သံသရာဒုက္ခခံကြရတယ်။

ဘေးရန်တွေက မိမိမှာဖြစ်လာတာ မဟုတ်ဘူး။ ကိုယ့်ရဲ့ မကောင်းတဲ့စိတ်ကြောင့် မကောင်းတဲ့အကျိုး တွေ ဖြစ်နေကြရတာ။ အတိတ်နမိတ်ဆိုတာကတော့ တစ်ခါတစ်ရံတော့ ရှိတတ်ပါရဲ့။ ငရဲကြီးရှစ်ထပ် ရှိနေပေမယ့် ငရဲကြီးရှစ်ထပ်က ဘယ်သူ့ကိုမှ လာမခေါ်ပါဘူး။ ကိုယ့်ရဲ့ မကောင်းတဲ့စိတ်ကသာ ငရဲကြီးရှစ်ထပ်ရှိရာကို ခေါ်သွား နိုင်တယ် "

ဆရာတော်ကြီးနှစ်ပါးတို့၏ ဩဝါဒဆိုလိုချက်အကျဉ်းမှာ ဗေဒင်၊ နက္ခတ်၊ ဂြိုဟ်၊ ဘေးရန်တွေက ကြောက်စရာ မဟုတ်။ မိမိပြုလုပ်သော မကောင်းမှု အကုသိုလ်ကံများသည်သာ ကြောက်စရာအစစ်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဒီဂြိုဟ်ထဲရောက်နေလို့ ဒီနက္ခတ်နဲ့တည်နေလို့ ဒီဆိုးကျိုးကို ခံစားရတာဟု ယူဆလိုက်လျှင် ကံ၊ ကံ၏ အကျိုးကို ယုံကြည်လက်ခံသော ကမ္မဿကတာ သမ္မာဒိဋ္ဌိအဖြစ်မှ သွေဖည်၍ မိစ္ဆာဒိဋ္ဌိအယူသို့ သက်ဝင်သွားလေပြီ။ သို့အတွက်ကြောင့် ဆရာတော်ကြီးများက ယခုကဲ့သို့ အလေးထားပြီး မှာကြားနေကြခြင်း ဖြစ်ပါသည်။

ဗုဒ္ဓကိုယ်တော်တိုင်ကလည်း ဧကနိပါတ်၊ နက္ခတ္တဇာတ်တွင်

" နက္ခတ္တံ ပဋိမာနေန္တံ၊ အတ္ထောဗာလံ ဥပစ္စဂါ၊

အတ္ထော အတ္ထဿနက္ခတ္တံ၊ ကိံကရိဿန္တိ တာရကာ။ "

နက္ခတ်ကောင်းကို စောင့်မျှော်နေသောလူမိုက်ကို ကောင်းကျိုးချမ်းသာများက လွန်မြောက်၍သွားကြသည်။ ကောင်းသောအလုပ်ကို စလုပ်သောနေ့သည်ပင် ကောင်းသောနက္ခတ်ဖြစ်၏။ ကောင်းကင်မှာ သွားနေသော နက္ခတ်များသည် အဘယ်အကျိုးစီးပွားကိုမှ ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ထိုဂါထာကို ဟောကြားခြင်း အကြောင်းဇာတ်လမ်းအချုပ်မှာ -

## နှစ်ဘဝအလိမ်ခံရသူများ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် သာဝတ္ထိပြည်၌နေသော အမျိုးသမီးတစ်ယောက်ကို ဇနပုဒ်၌နေသော ဆွေမျိုးမိဘများက မိမိတို့သားအတွက် စေ့စပ်ကြောင်းလမ်း၍ မင်္ဂလာ ရက်သတ်မှတ်ကာ နေရပ်သို့ ပြန်ခဲ့ကြလေသည်။

နေရပ်သို့ ရောက်သောအခါ မိမိတို့ဆရာ အာဇီဝကကို သတ်မှတ်လာသော မင်္ဂလာနေ့ရက်သည် နက္ခတ် ကောင်း-မကောင်း မေးမြန်းလေသည်။ ထိုအခါ အာဇီဝက,က အစကတော့မမေးဘဲ သူတို့စိတ်ကြိုက် ရက်သတ်ပြီးမှ ငါ့ကိုလာမေးကြတယ်ဟု အမျက်ဒေါသဖြစ်ပြီး မင်္ဂလာပွဲပျက်စေရန်အကြံနှင့် ၎င်းနေ့ လက်ထပ်မင်္ဂလာပွဲ ပြုလုပ်လျှင် ကြီးစွာသောပျက်စီးခြင်းနှင့် တွေ့ကြုံကြရမည်ဟု ဟောကြားလိုက်လေသည်။ ကိုယ်ပိုင်ဉာဏ်မရှိသော အမျိုးတို့သည် ဆရာဖြစ်သူအာဇီဝက၏ စကားကိုယုံကာ မင်္ဂလာဆောင်မည့်ရက်တွင် မသွားဘဲနေကြလေသည်။

သာဝတ္ထိပြည်မှ သတို့သမီး မိဘများကလည်း မင်္ဂလာအခမ်းအနား ပြင်ဆင်ပြီးမှ သတို့သားဘက်မှ မလာသောအခါ မင်္ဂလာပွဲကိုအပျက်မခံဘဲ တခြားအမျိုးသားတစ်ဦးနှင့် လက်ထပ်ပေးလိုက်လေတော့သည်။ နောက်ရက်မှ သတို့သားမိဘများ သွားကြသောအခါ အမျိုးမြတ်၍တင့်တယ်လှပသော အမျိုးသမီးကိုမရတော့ဘဲ သာဝတ္ထိမြို့သားများနှင့် ခိုက်ရန်ဖြစ်ကာ လာလမ်းတိုင်း ပြန်ခဲ့ကြရလေတော့သည်။ ထိုအဖြစ်ကို ရဟန်းများစုဝေး၍ ပြောနေစဉ် မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး ဤအာဇီဝကသည် ယခုမှသာ ထိုအမျိုးတို့၏ မင်္ဂလာကိုဖျက်ဆီးသည် မဟုတ်သေး၊ ယခင်ဘဝကလည်း ဖျက်ဆီးခဲ့ဖူးသည်သာဟု မိန့်တော်မူပြီး အတိတ်ကိုဆောင်တော်မူပါသည်။

လွန်ခဲ့ပြီးသော အတိတ်ဘဝတစ်ခုက ယခုသတို့သားမိဘများနှင့် အာဇီဝကတို့သည် ဗာရာဏသီပြည်မှာ ဖြစ်ခဲ့ကြဖူးသည်။ တစ်နေ့တွင် ဇနပုဒ်တစ်ခုမှ အမျိုးသမီးတစ်ယောက်ကို သားအတွက် စေ့စပ်ကြောင်းလမ်း ရက်သတ်မှတ်ပြီး ဆရာဖြစ်သူ အာဇီဝကကိုပင် သတ်မှတ်ထားသောရက်၊ နက္ခတ် ကောင်း-မကောင်း မေးမြန်းရာ ရက်သတ်မှတ်ပြီးမှ လာမေးရမည်လောဟု အမျက်ထွက်ကာ မင်္ဂလာပွဲပျက်စေရန်အကြံနှင့် နက္ခတ်မကောင်းကြောင်း၊ ဤရက်၌ မင်္ဂလာပွဲပြုလုပ်လျှင် ကြီးစွာပျက်စီးမည်ဟု ဟောကြားလိုက်လေသည်။ အာဇီဝက၏စကားကို ယုံကြည်ကြသော သတို့သားမိဘများသည် မင်္ဂလာနေ့ရက်တွင် သတို့သမီးရှိရာ ဇနပုဒ်သို့ မသွားကြတော့ချေ။

မင်္ဂလာအခမ်းအနား မပျက်လိုသော သတို့သမီး မိဘများက သမီးဖြစ်သူအား တခြားအမျိုးသား တစ်ယောက်နှင့် ပေးစားလိုက်ကြလေတော့သည်။ နောက်ရက်မှရောက်လာသော် သတို့သမီးမိဘများနှင့် သတို့သား မိဘများ ခိုက်ရန်စကားများနေသည်ကို တွေ့မြင်ရသော ဘုရားလောင်းပညာရှိက အထက်ဖော်ပြပါ ဂါထာကို ရွတ်ဆို လိုက်ခြင်း ဖြစ်ပါသည်။

ဤနက္ခတ္တဇာတ် ဟောကြားချက်ကို ထောက်ကြည့်လျှင် ဘုရားရှင်ကိုယ်တော်တိုင် ဗေဒင်၊ နက္ခတ်ကို လက်မခံကြောင်း ထင်ရှားလှပါသည်။ ဗုဒ္ဓလက်မခံသော်လည်း ဗုဒ္ဓကို ကိုးကွယ်ပါသည်ဆိုသော ဗုဒ္ဓဘာသာအများ စုကား လက်ခံယုံကြည်မှု အားကောင်းနေဆဲပင် ဖြစ်သည်။ ဗေဒင်က ရာထူးကျစရာရှိသည်ဟု ဟောလိုက်လျှင် ဣန္ဒြေပျက်လောက်အောင်ဖြစ်ကာ တောင်းသမျှပေးပြီး ယတြာချေတတ်ကြသည်။ ခန္ဓာပျက်ကိန်းရှိသည်ဟု ဟောလိုက် လျှင်ကား နေစရာပင်မရှိတော့။ သဗ္ဗေဘာယန္တိ မစ္စုနော ဟူသော ဒေသနာအရ ပုထုဇဉ်မှန်သမျှ များသောအားဖြင့် သေခြင်းတရားကို ကြောက်လန့်ကြသည် ဖြစ်သော်လည်း မကြောက်လန့်သော ပုဂ္ဂိုလ်ထူးတစ်ယောက်ကိုလည်း ထူးထူးခြားခြား တွေ့ခဲ့ရပါသည်။ ထိုပုဂ္ဂိုလ်မှာ လှိုင်မြို့နယ်မှ စာချဘုန်းကြီးတစ်ပါးပင် ဖြစ်သည်။ တစ်နေ့တွင် နာမည်ကြီး ဗေဒင်ဆရာတစ်ဦး ထိုကျောင်းတိုက်သို့ စာသင်သားရဟန်းတစ်ပါး၏ အသိမိတ်ဆွေအဖြစ် ခေတ္တ တည်းခိုရန် ရောက်ရှိလာပါသည်။

စာသင်သား ရဟန်းများမေးမြန်း၍ အားရသောအခါ သူတို့ချစ်ခင်လေးစားသော စာချဘုန်းကြီးထံ ခေါ်ခဲ့ကြလေသည်။ စာချဘုန်းကြီး၏ ဇာတာကို စစ်ဆေးပေးရန်ဖြစ်သည်။ စာချဘုန်းကြီးမှာ သူ့အလုပ်နှင့်သူ အချိန် ပြည့်ဖြစ်နေသော်လည်း တပည့်များ၏စေတနာကို လေးစားသောအားဖြင့် ဗေဒင်ဆရာကို လက်ခံတွေ့ဆုံတော်မူပါ သည်။ စာချဘုန်းကြီး၏ ဇာတာကိုကြည့်ရှုပြီးသည်နှင့် ဗေဒင်ဆရာက အရှင်ဘုရားမှာ ခန္ဓာပျက်ကန်း ရှိနေပါတယ်။ ယတြာမချေလို့ မရပါဘူးဟု လျှောက်ထားလိုက်ရာ တပည့်တွေမှာ တုန်လှုပ်ချောက်ချားသွားသော်လည်း စာချဘုန်း ကြီးက အလျှင်းတုန်လှုပ်ခြင်းမရှိ။

အေးမြကြည်လင်သောမျက်နှာက တစ်ချက်ကလေးမှ ပျက်သွားခြင်းမရှိ ပကတိအတိုင်းသာ။ တပည့် များရော ဗေဒင်ဆရာရော စာချဘုန်းကြီးလေး ပြောလာမည့်စကားကို ဂရုစိုက်နားထောင်နေကြသည်။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ ခန္ဓာပျက်ကန်းအကြောင်းသာ ဟောလိုက်လျှင် ဣန္ဒြေမရအောင် ကြောက်လန့်တတ်သည်ဖြစ်ရာ ယခုစာချ ဘုန်းကြီး ငယ်ငယ်လေးကျမှ ဘာမှမဖြစ်သလို အေးဆေးတည်ငြိမ်နေသည်ကို တွေ့မြင်ရသော ဗေဒင်ဆရာအဖို့ စိတ်ထဲတွင် မရိုးမရွဖြစ်နေပါတော့သည်။

စာချဘုန်းကြီးလေးထံမှ စကားသံအချို့ထွက်လာသည်။

" ဒကာကြီး၊ အခုလို ဟောကြားသတိပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဦးပဥ္စင်းအတွက်တော့ ကိစ္စမရှိပါဘူး "

အတ္တုက္ကံသန၊ ပရဝမ္ဘန သဘောမပါအောင် သူတော်ကောင်းပီပီ ပြောကြားလိုက်သော စကားဖြစ်သော် လည်း ဗေဒင်ဆရာက နည်းနည်းမှ မကျေနပ်၊ သူ့ပညာကို မယုံကြည်သောကြောင့်ဟုဘဲ ယူဆနေသည်။ မကျေနပ် သည့် စိတ်ဓာတ်က မပြေပြစ်သော စကားများကိုသာ ဖန်တီးပေးလိုက်ရာ -

" အရှင်ဘုရား၊ တပည့်တော် ပြောတဲ့အတိုင်း ယတြာမချေဘဲ နေရဲရင် နေကြည့်ပါ။ အခုနှစ် ၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ လေးလအတွင်းမှာ ခန္ဓာပျက်ရင်ပျက်၊ ခန္ဓာမပျက်ရင်လည်း သေလောက်နီးပါး ရောဂါကိုခံစားရမယ်။ အကယ်၍ တပည့်တော်ပြောတဲ့အတိုင်း မဖြစ်ဘူးဆိုရင် တပည့်တော်တို့ ဗေဒင်ကျမ်းတွေ အကုန်မီးရှို့ပစ်မယ် "

ဗေဒင်ဆရာကလည်း တွက်နည်းမျိုးစုံ တွက်ကြည့်ထားရာ ခန္ဓာပျက်ကိန်းကိုသာ တွေ့နေရသဖြင့် ယခုလို ရဲရဲဝံ့ဝံ့ဟောလိုက်ခြင်း ဖြစ်ပေသည်။ လူတစ်ယောက်၏ ကောင်းကျိုး၊ ဆိုးကျိုးကို ကံတရားထက် ဂဏန်းသင်္ချာများက ပို၍ဖန်တီးနိုင်သည်ဟု ယူဆလိုက်လျှင် ဗုဒ္ဓဘာသာမပီသနိုင်တော့ချေ။

## ဗေဒင်နှင့် ကံတရားတို့စစ်ပွဲ

ဗေဒင်ဆရာက သူပြောချင်ရာ ပြောပြီးသည်နှင့် ဦးချပြီးပြန်သွားသည်။ ဗေဒင်ဆရာ၏ အတိအကျ ဟောကြားချက်ကြောင့် တပည့်များက စိုးရိမ်သဖြင့် ယတြာချေရန် အတင်းအကျပ်လျှောက်ထားကြရာ စာချဘုန်းကြီးက “ ငါ့အမြဲတမ်း ယတြာချေနေတာ မင်းတို့မတွေ့ကြဘူးလား ” ဟုပြန်မေးလိုက်ရာ တပည့်များမှာ မအူမလည်ဖြင့် “တွေ့ပါတယ် ဘုရား ” ဟု လျှောက်ကာ ပြန်ခဲ့ကြရပါတော့သည်။ ဗေဒင်ဆရာ ဟောသောလများသို့ ရောက်လာသည်နှင့် တပည့်အများစုမှာ ပို၍ပင်စိုးရိမ်နေကြသည်။

သို့သော် အန္တရာယ်လများကို ကုန်လွန်အောင် ကျော်လာသည်အထိ ဆရာတော်ကား ဘာရောဂါ၊ အသက်ဘေးမှ မဖြစ်သည့်အပြင် စာချဘုန်းကြီးဘဝမှ ကျောင်းထိုင်ဘုန်းကြီးအဖြစ်သို့ပင် ရောက်သွားပါတော့သည်။ ကျောင်းထိုင်ဆရာတော် ဖြစ်သောအခါကျမှပင် ဗေဒင်ဆရာဟောခဲ့သလို အဘယ့်ကြောင့် အသက်ဘေးအန္တရာယ် မဖြစ်ရကြောင်း သေသေချာချာ မေးကြည့်ရပါတော့သည်။

“ ရဟန်းချင်းဆိုတော့ ပြောပြလို့ ကောင်းတာပေါ့။ ဒကာ,ဒကာမဆိုရင်တော့ သိပ်ပြောလို့မကောင်းဘူး၊ ကြည်ညိုအောင် ကြွားပြသလို ဖြစ်နေမှာစိုးရတယ်။ အရှင်ဘုရား စဉ်းစားကြည့်လေ။ ဗေဒင်ပညာရှင်တွေဆိုတာလည်း ပုထုဇဉ်တွေပဲ။ အဲဒီတော့ အမှားဆိုတာ ဘယ်ကင်းပါ့မလဲ။ အညာသိကောဏ္ဍည မထေရ်လောက်တော်တဲ့ ဗေဒင်ပညာရှင် နောက်ထပ်မပေါ်လောက်သေးဘူး ထင်ပါတယ်။ သူ့လောက်တော်တဲ့ ပညာရှင်တစ်ယောက်တောင်မှ ကိုယ့်ဟောကြားချက်ကို ကိုယ်ပြန်ပြီး သံသယဝင်ခဲ့ဖူးတယ် မဟုတ်လား။ ဘာလဲဆိုတော့ သူကိုယ်တိုင်ပဲ သိဒ္ဓတ္ထ မင်းသားလေးကို လက်ညှိုးတစ်ချောင်းထောင်ပြီး ဘုရား ဧကန်မုချ ဖြစ်ရမယ်လို့ ဟောခဲ့တယ် ”

ဘုရားကမှားနေတဲ့ ဒုက္ကရစရိယာကိုစွန့်ပြီး အာဟာရ သပ္ပါယဖြစ်အောင် အစားအသောက်တွေပြန်ပြီး ဘုဉ်းပေး သုံးဆောင်ရတဲ့အခါ သူကိုယ်တိုင်ပဲ ဘုရားမဖြစ်နိုင်တော့ဘူးလို့ ယူဆပြီး ဘုရားလောင်းကို စွန့်ပစ်ခဲ့တယ် မဟုတ်လား။ ဘုရားဖြစ်ပြီးလို့ ဓမ္မစကြာတရား လာဟောတာကိုတောင် မယုံမကြည်ဖြစ်နေကြသေးလို့ သေချာရှင်းပြပြီးမှ ဟောရတယ်။ ဆိုလိုတာက ဗေဒင်ဆရာကိုယ်တိုင်တောင် သူဟောတာကို သူကိုယ်တိုင် အပြည့်အဝ မယုံဘူးလို့ ဆိုလိုတာ ဗေဒင်နက္ခတ်ပညာဆိုတာ ကောင်းကျိုးဆိုးကျိုးကို ကြိုတင်သိနိုင်စွမ်းရှိတဲ့ ပညာတစ်မျိုးမို့ လေးစားအပ်တဲ့ လောကီပညာတစ်ခုပါ။ ဒါပေမယ့် လိမ်းဆေးကို စားဆေးအဖြစ်သုံးလိုက်ရင် အသက်အန္တရာယ်ဖြစ်နိုင်သလို ဒီဂြိုဟ်ထဲ ရောက်နေလို့သာ ဒီလိုဖြစ်ရတာ၊ အတိတ်ကံ ပစ္စုပ္ပန်ကံနဲ့ ဘာမှမဆိုင်ဘူးလို့ ယူဆလိုက်ရင်တော့ ဗုဒ္ဓဝါဒကို ဖျက်ဆီးတဲ့ အဓိကအန္တရာယ်ကြီး ဖြစ်သွားနိုင်တယ်။

“ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ နက္ခတ်ဆရာ အဟောမှားခြင်း အကြောင်းနှစ်ခုရှိတယ်။ ပထမအချက်က သူတို့ကိုယ်တိုင် ပုထုဇဉ်ပီပီ အတွက်အချက်မှားပြီး အဟောမှားတာ၊ ဒုတိယအချက်က အဟောခံရသူက ကောင်းတဲ့ ကံသစ်တွေ အမြဲမပြတ်ပြုလုပ်နေလို့ ဟောကြားချက် မှားသွားတာပေါ့။ တပည့်တော်အပေါ် ဟောကြားချက်မှားတာ ဒုတိယအချက်ကြောင့်ပဲပေါ့။ သူဟောတဲ့အချိန်မှာ တခြားဘယ်ဆရာလာတွက်တွက် ခန္ဓာပျက်ကိန်းပဲထွက်မှာပဲ။ ဒါဆို ဘာကြောင့် တပည့်တော် ခန္ဓာမပျက်ရသလဲ၊ အသက်ကယ်ဂါထာလေး တစ်ဂါထာကြောင့်ပဲပေါ့ ”

အသက်ကယ်ဂါထာ ဆိုသည်နှင့် စာရေးသူက မှတ်စုစာအုပ်ထုတ်၍ အသင့်ပြင်လိုက်ရာ ဆရာတော်က

" ဒီအသက်ကယ်ဂါထာက တခြားဘာသာရေး မဂ္ဂဇင်းတွေမှာပါသလို၊ အရကျက်ပြီး ရွတ်နေရမယ့် ဂါထာမျိုးမဟုတ်ဘူး၊ ဂါထာ ညွှန်ပြချက်အတိုင်း လိုက်နာကျင့်ကြံရမယ့် ဂါထာမျိုးပဲ။"

ဂါထာလေးက -

" ခေနာ ပုညာ ဓိလာဘေန
ကာလံခိယျတိ ပဏ္ဍိတော၊
ကိဋ္ဌနေနစ ဒုမ္မေ ဓော၊
နိဒ္ဒါယ ကလဟေနဝါ " တဲ့။ အဓိပ္ပာယ်က -

ပညာရှိ သူတော်ကောင်းဟာ ဥစ္စာရယ်၊ ကုသိုလ်ရယ်၊ ပညာဗဟုသုတရယ် တစ်ခုခုကိုရခြင်းဖြင့် အချိန်ကာလကို ကုန်လွန်စေတယ်။ ပညာမဲ့ လူမိုက်ကတော့ မြူးတူးပျော်ပါးကစားခြင်း၊ အိပ်ခြင်း၊ ငြင်းခုန်ခိုက်ရန် စကားများခြင်းဖြင့် အချိန်ကာလကို ကုန်လွန်စေတယ်တဲ့။ အချိန်မှန်သမျှထဲက ဥစ္စာရယ်၊ ပညာဗဟုသုတ ရ,ရအောင် ယူတာတော့ ဟုတ်ပါပြီ၊ ကုသိုလ်တရားကိုရော ဘယ်လိုရအောင်ယူမလဲလို့ မေးစရာရှိလာတယ်။

ဒကာ၊ ဒကာမများဟာ များသောအားဖြင့် ကုသိုလ်ဆိုရင် ဒါနနဲ့သီလလို့ပဲ သတိထားမိတတ်တယ်။ ဘာဝနာကို သတိမထားမိကြဘူး။ တကယ်ကျတော့ ဘာဝနာကုသိုလ်ဟာ ဒါန၊ သီလထက်သာတယ်။ သွားရင်းလာရင်း၊ ချက်ရင်းပြုတ်ရင်းနဲ့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေလို့ ပွားများလိုက်တာနဲ့ မေတ္တာဘာဝနာကုသိုလ်ဖြစ်တာပဲ။ အရဟံ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေ၏လို့ အာရုံပြုလိုက်တာနဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများပြီးသား ဖြစ်သွားတာပဲ။

အဲဒီ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံတွေကြောင့် တပည့်တော် ခန္ဓာပျက်ကိန်းက လွတ်ခဲ့ရတာပေါ့။ လူတွေကမသိကြလို့၊ ကံဆိုတာ ကောင်းအောင်လုပ်လို့ရတယ်။ ဒါန၊ သီလ၊ ဘာဝနာလုပ်တာဟာ ကံကောင်းအောင် လုပ်တာပဲ။ မကောင်းကျိုးတွေ ပေးမရအောင် အကောင်းဆုံးယတြာတွေ ချေချင်တယ်ဆိုရင်လည်း ဒါန၊ သီလ၊ ဘာဝနာတွေ ကြိုးစားအားထုတ်ဖို့ပဲ လိုပါတယ် "

ဆရာတော်၏ ဩဝါဒဆိုလိုရင်းမှာ ကုသိုလ်ကံသစ်များကို မမေ့မလျော့ ကြိုးစားအားထုတ်နေသမျှ အကုသိုလ်ကံဆိုးများ ခေါင်းထောင်မလာနိုင်ဘဲ နောက်ဆုတ်သွားရမည်ဟု ဆိုလိုပါသည်။ အကုသိုလ်ကံများ နောက်ဆုတ်သွားရန်အတွက် ကုသိုလ်ကံများကို မမေ့မလျော့ဖို့ အရေးကြီးလှပါသည်။ ထို့ကြောင့် စံကျောင်း ဆရာတော်ကြီးက -

" ကုသိုလ်ကို ကိုယ်ကမေ့လျှင် ကုသိုလ်က ကိုယ့်ကိုမေ့လိမ့်မည်။ ကုသိုလ်က ကိုယ့်ကိုမေ့လျှင် ဘေးတွေ့လိမ့်မည် " ဟု ဩဝါဒပေးတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဗေဒင်၊ နက္ခတ်၊ အတိတ်၊ နိမိတ်၊ တဘောင်စသည်ကို ကောတုဟလမင်္ဂလာ ဟုခေါ်သည်။ ထိုကောတုဟလမင်္ဂလာကို ယုံကြည်ခြင်းကို မိမိကိုယ်အညွှဲဆုံး၊ အညစ်ဆုံး ဥပါသကာထဲ ဆွဲချလိုက်ခြင်းနှင့် တူပေသည်။ ဗုဒ္ဓက အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ၊ စဏ္ဍာလသုတ်၌ -

၁။ ယုံကြည်မှု သဒ္ဓါတရားလည်းမရှိ။

၂။ စောင့်ထိန်းမှု သီလမရှိ။

၃။ ကောတုဟတမင်္ဂလာကို ယုံကြည်၏။

၄။ မင်္ဂလာကို ယုံကြည်၍ ကံကိုမယုံကြည်။

၅။ ဤသာသနာတော်မှ အပြင်ဘက်၌လည်း အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏။

ထိုသနာအပြင်ဘက်၌လည်း ရှေးဦးစွာကောင်းမှုကိုပြု၏။ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ဒွန်းစဏ္ဍားလည်း မည်၏။ ဥပါသကာညစ်လည်း မည်၏။ ဥပါသကာညံ့လည်း မည်၏ ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ဤစဏ္ဍာလသုတ်လာ စဏ္ဍာလဟူသည် လူ့လောကတွင် အောက်တန်းအကျဆုံး လူတန်းစားဖြစ်သည်။ များသောအားဖြင့် စဏ္ဍာလများကို မြို့ထဲရွာထဲတွင် နေခွင့်မပေးကြပါ။ သူတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ လူသေကိုသယ်ယူမြှုပ်နှံ သင်္ဂြိုဟ်ခြင်းများပင်ဖြစ်သည်။ ဓမ္မသတ်ကျမ်းများအရ စဏ္ဍာလမျိုးတို့သည် ယင်းတို့မြှုပ်နှံသင်္ဂြိုဟ်ရသော အလောင်းကောင်များမှ အဝတ်အထည်များကိုသာ ဝတ်ဆင်ကြရသည်ဟု ဆိုသည်။ အစားအစာကိုလည်း ခွက်ပဲ့ခွက်ကျိုးများ၌သာထည့်၍ စားသုံးကြရသည်။ ရွှေထည်ငွေထည်ပစ္စည်းများကို မဝတ်ဆင်ရဘဲ သံထည်ပစ္စည်းများကို ဝတ်ဆင်ကြရသည်။ အထက်တန်းလွှာ အမျိုးမြတ်သူတို့သည် ထိုစဏ္ဍာလများနှင့် အဝေးမှသာ ဆက်ဆံကြသည်။ စဏ္ဍာလတို့ လက်နှင့်ထိပြီးသော အစားအစာများကိုလည်း မစားသုံးကြရပေ။ ဤမျှလောက်ယုတ်နိမ့်အောက်တန်းကျသော စဏ္ဍာလများနှင့် အဘယ့်ကြောင့် နှိုင်းယှဉ်၍ဟောရကြောင်း ထင်ရှားစေရန် အရှင်ပညိန္ဒာဘိဝံသ(ဘီအေ) က မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်း ကျမ်းစာတွင် ယခုလိုအကျယ်ချဲ့၍ ဝေဖန်ပြခဲ့ပါသည်။

၂။ စောင့်ထိန်းမှု သီလမရှိ ဟူသော ဒုတိယအင်္ဂါအရ ဥပါသကာ ဒွန်းစဏ္ဍားသည် ယုံကြည်မှုသဒ္ဓါတရားမရှိခြင်းကြောင့် ကံ၏အကျိုးနှင့် တမလွန်လောက နောက်ဘဝကို လေးလေးနက်နက် မယုံကြည်လှပေ။ သို့ဖြစ်၍ သူသည် နောက်ဘဝတွေကို ငဲ့ကွက်ထောက်ထားပြီး မကောင်းမှုဒုစရိုက်များမှ ရှောင်ရှားနေဖို့ မလိုတော့ပေ။ အဇ္ဈတ္တကိုငဲ့ပြီး မိမိကိုယ်ကို ဆုံးမပဲ့ပြင်ကာ စောင့်စည်းထိန်းသိမ်းထားဖို့လည်း အရေးမကြီးတော့ပေ။ ဗဟိဒ္ဓကိုငဲ့ပြီး သူတစ်ပါးနှင့်ဆက်ဆံရေးအဆင်ပြေမှုသာ အဓိကထား၍ ဟန်လုပ်ကာ စောင့်စည်းဖို့လောက်သာ လိုပေတော့သည်။

ဤသို့အားဖြင့် သူသည်အဟုတ်တကယ် ယုံကြည်စိတ်ချရသော လူကောင်းသူကောင်း အစစ်အမှန်သီလဝန္တပုဂ္ဂိုလ်ဖြစ်ဖို့ မလွယ်ကူလှပေ။ အမြင်ကျဉ်းမြောင်းလှစွာ လက်ရှိဘဝ ကောင်းစားရေးကိုသာ အဓိကထားနေရကား ဟိရီနှင့်ဩတ္တပ္ပတည်းဟူသော လောကပါလ တရားနှစ်ပါးကိုလည်း လေးလေးနက်နက် စိတ်ရောကိုယ်ပါကျင့်သုံးတော့ မည်မဟုတ်ပေ။ ထို့ကြောင့်သူ့အား ဥပါသကာ ဒွန်းစဏ္ဍားစာရင်းထဲသို့ ထည့်သွင်းထားရခြင်းဖြစ်သည်။

၃။ ကောတုဟလမင်္ဂလာကို ယုံကြည်မှုရှိ၏ဟူသော တတိယအင်္ဂါအရ ဥပါသကာ ဒွန်းစဏ္ဍားသည် အတိတ်ကောင်း နိမိတ်ကောင်း စသည်တို့ဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်လတ္တံ့ဟု အသိအလိမ္မာ ဉာဏ်ပညာမရှိသူတို့ တွေးတောကြံဆအပ်သည့် ကောတုဟလခေါ် ဒိဋ္ဌသုတမင်္ဂလာကို လေးလေးနက်နက် ယုံကြည်စွဲလမ်း၏။ သူသည် ကိုယ်ဝန်ဆောင်သော မိန်းမ၊ ရေပြည့်သော အိုး၊ နွားမ စသည်တို့ကို မြင်ရလျှင်လည်းကောင်း၊ အောင်ပါစေ ချမ်းသာပါစေ,စသော အသံကိုကြားရလျှင် လည်းကောင်း၊ မွှေးကြိုင်သော အရသာ၊ နူးညံ့ချောမွေ့သော အတွေ့အထိတည်းဟူသော ဣဋ္ဌာရုံတို့ကို တွေ့ကြုံခံစားရလျှင်လည်းကောင်း အလွန်ကျက်သရေ မင်္ဂလာရှိ၏ဟု ထင်မြင်ယူဆနေသည်။

သူသည် သဒ္ဓါမရှိခြင်းကြောင့် သီလမရှိပေ။ သီလမရှိခြင်းကြောင့် သမာဓိနှင့်ပညာလည်း မရှိတော့ပေ။ သမာဓိနှင့်ပညာ မရှိခြင်းကြောင့် ဒိဋ္ဌပါဒန်နှင့်သီလဗ္ဗတုပါဒါန်တို့ဖြင့် အနှစ်သာရ ဘာမျှရှာမရသည့် မြေခံ၊ နဂါးလှည့်၊ ပြဿဒါး၊ ရက်ရာဇာ၊ အင်းအိုင်၊ လက်ဖွဲ့၊ ဂါထာမန္တရား၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိပညာ၊ မှော်အတတ် စသည့် တန္တရဝါဒ၊ မန္တရဝါဒတို့ကို မျက်ကန်းသဖွယ် ယုံကြည်စွဲလမ်းနေ၏။ ထိုတန္တရဝါဒနှင့် မန္တရဝါဒတို့သည် အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာကိုပင် ကွယ်ပျောက်စေခဲ့ကြလေ၏။ ထို့ကြောင့် သူ့အား ဥပါသကာ ဒွန်းစဏ္ဍားစာရင်းထဲသို့ ထည့်သွင်းရခြင်း ဖြစ်ပေသည်။

၄။ မင်္ဂလာကိုယုံကြည်၍ ကံကိုမယုံကြည်ဟူသော စတုတ္ထအင်္ဂါရ ဥပါသကာဒွန်းစဏ္ဍားသည် ပြဿဒါး၊ ရက်ရက်ဇာ စသည်တို့ကို အသေအလဲ ယုံကြည်စွဲလမ်းလျက် မှော်အတတ်စသော တန္တရဝါဒ၊ မန္တရဝါဒတို့ကို လေ့လာလိုက်စားနေရသဖြင့် ကံကိုလေးလေးစားစား မယုံကြည်အားတော့ပေ။ ကုသိုလ်ကံသည် ကောင်းသောအကျိုးကို ဖြစ်စေသည်။ အကုသိုလ်ကံသည် မကောင်းသောအကျိုးကို ဖြစ်စေသည်ဟူသော ကံနှင့်ကံ၏အကျိုးသွားကို ပြတ်ပြတ်သားသား မယုံကြည်တော့ဘဲ ရက်ရာဇာနေ့သည် ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်စေ၏။ ပြဿဒါးနေ့သည် ဆင်းရဲ မွဲတေ အမင်္ဂလာ ဖြစ်စေ၏။

စသော ကောတုဟလမင်္ဂလာကို ဒိဋ္ဌုပါဒါန်ဖြင့် အပြင်းအထန်စွဲလမ်းနေ၏။ သူသည် အလျှုမဏ္ဍပ်ကို ဆောက်ရာကစ၍ ရက်ရာဇာရွေးပြီး နတ်ပွဲပေးနေ၏။ တမာစေ့မှ သရက်ပင်ပေါက်လိမ့်မည်ဟု အထင်အမြင် မှားနေသောသူကဲ့သို့ သူသည် အကုသိုလ် ဒုစရိုက်အလုပ်မှ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ စသည်တို့၏တန်ခိုးကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာများ ဖြစ်ပွားလာလိမ့်မည်ဟု မျှော်လင့်စောင့်စား အယူမှားနေ၏။ ထို့ကြောင့် သူ့အား ဥပါသကာ ဒွန်းစဏ္ဍား စာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

၅။ ဤသာသနာတော် ပြင်ဘက်၌လည်း အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏။ ထိုသာသနာ အပြင်ဘက်၌လည်း ရှေးဦးစွာ ကောင်းမှုကိုပြု၏ဟူသော ပဉ္စမအင်္ဂါအရ ဥပါသကာ ဒွန်းစဏ္ဍားသည် အင်း၊ အိုင်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တရား၊ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ စသည်တို့၏ တန်ခိုးဣဒ္ဓိများကို ယုံကြည်လေးစား အားကိုးအားထား ပြုလုပ်နေရသဖြင့် မိမိကိုယ်ပိုင်ဖြစ်သော ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ်လေးပါးတို့သည် အားနည်းသွားကြတော့၏။ မြတ်စွာဘုရားက " အတ္တဒီပါဝိဟရထ အတ္တသရဏာ အနညသရဏာ " ဟူ၍ မိမိကိုယ်ကိုသာလျှင် မှီခိုအားထားရန် ဟောကြားခဲ့သော်လည်း မိမိကိုယ်ကိုအားမကိုးဘဲ သူတစ်ပါးသာအားကိုးနေ၏။

သူသည် ရဟန္တာရှစ်ပါးနှင့် မြတ်စွာဘုရား၏ ရုပ်ပွားတော်များကို ရှေ့ကထားပြီး အကာအကွယ်ပြုလုပ်ကာ ဗြိဟ်ကိုးလုံးနှင့် သူရဿတီ၊ မဟာပိန္နဲ၊ ပိဿနိုး တည်းဟူသော ဟိန္ဒူနတ်ကြီးငါးဦးတို့ကို နောက်ကထားလျက် ဘုရားကိုးဆူပူဇော်ပွဲဟု အမည်တပ်ပြီး ဗြိဟ်နှင့်နတ်များကို ပူဇော်ပသ၏။ ထိုနတ်ကြီးငါးဦးထဲက သူရဿတီ နတ်သမီးကို အထူးရွေးချယ်ပြီး ဘုရား၏အနီးအပါးတွင် သီးခြားစင်ပြုလုပ်ကာ ပူဇော်ပသ ခယဝပ်တွားနေ၏။ ဥပါသကာ ဒွန်းစဏ္ဍားသည် ဤသာသနာတော်နှင့် ဘာမှမသက်ဆိုင်ဘဲ သာသနာ့အပြင်ဘက်၌ ဖြစ်ကြကုန်သော ၃၇ မင်းတို့ကိုလည်းကောင်း၊ အိမ်တွင်း မဟာဂီရိနတ်ကိုလည်းကောင်း၊ ရေငံပိုင် ဦးရှင်ကြီးကိုလည်းကောင်း၊ ဒေသအလိုက် နတ်များကိုလည်းကောင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီ ထွက်ရပ်ပေါက်တို့ကိုလည်းကောင်း၊ ရှိသေမြတ်နိုးလက်စုံမိုးကာ ရှိခိုးဝပ်တွား အသနားခံတတ်၏။ ထမင်း၊ ဟင်း၊ မုန့်၊ သောက်တော်ရေချမ်း၊ ပန်းနံ့သာ၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ပသက္ကာရပြုကြ၏။ ထို့ကြောင့် သူ့အား ဥပါသကာဒွန်းစဏ္ဍားစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပါသည်။

## ဥပါသကာရတနာ

ဥပါသကာ ဒွန်းစဏ္ဍားအဖြစ်မခံဘဲ ဥပါသကာရတနာ ဖြစ်လိုသူများအတွက် ထိုသုတ်၌ပင် မြန်ဗုဒ္ဓက ဆက်လက်၍ဟောကြားထားသည်မှာ -

၁။ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း။

၂။ စောင့်ထိန်းမှု သီလရှိခြင်း။

၃။ ကောတုဟလမင်္ဂလာကို ယုံကြည်မှုမရှိ။

၄။ ကံကို ယုံကြည်၍ မင်္ဂလာကိုယုံကြည်မှုမရှိ။

၅။ ဤသာသနာတော်မှ ပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို မရှာမှီးတတ်။ ဤသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုကိုပြု၏။ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ရတနာလည်းမည်၏။ ဥပါသကာ ပဒုမာလည်း မည်၏။ ဥပါသကာ ပုဏ္ဍရိကာလည်းမည်၏ ဟူ၍ဖြစ်၏။ ထို့ကြောင့် ဖော်ပြပါ အင်္ဂါငါးချက်နှင့်အညီ ဥပါသကာ ရတနာဖြစ်အောင်ကြိုးစားကြရန် စာရှုသူတို့အား လေးလေးစားစားတိုက်တွန်းရပါသည်။

အမှိုက်ကစ ပြာသာဒ်မီးလောင် ဟူသောစကားအတိုင်း အသေးအဖွဲ အတိတ်၊ နိမိတ်၊ နက္ခတ်စသည် ယုံကြည်မှုမှစ၍ ဗုဒ္ဓဘာသာတည်းဟူသော ပြာသာဒ်ကြီးပါ မီးလောင်သွားနိုင်ပုံကို တည်တောဆရာတော်ဘုရားကြီးက မင်္ဂလိကဒိဋ္ဌိကျမ်းစာ စာမျက်နှာ ၁၃၇ တွင် အောက်ပါအတိုင်း ရေးသားသတိပေးတော်မူခဲ့ပါသည်။

ဘုရားပွင့်ရာ မဇ္ဈိမတိုင်းမှာ ဘာကြောင့်မို့ သာသနာကွယ်တာလဲလို့ စစ်ဆေးကြည့်ခဲ့လျှင် အခြေခံကတော့ (မင်္ဂလိကဒိဋ္ဌိ) ပေါ့ကွယ်၊ မင်္ဂလိကဒိဋ္ဌိဟာ မူလကတော့ ရိုးရိုးမင်္ဂလာအယူရှိတာပါပဲ။ ကံကိုမလွတ်သေးဘူး။ နောက်ကျတော့ ဒီမြင်မှု ကြားမှုကြောင့် ဒီလိုကောင်းကျိုး၊ မကောင်းကျိုးဖြစ်ရတယ်လို့ ကံကိုပယ်လိုက်တယ်။ ကံကိုပယ်လိုက်တော့ ကမ္မာဿကထာ သမ္မာဒိဋ္ဌိ ကင်းလွတ်တာပေါ့။ မဂ္ဂင်ရှစ်ပါးမှာအခြေခံ ကမ္မဿကတာသမ္မဒိဋ္ဌိ ကင်းလွတ်သွားလျှင် ကျန်တဲ့ မဂ္ဂင်တရားတွေလည်း မရှိတော့ဘူး။

မဂ္ဂင်တရားမရှိလျှင် ဗုဒ္ဓဘာသာပါလို့ ဘယ်လိုပင် ကြိုန်တွယ်၍ပြောစေဦးတော့ စစ်မှန်တဲ့ ဗုဒ္ဓဘာသာ မဟုတ်တော့ဘူး။ စစ်မှန်တဲ့ ဗုဒ္ဓဘာသာ မဟုတ်ခဲ့လျှင် ဘုရားရှင်ရဲ့ စကားတော်ဖြစ်တဲ့ ပရိယတ္တိ သာသနာတော်ကို မငဲ့မျှော်ခဲ့လျှင် ယခုဘဝ ကောင်းစားဖို့အတွက် လုပ်ချင်ရာကို လုပ်မှာပဲပေါ့။ ဒါ့ကြောင့် မင်္ဂလိကဒိဋ္ဌိဟာ အစမူလကတော့ အသေးအမွှား အရေးမထားလောက်စရာလိုလိုနှင့် နောက်ပိုင်းကျတော့ ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်တဲ့ နိမိတ်ဖတ်တာတွေ ဗေဒင်ဟော၊ လက္ခဏာဟောတာတွေ၊ နတ်ဟောတာတွေ၊ နတ်ပူဇော်တာတွေကစပြီး များပြားလှတဲ့ တန္တရ၊ ဝိဇ္ဇာယာန အတတ်အမျိုးမျိုးတွေ ဖြစ်ပေါ်လာပြီး အိန္ဒိယပြည်ကြီးမှာလို သာသနာကွယ်ပျောက်သွားစေနိုင်တယ်။

ဆရာတော်ကြီး သတိပေးရေးသားတော်မူသလို ဗုဒ္ဓဘာသာ မကွယ်ပျောက်စေလိုသော ဥပါသကာ ရတနာ ဖြစ်လိုသော စာရှုသူများသည် ဗေဒင်၊ နက္ခတ်၊ အတိတ်၊ နိမိတ်များကို ယုံကြည်ကိုးစား မနေကြဘဲ ကံ၊ ကံ၏ အကျိုးကိုသာ ယုံကြည်ကိုးစားကြပါရန် တိုက်တွန်းရင်း ဒုတိယမြောက် သာသနာ့ အညစ်အကြေးများကို ဖော်ပြရာ အခန်းကို နိဂုံးချုပ်ရပါသည်။

## အသိဉာဏ်ရှိမရှိ ချိန်ကြည့်နည်း

ရဟန်းတော်များ၏ ပညာတည်းဟူသော အလင်းရောင်သည် ဒကာ၊ ဒကာများ၏ အမှောင်ထုကို ခွင်းမိသောအခါ အမှားကြာ၍အမှန်ဖြစ်နေကြသော ပြဿဒါး၊ ရက်ရာဇာ၊ ဝါရမိတ္တူ၊ နဂါးလှည့်၊ မြေခံ၊ ကိုးနဝင်း၊ အင်းအိုင်၊ လက်ဖွဲ့၊ ခါးလှည့်၊ မန္တာန် စသောအမှားများသည် ဘာမျှအဓိပ္ပာယ်မရှိသော အရာများဟု ပြတ်သားထင်ရှား လာကြပေလိမ့်မည်။ လူတစ်ယောက်အား သူတော်ကောင်း ဟုတ်,မဟုတ် ချိန်ထိုးသောအခါ ကိုယ်ချင်းစာတရား မေတ္တာဓာတ်ခို၊ မခို အားဖြင့် ချိန်ထိုးရသကဲ့သို့။

ထို့အတူပင် အသိဉာဏ်ရှိ၊ မရှိကို ချိန်ထိုးသောအခါ ယုတ္တိကင်းမဲ့၍ အဓိပ္ပာယ်မရှိသော အရာများကို ယုံ၊ မယုံ အားဖြင့် ချိန်ထိုးရပေမည်။

*(အရှင်ပညိန္ဒာဘိဝံသ၊ ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအေ)*

## ပယ်ရမည့်အယူ

ပြဿဒါး၊ ရက်ရာဇာ၊ မြေခံ၊ နဂါးလှည့်ကို ရွေးခြင်း၊ အင်္ဂါရတ်ထိုးခြင်း၊ အောင်,ပါသောစကား၊ ကိုး,ပါသောစကားကိုမှ မင်္ဂလာရှိသည်ဟု ယူခြင်း၊ အသက်ကိုတည် ခုနစ်ခုနှင့်စား၍ ဆေးကုခြင်း၊ လပြည့်ကျော် တစ်ရက်နေ့စသည်၌ ကျသောနေ့ကို တိုင်ထူ၍ ဆေးကုခြင်း၊ မည်သည့်သစ်ပင်ကို မစိုက်ကောင်းဟု ယူခြင်း၊ အိမ်ကို ခွေးတက်၊ ဗျိုင်းနား၊ ငှင်းတနား၊ ပျားစွဲလျှင် မည်သို့ဖြစ်လိမ့်မည်ဟု ယူခြင်း၊ အိမ်ဆောက်ဆဲ အိမ်ရှင်သေလျှင် မီးကျော်သည်ဟု ယူ၍ မည်သူမှ မနေဝံ့ခြင်း၊ အိမ်ခိုက်သည်၊ ကျောင်းခိုက်သည်ဟု ယူဆတတ်ခြင်းတို့သည် ကံ၊ ကံ၏ အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာတို့၏ အယူမဟုတ်၍ စွန့်ပယ်အပ်ကုန်၏။

*(ရွှေဟသ်ာတောရတိုက်၊ စံကျောင်းဆရာတော်ဘုရားကြီး၏ အပရိဟာယနိယ ကျမ်းအဖွင့်မှ)*

**အခန်း (၇) ပြီး၏**

××××××

# အခန်း (၈)
# သာသနာနှင့် နတ်ကိုးကွယ်မှု

## နာနာသတ္တာရဉလ္လောကနဘေး

၆-၉-၈၉ နေ့ထုတ် လုပ်သားသတင်းစာပါ ကြိုတင်ဆင်ခြင်ပါ အမည်ရှိဆောင်းပါး၌ စာရေးဆရာ မဏိဇောတက၊ မြန်မာနိုင်ငံရှိ ဘာသာအသီးသီးမှ ဘာသာဝင်အရေအတွက်ကို ဤကဲ့သို့ တွက်ပြထားပါသည်။

| | | |
|---|---|---|
| ဗုဒ္ဓဘာသာဝင် | - | သန်းသုံးဆယ်ကျော် |
| ခရစ်ယာန်ဘာသာဝင် | - | တစ်သန်းခြောက်သိန်းကျော် |
| နတ်ကိုးကွယ်သူ | - | သုံးသိန်းကိုးသောင်းကျော် |
| ဟိန္ဒူဘာသာဝင် | - | တစ်သိန်းကိုးသောင်းကျော် |
| အခြားဘာသာဝင် | - | ငါးသောင်းနှစ်ထောင်ကျော် |

ဤအရေအတွက်အရဆိုလျှင် မြန်မာနိုင်ငံ၌ နတ်ကိုသာ သက်သက်၊ ကိုးကွယ်သူတို့မှာ လေးသိန်း နီးနီးရှိသည်ဟု ခန့်မှန်းရပါသည်။ အကယ်၍ ဗုဒ္ဓဘာသာရော နတ်ရော နှစ်မျိုးလုံးကိုးကွယ်သူ အရေအတွက်ကို ခန့်မှန်းရမည်ဆိုလျှင် သန်းသုံးဆယ်ကျော်ပင် ပြန်၍ရှိနေပါလိမ့်မည်။ ဆိုလိုရင်းကား ဗုဒ္ဓဘာသာဝင် ရာခိုင်နှုန်း ကိုးဆယ်ခန့်သည် ရိုးရာနတ်ကိုးကွယ်မှု ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။ နတ်သက်သက်ကိုသာ ကိုးကွယ်ရသော လေးသိန်းနီးပါးသော တောင်ပေါ်ဒေသနေ ပုဂ္ဂိုလ်များမှာ လမ်းပန်းအဆက်အသွယ် မကောင်းသဖြင့် ဗုဒ္ဓဘာသာ သာသနာပြုများ လုံ့ဝမရောက်နိုင်ကြသောကြောင့်သာ သစ်မရှိဝါးပေါင်းကွပ်သော အနေဖြင့် နတ်ကို ကိုးကွယ်နေကြ ရခြင်း ဖြစ်ပါသည်။

လောကတွင် အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးကို ကိုးကွယ်နေမိကြပြီဖြစ်သော ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ကိုးကွယ်ရာအပိုမရှာသင့်တော့ပါ။ နာနာသတ္တာရ ဉလ္လောကန (ဆရာအမျိုးမျိုး၏မျက်နှာကို မော့ကြည့် ရသော) ဘေးမဆိုက်သင့်တော့ပါ။ ရိုးရာအစဉ်အလာရှိနေသောကြောင့် မိမိလက်ထက်မှ ထူးချွန်ပြီး ပွဲမတင်ဘဲနေမိ သဖြင့် နတ်ကိုင်မှာကြောက်လျှင် ကိုးကွယ်ခြင်း၊ ပသခြင်းနှစ်မျိုးတွင် ဒါနသဘော ပသခြင်းမျိုးကား ပြုကောင်း ပါသည်။

ရတနာသုံးပါးကဲ့သို့ ကိုးကွယ်ခြင်းမျိုးကား မပြုကောင်းပါ။ ရတာသုံးပါးကိုလည်း မစွန့်လွှတ်သော ကြောင့် သရဏဂုံမပျက်ဟု ဆိုရစေကာမူ သရဏဂုံအား အမှန်ပင်ညှိုးနွမ်းပါသည်။ ထိုသို့ သရဏဂုံတံတိုင်း လုံခြုံမှု မရှိသောကြောင့်ပင် ဓားပြသူပုန်နှင့်တူသော နတ်ဆိုးများက ဝင်ရောက်ဒုက္ခပေးနိုင်ခြင်း ဖြစ်သည်။ ရိုးရာနတ် ကြီးကြီး ကျယ်ကျယ် ကိုးကွယ်သူများကို သေချာလေ့လာကြည့်လျှင် အလွန်ကြောက်သောကြောင့် မဖြစ်မနေ ကိုးကွယ်နေရခြင်း ဖြစ်ကြောင်း တိတိကျကျ သိကြရပါသည်။

ကြောက်မည်ဆိုလည်း ကြောက်လောက်ပါသည်။ နတ်ကိုးကွယ်မှုကြောင့် ကြီးပွားချမ်းသာသွားကြသူ များကို တစ်ယောက်မှ မတွေ့ရသော်လည်း ဘေးဒုက္ခရောက်သွားရသူများကိုကား အများအပြား တွေ့ကြရပါသည်။ အနည်းငယ်မျှ ဖော်ပြရသော် ဆွမ်းအလှူရှင် အမျိုးသမီးတစ်ဦးလည်း သူများနည်းတူ ရိုးရာနတ်တစ်မျိုး ကိုးကွယ်

ထားသည်။ တစ်နေ့တွင် နတ်ဆက်သော သောက်တော်ရေခွက်ကို ရင်သွေးငယ်သားလေးက ယူကိုင်မိရာမှ ကျကွဲသွားလေသည်။ အကိုးကွယ်ခံနတ်က ထိုအပြစ်အတွက် ဒဏ်ခတ်လိုက်သည်က နောက်တစ်နေ့တွင် ရင်သွေးငယ်သားလေးမှာ ဆိုင်ကယ်အတိုက်ခံရပြီး ကျိုးပဲ့ကာ ဆေးရုံတင်လိုက်ရပါတော့သည်။

လွန်ခဲ့သော ဆယ်နှစ်ခန့် စာသင်သားဘဝကလည်း ရိုးရာနတ်နှင့်ပက်သက်ပြီး အလွန်ဝမ်းနည်းစရာကောင်းသော အဖြစ်တစ်ခုကို တွေ့လိုက်ရပါသေးသည်။ မိုးကုတ်မြို့တွင် စာသင်နေသော ကိုရင်တစ်ပါးမှာ ရဟန်းဒကာပေါ်သဖြင့် ရဟန်းခံပွဲအတွက် မြင်းခြံမှမိဘဖြစ်သူများကို စာရေးမှာလိုက်ပါသည်။ သို့သော် ဖခင်သာလာသည်၊ မိခင်ပါမလာ။ အကြောင်းကို မေးကြည့်သောအခါ ကိုးကွယ်သောနတ်က ဘယ်မှမသွားရ၊ သွားလျှင် အလောင်းပဲတွေ့ရမည်ဟု ပူးဝင်ခြိမ်းခြောက်သောကြောင့် မလာနိုင်ခြင်းဖြစ်ကြောင်း သိရပါသည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာတွင် အရေးအကြီးဆုံးဖြစ်သော သာသနာရေးကိုမှ အားမပေးသောနတ်သည် သာသနာတွင်းမှနတ် ဖြစ်နိုင်,မဖြစ်နိုင် စဉ်းစားနိုင်းယှဉ်သင့်ပေသည်။

## ကျမ်းဂန်လာ သာသနာဖျက်နတ်များ

နတ်ဟုဆိုလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်အများစုက ကိုးကွယ်ဆည်းကပ်စရာ သူတော်ကောင်းနတ်များဟုသာ ထင်နေကြသည်။ တကယ်ကျတော့ သာသနာဖျက် သူယုတ်မာနတ်များ အများအပြားရှိသည်။ သာဓကနှစ်ခုထုတ်ပြပါမည်။ ပါရာဇိကဏ် ပါဠိတော်၊ တတိယပါရာဇိက၊ စာမျက်နှာ ၈၆-၈၇ တို့တွင် သာသနာဖျက် သူယုတ်မာနတ်တစ်ယောက်အကြောင်း တွေ့ရသည်။ မြတ်စွာဘုရား ဝေသာလီပြည်၊ မဟာဝုန်တော ပြသာဒ်ဆောင်ပေါက်သောကျောင်းကြီးတွင် သီတင်းသုံးနေတော်မူစဉ်ကပင် ဖြစ်ပါသည်။ ရဟန်းများအား ခန္ဓာကိုယ်ကို မတင့်တယ်သော ညစ်ညမ်းဖွယ်ရာအဖြစ် ရှုဆင်ခြင်ရသော အသုဘကမ္မဋ္ဌာန်းကို ဟောကြားပြီးသောနေ့တစ်နေ့တွင် ဆွမ်းပို့သော ရဟန်းမှတစ်ပါး မည်သူ့ကိုမှအတွေ့မခံဘဲ တစ်ပါးတည်းတောတွင်းသို့ဝင်၍ ၁၅ ရက်ခန့် သီတင်းသုံးနေထိုင်တော်မူပါသည်။

ထိုအချိန်တွင် အတိတ်ဘဝတစ်ခုက မုဆိုးဘဝဖြင့် သူတစ်ပါးတို့၏အသက်ကို သတ်ဖြတ်ခဲ့ကြသော ရဟန်းငါးရာတို့သည် မိမိကိုယ်မိမိလည်း သတ်ကြသည်။ အချင်းချင်းလည်း သတ်ကြသည်။ ရဟန်းတို့ကိုကပ်၍ စားနေသော မိဂလဏ္ဍိကအမည်ရှိ လူကြမ်းကြီးကိုလည်း သက်န်းပရိက္ခရာများပေး၍ သတ်ခိုင်းကြသည်။ ရဟန်းအနည်းငယ်ကို သတ်ပြီးသောအခါ ဝဂ္ဂုမုဒါမြစ်ကမ်းတွင် သန်လျက်ကိုဆေးကြောနေသော မဂလဏ္ဍိကကြီးသည် နောင်တတရားများ ဝင်လာကာ ငါတော့ရဟန်းကောင်းတွေကို သတ်မိပြီ၊ ကြီးမားများပြားသော အကုသိုလ်တွေကို ဆည်းပူးမိပြီ ငါရတဲ့ လူ့ဘဝကြီးကတော့ မကောင်းတော့ပါဘူးဟု တွေးတောကာ စိတ်မကောင်းဖြစ်နေရှာလေသည်။

ထိုစဉ်မှာပင် ရေပေါ်တွင်ရပ်လျက်သား နတ်သားတစ်ယောက်ပေါ်လာကာ "အချင်းမိဂလဏ္ဍိက စိတ်မကောင်း ဖြစ်မနေနဲ့၊ သင်ဟာ များစွာသော ကုသိုလ်တွေကို ဆည်းပူးမိပြီ သံသရာက မကူးမြောက်ရသေးတဲ့ ရဟန်းတွေကို သင်က ကူးမြောက်ပေးလိုက်ပြီ၊ သင်ဟာ လူ့ဘဝကို အရတော်သွားပြီ။ သင်၏ အလုပ်များသည်ကား ကောင်းလေစွ၊ ကောင်းလေစွ" ဟု အရဟန္တဃာတကကံကို ကျူးလွန်မိသော မိဂလဏ္ဍိကအား ဆက်၍ကျူးလွန်ရန် မြှောက်ပေးလိုက်ပါတော့သည်။

သာသနာဖျက်နတ်၏ အားပေးမှု၊ နတ်ဆိုလျှင် ကိုးကွယ်ရာဟုသာ ထင်မြင်သော မိဂလဏ္ဍိက၏ အမှားယုံကြည်မှုတို့ ပေါင်းစပ်လိုက်သောအခါ မဟာဝုန် တောကြီးအတွင်းရှိ ရဟန်းပေါင်း ငါးရာတို့၏ လည်ချောင်းသွေးများမှာ ချောင်းစီးခဲ့ရပါတော့သည်။

# အနာထပိဏ်နှင့် သာသနာဖျက်နတ်

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒအဋ္ဌကထာ အနာထပိဏ္ဍိက သေဋ္ဌိဝတ္ထုတွင်လည်း သာသနာဖျက်နတ် တစ်ယောက်ကို တွေ့ရပြန်သည်။ ပင်လယ်ထဲသွားသောသူမှန်သမျှ တစ်ကြိမ်မဟုတ်တစ်ကြိမ် လောကဓံမုန်တိုင်းနှင့် တွေ့ကြရသည်သာ။ ယခုလည်း ဇေတဝန်ကျောင်းဒကာကြီးအဖြစ် ထင်ရှားကျော်စောလှသော အနာထပိဏ်သူဌေးကြီးမှာ ချေးလိုက်ရသော ၁၈ ကုဋေသော ငွေတို့ကလည်း ပြန်မရ၊ မြစ်ကမ်းပါး၌ မြှုပ်ထားသော ၁၈ ကုဋေသော ငွေတို့ကလည်း သမုဒ္ဒရာထဲ ရေတိုက်စား မျောပါသွားခြင်းဟူသော အကြောင်းနှစ်ခုတို့ကြောင့် ဆင်းရဲနေရရှာလေပြီ။

ဆွမ်းခံကြွနေကျ သံဃာတော်များကိုလည်း ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ လောင်းလှူနိုင်ပါတော့သည်။ ထိုအခွင့်အရေးကိုယူ၍ မိစ္ဆာဒိဋ္ဌိသာသနာဖျက် တံခါးမုခ်စောင့်နတ်က တစ်နေ့သောအခါတွင် အနာထပိဏ်သူဌေးကြီးအား ကိုယ်ထင်ပြကာ ရတနာသုံးပါးကိုစွန့်ပြီး အလှူဒါနကိုမလုပ်ဘဲနေပါက အရင်ကဲ့သို့ချမ်းသာအောင် မ,စမည်ဖြစ်ကြောင်း သွေးဆောင်ဖြားယောင်း ပြောဆိုပါတော့သည်။ အနာထပိဏ်၏နေရာတွင် နတ်နှင့်ဗုဒ္ဓဘာသာကို ရောကြော်လုပ်ပြီး ကိုးကွယ်သူတစ်ဦးဦးသာ ဖြစ်ခဲ့မည်ဆိုလျှင် စွန့်ပစ်ဖို့ရာ သေချာနေချေပြီ။

ဗုဒ္ဓတင်စားသော ဥပမာစကားဖြင့် ပြောရပါလျှင် ဒွန်းစဏ္ဍား ဥပါသကာမျိုးသာ ဖြစ်ခဲ့လျှင်၊ ရတနာသုံးပါးကို ဧကန်မုချ စွန့်ပေလိမ့်မည်။ သို့သော် အနာထပိဏ်ကား ရတနာသုံးပါးမှတစ်ပါး အခြားဘာကိုမှ မကိုးကွယ်သော ဥပါသကာ ရတနာဖြစ်လေသောကြောင့် ဗုဒ္ဓဘာသာစစ်စစ်အိမ်မှာမှ လာနေသော ဘာသာခြား မိစ္ဆာဒိဋ္ဌိ သာသနာဖျက် နတ်ယုတ်ကို ယခုကဲ့သို့ ပြောဆိုနှင်ထုတ်လိုက်ပါတော့သည်။

" ဂစ္ဆ,နာဟံ တာဒိသီနံ သတေနပိ သဟဿေနပိ သတသဟ
ဿေနပိ သက္ကာ ကမ္ပေတုံ အယုတ္တံ တေ ဝုတ္တံ၊ ကိံ တယာ
မမ ဂေဟေ ဝသမာနာယ၊ သီဃံ သီဃံ မေ ယရာနိက္ခမာဟိ "

" မြန်မြန်သွားလေ့ ဥပါသကာ ရတနာဖြစ်သော ငါ့ကို သင်နတ်ကဲ့သို့ ယုတ်မာသော သဘောရှိသော သူတို့၏ အရာ,အထောင်,အသိန်းဖြင့်လည်း ကြောက်လန့်တုန်လှုပ်စေခြင်းငှာ မတတ်နိုင်၊ သင်သည် ဗုဒ္ဓဘာသာတို့၏ နားနှင့်မသင့်သော စကားတို့ကိုပြောဆို၏။ ငါ၏အိမ်၌ သင်နေခြင်းဖြင့် ဘာမှအကျိုးမရှိ လျင်လျင်မြန်မြန် ငါ့အိမ်မှ ထွက်သွားလေ့ "

အနာထပိဏ်ကို ဥပါသကာ ဒွန်းစဏ္ဍားအမှတ်နှင့် ဆွဲဆောင်ခဲ့သော အိမ်စောင့်နတ်မှာ မိမိသည် သာလျှင် အိမ်မှနှင်ထုတ်ခံရပြီး သားငယ်သမီးငယ်တို့ကို လက်ဆွဲကာ သာဝတ္ထိမြို့ထဲတွင် နေစရာရှာရင်း တဝဲလည်လည် ဖြစ်နေပါတော့သည်။ ဥပါသကာရတနာ၏ စကားတစ်ခွန်းကို နတ်ကပင် မပယ်မရှားလိုက်နာရသည်ကို ဤနေရာ၌ စာရှုသူများ အတုယူကြရပါမည်။ ဘယ်လိုမှ နေစရာရှာမရသည့်အဆုံးတွင် သာဝတ္ထိမြို့စောင့် နတ်ကြီးထံသွားပြီး အကူအညီတောင်းရသည်။

မြို့စောင့်နတ်ကြီးကလည်း အနာထပိဏ်သူဌေးကြီးကို လိုက်ပြီးပြောမပေးရဲချေ။ တဖန် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကို အကူအညီတောင်းကြည့်သော်လည်း တစ်ပါးမှ အနာထပိဏ်သူဌေးကြီးကို လိုက်ပြောမပေးရဲကြ။ နောက်ဆုံးတွင် နတ်တို့အရှင် သိကြားမင်းထံထိသွားကာ အသနားခံရပါတော့သည်။ ထိုအခါ သိကြားမင်းက

" သင်သည် မိုက်မဲလေစွ၊ မြတ်စွာဘုရား၏ သာဝကအရင်းကိုမှ သွားပြီးဖျက်ဆီးလေတယ်၊ ငါလည်း သင့်ကို အနာထပိဏ်သူဌေးကြီးက ပြန်လက်ခံအောင်တော့ တာဝန်မယူနိုင်၊ သို့သော် လက်ခံနိုင်မည့် အကြံတစ်ခုကိုတော့ ပေးလိုက်မည်။ သူဌေးကြီးထံမှ ချေးထားသော ၁၈ ကုဋေသော ငွေအသပြာများကို ပြန်ဆပ်ကြအောင်

သင့်ရဲ့တန်ခိုးနဲ့ ဆောင်ရွက်ပါ၊ သမုဒ္ဒရာထဲ မျောပါသွားကြတဲ့ ၁၈ ကုဋေသော ရွှေငွေများကိုလည်း ပြန်ရအောင် လုပ်ပြီး သူဌေးကြီးရဲ့ ဘဏ္ဍာတိုက်ထဲ ရောက်အောင်ထည့်ပေးပါ။ အဲဒီ အပြစ်ဒဏ်နှစ်ခုကို ထမ်းဆောင်ပြီးတဲ့ အခါကျမှ ရတနာသုံးပါးကို ဘယ်တော့မှ မပုတ်ခတ်၊ မဖျက်ဆီးပါဘူးဆိုတဲ့ ကတိကိုပေးပြီး ပြန်နေခွင့်တောင်းပါ ”

သိကြားမင်း အကြံပေးချက်အတိုင်း ဆောင်ရွက်တော့မှသာလျှင် အိမ်စောင့်နတ်မှာ အနာထပိဏ် သူဌေးကြီးအိမ်တွင် ပြန်လည်နေခွင့်ရသွားပါသည်။ အိမ်မှာနေသောနတ်ကိုပင် နှင်ထုတ်နိုင်လောက်အောင် လူသား တို့၌ ဘယ်လိုအစွမ်းသတ္တိတွေများ ရှိနေသလဲဟု စာရှုသူများတွေးမိပေလိမ့်မည်။ တိကင်္ဂုတ္တရပါဠိတော်တွင် အသက် တစ်ထောင်ရှည်ကာ ပဒေသာပင်ကိုဆွတ်၍ စားနိုင်ခွင့်ရှိသော မြောက်ကျွန်းသူ၊ မြောက်ကျွန်းသား လူသက်ဖြင့် ၃ ကုဋေခြောက်သန်းရှည်ကာ ကံဖြင့်ပြီးသော အစာအာဟာရ ဘုံဗိမာန်တို့ဖြင့်နေကြရသော တာဝတိံသာနတ်တို့ထက် ဇမ္ဗူဒိပ်ကျွန်းသား လူသားများ -

## နတ်ထက်သာသော အစွမ်းသတ္တိများ

ရဲရင့်ခြင်း သူရတရား

အောက်မေ့ဆင်ခြင်နိုင်ခြင်း သတိတရား

မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်း - ဗြဟ္မစရိယတရားသုံးပါးတို့ဖြင့် သာလွန်မြင့်မြတ် ကြောင်း ဟောကြားထားတော်မူပါသည်။

အောက်တန်းစား ဥပါသကာ ဒွန်းစဏ္ဍားတို့က နတ်တို့အား ရှိခိုးပူဇော်နေချိန်တွင် အထက်တန်းစား ဥပါသကာ ရတနာတို့ကား နတ်တို့၏အရှင်သခင် သိကြားမင်း၏ ရှိခိုးကန်တော့ခြင်းကို ခံယူနေသည်ဟု ဆိုလျှင် နတ်ကိုးကွယ်သူတို့က ယုံချင်မှ ယုံကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များအတွက် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဂဟဋ္ဌဝန္ဒနာ သုတ်ကို အကျဉ်းချုပ် သိသာရုံမျှ တင်ပြပါမည်။

အခါတစ်ပါးတွင် သိကြားမင်းသည် ဥယျာဉ်ခြံမြေသို့သွားရန်အတွက် မာတလိနတ်သားအား အာဇာနည်မြင်း တစ်ထောင်ကသောရထားကို ပြင်ဆင်ခိုင်းလိုက်လေသည်။ ပြင်ဆင်ပြီးကြောင်း မာတလိနတ်သားက လျှောက် ထားသောအခါ ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်လာသော သိကြားမင်းသည် လက်အုပ်ချီ၍ အရပ်လေးမျက်နှာကို ရှိခိုးလိုက်လေသည်။ သိကြားမင်းကပင် ရှိခိုးရသော ပုဂ္ဂိုလ်သည် ဘယ်လိုပုဂ္ဂိုလ်မျိုးများ ဖြစ်မည်နည်းဟု သိချင်လှ သဖြင့် မာတလိနတ်သားက အောက်ပါအတိုင်း မေးမြန်းလိုက်ပါသည်။

“ သိကြားမင်း၊ ဗေဒင်သုံးပုံတတ်သူ ဗြဟ္မဏတို့သည် လည်းကောင်း၊ မြေပြင်၌နေသူ အားလုံးတို့သည် လည်းကောင်း၊ မင်းတို့သည် လည်းကောင်း၊ နတ်မင်းကြီး လေးယောက်တို့သည် လည်းကောင်း၊ အခြွေအရံများစွာ ရှိသော တာဝတိံသာနတ်တို့သည် လည်းကောင်း၊ အရှင်သိကြားမင်းကို ရှိခိုးကြပါ၏။ သိကြားမင်း ထိုသို့ဖြစ်ပါလျက် အရှင်သိကြားမင်းရှိခိုးသော နတ်မင်းကား အဘယ်အမည်ရှိသော နတ်မင်းဖြစ်ပါသနည်း” ထိုအခါ သိကြားမင်းက

“ မာတလိ၊ ငါသည်ကား သီလနှင့်ပြည့်စုံ၍ နေ့ရက်များစွာ တည်ကြည်သောသမာဓိရှိသော မြတ်သော အကျင့်ကိုသာလျှင် လဲလျောင်းရာရှိသော ရဟန်းတော်တို့ကို ကောင်းစွာရှိခိုးပါ၏။ ထိုမှတစ်ပါး -

## သိကြားမင်းရှိခိုးသောလူ

ယေဂဟဋ္ဌာ ပုညကာရာ၊
သီလဝန္တော ဥပါသကာ၊
ဓမ္မေန ဒါရံ ပေါသေန္တိ၊
တေ၊ နမဿာမိ မာတလိ။

ပစ္စည်းလေးပါးကိုလှူခြင်း အစရှိသော ကောင်းမှုကိုပြုသော၊ ရတနာသုံးပါးကိုသာလျှင် ဆည်းကပ်ကိုးကွယ်သော၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲသော၊ သမ္မာအာဇီဝဖြင့် သားမယားကို လုပ်ကျွေးသော လူဝတ်ကြောင် ပုဂ္ဂိုလ်များကိုလည်း ငါရှိခိုး၏ဟု ပြန်လည်ဖြေလိုက်ရာ သိကြားမင်း၏အဖြေကို သဘောကျလှသဖြင့် မာတလိနတ်သားကလည်း သိကြားမင်းနည်းတူ လိုက်၍ရှိခိုးပါသည်။ ဤဂဟဋ္ဌဝန္ဒနာသုတ်ကို ထောက်ထား၍ အရှင်ပညိန္ဒာဘိဝံသ မထေရ်က မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာစစ်တမ်း စာအုပ်တွင် အောက်ပါအတိုင်း နှိုင်းယှဥ်၍ ဝေဖန်ပြတော်မူခဲ့ပါသည်။

## ရှိခိုးသူနှင့် ရှိခိုးခံသူ

ဤသို့လျှင် လူကောင်း၊ သူကောင်းတို့သည် သိကြား,စသော နတ်များ၏ ရှိခိုးပူဇော်ခြင်းကို ခံကြရကုန်၏။ လူဆိုး လူညစ်တို့သည်ကား နတ်တို့၏ ရှိခိုးပူဇော်ခြင်းကို မခံရရုံမျှမက နတ်များကိုပင်ပြန်လည်၍ ရှိခိုးပူဇော်နေကြရကုန်၏။ ခိုးဝှက်တိုက်ခိုက် လုယက်သတ်ဖြတ်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ ပြန်ပေးဆွဲခြင်းစသော လောကဥ္စအဆိုးရွားအယုတ်မာဆုံးသော အဓမ္မအမှုများကို မပြုလုပ်မီ လူဆိုးဓားပြတို့သည် နတ်တင်ကြကုန်၏။ နတ်ကို ပူဇော်ပသကြကုန်၏။ ဤသို့သော အပြုအမူများကို ထောက်ဆ၍ နတ်ပူဇော်ပသသူများ၏ အဆင့်အတန်းကို ခန့်မှန်းနိုင်ပေသည်။

အရှင်ပညိန္ဒာဘိဝံသ မထေရ်နည်းတူ အရှင်မဟာရဋ္ဌသာရကလည်း ဘူရိဒတ်ဇာတ်တော်ပျို့တွင် -

" ရတနာသုံးပါး၊ အမြတ်အားကို၊ များများမယုံ၊
အာရုံနှောင့်နှေး၊ နှစ်ခွတွေး၍ နာရေးဖျားတာ၊
ရှိသာခါလျှင်၊ ကြမ္မာထုံးဟောင်း၊ အိမ်မကောင်းကို၊
မြကြောင်းပင့်ကူ၊ ထောက်တိုဟူသား၊ အလျှုသီတင်း၊
ဆည်းပူးခြင်းကို စင်းစင်းမပြု၊ စုန်းမှုနတ်ရှယ်၊
အကယ်ကယ်သို့၊ ရယ်ဘွယ်အိုးကြီး မရှက်သီးဘဲ၊
ကန္နားပွဲနှင့် ဝတ်လဲဖြူနီ၊ ပန်းဆီပန်းနှစ်၊
ဆင့်ကာရွတ်လျှက်၊ လက်ယှက်လက်ဝန်း၊ တဖြင့်သန်းလျက်၊
သွမ်းမှန်းမသိ၊ မျက်စိဆံလည်း၊ နတ်ရှူးသည်ဟု
မတည်မတန့်၊ လွင့်ပြန့်နှလုံး၊ သူမိုက်ထုံးကို စွဲသုံးလေ့လာ
မကျင့်ရာသည် မိစ္ဆာယောင်ယီး ယောင်ယမ်းတည်း။ " ဟု ဖွဲ့ဆို သတိပေးတော်မူခဲ့ပါသည်။

လက်ာအချုပ်မှာ ရတနာသုံးပါးကို သေချာယုံကြည်မှုမထားဘဲ အလျှုသီတင်း ဆောက်တည်ခြင်းလည်း မရှိဘဲ၊ နာရေးဖျားတာ စသည်ရှိသောအခါတိုင်း နတ်ကန္နားပေးသော အလေ့အထသည် သူမိုက်တို့၏ ကျင့်ထုံးသာ ဖြစ်ကြောင်း သိစေလိုခြင်းဖြစ်ပါသည်။

နတ်ပြည် ခြောက်ထပ်၌ရှိသော နတ်များမှတစ်ပါး အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ ကိုကြီးကျော်၊ အိမ်တွင်းမင်းမဟာဂီရိ၊ မနဲ့လေး၊ ဦးရှင်ကြီး၊ နံကရိုင်းစသော နတ်များကို မည်သည့်ဘုံထဲတွင် ပါဝင်ကြောင်း အဘိဓမ္မာအလို တိတိကျကျ ခွဲကြည့်လျှင် ပေတဟုခေါ်သော ပြိတ္တာဘုံတွင် ပါဝင်ကြောင်း တွေ့ရပါသည်။ ပြိတ္တာဘုံမှာ အပါယ်လေးဘုံတွင် ပါဝင်သောကြောင့် ၎င်းနတ်များမှာ ဆင်းဆင်းရဲရဲ နေကြရပါသည်။ အစားအတွက်မှာလည်း လမ်းမှာပစ်ထားသော အညစ်အကြေးများကို ဖြစ်သလို ရှာစားကြရပါသည်။

တစ်ခါတစ်ရံ ဘယ်လိုမှ အစာမရနိုင်၍ ငယ်ရွယ်သောကလေးများကို ပူးကပ်ပြီး သူတို့အတွက် အစာတောင်းတတ် ကြပါသည်။ ထိုအခါ လူကြီးများက ခေါ်စာ (ပြိတ္တာစာ၊ စုန်းစာ) ပစ်ပေးကြရပါသည်။ ထိုခေါ်စာပစ်ခြင်း အလေ့အထမှာ ယခုထက်တိုင် ရှိနေပါသေးသည်။ ထိုကဲ့သို့ အညစ်အကြေးများကို ရှာကြံကောက်စားနေကြရသော ပုဂ္ဂိုလ်များကို အုန်းပွဲနှင့်ပင့်ပြီး အိမ်ပေါ်တင်ထားလိုက်သောအခါ တစ်အိမ်လုံးကို ပိုင်ပိုင်နိုင်နိုင် ဒုက္ခပေးပြီး ထိုင်စားနေခြင်း ဖြစ်ပါတော့သည်။

၎င်းနတ်စိမ်းများသည် ပြိတ္တာများသာဖြစ်ပါလျက် ၎င်းတို့ထက်မြတ်သော လူသားများကို အဘယ်၏ အစွမ်းဖြင့် ဒုက္ခပေးနိုင်ကြ သနည်း။ အဖြေကား ကမ္မဇိဒ္ဓိခေါ် ဘဝကံကပေးသော တန်ခိုး၏အစွမ်းဖြင့် ဒုက္ခပေးနိုင်ကြခြင်း ဖြစ်ပါသည်။ ဤ၌လည်း ရတနာသုံးပါးနှင့်နတ်ကို ရောကြော်ကိုးကွယ်ကြသောသူများကိုသာ ဆိုလိုပါသည်။ ရတနာသုံးပါး သက်သက်ကိုသာ ကိုးကွယ်ကြသော ဥပါသကာ ရတနာများကိုကား ဒုက္ခပေးနိုင်ဖို့ နေနေသာသာ အနားသို့ပင် မသိနိုင်ကြပါ။

ပြိတ္တာနတ်စိမ်းတို့ ရရှိထားသောတန်ခိုးကား လူသားတို့က ၎င်းတို့ကို မမြင်နိုင်ခြင်းပင် ဖြစ်ပါသည်။ ဘဝကံကပေးသော ဤတန်ခိုး တစ်ခုမှတစ်ပါး တခြားဘာတန်ခိုးမှ မရှိပေ။ မိမိကို မမြင်စေနိုင်သော ထိုတန်ခိုးမျိုး လူသားတို့တွင် မရှိသောကြောင့် ၎င်းနတ်စိမ်း ပြိတ္တာများကို မကိုးကွယ်သင့်ဘူးလားဟု မေးပြောအံ့။ ၎င်းအဆိုအတိုင်း ဆိုလျှင် ကောင်းကင်မှာ ပျံနိုင်သော ငှက်များကို ကောင်းကင်မှာ ပျံနိုင်ခြင်းမရှိသော လူသားတို့က ကိုးကွယ်ရမလို ဖြစ်နေပေလိမ့်မည်။ ငှက်များ ကောင်းကင်မှာပျံနိုင်ခြင်းမှာလည်း ကမ္မဇိဒ္ဓိခေါ် ဘဝကံကပေးထားသော တစ်ခိုးတစ်မျိုးပင် ဖြစ်ပါသည်။

ယနေ့ လူသားအားလုံးသည် ကိုးကွယ်ရာကို အဘယ့်ကြောင့်ရှာကြသနည်း။ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာတွင် ကောင်းကျိုးချမ်းသာများကို ရလိုသောကြောင့်ဟု ဖြေကြရပေမည်။ ယနေ့ ဗုဒ္ဓဘာသာနှင့် တွဲဖက်ကိုးကွယ်နေကြသော နတ်စိမ်းများသည် ၎င်းတို့ကိုယ်တိုင် ကောင်းကျိုးချမ်းသာကို ခံစားနေကြရသူများ မဟုတ်ကြသောကြောင့် ၎င်းတို့ကို ကိုးကွယ်နေသူများကိုလည်း ကောင်းကျိုးချမ်းသာ ရရှိအောင် ဘယ်လိုမှ ဆောက်ရွက်ပေးနိုင်လိမ့်မည် မဟုတ်ပေ။ ယင်းနတ်စိမ်းများကို ကောင်းကျိုးချမ်းသာအတွက် အားကိုးစရာမလိုသလို ဆင်းရဲဒုက္ခအတွက်လည်း စိုးရိမ်စရာ ကြောက်စရာမလိုပေ။

လူသားက နတ်တို့ထက်သာလွန်သော တရားသုံးမျိုးအနက်က ရဲရင့်ခြင်း,သူရတရားကိုသာ အစွမ်းကုန် ထုတ်သုံးလျှင် နတ်ကပင်လူကို အရှုံးပေးရသော သာဓကတွေ များစွာရှိပါသည်။ ထိုအနက်က သာဓကနှစ်ခုခန့်ကို ထုတ်ပြပါမည်။ လူကြမ်း နတ်ကြမ်းမခံနိုင် ဟူသော လူသားခိုင်းရာကို နတ်ကပြုလုပ်ပေးရသော သာဓကကို ဝိသတိနိပါတ်၊ ဟတ္ထိပါလဇာတ်တွင် ယခုလို တွေ့ရှိရပါသည်။

တစ်ခါက ဗာရာဏသီမြို့တွင် ဧသုကာရီအမည်ရှိသော ဘုရင်တစ်ပါး မင်းပြုသောအချိန်ပင် ဖြစ်ပါသည်။ နန်းတွင်း ခစားသော ပုရောဟိတ်နှင့် ငယ်သူငယ်ချင်းဖြစ်သဖြင့် အလွန်ချစ်ကျွမ်းဝင်ကြသည်။ နှစ်ယောက်လုံးမှာ သားသမီး မထွန်းကားကြချေ။ တစ်နေ့ သူငယ်ချင်းနှစ်ယောက်၊ နောင်ရေးကို ပြောဆိုဆွေးနွေးရင်း ငါတို့၏စည်းစိမ်

ဥစ္စာသည် များပြားလှ၏။ ငါတို့မှာ အမွေခံမည့် သားသမီးမရှိကြ။ ဘယ်လို လုပ်သင့်,လုပ်ထိုက်သနည်းဟု တိုင်ပင်ကြလေသည်။ တိုင်ပင်ကြသည့်အခါ မင်းက ပုရောဟိတ်ကို -

သူငယ်ချင်း၊ အကယ်၍ သင်သားမွေးလျှင် ငါ၏စည်းစိမ်ချမ်းသာကို သင့်သားအား ပေးမည်။ အကယ်၍ ငါသားမွေးလျှင် သင်၏စည်းစိမ်ချမ်းသာကို ငါ့သားအား ပေးရမည်ဟု ပြောဆိုအကြံပြုလေသည်။ ထိုအကြံပြုချက်ကို နှစ်ဦးသဘောတူ လက်ခံကာ လိုက်နာဆောင်ရွက်ရန် ကတိပြုကြလေသည်။ ထို့နောက် တစ်နေ့သောအခါ ပုရောဟိတ်သည် မိမိအား အပိုင်စားပေးထားသည့် ရွာမှအပြန် မြို့ထဲအဝင် မြို့ပြင်တံခါးအနီးတွင် သားတစ်ယောက်က ရှေ့ကသွားကာ သားတစ်ယောက်က နောက်က၊ သားတစ်ယောက်က မိခင်လာက်ကိုဆွဲပြီး ဘေးက၊ သားတစ်ယောက်က ပုခုံးပေါ်က၊ သားတစ်ယောက်က ခါးပေါ်က လိုက်ပါလျက် သွားနေသော သားခုနစ်ယောက်ရှိသော ဗဟုပုတ္တိကအမည်ရှိသော သူဆင်းရဲမတစ်ယောက်ကို တွေ့မြင်ရလေသည်။ ထိုအခါ ပုရောဟိတ်က သူဆင်းရဲမကို-

“ နှမ၊ ဒီသားခုနစ်ယောက်တို့၏ ဖခင်ဘယ်မှာလဲ ” ဟု မေးလျှင် သူဆင်းရဲမက “ အရှင်၊ ဒီသားခုနစ်ယောက်တို့မှာ မြဲသည့်ဖခင်မည်သည်မရှိ ” ဟုပြောလေသည်။

မရှိဘဲနှင့် ဒီသားခုနစ်ယောက်တို့ကို ဘယ်လိုလုပ်ပြီး ရရှိခဲ့သလဲဟု ဆက်မေးသော် သူဆင်းရဲမသည် အခြားပြစရာ အကြောင်းကိုမမြင်၍ မြို့တံခါးအနီးမှာရှိသည့် ညောင်ပင်ကို လက်ညှိုးထိုးပြကာ “ အရှင်၊ ဒီညောင်ပင်မှာ စိုးအုပ်နေသော နတ် (ရုက္ခစိုးနတ်) ဆီမှာ ဆုတောင်း၍ ရခဲ့ပါသည်။ ဒီညောင်ပင်စောင့်နတ်က ကျွန်မအား ထိုသားများကို ပေးပါသည် ” ဟုပြောလေသည်။

## နတ်ကကြောက်ရသော လူသား

ပုရောဟိတ်က ဒီလိုဆိုလျှင်သွားတော့ဟုပြော၍ ရထားပေါ်မှဆင်းကာ ညောင်ပင်ရင်းသွား၍ ညောင်ကိုင်းကို ကိုင်လှုပ်ပြီးလျှင် “ ဟယ် ညောင်ပင်စောင့်နတ် သင်သည် ငါတို့မင်းဆီမှ ဘာမရတာရှိလို့လဲ။ မင်းသည် သင့်အား နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ် တစ်ထောင်အကုန်အကျခံ၍ ပူဇော်ပသ၏။ ထိုးမင်းတော့ ဘယ်အတွက်ကြောင့် သားမပေးသလဲ၊ ဒီသူဆင်းရဲမက သင့်အား ဘာကျေးဇူးပြုလို့လဲ၊ ဘာပူဇော်လို့လဲ၊ သူဆင်းရဲမ ကျတော့ သားခုနစ်ယောက်ပေးပြီး ငါတို့မင်းအား အကယ်၍သားမပေးလျှင် ဒီနေ့မှ နောက်ခုနစ်ရက်မြောက်နေ့မှာ သင့်ညောင်ပင်ကို အမြစ်ပါတူးဖော်၍ အပိုင်းပိုင်းပြတ်အောင် ဖြတ်ပစ်မည် ” ဟု ရုက္ခစိုးနတ်ကို ခြိမ်းခြောက်ပြီး ပြန်လေသည်။

ပုရောဟိတ်သည် ဤနည်းအတိုင်း နေ့စဉ်နေ့တိုင်း သွားရောက်ခြိမ်းခြောက်လေသည်။ ခြောက်ရက်မြောက်နေ့ရောက်လျှင် ညောင်ကိုင်းကို ကိုင်၍ “ ရုက္ခစိုးနတ် နောက်တစ်ရက်သာ ကျန်တော့သည်။ အကယ်၍ ငါတို့မင်းအား သားမပေးလျှင် နက်ဖြန်အဆုံးစီရင်ပေမည် ”ဟု ခြိမ်းခြောက်ပြန်လေသည်။ ရုက္ခစိုးနတ်သည် ဆင်ခြင်ကြည့်လျှင် ပြောသည့်အတိုင်း တကယ်လုပ်တော့မည်ကို သိ၍ “ ဒီပုရောဟိတ် ပုဏ္ဏားသည် သားမရလျှင် ငါ့ဗိမာန်ကို ဖျက်ဆီးပစ်တော့မည်။ ဘယ်နည်းဖြင့် သားပေးသင့်သလဲ ” ဟု ကြံ၏။

ကြံပြီးနောက် စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ထံ ထိုအကြောင်းကိုပြောပြ၍ အကူအညီတောင်းလေသည်။ နတ်မင်းကြီးလေးယောက်တို့က ငါတို့သားပေးနိုင်စွမ်းမရှိဟု ပြောလွှတ်လေလျှင် နတ်စစ်ဗိုလ်ချုပ်ကြီး ၂၈ ယောက်ထံသွားရောက်၍ အကူအညီတောင်းပြန်လေသည်။ နတ်စစ်ဗိုလ်ချုပ်ကြီးများကလည်း မတတ်နိုင်ကြောင်းပြောလေလျှင် နတ်တို့၏မင်းဖြစ်သော သိကြားမင်းထံသွားရောက် အကူအညီတောင်းလေသည်။ သိကြားမင်းသည် မင်းနှင့်သင့်လျော်သည့် သားရနိုင်,မရနိုင် ဆင်ခြင်ကြည့်ရှုလေလျှင် ဘုန်းကံရှိသော နတ်သားလေးယောက်တို့ကို မြင်လေသည်။

ထိုနတ်သားလေးယောက်တို့သည် ရှေးဘဝက ဗာရာဏသီမြို့၌ ရက်ကန်းသည်များဖြစ်၍ ရက်ကန်းယက်၍ ရအပ်သောဥစ္စာကို ငါးပုံ,ပုံကာ လေးပုံကိုသုံးစွဲ၍ တစ်ပုံကို အလှူဒါနပြုခဲ့ကြလေသည်။ ထိုရက်ကန်းသည် လေးယောက်တို့သည် ထိုဘဝမှ စုတေသော် ထိုကောင်းမှုကံကြောင့် တာဝတိံသာဘုံ၌ ဖြစ်ကြလေသည်။ ထို့နောက် ယာမာဘုံဖြစ်၍ ဤသို့စသည်ဖြင့် ခေါက်တုံ့ခေါက်ပြန်အထပ်ထပ် နတ်ပြည်ခြောက်ထပ်၌ စည်းစိမ်ခံစားကျင်လည်ကြလေသည်။ ထိုအခါ၌ကား ထိုနတ်လေးယောက်တို့သည် တာဝတိံသာဘုံမှ စုတေ၍ ယာမာဘုံသို့ သွားရမည့်အလှည့် ဖြစ်၏။

သိကြားသည် ထိုနတ်သားလေးယောက်တို့ထံ သွားရောက်၍ " သင်တို့ လူ့ပြည်သွား၍ ဧသုကာရီမင်း၏ မိဖုရားကြီး ဝမ်းထဲသို့ ပဋိသန္ဓေ နေသင့်ကြသည်ဟု တိုက်တွန်းအကြံပေးရာ ထိုနတ်သား လေးယောက်တို့က "လူ့ပြည်ကိုတော့ သွားပါမည်။ သို့သော် မင်းမျိုးမှာ မဖြစ်ချင်ပါ။ ပုရောဟိတ် ပုဏ္ဏားမျိုးတွင်ဖြစ်၍ ငယ်ငယ်ရွယ်ရွယ်ကပင် ကာမဂုဏ်ကိုစွန့်ကာ ရဟန်းပြုပါမည် " ဟု ပြောကြလေသည်။

သိကြားသည် " ကောင်းပြီ " ဟု ပြောဆိုကာ ထိုနတ်သားတို့ထံမှ ဝန်ခံချက်ယူ၍ ပြန်လာပြီးလျှင် ရုက္ခစိုးနတ်အား ထိုအကြောင်းကို ပြောလေသည်။ ရုက္ခစိုးနတ်သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သိကြားကို ရှိခိုး၍ မိမိဗိမာန် ပြန်လာလေသည်။ ပုရောဟိတ်ပုဏ္ဏားသည် နောက်ဆုံးနေ့ရောက်သော် နောက်ဆုံးနေ့ဖြစ်သည့်အတိုင်း ညောင်ပင်ကို တူးလှဲပစ်ရန် အားကောင်းသည့် ယောကျ်ားများကိုခေါ်၍ ပုဆိန်ရဲတင်းစသည်တို့ကို အယူခိုင်းပြီးလျှင် ညောင်ပင်ရှိရာသို့ သွားလေသည်။ ညောင်ပင်ရောက်လျှင် ညောင်ကိုင်းကို ကိုင်၍ -

" အို . . နတ်၊ ကနေ့သည် ကျွန်ုပ်သားတောင်းသည့် ခုနစ်ရက်မြောက်နေ့ ဖြစ်သည်။ ခုအခါသည် သင်,ပေးမည်၊ မပေးမည်ကို အပြီးအပြတ် အဆုံးအဖြတ်ပေးရမည့်အခါဖြစ်၏" ဟု ပြောလေသည်။ ထိုအခါ ရုက္ခစိုးနတ်သည် ကြီးစွာသော အာနုဘော်ဖြင့် သစ်ကိုင်းကြားမှထွက်၍ ချိုသာသောအသံဖြင့် -

" ပုရောဟိတ် ပုဏ္ဏား၊ သင့်အား သားတစ်ယောက်သာမက သားလေးယောက်ကို ငါပေးမည် " ဟု ပြောလေလျှင် ကျွန်ုပ်အလိုမရှိပါ၊ ကျွန်ုပ်တို့မင်းအားသာ ပေးပါဟု ပြောလေသည်။ သင့်ကိုသာ ပေးမည်ဟု ရုက္ခစိုးနတ်ကပြောသော် ဒီလိုဆိုလျှင် နှစ်ယောက်စီပေးပါဟု ပြောလေသည်။ ရုက္ခစိုးနတ်က " မင်းတော့ မပေးနိုင်၊ လေးယောက်လုံး သင့်အားသာ ပေးမည်။ သင်လည်းပဲ ရကာမျှသာ ဖြစ်လိမ့်မည်။ အိမ်ရာတည်ထောင် လူ့ဘုံမှာမနေဘဲ ငယ်ငယ်ရွယ်ရွယ်ကပင် ရဟန်းပြုကြလိမ့်မည် " ဟု ပြောလေလျှင် ပုဏ္ဏားက -

"သင်,ငါ့အား သားပေးဖို့သာလိုသည်။ ရဟန်းမပြုအောင် လုပ်ဖို့မှာမူကား ငါ့တို့တာဝန်သာဖြစ်၏" ဟု ပြောလေသည်။ ရုက္ခစိုးနတ်သည် ပုရောဟိတ်အား သားဆုပေး၍ မိမိဗိမာန်တွင်း ဝင်လေသည်။ အကြီးဆုံးနတ်သားသည် နတ်ပြည်မှစုတေလျှင် ပုရောဟိတ်ပုဏ္ဏား၏ မယားဝမ်း၌ ဝဋိသန္ဓေနေလေသည်။ ဖွားမြင်ပြီးနောက် ဟတ္ထိပါလဟု အမည်တွင်လေသည်။ ဤနည်းတူ နတ်သားလေးယောက်လုံး ပုဏ္ဏေးမ,ဝမ်း၌ ပဋိသန္ဓေနေကြလေသည်။

# လူသတ်၍နတ်သေ

စတုက္ကနိပါတ်၊ စူဠကာလိင်္ဂဇာတ်တွင်လည်း လူသတ်၍နတ်သေရသော သာဓကတစ်ခုကို တွေ့ရပါသည်။ ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့တွင် ကလိင်္ဂမင်း မင်းပြုနေသောအချိန်ဝယ် အဿကတိုင်း၊ ပါဋလိမြို့၌ အဿကမင်း မင်းပြု၏။ ကာလိင်္ဂမင်းသည် စစ်သည်ဗိုလ်ပါ ပြည့်စုံရုံသာမက ဆင်ပြောင်အားကို ဆောင်နိုင်လောက်အောင် အားကောင်း၏။ သူ့ကိုစစ်တိုက်ရဲသူမရှိဟု ပြောရလောက်အောင် နိုင်ငံအသီးသီးက ကြောက်လန့်ကြသည်။ ကာလိင်္ဂမင်းနှင့် စစ်တိုက်ရဲသည့်နိုင်ငံ မရှိသလောက်ပင် ဖြစ်နေသည်။

စစ်မတိုက်ရ မနေနိုင်သော ကာလိင်္ဂမင်းကြီးသည် တစ်နေ့တွင် ချောမောလှပသော သမီးတော်,လေးဦးကို ယာဉ်တစ်စီးပေါ်တင်၍ အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည်စေသည်။ ကာလိင်္ဂမင်းနှင့် စစ်တိုက်လိုသောနိုင်ငံသည် သမီးတော်,လေးပါးကို သိမ်းပိုက်နိုင်သည်ဟူသော အမိန့်တော်ကိုလည်း တစ်ခါတည်း မှတ်ပေးလိုက်ရာ ဘယ်နိုင်ငံမှ မသိမ်းပိုက်ရဲဘဲ လက်ဆောင်ပဏ္ဏာဆက်သ၍သာ ပြန်လွှတ်ကြလေသည်။ အဿကတိုင်း၊ ပါဋိလိမြို့သို့ ရောက်သောအခါတွင်လည်း စစ်မတိုက်ရဲသော အဿကဘုရင်သည် လက်ဆောင်ပေး၍ သမီးတော်တို့ကို ပြန်လွှတ်လေသည်။

ထိုအချိန်က အဿကဘုရင်တွင် ပညာရှိ၍ လိမ္မာပါးနပ်သော စစ်ပရိယာယ်ကျွမ်းကျင်သော နန္ဒိသေနအမည်ရှိ အမတ်တစ်ယောက် ရှိသည်။ ဤမင်းသမီးတို့သည် အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည်သော်လည်း စစ်ထိုးဘက်နိုင်ငံကို မရလျှင် ဇမ္ဗူဒိပ်ကျွန်းသည် အချည်းအနှီးအလား ဖြစ်လိမ့်မည်။ ငါသည်ကား ကာလိင်္ဂမင်းနှင့် စစ်ထိုးအံ့ဟု ကြံစည်ပြီးလျှင် မင်းသမီးလေးယောက်တို့ကိုလည်း အဿကဘုရင်အား ဆက်သလိုက်လေသည်။ အတူပါလာသော မင်းချင်းတို့ကိုလည်း သမီးတော်လေးပါလုံးကို မိဖုရားမြှောက်ကြောင်း ကာလိင်္ဂမင်းအား အကြောင်းကြားခိုင်းလိုက်လေသည်။

အကြောင်းကိုသိရသည်နှင့် စစ်သွေးဆာနေသော ကာလိင်္ဂမင်းသည် စစ်သည်ဗိုလ်ပါအပြည့်အစုံနှင့် တရကြမ်း ချီတက်လာလေတော့သည်။ ကာလိင်္ဂမင်း ချီတက်လာသည်ကို သိရသည်နှင့် နန္ဒိသေနအမတ်က တစ်ဦး၏နိုင်ငံအပိုင်းအခြား အတွင်းသို့ တစ်ဦးကမဝင်ဘဲ နှစ်နိုင်ငံကြား၌ စစ်ထိုးမည်ဖြစ်ကြောင်း၊ အကြောင်းကြားစေလိုက်သည်။ နှစ်ဖက်ပြည်သူများ မထိခိုက်စေရန် ဖြစ်သည်။ မင်းနှစ်ပါးတို့သည် နှစ်နိုင်ငံနယ်စပ်၌ စစ်ကိုအသင့်ပြင်ကြလေသည်။ ထိုအခါ ဘုရားလောင်းသည် ရသေ့ပြု၍ ထိုမင်းနှစ်ပါးတို့၏ တိုင်းအကြား၌ ကျောင်းဆောက်၍နေလေသည်။

ကာလိင်္ဂမင်းသည် စစ်မတိုက်မီစပ်ကြား အရှုံးအနိုင်ကြိုသိရန် ဘုရားလောင်းရသေ့အား သွားမေးရာ ဘုရားလောင်းရသေ့က သိကြားမင်းကိုတဆင့်မေးရာ ကာလိင်္ဂမင်းနိုင်ပြီး အဿကမင်း ရှုံးမည်ဖြစ်ကြောင်း ဖြေကြားလိုက်လေသည်။ အရှုံးအနိုင်ကို ကြိုတင်သိနိုင်သည့် ပုဗ္ဗနိမိတ်စသည်ကို မမေးတော့ဘဲ ကာလိင်္ဂမင်းသည် ဝမ်းသာအားရ ပြန်သွားလေတော့သည်။ ထိုသတင်းသည် နှစ်ဘက်စစ်သည်တို့အကြားသို့ ပျံ့နှံ့သွားလေရာ အဿကဘုရင်က နန္ဒိသေနအမတ်ကိုခေါ်၍ ကာလိင်္ဂမင်းနိုင်ကာ ငါတို့ရှုံးမည်ဟု ဆိုသည်။ ဘယ်လို လုပ်ကြမည်နည်းဟု မေးမြန်းတိုင်ပင်လေသည်။

နန္ဒိသေနအမတ်က အရှင်မင်းကြီး၊ အရှုံးအနိုင်ကို မည်သူသည် ကြိုတင်သိနိုင်မည်နည်း။ အရှင်မင်းကြီး မစိုးရိမ်နှင့်၊ အကြောင်းစုံသိလျှင် အကျွန်ုပ်စုံစမ်းမည်ဟု လျှောက်ထားပြီးလျှင် ဘုရားလောင်းရသေ့ကြီးထံသို့သွားကာ အကြောင်းစုံကို သေချာမေးလေသည်။

" အရှင်ဘုရား၊ အဘယ်မင်းသည်နိုင်၍ အဘယ်မင်းသည် ရှုံးလတ္တံ့နည်း "

" ကာလိင်္ဂမင်းသည် နိုင်၍ အဿကမင်းသည် ရှုံးလတ္တံ့ "

## အများထက်သာသော စဉ်းစားတွေးခေါ်ဉာဏ်

" အရှင်ဘုရား၊ နိုင်အံ့, ရှုံးအံ့သောမင်းတို့၏ ပုဗ္ဗနိမိတ်သည် ဘယ်လိုထင်ပါသနည်း " ဘုန်းကြီးသော ဒါယကာ၊ စစ်နိုင်လတ္တံ့သောမင်း၏ အစောင့်အရှောက်နတ်သည် ဖြူသော နွားလားဥဿဘအဖြစ် ဖန်ဆင်းကာ စစ်ထိုးမည်။ စစ်ရှုံးလတ္တံ့သော မင်း၏အစောင့်အရှောက်နတ်သည် မည်းနက်သော နွားလားဥဿဘအဖြစ် ဖန်ဆင်း၍ စစ်ထိုးမည်။ ဦးစွာစစ်ထိုးသော နတ်တို့၏အရှုံးအနိုင်သည် မင်းနှစ်ပါးတို့၏ အရှုံးအနိုင်ဖြစ်ပေလိမ့်မည်။ ရသေ့ဆီမှ အရေးကြီးသော စကားကိုရသည်နှင့် နန္ဒိသေနအမတ်သည် မိမိစစ်တပ်ဆီသို့ပြန်ခဲ့ကာ မင်းကိုချစ်ကျွမ်းဝင်၍ အဆွေခင်ပွန်းဖြစ်ကြသော သူရဲကောင်းတစ်ထောင်ကို ခေါ်ထုတ်ကာ မြင့်မားသောတောင်တစ်ခုပေါ်သို့ ခေါ်သွားလေသည်။

## သတ္တိကို နှိုးဆွပေးခြင်း

တောင်ထိပ်သို့ရောက်သည်နှင့် " သူရဲကောင်းတို့၊ သင်တို့သည် အဿကမင်းအတွက် အသက်ကို စွန့်ရဲကြသလော" ဟုမေးမြန်းလိုက်ရာ "စွန့်ရဲပါသည်" ဟူသော ဖြေသံသည် မိုးခြိမ်းသံအလား ပေါ်လာလေသည်။ "သည်လိုဆိုလျှင် သင်တို့သည် ဤတောင်ထိပ်မှ ခုန်ချကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်ကြလော့" နန္ဒိသေန၏ စကားဆုံးသည်နှင့် နှိုးဆွခံလိုက်ရသော သတ္တိ၏အရှိန်ကြောင့် သူရဲကောင်းတစ်ထောင်တို့သည် ချောက်ထဲသို့ ခုန်ဆင်းကြရန် အပြေးသွားကြလေတော့သည်။

## သတ္တိကို လမ်းမှန်သို့တည့်ပေးခြင်း

တောင်အောက်ချောက်ထဲသို့ ခုန်ဆင်းခါနီးဆဲဆဲအချိန်မှာပင် နန္ဒိသေနအမတ်၏ အောင်မြင်ခံ့ညားသောအသံကြီးက နောက်ဘက်မှ ပေါ်ထွက်လာလေသည်။

" ဟိုး . . ရပ်လိုက်ကြ၊ သင်တို့ရဲ့အသက်ကို အဲဒီလိုအချည်းအနှီး သေရမည့်အစား အဿကဘုရင်အတွက် စစ်တိုက်ရင်း သေရတာက မမြတ်သလော၊ လာခဲ့ကြ၊ သင်တို့သည် ငါနှင့်အတူ အဿကဘုရင်အတွက် ရှေ့ဆုံးကနေ၍ တိုက်ခိုက်ကြစို့ "

တိုက်ပွဲစရန် အချက်ပေးလိုက်သော စစ်မောင်းသံ၊ တံပိုးသံ၊ ခရာသံတို့နှင့်အတူ မင်းနှစ်ပါးဦးဆောင်သော စစ်သည်တို့သည် နှစ်နိုင်ငံကြားရှိ စစ်တလင်းသို့ ထွက်လာကြလေပြီ။ သို့သော် နှစ်ဘက်စစ်တပ်၏ ချီတက်လာပုံမှာ ကွာခြားနေသည်။ အဿကဘုရင်၏ စစ်သည်တို့မှာ သူရဲကောင်းတစ်ထောင်နှင့်အတူ နန္ဒသေနအမတ်၏ ဦးဆောင်မှုဖြင့် စနစ်တကျ ရဲဝံ့စွာချီတက်လာသော်လည်း ကာလိင်္ဂမင်း၏ စစ်သည်တို့မှာ တို့နိုင်မှာတဲ့ ဟူသော အတွေးက လွှမ်းမိုးနေသောကြောင့် စနစ်တကျအားကြိုးမာန်တက် ချီတက်မှုမရှိဘဲ အိမ်တစ်အိမ်သို့ အလည်အပတ်သွားသော ဧည့်သည်များလို ဟိုတစ်စု ဒီတစ်ဖွဲ့ဖြင့် ဖြစ်သလို ချီတက်လာကြလေသည်။

စစ်တလင်းသို့ ရောက်သည်နှင့် အစောင့်အရှောက် နတ်နှစ်ပါးမှာလည်း နွားလားဥဿဘ အသွင်ဖြင့် စစ်ထိုးရန် စောင့်နေကြလေသည်။ ထိုအစောင့်အရှောက် နတ်များကို မင်းနှစ်ပါးမှတစ်ပါး မည်သူမှ မမြင်ရပေ။ နန္ဒသေနအမတ်က -

" မြတ်သောမင်းကြီး၊ အစောင့်အရှောက်ဖြစ်သော နတ်တို့ကို မြင်ရ၏လော "

" မြင်ရပေ၏ "

" အဘယ်အချင်းအရာဖြင့် မြင်ပါသနည်း "

" ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် ဖြူသောနွားလားဥသဘအသွင်ဖြင့် မြင်ရသည်။ ငါ၏ အစောင့်အရှောက်နတ်ကိုကား မည်းသောနွားလားဥသဘအသွင်ဖြင့် မြင်ရသည်။ သို့သော် ငါ၏အစောင့်အရှောက် နွားလားဥသဘကား ညှိုးနွမ်းသော အသွင်ရှိသည် " ဟု ပြောဆိုလေသည်။

နန္ဒိသေနအမတ်က -

" အရှင်မင်းကြီး၊ မစိုးရိမ်နှင့်၊ အကျွန်ုပ်တို့နိုင်၍ ကာလိင်္ဂမင်း ရှုံးစေရမည်။ အရှင်မင်းကြီးသည် သိန္ဓောမြင်းထက်မှ ဆင်းသက်၍ လက်ဝဲလက်ဖြင့် မြင်းကိုကိုင်ကာ လက်ယာလက်ဖြင့် လှံတံကိုဆွဲပြီး လျင်မြန်စွာ သွားကာ ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်ကို လှံနဲ့ထိုးပါ။ အကျွန်ုပ်နှင့်တကွ သူရဲကောင်းတစ်ထောင်ကလည်း အရှင်မင်းကြီး ထိုးသည့်အတိုင်းလိုက်ပြီး လှံတစ်ထောင်ဖြင့် ထိုးပါမည်။ ထိုအခါ ကာလိင်္ဂမင်း၏ အစောင့်အရှောက် နတ်သေ၍ ကာလိင်္ဂမင်းလည်း စစ်ရှုံးပါလိမ့်မည် "ဟု လျှောက်တင်လေသည်။

နန္ဒိသေန အမတ်ပြောသည့်အတိုင်း အဿကမင်းနှင့်တကွ သူရဲကောင်းတစ်ထောင်တို့ လှံဖြင့်ဝိုင်းထိုးကြရာ ကာလိင်္ဂမင်း၏ အစောင့်အရှောက်ဖြစ်သောနတ် သေလေသည်။ အစောင့်အရှောက်နတ် သေသည်ကို မြင်လိုက်ရသော ကာလိင်္ဂမင်းသည် လန့်ဖျပ်သွားကာ မြင်းဇက်ကြိုးကို နောက်ပြန်လှည့်အောင် ဆွဲမိလျက်သား ဖြစ်သွားလေတော့ရာ မြင်းလည်းနောက်လှည့်ပြီး ကိုယ့်တပ်ကိုယ်ပြန်နင်းကာ ပြေးတော့လေတော့သည်။

ထိုအခါ စစ်သည်ဗိုလ်ပါတို့လည်း ကာလိင်္ဂမင်းကြီးပြေးပြီဟူသော အသိနှင့်အတူ ဒရောသောပါး နောက်က လိုက်ပြေးကြရာ တပ်ပျက်၍ အဿကမင်းကို အရှုံးပေးရလေတော့သည်။ ဤသာဓက၌ အနိုင်ရရှိသွားသော နန္ဒိသေနအမတ်နှင့်တကွ အဿကရှင်ဘုရင်တို့သည် ရှိပြီးသားဘုန်းကံပေါ်မှီ၍ ဝီရိယဖြင့် ကြိုးစားအားထုတ်သောကြောင့်ဖြစ်သည်ကို တွေ့ရလေသည်။

နတ်ပြဟ္မာများသည် ရှေးဘုန်းကံကိုသာ မှီခိုအသက်မွေးရသော ပုညူပဇီဝီပုဂ္ဂိုလ် ဖြစ်သည်။

တိရစ္ဆာန်ကား ဝီရိယကိုသာ အားကိုးရသော ဘုန်းကံမရှိသည့် ဝီရိယူပဇီဝီပုဂ္ဂိုလ်များ ဖြစ်သည်။

ငရဲနှင့်ပြိတ္တာများကား ဘုန်းကံဝီရိယတစ်ခုမှ အားထား၍မရဘဲ အကုသိုလ်ကုန်မှသာ လွတ်မြောက်နိုင်သော ပုဂ္ဂိုလ်များ ဖြစ်သည်။

လူသားသည်ကား ဘုန်းကံဝီရိယ နှစ်မျိုးလုံးကို အားထား၍ အသက်မွေးရသော ဥဘယဇီဝီပုဂ္ဂိုလ်များ ဖြစ်ရာ ရှေးကံတစ်ခုသာ အားကိုးပြီး ဝီရိယကိုစွန့်လွှတ်လိုက်ပါက တက်လမ်းမရှိတော့ပါပေ။

" အယူတစ်စောင်း၊ ကံအကြောင်းမျှ၊
မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊
ကံကိုချည်းသာ၊ မကိုးရာဘူး၊
ပညာဉာဏ်ဖြင့်၊ သင့်မတင့်ကို၊
အခွင့်ရှု၍၊ အပြုလုံ့လ ရှိအပ်စွာတည့်။ "

*(မဃဒေဝ)*

# အလိမ်ခံရသူနှစ်ဦး

ပထမ အလိမ်ခံရသူများမှာ နတ်ကိုးကွယ်မိသူများ ဖြစ်သည်။ မျိုးစေ့မမှန် ပင်မသန်ဟူသော စကား အတိုင်း နတ်ကတော်များမှာ များသောအားဖြင့် အတိတ်ဘဝက ပါရဒါန-သူတစ်ပါးမယားကို ပြစ်မှားခဲ့သော အကုသိုလ် အကျိုးဆက်ကြောင့် ယောက်ျားမဟုတ်၊ မိန်းမမဟုတ်များသာ များပါ၏။ သို့အတွက် သူတို့သည် ရင်းနှီးခင်မင်မှုဖြင့် အမျိုးသမီးထုထဲ ပေါက်ရောက်အောင် တိုးဝင်နိုင်ခဲ့သည်။ ယောကျ်ားအစစ်အမှန် မဟုတ်သဖြင့် ခင်ပွန်းဖြစ်သူတို့က လည်း အသာတကြည်လွှတ်ထားကာ နောက်ဆုံးမဖြစ်သင့်တာတွေ ဖြစ်ကုန်သည်။

ရွှေပြည်သာမြို့မှ ပင်စင်စား တပ်ကြပ်ကြီးတစ်ဦး၊ မြေကွက်လေးတစ်ကွက် ရောင်းရသောငွေကို လင် ဖြစ်သူက သံဃာတွေဆွမ်းကပ်ပြီး တရားနာချင်သည်။ မယားဖြစ်သူက နတ်ကန္နားပေးချင်သည်။ လင်မယား သဘော ထားကွဲကြသည်။ နောက်တော့ ကြားလူဖျန်ဖြေပေးချက်အရ ငွေသုံးပုံနှစ်ပုံကို နတ်ကန္နားအတွက် ပေးရသည်။ ကျန် တစ်ပုံကို တပ်ကြပ်ကြီးက သံဃာဆွမ်းကပ်ဖို့အတွက် ရရှိသည်။

နောက်တစ်နေ့တွင် တပ်ကြပ်ကြီးက အိမ်အပေါ်ထပ်တွင် သံဃာတော်များ ဆွမ်းကပ်နေစဉ် အိမ် အောက်ထပ် နတ်ကန္နားကလည်း မယား၏ဆန္ဒအတိုင်း တဖြုန်းဖြုန်းတီးလျက် က,လျက်ရှိကြသည်။ ယောကျ်ားဖြစ် သူကလည်း အိမ်အောက်ထပ် နတ်ကန္နားပွဲသို့ ဆင်းမလာသလို မိန်းမဖြစ်သူကလည်း အိမ်အပေါ်ထပ် သံဃာဆွမ်း ကပ်ရာသို့ မော်၍ပင် မကြည့်။ နတ်ကန္နားပွဲပြီးနောက် တစ်ရက်မှာပင် တပ်ကြပ်ကြီးတို့ မိသားစုကို နတ်က မ,စပါ တော့သည်။

တခြားမဟုတ်။ တပ်ကြပ်ကြီးကတော်ကို ကန္နားစီးနတ်ကတော်က ခိုးပြေးသွားခြင်းပင် ဖြစ်သည်။ တပ်ကြပ်ကြီးကား အိမ်ထောင်စုကလည်း ပြိုကွဲ၊ ရှိနေသော သားသမီးတို့ကလည်း မကြည့်ရှုသဖြင့် အိမ်လေးကို ရသမျှနှင့်ရောင်းကာ ယခုအချိန်တွင် ဘိုးဘွားရိပ်သာသို့ ရောက်နေလေပြီ။ နတ်ကတော်ကို အားကိုးတကြီးပြုပြီး လိုက်သွားသော တပ်ကြပ်ကြီးကတော်မှာလည်း သုံးလေးလအကြာတွင် အငယ်အနှောင်းတို့ ထုံးစံအတိုင်း အချိန်တန် တော့ အိမ်ပြန်ခဲ့ရပါသည်။

အားကိုးစရာ ခင်ပွန်းနှင့် အိမ်ကလည်းမရှိ၊ အိမ်ထောင်ရေး ဖောက်ပြားသောမိခင်မို့ သားသမီးတွေ ကလည်း မကြည်ဖြူ ဖြစ်နေသော ဤအမျိုးသမီး၏နောင်ရေးကို တွေး၍သာကြည့်ပါလေ။ တစ်ခါကလည်း လှိုင်မြို့ နယ်၊ ၅ -ရပ်ကွက်တွင် လက်ပွားမြင့်ဦးအမည်ရှိ အခြောက်နတ်ကတော်တစ်ယောက်သည် မကောင်းဆိုးဝါးများနှင့်တကွ လက်လှည့်,မျက်လှည့်များကို အသုံးပြုပြီး အချိုကြီးလိမ်သွားခဲ့ဖူးသည်။

စစချင်း ရာတန်ကလေးတစ်ရွက်ကို ပုဝါနှင့်အုပ်လိုက်သည်။ ပုဝါကိုလှန်လိုက်သောအခါ ရာတန်များ အပုံလိုက် ဖြစ်နေသည်။ ထိုရာတန်များကို ပရိသတ်ထဲ အားလုံးကြဲပစ်လိုက်သည်။ တစ်ဖန် ကန်တော့ပွဲမှ ငှက်ပျောသီး များကို ဝေပေးပြန်သည် ကံကောင်းသူတချို့ ငှက်ပျောသီးထဲက ရွှေစလေးများကို ရကြသည်။ ငါးကို တီတပ်ထားသော ငါးမျှားချိတ်ဖြစ်ကြောင်း ဘယ်သူမှမရိပ်မိ။ သိန်းဂဏန်းမြင်၍ ထောင်ဂဏန်းစွန့်နေခြင်းဖြစ်ကြောင်း တစ်ဦးမှသတိ မထားမိကြ။

ပရိသတ်များ ယုံလောက်ပြီဟူသော အချိန်ကျမှ ရွှေတိုးချင်သောသူများ ရှိတဲ့ရွှေယူလာခဲ့ကြ၊ ကနေ့ ညပဲ လုပ်ပေးနိုင်သည်ဟု ပြောလိုက်သောအခါ နိုးထနေသောလောဘ၏ တိုက်တွန်းချက်ကြောင့် ရှိသမျှရွှေထည် လေးများကိုယူ၍ နတ်ကတော်ရှေ့ ရောက်လာကြသည်။ ရွှေထည်လေးများကို လက်ထဲမှာကိုင်ပြီး တိုးလည်းလိုချင်၊ လိမ်မှာလည်းကြောက်ဖြစ်နေသော တချို့ပရိသတ်များထံသို့ အောက်ပါစကားလုံးအချို့ကို ပစ်သွင်းပေးလိုက်သည်။

“ ရွှေထည့်ထားတဲ့ အိုးလေးများကို ကိုယ့်အိမ်မှာပဲ ကိုယ်ထားရမှာပါ။ နတ်ပွဲမှာထားခဲ့ရမှာ မဟုတ်ပါဘူး”

ထိုစကားအချို့ အဆုံးမှာတော့ ရွှေထည့်ထားသော အိုးကလေးများ နတ်ကတော်ရှေ့ အကုန်ရောက်လာပါတော့သည်။ အဝတ်ဖြင့်စည်းပြီး ပိတ်ထားသောအိုးထဲမှ ရွှေစများကို လက်လှည့်ပညာဖြင့် နှိုက်ယူပြီး ပြန်ပေးလိုက်ပါတော့သည်။ နတ်ကတော်၏ ဖိန့်လုံးလှိမ့်လုံးများ မည်မျှကောင်းသနည်းဆိုလျှင် နတ်ကန္နားပွဲသိမ်း၍ တစ်ပါတ်ခန့်ကြာသောအခါကျမှ အလိမ်ခံကြရမှန်း သိကြလေသည်။

ဤကား ပထမအလိမ်ခံကြရသော နတ်ကိုးကွယ်သူများ၏ ဖြစ်ရပ်အချို့ပင်ဖြစ်ပါသည်။ ဒုတိယအလိမ်ခံကြရသူများမှာ နတ်ကတော်များ ကိုယ်တိုင်ပင်ဖြစ်ပါသည်။ လူတို့၏ အဆက်ဆက်သော နတ်ကတော်ဆရာတို့က နတ်ကတော်သေလျှင် နတ်သမီးဖြစ်မည်ဟုများ ဟောပြောခဲ့ကြလေသလား မသိ။ တချို့နတ်ကတော်များမှာ နတ်ကတော်အလုပ် လုပ်နေသော်လည်း သဒ္ဓါတရားရှိကြပြီး ဒါန၊ သီလ၊ ဘာဝနာကို ထိုက်သလောက် ကြိုးစားအားထုတ်ကြသည်ကို တွေ့ကြရသည်။ သို့သော် နတ်ကတော်အလုပ်ကိုကား မစွန့်နိုင်ကြ။

မြတ်စွာဘုရားလက်ထက်တော် ရာဇဂြိုဟ်မြို့မှ ကာလပုဋ္ဌအမည်ရှိ ဇာတ်ဆရာကြီးကဲ့သို့ ဆရာအဆက်ဆက်၏ အလိမ်အညာကို ခံထားကြရပုံရသည်။ တစ်နေ့တွင် ထိုဇာတ်ဆရာကြီးသည် ဘုရားရှင်နှင့်တွေ့သောအခါ တပည့်တော်တို့ ကချေသည်များ သေလျှင် ပဟာသ (ပျော်ရွှင်စရာကောင်းသော) နတ်ဘုံတစ်ခု၌ ရောက်ရသည်ဟု ဆရာအဆက်ဆက် ပြောဆိုခဲ့ကြပါသည်။ ထိုစကားမှန်,မမှန် ဖြေကြားပေးပါဘုရားဟုမေးရာ ဗုဒ္ဓက ဒီမေးခွန်း,မမေးပါနှင့်ဟု သုံးကြိမ်တိုင်တိုင် တားသော်လည်း ဆက်မေးနေသဖြင့် ပဟာသနတ်ပြည်မဟုတ်၊ အဝီစိငရဲတွင် ပါဝင်သော ပဟာသငရဲသို့ သွားရောက်ခံကြရကြောင်း ဖြေကြားလိုက်ရာ ဇာတ်ဆရာကြီး ချုံးပွဲချငိုကြွေးရှာပါသည်။ ထိုအခါ မြတ်စွာဘုရားက မမေးနှင့်ဆိုတာ မရမက မေးသကိုးဟု မိန့်တော်မူလျှင် “ တပည့်တော် ဒီအတွက် ငိုတာမဟုတ်ပါဘူး၊ ဇာတ်ဆရာကြီး အဆက်ဆက်တို့က တပည့်တော်တို့အား (ငရဲခံရမည်ကိုပင်) ပဟာသနတ်ပြည်ရောက်မည်လို့ သူတို့လိမ်လည်လှည့်စားခြင်းကို တပည့်တော် ခံရတဲ့အတွက် ငိုတာပါဘုရား ” ဟု လျှောက်လေသည်။ နောက်ရဟန်းပြု၍ တရားအားထုတ်ရာ ရဟန္တာဖြစ်တော်မူပါသည်။

*(သံ-၂-၃၉၄၊ တာလပုဋ္ဌသုတ်နှင့် ထေရဂါထာ ၌ ၂၄၅၇)*

ယခုလည်း ပါရာဇိကဏ်ပါဠိတော် စာမျက်နှာ ၁၄၇ တွင် နတ်ကတော်တို့ ကျရောက်ခံစားရာ ပြိတ္တာဘုံကို ဗုဒ္ဓက အတိအကျ ဟောထားတော်မူပါသည်။ ထိုပြိတ္တာဘုံသည် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်တွင် ရှိသည်။ နတ်ကတော်ပြိတ္တာများ ခံစားနေကြရပုံမှာ အရိုးပေါ်အရေတင် အပုပ်နံ့က ထောင်းထောင်းထသော ကိုယ်လုံးတီးခန္ဓာကိုယ်ဖြင့် ကောင်းကင်တွင် ဟိုမှဒီမှ ပြေးလွှားနေရသည်။

အဘယ့်ကြောင့်ဆိုသော် ကျီးဘီလူး၊ ငှင်းတဘီလူး၊ သိန်းစွန်ဘီလူးတို့က ထိုနတ်ကတော် ပြိတ္တာ၏ ခန္ဓာကိုယ်တွင်းမှ ကလီစာတို့ကိုလည်းကောင်း၊ ဦးခေါင်းမှ ဦးနှောက်တို့ကိုလည်းကောင်း၊ အတင်းပေါက်ဆိတ် စားနေကြသောကြောင့် ဖြစ်သည်။ အကုသိုလ်ကံ မကုန်မချင်း ဤဒုက္ခဆင်းရဲကို မရပ်မနားခံစားနေကြရပါသည်။

နည်းပေးလမ်းပြ နတ်ကတော်ဆရာသည်ပင် ပြိတ္တာဘုံသို့ရောက်သည်ဆိုလျှင် နတ်ကိုးကွယ်ကြသူ တပည့်များ၏ လားရာဂတိကိုလည်း မှန်းဆ၍ ကြည့်နိုင်လောက်ပေပြီ။

# ဘာသာရေးလုပ်ကြံမှု

နိုင်ငံရေးလောကတွင် အချောင်သမားတို့ နေရာလိုချင်သောအခါ ခေါင်းဆောင်ကို သတ်ရသကဲ့သို့ ဘာသာရေး လောကတွင်လည်း နေရာလိုချင်သောအခါ ဘာသာရေးခေါင်းဆောင်ကို သတ်ရပေသည်။ ဗုဒ္ဓကို လုပ်ကြံသတ်ဖြတ်သော ဒေဝဒတ်ကို သတိရလိုက်ပါ။ ဗုဒ္ဓမရှိတော့သည့်နောက် ဗုဒ္ဓဘာသာ၏ ဘာသာရေး ခေါင်းဆောင်များမှာ သံဃာတော် အရှင်မြတ်များပင် ဖြစ်သည်။ ယခု သံဃာတော်တို့၏နေရာကို ဘာသာရေးအချောင်သမား ပေါ်လာခဲ့လေပြီ။ သူကား သူရဿတီနတ်သမီး။

ဗုဒ္ဓဟောကြားတော်မူသည့် ပိဋကတ်တရားတော်များကို သံဃာတော်များက ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာတိုင်အောင် ဆင်းရဲမျိုးစုံကြားမှ မပျောက်မပျက်အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသည်။ ယခုလည်း စောင့်ရှောက်ထိန်းသိမ်းဆဲ၊ နောင်လည်း စောင့်ရှောက်ထိန်းသိမ်းနေမည်သာ ဖြစ်သည်။ ယခုတော့ အသက်အသေခံ ရွတ်အံသရဇ္ဈာယ်ပြီး ပိဋကတ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သံဃာတော်များ မျက်နှာကိုမှမထောက်ဘဲ ပိဋကတ်သုံးပုံ သူရဿတီစောင့်သည်ဆိုကာ စိတ်ကူးယဉ်လောကမှ ဟိန္ဒူနတ်သမီးရုပ်ကို ဘုရားရုပ်ပွားတော် ရှေ့တည့်တည့်မှာ လာထားကြသည်။ အထားခံသည့် ဂေါပကကလည်း အထားခံကြသည်။ ဘုရားမျက်နှာ၊ သံဃာတော်တွေမျက်နှာထက် ငွေမျက်နှာကို ကြည့်ကြဟန်တူသည်။

အိန္ဒိနိုင်ငံ၌ သူရသွတီအမည်ရှိသော မြစ်ကလေးတစ်စင်း ရှိသည်။ နွေအခါတွင် သောင်များပေါ် သောအခါ ထိုသောင်များပေါ်တွင် ကုလားများက သီးပင်စားပင်များ စိုက်ကြရာ အလွန်ဖြစ်ထွန်းသည်။ ဒါလောက်ဖြစ်ထွန်းရင် ဒီမြစ်ကိုစောင့်တဲ့နတ်က မ,တာဖြစ်မယ်ဟူသော စိတ်ကူးယဉ်အတွေးပေါ်လာကြသည်။ သာယာညင်းပျောင်းစွာ စီးဆင်းသော မြစ်ရေကိုကြည့်၍ နတ်သမီးသာ ဖြစ်ရမည်ဟု ဆုံးဖြတ်ကြကာ မြစ်ကမ်းနားတွင် နတ်သမီးရုပ် တစ်ရုပ်ထုလုပ်ပြီး ကိုးကွယ်ကြလေတော့သည်။

နောက်တဖြည်းဖြည်း နယ်ကျယ်လာရာမှ ဗေဒင်သုံးပုံကို သူရဿတီလက်ထဲ ထည့်ပေးလိုက်သောအခါ သူရဿတီသည် ဟိန္ဒူဘာသာဝင်အားလုံးတို့၏ အထွတ်အမြတ်ထားရာ နတ်သမီးအဖြစ်သို့ ရောက်သွားတော့သည်။ ထိုမှတဆင့် မြန်မာနိုင်ငံသို့ ဝင်လာသောအခါ ဘာသာရေးလုပ်ကြံလိုသူတစ်စုက ဗေဒင်သုံးပုံစောင့်တာဆိုလျှင် ဗုဒ္ဓဘာသာများက အလေးထား ကိုးကွယ်မည်မဟုတ်၊ သို့အတွက် ဗုဒ္ဓဘာသာများက အလေးထား ကိုးကွယ်ကြစေရန် ဗေဒင်သုံးပုံအစား ပိဋကတ်သုံးပုံစောင့်သည်ဟုဆိုကာ သူရဿတီလက်ထဲသို့ ဗုဒ္ဓဘာသာ၏ တရားရတနာ ပိဋကတ်သုံးပုံကို ထည့်ပေးလိုက်ကြပါတော့သည်။

သို့သော် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအများစုကား သံဃာရတနာကို စော်ကားသော ဘာသာရေးလုပ်ကြံမှုဟူ၍ မသိရှာသာမက ခေါင်းရင်းခန်းတင်၍ ကိုးကွယ်ပင်ထားလိုက်ကြသေးသည်။ သူရဿတီကား ထေရဝါဒဗုဒ္ဓ ကျမ်းဂန်များတွင် လုံးဝမပါသော ဘာသာရေးလုပ်ကြံမှု စစ်စစ်သာဖြစ်သည်။ ဤ ပိဋကတ္တယသမ္ပုဏ္ဏံစသော သူရဿတီ ဂါထာမှာလည်း ပါဠိဘာသာတတ် တစ်ယောက်ယောက်က တီထွင်ရေးသားချက်သာဖြစ်သည်။ တကယ် ပိဋကတ် သုံးပုံကိုစောင့်သော နတ်သား၊ နတ်သမီးတို့ကို တွေ့လိုပါက မြန်မာပြည်အရပ်ရပ်ရှိ ရဟန်း၊ သီလရှင်၊ စာသင်တိုက်ကြီး များသို့ သွားရောက်ဖူးမြော်နိုင်ကြောင်း အကြံပေးရပါသည်။

## တရားအတုအယောင်ဇင်

မဟာယာနနှင့် တရုတ်ရှေးဟောင်း တာအိုဝါဒတို့မှ ဆင်းသက်လာသော ဇင်ဝါဒသည် အနောက်နိုင်ငံအချို့အထိ ပျံ့နှံ့နေရာမှ အသစ်အဆန်း ကြိုက်သူတို့၏ဆန္ဒအရ မြန်မာနိုင်ငံတွင်းသို့ ဗုဒ္ဓဝါဒမျက်နှာဖုံးစွပ်၍ ဝင်လာခဲ့သည်။ စာပေလမ်းညွှန်မပါသောအကျင့်သည် အကန်းနှင့်တူ၍ အကျင့်မပါသော စာပေလမ်းညွှန်သည် အကျိုးနှင့်တူသည် ဟူသောစကားအတိုင်း စာပေလမ်းညွှန် တစ်ခုမှမပါသော ဇင်ဝါဒကိုလည်း အကန်းတို့၏အကျင့်ဟုပင် ဆိုရပါမည်။ မဟာယာနတို့၏ ဝါဒများသည် နဂိုကမှ ကန်းနေသောဝါဒများ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားဟော ပိဋကတ်ကျမ်းစာမူရင်း တစ်ခုမှမရှိတော့ဘဲ ကိုယ်လိုရာဆွဲရေးသော အဟံမုခကျမ်းများကိုသာ အားကိုးရသောဝါဒ ဖြစ်နေသောကြောင့်ပင်။

ဥပမာအားဖြင့် ကန်းနေသောသူများသည် ကြိုးတန်းကိုသာ အားပြုသွားလာရသကဲ့သို့ မဟာယာန ဗုဒ္ဓဘာသာဝင်များသည်လည်း ဘုရားဟောအစစ်မဟုတ်တော့သော်လည်း ဘုရားဟောအယူအဆလေး တစ်ခုနှစ်ခု ပါသော မဟာယာန လက်ဖြစ်ကျမ်းစာများကိုသာ အားကိုးနေကြရသည်။ ယခုခေတ်စားနေသော ဇင်ဝါဒသည်ကား နဂိုရ်ကမှ ကန်းနေသည့်ကြားထဲ တန်းထားသည့်ကြိုးတန်းကို ရှုပ်သည်ဟုဆိုကာ ဆွဲဖြုတ်ထားသော ဝါဒမျိုးဖြစ်ရာ အဘယ်မှာ မှန်ကန်သောအကျင့် ဖြစ်နိုင်ပါတော့မည်နည်း။

၃-၆-၉၆ ရက်နေ့က ယခုရေးသားနေသော ကျမ်းစာနှင့်ပက်သက်၍ တောင်သာမြို့နယ်သို့ ရောက်သွားရာ ဇင်ဝါဒကိုလေ့လာဖူးသော ဒကာတစ်ဦးက ဇင်ဝါဒတွင်လည်း ကောင်းသောအချက်ကလေးအချို့ကို တွေ့ရကြောင်းပြောလာသဖြင့် ဗုဒ္ဓဟောကြားသော ဥပမာဖြင့်ပင် ပြန်လည်ဖြေရှင်းခဲ့ရပါသည်။ တစ်ခါက အချို့သော တိတ္ထိဆရာကြီးတို့၏ အယူဝါဒတွင် ကောင်းသောအချက်ကလေးများကို တွေ့ရကြောင်း ပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓအား လျှောက်ထားခဲ့ရာ ဗုဒ္ဓက ထိမိလှသော ရှုးလွှယ်အိတ်ဥပမာဖြင့် ဖြေတော်မူပါသည်။ ဆိုလိုသည်မှာ အရှုးသည် လွယ်အိတ်ထဲသို့ ကောင်းတာရော ဆိုးတာရော တွေ့ကရာ ကောက်ထည့်ထားသဖြင့် ကောင်းတာတစ်ခု တွေ့သည်နှင့် ကျန်တာတွေကိုပါ အကုန်အကောင်းဟုထင်လျှင် မှားမည်ဖြစ်ကြောင်း ဆုံးမတော်မူလိုရင်းဖြစ်သည်။ ၎င်းဇင်ကျင့်စဉ်နှင့်ပက်သက်၍ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် စာပေဂျာနယ်၌ပါရှိသော ဆရာကြီးဦးရွှေအောင်၏ ဇင်ဝါဒဆောင်းပါးမှ မှတ်သားဖွယ်အချို့ကို ထုတ်ပြရင်း မျက်ရည်မကျခင်သိစေချင် ကျမ်းစာကို နိဂုံးချုပ်လိုက်ရပါသည်။ ဤကျမ်းစာ၏အဆက် ခန္ဓာအနှစ်သာရ သီလနှင့် စိတ်ဝိညာဉ်၏အနှစ်သာရ ဘာဝနာအကြောင်းကို စာအုပ်ဆက်လက်ရေးသားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မကြာသေးမီက ဂန္ဓီခန်းမဆောင် ဟောပြောပွဲတစ်ခု၌ မိုးကုတ်ဆရာတော် ဦးပညိန္ဒာဘိဝံသက ဇင်ဝါဒသည် မြန်မာပြည်၌ မရှိသင့်ကြောင်း ဟောပြောသွားသည်ဟု ဆိုပါသည်။ မဟာစည် ဆရာတော်ကြီးကလည်း ဇင်ဝါဒသည် မည်သည့် နည်းနှင့်မျှ ဗုဒ္ဓဝါဒ မဟုတ်ကြောင်း အမိန့်ရှိဖူးသည်ဟု ဆိုပါသည်။ ဤသည်မှာ ဇင်ဝါဒအတွက် ကောင်းသော အရိပ်နိမိတ်များ မဟုတ်ပါ။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အရ ဖြစ်စေ၊ အသိဉာဏ်ကြွယ်ဝဖွံ့ဖြိုးရေးအတွက် ဖြစ်စေ၊ ဇင်ဝါဒ၊ ဇင်စာပေကို ပုံနှိပ်ထုတ်ဝေခွင့် ပြုသင့်, မပြုသင့် စဉ်းစားလျှင် ဇင်ဝါဒ၊ ဇင်စာပေသည် ဗုဒ္ဓဘာသာဝင်များအတွက် ခွင့်မပြုသင့်သည့်ဝါဒနှင့် စာပေဖြစ်ကြောင်း တွေ့ရှိရသည်။ အဘယ့်ကြောင့်ဆိုသော် ဇင်ဝါဒနှင့် ဇင်စာပေသည် ဗုဒ္ဓဝါဒမဟုတ်ဘဲလျက် ဗုဒ္ဓဝါဒယောင်ဆောင်သည့် ဗုဒ္ဓဝါဒအတု (သဒ္ဓမ္မပဋိရူပက) ဖြစ်သောကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အချို့သည် ဇင်ဝါဒနှင့် ဗုဒ္ဓဝါဒတို့၏ ခြားနားမှုကိုမသိနိုင်ဘဲ သစ်ငုတ်တိုတို သရဲထင်သလို ဇင်ဝါဒကိုပင် ဗုဒ္ဓဝါဒဟု ထင်နေကြသည်။ ဤမျှအထိ ဇင်ဝါဒသည် ဗုဒ္ဓဝါဒ ယောင်ဆောင်နိုင်စွမ်းပါသည်။ ကဿပသံယုတ် သဒ္ဓမ္မပဋိရူပကသုတ်၌ အခြားဝါဒများသည် ဗုဒ္ဓသာသနာကို မဖျက်နိုင်ကြောင်း ဗုဒ္ဓဝါဒအတုသည်သာ ဗုဒ္ဓသာသနာကို ဖျက်နိုင်ကြောင်း လာရှိသဖြင့် ဇင်ဝါဒ၊ ဇင်စာပေသည် ဗုဒ္ဓသာသနာကို ဖျက်ဆီးမည့် အတွင်းရန်သူ ဖြစ်ပါသည်။

သို့ဖြစ်၍ အတွင်းရန်သူဖြစ်သည့် ဇင်ဝါဒ၊ ဇင်စာပေကို မြန်မာပြည်၌ လက်ခံအားပေးခြင်း မပြုသင့်ဟု ယုံကြည်ပါသည်။ အကယ်၍ လက်ခံအားပေးခြင်းပြုခဲ့လျှင် မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်တို့၏ ထေရဝါဒအသိသည် မရင့်ကျက်သေးသဖြင့် ဇင်၏ဖြားယောင်းမှုကို ခံနိုင်ဖွယ်မရှိသောကြောင့် ထေရဝါဒသည် အိန္ဒိယ၌ ပျောက်ကွယ်ခဲ့သလို မြန်မာပြည်၌လည်း ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ရှိပါသည်။

*(ဦးရွှေအောင်၏ ဇင်ဝါဒဆောင်းပါးမှ)*

ဘာသာရေးသတိရှိကြပါစေ။



**မေတ္တာရှင် (ရွှေပြည်သာ)**
မန္တလေးကျောင်းတိုက်၊ (၆)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

# ဤစာအုပ်မှီငြမ်းကိုးကားရာ ကျမ်းစာများ

က။ ပါဠိတော်များ
ခ။ အဋ္ဌကထာများ
ဂ။ ဋီကာများ
ဃ။ ငယ်လတ်ကြီး ဓမ္မာစရိယဆိုင်ရာ ကျမ်းစာငယ်များ

| | ကျမ်းစာအမည် | ပြုစုရေးသားသူ |
|---|---|---|
| ၁။ | မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာစစ်တမ်း | အရှင်ပညိန္ဒာဘိဝံသ |
| ၂။ | လက်တွေ့ဗုဒ္ဓဘာသာ | အရှင်ပညိန္ဒာဘိဝံသ |
| ၃။ | စင်ကြယ်သောဗုဒ္ဓဘာသာ | အရှင်ပညိန္ဒာဘိဝံသ |
| ၄။ | " ဗုဒ္ဓ " လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် (ကိုယ်ကျင့်ဗုဒ္ဓဝင်) | ဦးရွှေအောင် |
| ၅။ | အတ္တဝါဒမှ အနတ္တဝါဒသို့ခရီးစဉ် | ဦးရွှေအောင် |
| ၆။ | ထေရဝါဒအုတ်မြစ် | ဦးရွှေအောင် |
| ၇။ | ဘဝအမြင်သစ် | ဦးရွှေအောင် |
| ၈။ | အမြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ | ဦးရွှေအောင် |
| ၉။ | ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (၄) | တည်တောဆရာတော် |
| ၁၀။ | မင်္ဂလိကဒိဋ္ဌိ | တည်တောဆရာတော် |
| ၁၁။ | မန်လည်ဆရာတော်၏ စကားအညွှန့်အဖူးများ | တည်တောဆရာတော် |
| ၁၂။ | ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ | ဓမ္မစရိယဦးဌေးလှိုင် |
| ၁၃။ | သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ | ဓမ္မစရိယဦးဌေးလှိုင် |
| ၁၄။ | မေတ္တာဝါဒ | ဓမ္မစရိယဦးဌေးလှိုင် |
| ၁၅။ | ဓမ္မဒူတ (၁) | ဓမ္မစရိယဦးဌေးလှိုင် |
| ၁၆။ | ဓမ္မဒူတ (၂) | ဓမ္မစရိယဦးဌေးလှိုင် |
| ၁၇။ | ရတနာသုံးပါးကျေးဇူး ကိုယ်တွေ့ဝတ္ထုများ | ဓမ္မစရိယဦးဌေးလှိုင် |
| ၁၈။ | မေတ္တာအစွမ်းအံ့မခန်း ဖြစ်ရပ်ဆန်းများ (လက်ရေးမူ) | မေတ္တာရှင် (ရွှေပြည်သာ) |
| ၁၉။ | ဘဝကိုပြုပြင်ပေးသော ဩဝါဒများ (လက်ရေးမူ) | မေတ္တာရှင် (ရွှေပြည်သာ) |
| ၂၀။ | အထွေထွေဗဟုသုတ မှတ်စုများ (၁) (လက်ရေးမူ) | မေတ္တာရှင် (ရွှေပြည်သာ) |
| ၂၁။ | အထွေထွေဗဟုသုတ မှတ်စုများ (၂) (လက်ရေးမူ) | မေတ္တာရှင် (ရွှေပြည်သာ) |
| ၂၂။ | အထွေထွေဗဟုသုတ မှတ်စုများ (၃) (လက်ရေးမူ) | မေတ္တာရှင် (ရွှေပြည်သာ) |
| ၂၃။ | လစဉ်ထုတ် ဓမ္မရံသီမဂ္ဂဇင်းများ | |
| ၂၄။ | ဓမ္မရသအလှမျိုးစုံစာမျိုးစုံ | ဦးသုခ |
| ၂၅။ | စာပေဂျာနယ် ၁၉၉၆ ဖေဖော်ဝါရီလ | |
| ၂၆။ | ဓမ္မရုပ်စုံမဂ္ဂဇင်း ၁၉၉၂ ဇွန်လ | |
| ၂၇။ | အခြေပြုပဋ္ဌာန်းတရားတော် | အရှင်ဇနကာဘိဝံသ |